
www.burmeseclassic.com

# အဏ္ဏဝါစိုးမိုး

တို့ရွာကာမဏိစန္ဒာ

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com

**Light** publishing house

15, Awba street, Tarmwe.

တို့ရွာကမဏိစန္ဒာ

စာမူခွင့်ပြုချက်အမှတ်
၂၀၀၆၆၈၀၂၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၂၀၀၉၃၉၀၂၀၈

ပထမအကြိမ်၊ အုပ်ရေ (၂၀၀)
တန်ဖိုး (၁၀၀)ကျပ်
၂၀၀၇၊ နိုဝင်ဘာ၊

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးတိုးဝင်း (နေ့လရောင်ပုံနှိပ်တိုက်)
၉၆/ခ၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမောင်တလေး (သောကြာ စာအုပ်တိုက်)
၁၅၊ ဩဘာလမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။

**နေ့စေ့ (စာပေ)** မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်

ဖုန်း ၃၈၇၆၆၀

LIGHT

# အဏ္ဏဝါဖိုးမိုး

# တို့ရွာကမဏိစန္ဒာ

Light publishing house

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ခါသကြံန်ရှာပြန်ရောက်လေတော့ | ၅ |
| ၂။ | ဒိုင်းရသောဒိုင်လူကြီး | ၁၅ |
| ၃။ | ဝဆွဲမပါသောနေ့ရက်များ | ၃၁ |
| ၄။ | တစ်နိုင်တပိုင်သမား | ၃၇ |
| ၅။ | ပြောသလိုလုပ်တဲ့အမျိုး | ၄၅ |
| ၆။ | နှစ်လုံးအိမ်၏အရောင်မတူသော တံခါးရွက်နှစ်ချပ် | ၅၃ |
| ၇။ | ပွဲသိမ်းတိုက်ကွက် | ၆၃ |
| ၈။ | ဒေသစွဲစိတ် | ၇၇ |
| ၉။ | နှစ်ယောက်မရှိပါ | ၉၃ |
| ၁၀။ | သူ့အိုကိုယ်နာ | ၁၀၁ |
| ၁၁။ | တို့ရွာက မဏိစန္ဒာ | ၁၀၉ |
| ၁၂။ | ရေဝေးပက္ကနက် | ၁၂၃ |
| ၁၃။ | တစ်ကျော့ပြန်သင်္ကြန်ပိုး | ၁၃၁ |
| ၁၄။ | အဏ္ဏဝါရာမခရီး | ၁၄၃ |
| ၁၅။ | ဆပ်ရဦးမည့်သူ့ကျေးဇူး | ၁၅၇ |
| ၁၆။ | ညှံ့တော်ကြီးအဏ္ဏဝါ | ၁၆၇ |
| ၁၇။ | ပိုးတွဲလုံချည်နှင့်ကိုအဏ္ဏဝါ | ၁၇၇ |
| ၁၈။ | စာသမားနှင့်အိမ်သာအနေအထား | ၁၈၅ |
| ၁၉။ | ငါ့သမီးနှာကစ်နေတယ် | ၁၉၃ |
| ၂၀။ | ကံမကုန်ပြန်ဆုံကြပုံက | ၂၀၉ |
| ၂၁။ | ပုစွန်ဆိတ်ကလေးဘယ်လိုငယ် | ၂၂၃ |




www.burmeseclassic.com

# ခါသကြိန်ရွာပြန်ရောက်လေတော့

ကိုအဏ္ဏဝါသည် သူ့မွေးရပ်ဇာတိရွာမှာ သင်္ကြန်မကျဖူး တာ ကြာပြီဖြစ်လို့ ဒီနှစ်တော့ ရွာမှာ သင်္ကြန်ကျမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွာကိုပြန်လာခဲ့သည်။ ရန်ကုန်ကလာခဲ့သည့် အဝေးပြေးဘတ်စ်ကားကြီးက ရွာလယ်လမ်းဆုံလမ်းခွမှာ ရပ်ပေးလို့ တစ်ခြားခရီးသည်တွေနှင့်အတူ ကားပေါ်ကဆင်းလိုက်ပါသည်။ မနေ့က ညနေ ၄ နာရီမှာ ရန်ကုန်ကထွက်ခွာလာခဲ့သော ဘတ်စ်ကားကြီးသည် ကိန္နရီချောင်းရွာကိုရောက်သောအခါ နောက် တစ်နေ့မိုးလင်းလို့ နံနက်စျေးတောင် အတော်စည်ကားနေပြီဖြစ်သည်။

ယနေ့သည် သင်္ကြန်အကြိုနေ့ဖြစ်သည်။ ရန်ကုန်မှာဆိုလျှင်တော့ ဒီနေ့ကစပြီး ကလေးတွေရေပက်ကစားနေကြပြီဖြစ်သည်။ ကိန္နရီချောင်းရွာမှာတော့ ဒီနှစ်သင်္ကြန်ပွဲတော်အတွက် ဘာမှ ကြိုတင်ပြင်ဆင်ထားတာမတွေ့ရဘဲ သင်္ကြန်ကို စိတ်ဝင်စားသည့် လက္ခဏာတောင်မတွေ့ရ၍ အံ့ဩမိသည်။ သင်္ကြန်လည်း နင့်ဟာနင် ကျချင်ကျ မကျချင်နေ၊ ငါတို့မှာ ကိုယ့်အလုပ်နဲ့ကိုယ် မအားဘူးဆိုသည့် မျက်နှာမျိုးတွေဖြင့် လှုပ်ရှားသွားလာနေကြတာတွေ့ရသည်။

ကိုအဏ္ဏဝါသည် ရွာလယ်လမ်းမပေါ်မှာရပ်ပြီး ရွာလမ်း



တလျှောက်ကိုလှမ်းမျှော်ကြည့်နေမိသည်။ မြင်ကွင်းကရှင်းနေသည်။ ဝါးထရံကာ ဓနိဖက်မိုးအိမ်နေရာတွေမှာ ပျဉ်ထောင်ကာ သွပ်မိုးအိမ်တွေ ဖြစ်နေသည်။ တိုက်ခံအိမ်တွေအတော်များနေတာတွေ့ရသည်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနှင့်ဆုတ်ယုတ်မှုတို့အားပြိုင်နေတာကို သတိပြုမိသည်။ ဟိုလွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ်လောက်ကဆိုလျှင် ရွာလယ်လမ်းတစ်လျှောက်မှာ ကုက္ကိုပင်ကြီးတွေ ပိတောက်ပင်ကြီးတွေဖြင့် စိမ်းစိုအုပ်ဆိုင်းနေခဲ့သည်။ အခုလိုသင်္ကြန် ရာသီဆိုလျှင် ရွာလယ်လမ်းတလျှောက်မှာ ပန်းပိတောက်တွေ လှိုင်လှိုင်ဝေ နေပြီဖြစ်သည်။

ရွာလယ်လမ်းတလျှောက်မှာ ပန်းပိတောက်တွေ ထိန်ထိန်ဝေနေတဲ့ခေတ်က သင်္ကြန်ရက်တစ်ရက်ကို ပြန်လည်အမှတ်ရလာသည်။ ကိန္နရီချောင်းရွာကြီးသည် အရှေ့ပိုင်းနှင့်အနောက်ပိုင်းဆိုပြီး နှစ်ပိုင်းကွဲနေသည်။ ရွာမကျောင်းနှင့် ရွာဦးတောင်ပေါ်ကျောင်းဆိုပြီး ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိသည်။ ရွာအရှေ့ပိုင်းနှင့်အနောက်ပိုင်းသည် မသိမသာပြိုင်နေခဲ့ကြသည်။ ရွာအနောက်ပိုင်းက ရေလုပ်ငန်းဖြင့် စီးပွားဖြစ်နေကြသလို ရွာအရှေ့ပိုင်းကလည်း စိုက်ပျိုးရေးဖြင့် ချောင်လည်နေကြသည်။

ရွာအရှေ့ပိုင်းက သီတင်းကျွတ်နှင့်တန်ဆောင်တိုင်မှာမီးထွန်းပွဲလုပ်လျှင် ရွာအနောက်ပိုင်းက မီးထွန်းရုံသာမက မီးပုံးပျံပါလွှတ်ပြသည်။ ရွာအနောက်ပိုင်းက ဝါဆိုသင်္ကန်းကပ်လျှင် ရွာအရှေ့ပိုင်းက ကထိန်ခင်းပြသည်။ ရွာအရှေ့ပိုင်းက ရှမ်းပွဲတော်တည်လျှင် ရွာအနောက်ပိုင်းက စေတီတည်ပြသည်။ ရွာအရှေ့ပိုင်းကစုပေါင်းရဟန်းခံရှင်ပြုမှာ မြင်းတွေနဲ့ရှင်လောင်းလှည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာအနောက်ပိုင်းက စုပေါင်းရဟန်းခံရှင်ပြုတစ်ခုကမန်းကတန်း ထလုပ်ကြပြီး ဆင်တွေနဲ့ရှင်လောင်းလှည့်ပြလိုက်သည်။

ဒီလိုမသိမသာရော သိသိသာသာပါ ပြိုင်နေသည့်ကိစ္စသည် သင်္ကြန်ကိစ္စမှာ ပြဿနာပိုပြီးကြီးထွားလာခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်လောက်က ကိန္နရီချောင်းရွာကြီးရဲ့ သင်္ကြန်မှာ အရှေ့ပိုင်းသူတွေနှင့်အနောက်ပိုင်းသူတွေ သင်္ကြန် မဏ္ဍာပ်တွေ အပြိုင် ထိုးပြီးအလှပြိုင်အကြီးပြိုင်ကြရာမှ ဖေတော့ မောင်တော့တွေဖြစ် ကုန်ကြပြီး သူကြီး ဦးရွှေဆိုင်တောင် နှစ်လုံး ပြူးသေနတ်ကြီးထုတ်ကိုင် ရသည့်အဖြစ်ကိုရောက်ခဲ့ရသည်။

အဲဒီနှစ်က ရာသီဉတုကိုကမတရားတာ မျက်နှာသာလိုက်တာလို့ပြောရမလိုဖြစ်ခဲ့သည်။ ရွာအရှေ့ပိုင်းကိုပဲ ကွက်ပြီး သင်္ကြန်လက်ဆောမိုးရွာချသွားလို့ သင်္ကြန်အကျနေ့မှာ ရွာအရှေ့ပိုင်းက ပိတောက်ပင်တွေ ထိန်ထိန်ဝေအောင်ပွင့်နေကြသော်လည်း ရွာအနောက်ပိုင်းက အပင်တွေ ပွင့်ချင်ပါလျှက် မပွင့်နိုင်ဘဲ ဖြစ်နေကြသည်။ ဒီအခြေအနေကို အခွင့်ကောင်းယူကြသည့် အရှေ့ပိုင်းက အပျိုရော အအိုပါမကျန် အမျိုးသမီးကြီးကြီးငယ်ငယ်တွေက သူတို့ခေါင်းမှာ ပိတောက်ပန်းတွေဝေနေအောင်ပန်ပြီးကကြသည်၊ ရေပက်ကြသည်။ အရှေ့ပိုင်းမဏ္ဍာပ်ကြီးတစ်ခုလုံးကို အပွင့်တွေဝါထိန် ဝေနေသည့် ပိတောက်ခက်တွေနဲ့ အလှဆင်ထားကြသည်၊

အနောက်ပိုင်းကအပျို အအိုတွေကလည်း မာနရှိသည်၊ သူတို့ဘက်က ပိတောက်ပင်တွေမပွင့်လို့ အရှေ့ပိုင်းက ပွင့်တဲ့အပင်ကပိတောက်ပန်းကို ခူးပြီးပန်ကြပါတော့လား၊ မပန်ကြဘူးဗျ မာနလေးတွေနဲ့ ပေတေနေကြတယ်။ အနောက်ပိုင်းကအပျိုနဲ့



ကြိုက်နေ တဲ့ အရှေ့ပိုင်းကလူပျိုက ကိုယ့်ချစ်သူပန်စေချင်လို့ အပွင့်တွေ အပြည့်ပါတဲ့ ပိတောက်ကိုင်းတွေ လှည်းတစ်စီးတိုက်သွားပို့တာ ကို မယူဘဲ ငြင်းလွှတ်လိုက်သည်။ ဒို့ဘက်ကအပင်တွေပွင့်တဲ့နေ့ကျ မှပန်မယ်လို့ပြောလွှတ်လိုက်လို့ လှည်းဆွဲတဲ့နွားတွေခမျာ မျက်နှာ သာမရဖြစ်ခဲ့ရသည်။

အရှေ့ပိုင်းမဏ္ဍာပ်နှင့် အနောက်ပိုင်းမဏ္ဍာပ်တို့အပြိုင်အဆိုင် ရေပက်ကစားနေကြသည်။ အရှေ့ပိုင်းက မဏ္ဍာပ်က မုန့်ကြာစေ့ကို ထည့ုက်ရည်ရွှဲရွှဲ အုန်းသီးနိုင်းချင်းဖြင့်လုပ်ပြီး တစ်ရွာလုံးကိုလိုက်ဝေသည်။ မဏ္ဍာပ်မှာလည်း စတုဒိသာကျွေးနေသည်။

အရှေ့ပိုင်းမဏ္ဍာပ်က မုန့်ကြာစေ့လုပ်တယ်လို့ကြားသောအခါ အနောက်ပိုင်းက အမျိုးသမီးတွေချက်ချင်းစုရုံးတိုင်ပင်ကြသည်။ နှုတ်ကြမ်းလျှာကြမ်း အမျိုးသမီးခေါင်းအပျိုကြီးဒေါ်လုံးတင်က အဆိုတင်သွင်းသည်။

"မုန့်ကြာစေ့ဆိုတာ သေးသေးလေးတွေ၊ အပျိုနို့သီးခေါင်းအရွယ်လောက်ပဲ ရှိတာ၊ ဒို့က သူတို့ထက်သာအောင် မုန့်လုံးရေပေါ် လုပ်မယ်ဟေ့"

"ဟုတ်တယ်ဟေ့ လုပ်မယ်၊ လုပ်မယ် ကြီးကြီးလုပ်မယ်၊ မလုံးတင်ကြီးအရွယ်လောက်လုပ်မယ်"

မုန့်ကြာစေ့ရဲ့အရွယ်ဟာ လက်သန်းဖျားထိပ်လောက်ပဲရှိတယ်လို့ပြောလျှင်ဖြစ်လျက်သားနဲ့ မလုံးတင်ကြီးက ယုတ်မာပြီး အရှေ့ပိုင်းကလုပ်သည့်မုန့်ကို ချိုးချိုးနှိမ်နှိမ်ပြောသည်။ သူတို့အပိုင်းက အပျိုတွေကလည်း အဲဒီလိုပြောမှသဘောပေါက်ကြ ...န်တူသည်။ မလုံးတင်ကြီးရဲ့ အရွယ်လောက်ကြီးတဲ့မုန့်လုံးရေပေါ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြမည်ဆိုပြီး ချက်ချင်းထလုပ်ကြတော့သည်။ မုန့်လုံးရေပေါ်က မုန့်ကြာစေ့ထက်အလုံးကြီး၍ အရှေ့ပိုင်းသူတွေ မခံမရပ်နိုင်ဖြစ်သွားကြသည်။ မုန့်လုံးရေပေါ် တွေကို ထည့်ခဲပြည့်ပြည့်၊ အလုံးကြီးကြီး၊ အုန်းသီးဖွေးဖွေးဖြင့် စတုဒီသာ ကျွေးရုံသာမက တစ်ရွာလုံးကို လိုက်ဝေသဖြင့် စားမကုန်သောက်မကုန်ဖြစ်နေသည်။

အနောက်ပိုင်းမဏ္ဍပ်ကလုပ်သည့် မုန့်လုံးရေပေါ်ကြီးတွေကိုကြည့်ပြီး အရှေ့ပိုင်းက အမျိုးသမီးတွေမနာလို ဝန်တိုဖြစ်နေကြသည်။ ကိုယ့်အလုံးတွေထက် သူတို့အလုံးတွေက ပိုကြီးနေလို့ မခံမရပ်နိုင်ဖြစ်နေကြသည်။ ခေါင်းတွေမှာ ပန်ထားသည့် ပိတောက်ပန်းတွေနဲ့ ဖြေနေရတော့သည်။ ပိတောက်ပန်းပွင့်သည့်ကိစ္စကလည်း အနောက်ပိုင်းက ပိတောက်ပင်တွေကို ရေမထိသေးလို့ မပွင့်တာသာဖြစ်သည်။ ပိတောက်ပင်တွေက မွှင့်ချင်နေသည်။ ဒါကိုသိသည့် အနောက်ပိုင်းက လူပျိုကာလသားတွေက သူတို့အပိုင်းက အမျိုးသမီးတွေမျက်နှာမငယ်ရအောင်ဆိုပြီး ညနေမိုးချုပ်ခါနီးမှာ ပိတောက်ပင်တွေကို ရေဖြင့် ဝိုင်းပက်ကြသည်။

သင်္ကြန်အကြပ်နေ့မှာတော့ နံနက်မိုးမလင်းမီကပင် အနောက်ပိုင်းက မဏ္ဍပ်မှာ ဆူညံစည်ကားနေသည်။ ရေပက်ခံထားရသည့်ပိတောက်ပင်တွေအားလုံး ရွှေတောင်ကြီး တွေပေါ်ပေါက်လာသလို ဝင်းထိန်နေအောင်ပွင့်နေကြတော့သည်။ အပျိုတွေအားလုံးလောက်နီးပါးကလည်းစောစောစီးစီး ပိတောက်ပန်းတွေကို တစ်ခေါင်းလုံးပြည့်အောင်ပန်ပြီး ရေပက်ခံနေကြသည်။ မနေ့ကမုန့်လုံးရေပေါ်ဖြင့် အနိုင်ရထားသည့်အချိန်ကမသေ



သေး၍ ပို၍ရွှင်မြူးအော်ဟစ်နေကြသည်။

အဲဒါကို အရှေ့ပိုင်းမဏ္ဍပ်က အမျိုးသမီးအုပ်စုက မနာလိုဝန်တိုဖြစ်ကြပြီး သူတို့မုန့်လုံးရေပေါ်ထက်သာအောင်ဆိုပြီး မုန့်လုံးကြီးတွေလုပ်ကြတော့သည်။ ကောက်ကြမ်းစင်သည့်ကောက်ညှင်းဆန်အကောင်းစားကို ပဲဆီစစ်စစ်ဖြင့်ကြော်သည့်မုန့်လုံးကြီးတွေက တင်းနစ်ဘောလုံးလောက်တောင်ကြီးသည်။ ကဲဘယ့်နှယ်ရှိရောလဲ၊ နင်တို့ဘက်ကကြီးနိုင်ကြသေးရဲ့လားဆိုတဲ့ အကြည့်နဲ့ အနောက်ပိုင်းမဏ္ဍပ်ကို လှမ်းကြည့်လိုက်ကြသေးသည်။

ဒီလိုဖြစ်လာတော့ အနောက်ပိုင်းမဏ္ဍပ်ထဲမှာ ရေပက်နေကြသည့် အပျိုတွေနှင့်အပျိုကြီးအာကြမ်းလျှာကြမ်း ဒေါ်လုံးတင်တို့တိုင်ပင်ဆွေးနွေးကြပြန်သည်။ အရှေ့ပိုင်းမဏ္ဍပ်ကလုပ်တဲ့ မုန့်လုံးကြီးထက်ကြီးတဲ့မုန့် ဘာမုန့်ရှိသေးလဲ စဉ်းစားကြသည်။ ဘိန်းမုန့်ကကြီးသော်လည်း အပြားကြီးဖြစ်နေ၍ မကြိုက်၊ ကဲ့ယဲ့ခံ ရမည်။ ကောက်ညှင်းကျည်တောက်က လုံးသော်လည်း အရှည်ဖြစ် နေ၍ ပိုဆိုးသည်။ အရှေ့ပိုင်းက ကောင်မတွေက ကဲ့ယဲ့တတ်ပါဘိ သနဲ့ဟု ဒေါ်လုံးတင်ကဆိုသည်။ ကလေးလက်မောင်းလောက် ကြီးသည့်မုန့်လက်ကောက်ကွင်းကြီးတွေလုပ်ရင် မကောင်းဘူး လားဟု တစ်ယောက်က အကြံပေးသဖြင့် အားလုံးသဘောတူလိုက်ကြသည်။

ချက်ချင်းပဲ မုန့်ထောင်းသူထောင်း၊ နှဲသူကနှဲ၊ မိုးဗြဲဒယ်ကြီးထဲမှာ ပဲဆီငါးပိဿာလောက် လောင်းထည့်ပြီး မုန့်လက်ကောက်ကွင်းကြီးတွေဖြစ်အောင် ကြော်ကြပါလေတော့သည်။ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတွေတောင်လိုပုံသည့်ခေတ်ဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်တိုင်းဖြစ်နေကြတော့သည်။ ထည့်ကက်ရေကို ညောင်စေးကျအောင်ကြိုပြီး မုန့်လက်ကောက်ကွင်းကြီးရဲ့အရွယ်က အချိုသောက်အောက်ခံပန်းကန်ပြားအရွယ်လောက်ကြီးသည်။ ရွာထဲကို မုန့်လက်ကောက်လိုက်ဝေနေသည့် အနောက်ပိုင်းက အပျိုတစ်စုကို အရှေ့ပိုင်းမဏ္ဍပ်က အပျိုတွေက မခံသာအောင် လိုက်ပြောသည်။

"နင်တို့ဟာက ကြီးတော့ကြီးပါတယ် အလယ်မှာ အပေါက်ကြီးနဲ့"

မုန့်လက်ကောက်ပဲ အလယ်မှာ အပေါက်ပါမှာပေါ့ ဒါကိုပဲ ငယ်ကျိုးငယ်နာဖေါ်ပြီး စကားလုပ်ပြောတော့ တစ်ဘက်က မခံမရပ်နိုင်ဖြစ်ပြီး ဖေတော့မောင်တော့ဖြစ်ကုန်ကြတော့သည်။ ဒီသတင်းကိုကြားတော့ အနောက်ပိုင်းက အမျိုးမျိုး ဒေါ်လုံးတင်လိုက်ပါလာပြီး အရှေ့ပိုင်းမဏ္ဍပ်ရှေ့မှာ ထမိစွန်တောင်ဆွဲကြမ်းတော့သည်။

"နင်တို့အရှေ့ပိုင်းက အကြီးအကျယ်ပြိုင်ချင်တဲ့ကောင်မရှိရင်ထွက်ခဲ့၊ လာ ငါနဲ့ပြိုင်မယ်"

အရှေ့ပိုင်းမဏ္ဍပ်ရှေ့မှာ အပြန်အလှန်ကတ်ကတ်လန်အောင် အော်ဟစ်နေကြ၍ မကြာမီယောကျ်ားတွေပါလာတော့မည်ဖြစ်သည်။ အဲဒီအခါဆိုလျှင် ထိန်းမနိုင်သိမ်းမရဖြစ်ပြီး ကျော်မကောင်းကြားမကောင်းဖြစ်မည်စိုး၍ သူကြီးဦးရွှေဆိုင်ကိုသွားတိုင်ရတော့သည်။ သူကြီးကလည်း ဂျပန်ခေတ်နောက်ပိုင်းကစပြီး လူရှေ့ သူရှေ့မှာကိုင်ခွင့်မရသည့်နှစ်လုံးပြူးသေနတ်ကြီးကို ထမ်းပြီး ရောက်လာသည်။ ဒေါ်လုံးတင်က သူကြီးကိုရော သူကြီး၏နှစ်လုံး



ပြူးကိုပါ ဂရုမစိုက်ဘဲ ထမိန်စွန်တောင်ဆွဲအော်ဟစ်နေသည်။

"ဦးကြီးရွှေဆိုင် ဒီကိစ္စဟာ နှစ်လုံးပြူးနဲ့ဖြေရှင်းစရာလိုတဲ့ကိစ္စမဟုတ်ပါဘူး၊ ဦးကြီးရဲ့ ဟာကြီးကလဲ ပစ်လို့ထွက်မှာမဟုတ်ဘူး၊ မသုံးတာကြာနေပြီ ပါးစပ်နဲ့ဖြေရှင်းရင်ရပါတယ်"

"ငါ့နှစ်လုံးပြူးက နင်တို့ကိုပစ်ဖို့ယူလာတာမဟုတ်ပါဘူး၊ ဟိုကောင်တွေ ထွန်းမောင်တို့ အောင်ပုတို့ လွန်းရွှေတို့ပါလာရင် ခြောက်ဖို့လှန့်ဖို့ယူလာတာပါကွဲ့"

သူကြီးတောင်ပြောမရ ဆိုမရဘဲ တစ်ဘက်နှင့်တစ်ဘက် ကက်ကက်လန်အောင် ရန်ဖြစ်နေကြတယ်ဆိုသည့် သတင်းကိုကြားသွားသည့် ရွာဦးတောင်ပေါ်ကျောင်းဆရာတော်နှင့် ရွာမကျောင်းဆရာတော်နှစ်ပါးသည် ကြိမ်လုံးကိုယ်စီနှင့် ရွာထဲကိုကြွလာကြသည်။ ဒီတော့မှ ထမိစွန်ထောင်ဆွဲနေသည့် ဒေါ်လုံးတင်တို့အုပ်စု လူစုကွဲသွားလေတော့သည်။ ဒေါ်လုံးတင်တို့သာမက သူကြီးမင်းနှင့် နှစ်လုံးပြူးကြီးပါလစ်သွားတော့သည်။

ကိုအဏ္ဏဝါသည် ဟိုး . . . လွန်ခဲ့သည့်နှစ်ပေါင်း ငါးဆယ်လောက်က ဖြစ်ပျက်ခဲ့တာတွေကို ပြန်လည်မြင်ယောင်ပြီး လွမ်းမောနေမိသည်။ ဒီနေရာသည်ကား ပျံလွန်တော်မူသွားပြီဖြစ်သည့် ရွာဦးတောင်ပေါ်ကျောင်းဆရာတော်ကြီး ကြိမ်လုံးကိုင်ပြီး ရပ်နေခဲ့သောနေရာ၊ ဒီနေရာသည်ကား သူကြီးဦးရွှေဆိုင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ နှစ်လုံးပြူးသေနတ်ကြီးကိုင်ပြီး ငုတ်တုတ်ထိုင်နေခဲ့သည့်နေရာ၊ ဒီနေရာသည်ကား ကွယ်လွန်သွားရှာပြီဖြစ်သည့် အပျိုကြီးဒေါ်လုံးတင် ထမိစွန်ထောင်ဆွဲပြီး ချလင်းခေါ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာ စသည်ဖြင့် လိုက်ကြည့်နေမိသည်။

ရွာလယ်လမ်းတလျှောက်သည့်ထွက်ပြူစ နေရာင်အောက်မှာ ပြောင်သလင်းခါအောင် ရှင်းပြီး မြင်ကွင်းကတတမျှော် တစ်ခေါ်ကြီးဖြစ်နေသည်။ မြန်မာပြည်လွတ်လပ်ရေးမရမီက အင်္ဂလိပ်လက်ထက်မှာ စိုက်ခဲ့ကြသည် လမ်းဘေးဝဲယာက အနှစ်တစ်ရာကျော်သက်တမ်းရှိသည့် ကုက္ကိုပင်စည်လုံးကြီးတွေ၊ ပိတောက်ပင်ကြီးတွေကို ခုတ်လှဲပစ် လိုက်သည်။ အချင်းထိပ်ဝ ခြောက်ပေမျှရှိသည့် ကုက္ကိုပင်စည်လုံးကြီးတွေကို တီအီးအလဲဗင်းကားကြီးတွေဖြင့် လာသယ်ယူသွားတာမြင်လိုက်ရသည်ဟု ရွာသားတွေက ပြောကြသည်။ ရန်ကုန်ရောက်သွားပြီး ဆင်ရုပ်ကြီးတွေဖြစ်နေပြီဟုလည်းပြောနေကြသည်။

သောကြာ

၂၀၀၃-မေ




www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်းရသောဒိုင်လူကြီး

ကိုအဏ္ဏဝါသည် ကံကောင်းသူလို့ ပြောရမလား၊ ကံဆိုးသူလို့ပြောရမလားမသိ၊ မတန်မရာကိစ္စတွေနဲ့ မမျှော်လင့်ဘဲ ဝင်ဝင်တိုးသည်။ သူ့ရွာကိုအလွမ်းပြေပြန်သွားမိရာ၊ ကျေးရွာဘောလုံးပွဲမှာ ကွင်းလယ်ဒိုင်လူကြီးအဖြစ်ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံခြင်းခံရသည်။ ကိုအဏ္ဏဝါကြက်သီးမွေးညင်းထသွားသည်။ ဘောလုံးပညာကို ဘာမှမသိနားမလည်ဘဲ ဒိုင်လူကြီးဘယ်လိုလုပ်ရပါ့ဟု သူ့ကိုယ်သူမေးနေမိသည်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့်ထုံးကို နှလုံးမူပြီးသဘောတူလက်ခံလိုက်သည်။

ရန်ကုန်မြို့ကြီးမှာနေသည့် နိုင်ငံခြားပြန်သဘောသားဆိုပြီး ဘောလုံးပွဲမှာ ကွင်းလယ်ဒိုင်လူကြီး လုပ်နိုင်တဲ့အရည်အချင်းမရှိဘူးဆိုလျှင် အထင်သေးခံရမည်စိုး၍ ဟန်မပျက်လက်ခံရခြင်းဖြစ်သည်။ ဘောလုံးပွဲကလည်း ကြီးကျယ်သည့်ပွဲမဟုတ်၊ ကိုအဏ္ဏဝါ၏မွေးရာဇာတိဖြစ်သည့် ကိန္နရီချောင်းရွာနှင့် သဖန်းကုန်းရွာတို့



လောင်းကြေးထပ်ပြီးကန်ကြမည့် ချိန်းပွဲမျှသာ ဖြစ်သည်။ ကိန္နရီချောင်းရွာသား မြအေးနဲ့ သဖန်းကုန်းရွာသား တင်ရွှေတို့ အရက်ဆိုင်မှာ တွေ့ကြပြီး တစ်ယောက်ကိုတစ်ယောက် ကလိကြ၊ ယိကြရာမှ ဘောလုံးပြိုင်ကန်ကြမယ်ဆိုပြီး ချိန်းပွဲဖြစ် သွားခြင်းဖြစ်သည်။

ကိန္နရီချောင်းရွာနှင့် သဖန်းကုန်းရွာတို့သည် တစ်ရွာနှင့်တစ်ရွာ ပြိုင်ဆိုင်မှု အစဉ်အလာရှိခဲ့ဖူးသော ရွာနှစ်ရွာဖြစ်သည်။ ဘိုက်နယ်အတွင်းရှိ ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲမှာ ဗိုလ်လုပွဲကြဲခဲ့ဖူးသည်။ လွတ်လပ်ရေးနေ့မှာ ပြုလုပ်သည့် လှေလှော်ပြိုင်ပွဲမှာကြဲခဲ့ဖူးသည်။ တစ်ရွာကိုတစ်ရွာက သာအောင်ပြိုင်ချင်နေကြသောရွာနှစ်ရွာဖြစ်သည်။ ဘာမှပြိုင်စရာမရှိလျှင် အလှူပြိုင်ကြသည်။ ကိန္နရီချောင်းရွာက စုပေါင်းရဟန်းခံရှင်ပြုမှာ နွားလှည်းတွေနဲ့ရှင်လောင်းလှည့်လျှင် သဖန်းကုန်းရွာက ဟိုင်းလတ်တွေ၊ ဒိုင်နာတွေနဲ့ လှည့်ပြသည်။ သဖန်းကုန်းရွာက မြင်းတွေနဲ့လှည့်လျှင် ကိန္နရီချောင်းရွာက ဆင်တွေရအောင်ရှာပြီး ရှင်လောင်းလှည့်သည်။ ကိန္နရီချောင်းရွာက ရုပ်ပွားတော်တည်လျှင် သဖန်းကုန်းရွာက စေတီတည်ပြသည်။ ဒီလိုပြိုင်ဆိုင်မှု အစဉ်အလာကြီးခဲ့သောရွာနှစ်ရွာဖြစ်သည်။ ဒီရွာနှစ်ရွာကန်ကြမည့် ဘောလုံးပွဲမှာ ကိုအဏ္ဏဝါက ဒိုင်လူကြီးလုပ်မည်ဆိုတော့ ဘကြီးဦးထွန်းကြိုင်က ကိုအဏ္ဏဝါကို ချီးကျူးသည်။

"မောင်စိုးရေ ဘောလုံးသမားအချင်းချင်း ကွင်းထဲမှာ ရန်ဖြစ်မှာကတော့ သေချာတယ်၊ ဒီပွဲမှာ ရန်မဖြစ်အောင် ဒိုင်လူကြီးလုပ်နိုင်ရင် ကုလသမဂ္ဂမှာ အတွင်းရေးမှူးလုပ်လို့ရပြီ၊ ဒီပွဲကတော့ မင်းလိုအရည်အချင်းရှိတဲ့အကောင်နဲ့မှ ဖြစ်မယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ကိန္နရီချောင်းရွာနှင့်သဖန်းကုန်းရွာတို့ ယှဉ်ပြိုင်ကြမည့် ဘောလုံးပွဲမှာ သာမညအရည်အချင်းဖြင့် ဒိုင်လူကြီးမလုပ်နိုင်ဘူး ဆိုတာကတော့ ဘကြီးဦးထွန်းကြိုင်၏ စကားနဲ့ပဲ ထင်ရှားနေပြီ ဖြစ်သည်။ ဒီတော့ ဒိုင်လူကြီးလုပ်မည့် ကိုအဏ္ဏဝါ သတိထား ရတော့မည်ဖြစ်သည်။ ဒီပွဲမှာ ပေါ့ပေါ့တန်တန်လုပ်လို့မဖြစ်ဘူးလို့ နားလည်လိုက်သည်။ ကိုအဏ္ဏဝါသည် ဒီပွဲမှာ ဒိုင်လူကြီး ဝင်လုပ်တာက ကိုယ်တိုင်လုပ်ချင်လို့လည်းမဟုတ် အရည်အချင်း ရှိလို့လည်းမဟုတ်၊ လုပ်မည့်သူရှာမရလို့ ဆွဲခန့်ရာထူးဖြင့် ဝင်လုပ်ရတာဖြစ်သည် ကိုအဏ္ဏဝါသည် ဘာတာဝန်ကိုမှ ယူချင် သူမဟုတ်၊ ဘေးထိုင် ပွဲကြည့်သမားအဖြစ်နဲ့ အေးအေး ဆေးဆေး နေချင်သူဖြစ်သည်။

ကိန္နရီချောင်းရွာနှင့်သဖန်းကုန်းရွာတို့ ချိန်းပွဲဘောလုံး ကန်ကြတော့မည်ဆိုတော့ ဒိုင်လူကြီးပြဿနာတက်နေစဉ်မှာ ကိုအဏ္ဏဝါရွာကိုရောက်လာခြင်းဖြစ်သည်။ ပြည်နယ်လက်ရွေးစင် ရွေးချယ်ပွဲတွေမှာ ဒိုင်လုပ်ဖူးသူကျောင်းအုပ်ဆရာကြီး ဦးထွန်းရင် ရှိနေပါလျက်နှင့် ကိန္နရီချောင်းရွာသားဖြစ်နေ၍ သဖန်းကုန်း ရွာသားတွေက မယုံကြည်ဟုသိရသည်။ ကိန္နရီချောင်းရွာသား လည်း မဟုတ်၊ သဖန်းကုန်းရွာသားလည်း မဟုတ်သူဖြစ်ရမည်ဟု သဘောတူကြပြီး ဒိုင်လူကြီးလုပ်မည့်သူရှာနေကြစဉ် ကိုအဏ္ဏဝါရွာ ကိုရောက်လာခြင်းဖြစ်သည်။

ကိုအဏ္ဏဝါသည် ကိန္နရီချောင်းရွာသားပင်ဖြစ်သော်လည်း ရန်ကုန်မှာနေတာနှစ်ပေါင်း ၄လေးဆယ်ကျော်ပြီဖြစ်လို့ ဒေသစွဲစိတ် နှင့် သံယောဇဉ်ကုန်ခမ်းနေသူဟု သတ်မှတ်ကြသည်။ သသော်



သားဖြစ်၍ ဘောလုံးပညာနှင့်ပတ်သက်လျှင် နိုင်ငံတကာ အဆင့် မီသူဖြစ်သည်ဟု ယုံကြည်ကြသည်။ ကိန္နရီချောင်းရွာသား ကိုအဏ္ဏဝါကို ဒိုင်လူကြီးအဖြစ် ရွေးချယ်ရန် သဖန်းကုန်းက အဆို တင်သွင်းခြင်းဖြစ်သည်။

ကိန္နရီချောင်းရွာသားတွေက လျှင်လျှင်မြန်မြန်သဘော တူလိုက်သည်။ ကိုအဏ္ဏဝါသည် ဘောလုံးပညာနှင့်ပတ်သက်လျှင် ဘာမှမသိ၊ ဘာမှမတတ်ဆိုတာကို မသိကြ၍ အထင်တကြီးဖြင့် တာဝန်ပေးကြခြင်းဖြစ်သည်။ ကိုအဏ္ဏဝါကလည်း အထင်ကြီးခံ ချင်သူမဟုတ်ပေမယ့် အထင်သေးခံရမှာကြောက်ပြီး မနိုင်ဝန်ကို ထမ်းဖို့ သဘောတူလိုက်ခြင်းဖြစ်သည်။ သို့သော် ဆုံးဖြတ်ချက် တစ်ခုခုကိုတော့ အခိုင်အမာချထားသည်။ ဘက်မလိုက်ဘဲ မျှမျှ တတနှင့် တရားသဖြင့် ဖြစ်စေရမည်ဟူ၍ ဖြစ်သည်။

ကိန္နရီချောင်းရွာအပြင်ဘက်က နွားစားကျက်ကွင်းကို ဘောလုံးကွင်းလုပ်ထားတာတွေ့ရသည်။ တောင်ဘက်နှင့်မြောက် ဘက်မှာ အရောင်အသွေးမထွက်တော့သည့် ဂိုးတိုင်ယိုင်နဲ့နဲ့နှစ်ခု ရှိနေလို့သာ ဘောလုံးကွင်းဟု ဆိုရသော်လည်း မြက်ရိုင်းတွေပေါက် နေသည့် နွားစားကျက်ကြီးသာဖြစ်သည်။ အနိမ့်အမြင့် မညီမညာ ဖြစ်နေသည်။ နွားခြေရာ၊ ကျွဲခြေရာချိုင့်ခွက်တွေရှိနေသည်။ ဘေးထွက်ဘောသတ်မှတ်ရန် အနားသတ်မျဉ်းမရှိ၊ ဒေါင့်ကန်ဘော တည်ရန် နေရာမသေချာ၊ ဂိုးစည်းဧရိယာထဲမှာ ပြစ်ဒဏ်ဘောဖြစ် လျှင် ပင်နယ်လ်တီဘောလုံးကို ဘယ်နေရာမှာတည်ရမှန်းမသိ ဖြစ်နေသည်။ ဒီလိုကွင်းမျိုးမှာ ကစားကြမည့် ပွဲမှာ ကိုအဏ္ဏဝါက ဒိုင်လူကြီးလုပ်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာကို ငွေတစ်သောင်းစီထည့်ကြ၍ လောင်းကြေးငွေနှစ်သောင်းဖြစ်သည်။ နိုင်သည့်ရွာက ငွေနှစ်သောင်းရမည်။ ကိုအဏ္ဏဝါ၏အကြံပေးချက်အရ လက်သမားဆရာဦးလူပုက ဒိုင်းတစ်ခုပြုလုပ်သည်။ ပေပျဉ်မရှိ၍ ခြောက်လက်မပျဉ်နှစ်ချပ်ကို စပ်ပြီး ဒိုင်းပုံဖြတ်တောက်ပေးသည်။ တောပန်းချီဆရာကိုချစ်သန်းက ဆေးသုတ်ပြီး စာလုံးတွေရေးပေးသည်။ အနက်ရောင် အောက်ခံပေါ်မှာ အဖြူရောင်ဖြင့် (ကိန္နရီချောင်း - သဖန်းကုန်း၊ ဗိုလ်လုပွဲ ဆုရဒိုင်း) စာလုံးတွေကို ရေးပေးသည်။ ဘောလုံးကွင်းထဲသို့ ယူလာသည့်အချိန်မှာ ဆေးမခြောက်သေးဖြစ်နေသည်။

ဘောလုံးပွဲကို အားပေးကြည့်ရှုကြမည့် ကိန္နရီချောင်းရွာသားတွေက ကွင်း၏အရှေ့ဘက်မြက်တောထဲမှ လည်းကောင်း သဖန်းကုန်းရွာသားတွေက အနောက်ဘက်မြက်တောသာမက ဖွက်တောထဲကလည်းကောင်းထိုင်လျက်တစ်ချို့ ရပ်လျက်တစ်စု အားပေးနေကြသည်။ ကွင်းထဲမှာ ရောက်ရှိနေကြသည့် နှစ်ဘက်ကစားသမားတွေအနက် ကိန္နရီချောင်းရွာအသင်းက ရှေ့တန်းတိုက်စစ်မှူး အောင်ရွှေ၊ ထွန်းကြည်၊ မြအေး၊ ထွေးမောင်၊ ဂိုးသမားလှမောင် နှင့် သဖန်းကုန်းရွာအသင်းက ရှေ့တန်းကစားမည့် အောင်မြင့်၊ တင်ရွှေ၊ မဲအောင်၊ သိန်းမောင်၊ တင်အေး၊ ထွန်းမြင့်တို့လောက်သာ ဘောင်းဘီအတိုတွေ ဝတ်ထားကြသည်။ အများစုကတော့ လုံချည်ခါးတောင်းကြိုက်ဖြင့် ကန်ကြမည်ဖြစ်သည်။ ဒီပွဲမှာဒိုင်လူကြီးလုပ်မည့် ကိုအဏ္ဏဝါကိုယ်တိုင်ကလည်း ဘောင်းဘီတိုမရှိလို့ ဘောင်းဘီရှည်နှင့် လည်ကတုံး ရှပ်လက်တိုကိုဝတ်ထားသည်။ မုဆိုးဖို အမူးသမားနှင့်အရူးမအပျိုကြီးတို့ သုသာန်ဇရပ်



မှာတွေ့ကြသလို အတော်ကြည့်ရဆိုးနေသည်။

ဒိုင်လူကြီးကိုအဏ္ဏဝါ၏လည်ပင်းမှာ ပီနံကြိုးဖြင့် တွဲလောင်းဆွဲထားသည့် ဝစီ (ဝှက်ဆဲလ်)က မှုတ်တိုင်းမမြည်၊ အဆင့်သင့်လျှင်မြည်သည်။ တစ်ခါတစ်လေ မမှုတ်ဘဲ ပါးစပ်မှာ ဟပ်ထားရုံဖြင့် အသက်ရှူမိလို့ ထမြည်သည်။ ဒီကိစ္စဟာ အရေးနယ်အကြောင်းရယ်ဆိုရင် ဘယ်လိုလုပ်ရမလဲဆိုတော့ နှစ်ဘက်အသင်းက ကစားသမားအားလုံးကပင် ဒိုင်လူကြီးအနေဖြင့် ဝစီမှုတ်လို့ မမြည်လျှင် လက်ခေါက်မှုတ်ပြီး အချက်ပေးပါဟု သဘောတူကြသည်။

ပွဲစကစားတော့မည်ဖြစ်၍ တောင်ဘက်ဂိုးနှင့်မြောက်ဘက်ဂိုး ရွေးချယ်ရန် ခေါင်းပန်းလှန်ရမည့်ကိစ္စပေါ်လာသည်။ ပိုက်ဆံအကြွေစေ့ မတ်စေ့လေးကို ကိုအဏ္ဏဝါက လက်မဖြင့် ခတ်ပြီးမြှောက်လိုက်ရာ ပြန်အကျမှာ မြက်ဖုတ်ကြားထဲက ကြွက်တွင်းထဲကျသွားလို့ ခေါင်းမှန်းမသိ၊ ပန်းမှန်းမသိ ဖြစ်သွားသည်။ မိမိကြောင့်ဖြစ်ရသည့်အတွက် ဒိုင်လူကြီး ကိုအဏ္ဏဝါကပဲ တောင်းပန်ပြီး သဖန်းကုန်းရွာဘက်က လိုချင်သည့် တောင်ဘက်ဂိုးကိုပေးလိုက်ပါရန် ကိန္နရီချောင်းရွာ အသင်းကို တောင်းပန်ရသည်။ ကိန္နရီချောင်းအသင်းက အောင့်သက်သက်ဖြင့် သဘောတူလိုက်ရသည်။

ပွဲစကစားလို့ ငါးမိနစ်လောက်အကြာမှာ လူချသည့် ပြဿနာ ပေါ်လာသည်။ သဖန်းကုန်းရွာအသင်းက အောင်မြင့်ကို ကိန္နရီချောင်းရွာအသင်းက ထွန်းကြည်က နောက်ကနေဘိမ်းရိုက်ပါတယ် ဆိုပြီး သဖန်းကုန်းရွာသားတွေဝိုင်းအော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်လူကြီး မမြင်ဘူးလားကွ၊ မျက်စိကန်းနေလား၊ ဘက်လိုက်တယ်ကွ မတရားဘူး"

ပရိတ်သတ်အုရုံးသာမက အောင်မြင့်က ထွန်းကြည်ကို ထိုးမယ်ကြိတ်မယ်ဆိုပြီး ဆွဲလား ရမ်းလားလုပ်သဖြင့် ပွဲကို ခေတ္တ ရပ်လိုက်ရသည်။ သဖန်းကုန်းအသင်းက ကိုအဏ္ဏဝါကို အော်ဟစ် မေးကြသည်။

"ခင်ဗျား ဘာကြောင့် ခရာမမှုတ်တာလဲ၊ ဘက်မလိုက်နဲ့ နော်"

ဒိုင်လူကြီး ကိုအဏ္ဏဝါက သဖန်းကုန်းအသင်းက ဘောလုံး သမားတွေကို အနူးအညွတ်တောင်းပန်သည်။ အလံကိုင်ဒိုင်လူကြီး မရှိသည့်အပြင် မိမိတကယ်မမြင်လိုက်လို့ ခရာမမှုတ်မိတာပါဟု တောင်းတောင်းပန်ပန် ပြောသည်။

"ကျွန်တော် တကယ်မမြင်လိုက်လို့ပါဗျာ"

"ခင်ဗျားမမြင်တာနဲ့ ကျွန်တော်တို့လူတစ်ချက်ခံလိုက်ရ ပြီ၊ အဲဒါဘယ်လိုလုပ်မလဲ"

ကိုအဏ္ဏဝါခေါင်းကုတ်လိုက်သည်။ ပြီးသွားသည့်ကိစ္စ အတွက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ပြစရာ အနီကဒ်လည်း မရှိ၊ အဝါကဒ်လည်းမရှိ၊ ဒိုင်လူကြီးကိုယ်တိုင် မမြင်လိုက်သည့် ပြစ်ဒဏ်အတွက် ဘယ်လိုအရေးယူရမှန်းမသိဖြစ်နေသည်။ သဖန်း ကုန်းရွာသားတွေကလည်း ဒီကိစ္စကို ကျေနပ်အောင်မဆောင် ရွက်လျှင် အကြမ်းဖက်မည့် လက္ခဏာပြနေကြသည်။

"ဆောရီးဗျာ ဒီတစ်ခါတော့ ကျွန်တော်မမြင်လိုက်လို့



ဖြစ်သွားတာပါ။ ခင်ဗျားတို့ ကျေနပ်အောင် ကျွန်တော်စီစဉ်ပေး ပါ့မယ်။ အောင်မြင့်က ထွန်းကြည်ကို တစ်ခါပြန်ချပါ။ သိပ်ပြီး မနာပါစေနဲ့၊ ဒူးဆစ်အောက်ကို ခြေထောက်နဲ့ပဲကန်ရမယ်နော် လက်မပါစေနဲ့။"

သဖန်းကုန်းအသင်းကဘောလုံးသမားတွေနှင့် သဖန်း ကုန်းရွာသားတွေကျေနပ်သွားကြသည်။ ဒိုင်လူကြီးကိုအဏ္ဏဝါ အထူးသတိထားနေရပြီဖြစ်သည်။ ဘောလုံးသမားတွေနှင့် အတူ ပြေးပြီးမျက်တောင်မခတ်ကြည့်နေရတော့သည်။ ပြစ်ဒဏ်တစ်ခု ဖြစ်တာနဲ့ ဝစီမှုတ်နိုင်ရန်အတွက် ပါးစပ်မှာ အသင့်ကိုက်ထား သည်။ ကိုအဏ္ဏဝါပြေးရင်းလွှားရင်းနွားခြေရာခွက်မှာ ခြေကျွံ ပြီးပါးစပ်မှာကိုက်ထားသည့် ဝစီကအသံထွက်သွားသည်။ ကစား သမားတွေအားလုံး ပြေးနေတာရပ်လိုက်ကြသည်။ ဘယ်သူဘာ လို့လဲဆိုသည့်အကြည့်ဖြင့် ကိုအဏ္ဏဝါကို ဝိုင်းကြည့်နေကြသည်။

"ဘာမှမဖြစ်၊ ဘာမှမဖြစ် ခလုတ်တိုက်မိလို့မြည်သွားတာ ဆက်ကန်"

ဒိုင်လူကြီး ကြောင်လွန်း၍ ကစားသမားတွေ အိုး ခွက်နင်းဖြစ်နေကြသည်။ ဒိုင်လူကြီးက ဆက်ကန်ဆို ကိန္နရီချောင်းအသင်းက အောင်ရွှေက ဘောလုံးကို တည်တော တည်နိုင်တော့ပဲ ကန်လိုက်သည်။ သဖန်းကုန်းဂိုးရှေ့ကို ရောက် သည်။ ထွန်းကြည်ပြေးလိုက်သွားသည်။ သဖန်းကုန်းဂိုး ထွန်းကြည်နှင့် သဖန်းကုန်းနောက်တန်းကလူတွေ ရှုပ် နေသည်။ ထွန်းကြည်ဘောလုံးရလို့ ဂိုးသွင်းမလို့ခြေလှမ်းပြင်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်ကထွန်းကြည်ရဲ့ခြေနှစ်ချောင်းကို သိမ်းရိုက်လိုက်သည်။ ထွန်းကြည်ပုံလျက်သားလဲကျသွားသည်။ ကိန္နရီချောင်းရွာသားတွေ ကဆူလေတော့သည်။

"ဟေ့ ပယ်နယ်တီပေးကွ၊ ဂိုးစည်းထဲမှာ တမင်ချတာကွ"

ကိုအဏ္ဏဝါခရာမှုတ်ပြီး ပြစ်ဒဏ်ဘောပေးဖို့လိုက်သွားသည်။ သဖန်းကုန်းအသင်းက ဘောလုံးသမားတွေက ကိုအဏ္ဏဝါကိုဝိုင်းထားပြီး ကျီးအာသလို ဝိုင်းအာကြသည်။

"ဘာဖြစ်လို့ပယ်နယ်တီပေးရမှာလဲ၊ စောစောကဟာကို လက်စားချေတာပဲဟာ"

"လက်စားချေတာ ပယ်နယ်တီဧရိယာထဲမှာ မချေရဘူး ကွင်းလယ်မှာချေပေါ့"

" လက်စားချေတာပဲ ဘယ်နေရာမှာမဆိုချေမှာပေါ့ဗျ"

" မရဘူး၊ ဒါတော့လုံးဝမရဘူး၊ အောင်မြင့်ကို ထွန်းကြည်ချတာလဲ ကွင်းလယ်မှာပဲချတာ၊ အောင်မြင့်က ထွန်းကြည်ကိုပြန်ချလျှင်လည်း ကွင်းလယ်မှာပဲဖြစ်ရမယ်"

သဖန်းကုန်းအသင်းသားတွေနှင့် ရွာသားတွေငြိမ်ကျသွားသည်။ ပယ်နယ်တီကန်ရတော့မည်ဖြစ်၍ ဂိုးတိုင်မှ ခြေလှမ်းကျဲကျဲ ဆယ်လှမ်းအကွာမှာ ဘောလုံးကိုတည်ပြီး အသင့်ပြင်သည်။ ကိန္နရီချောင်းအသင်းခေါင်းဆောင် အောင်ရွှေကန်မည်ဖြစ်သည်။ သဖန်းကုန်းရွာသားတွေကတော့ မကျေမနပ်ဖြစ်နေကြသည်။ ကိုအဏ္ဏဝါက ခရာမှုတ်လိုက်သောအခါ အောင်ရွှေသည် ဂိုးသမား၏ယာဘက်ကို အယောင်ပြပြီး ဘယ်ဘက်ကို ကန်သွင်းလိုက်၍ ဂိုးဝင်သွားလေတော့သည်။



ပထမပိုင်း ၄၅ မိနစ်ကစားပြီးသွားချိန်မှာ ကိန္နရီချောင်းရွာကတစ်ဂိုး၊ သဖန်းကုန်းရွာက ဂိုးမရရှိသေးသဖြင့် မကျေမနပ်ဖြစ်နေကြသည်။ ဒုတိယပိုင်းကို အထူးသတိထားရမည်ဖြစ်သည်။ သဖန်းကုန်းအသင်းသားတွေကြမ်းတော့ ရမ်းတော့မည်ဖြစ်သည်။ ကိန္နရီချောင်းရွာသားဒိုင်လူကြီး ကိုအဏ္ဏဝါကိုလည်း ဘက်လိုက်သည်ဟု မသင်္ကာဖြစ်လာကြသည်။

ဒုတိယပိုင်းပွဲပြန်စသည်နှင့် လူချပွဲစတော့သည်။ ကိုအဏ္ဏဝါ၏ လည်ပင်းကခရာသည်လည်း ပါးစပ်ကချွတ်ရသည်လို့မရှိပဲ အမြဲကိုက်ထားရသည်။ မကြာခဏ ပြစ်ဒဏ်ဘောပေးနေရသည်။ ခရာကလည်း မှုတ်လို့မြည်တဲ့အခါ မြည်သည်၊ မမြည်တဲ့အတွက် ပြစ်ဒဏ်မပေးလိုက်ရတဲ့ ချပွဲတွေလည်း မနည်းဘူးဖြစ်နေသည်။ နှစ်ဘက်ပွဲကြည့် ပရိတ်သတ်တွေက ဘောလုံးသမားတွေကိုသာမက ဒိုင်လူကြီးကိုပါ ဆဲနေကြပြီဖြစ်သည်။ ပွဲဆူပြီး ဝရုန်းသုန်းကားဖြစ်နေသည်။ ဘောလုံးပွဲနှင့်မတူပဲ ဘုရားထီးတော်တင်ပွဲက ကြဲချသည့် တစ်ထောင်တန်တွေကိုလု ကောက်နေကြပုံနှင့်တူသည်။

ကိန္နရီချောင်းဂိုးရှေ့မှာ ရှုပ်ယှက်ခတ်နေစဉ် ကိန္နရီချောင်းအသင်းက ရှေ့တန်းကစားသူ မြအေးက သဖန်းကုန်းအသင်းက မဲအောင်ကို ရင်ဝဆောင့်ကန်လို့ဆိုပြီး ပယ်နယ်တီတောင်းသည်။ ပယ်နယ်တီဧရိယာ၏ အပြင်မှာဖြစ်လို့ ပယ်နယ်တီမပေးနိုင်၊ ဖရီးကစ်သာပေးရမည်ဆိုပြီး နှစ်ဘက်အသင်းသားတွေ စကားများကြသည်။ ရန်ဖြစ်တော့မည့်အခြေအနေဖြစ်နေသည်။ ဒိုင်လူကြီး၏ အဆုံးအဖြတ်ကို နားမထောင်ကြဘဲ အပြန်အလှန်အော်ဟစ်ငြင်း

www.burmeseclassic.com

www.burmeseclassic.com



ခုန်နေကြသည်။ ပယ်နယ်တီဧရိယာသတ်မှတ်သည့် မျဉ်းကြောင်းမရှိလို့ ခြေလှမ်းကျဲဆယ်လှမ်းဖြင့် တိုင်းကြည့်တော့လည်း အခင်းဖြစ်ပွားသည့်နေရာသည် အပြင်ကိုနည်းနည်းရောက်နေသည်။ ဒါလည်း သဖန်းကုန်းရွာသားတွေက နောက်မဆုတ်ဘဲ ပယ်နယ်တီပေးကိုပေးရမည်ဟု တောင်းဆိုနေသည်။ ဒိုင်လူကြီး ကိုအဏ္ဏဝါ မနေသာတော့လို့ ကိန္နရီချောင်းအသင်းခေါင်းဆောင် အောင်ရွှေကိုတိုးတိုးပြောရတော့သည်။

" သူတို့ကျေနပ်အောင်လျှော့ပေးလိုက်ပါကွာ၊ ပယ်နယ်တီတစ်ယောက်တစ်လုံးစီရတဲ့ သဘောဖြစ်သွားတာပေါ့၊ နင်တို့ ဂိုးသမား လှမောင်ကစိတ်ချရပါတယ်၊ မဝင်နိုင်ပါဘူး"

ကိုအဏ္ဏဝါအချော့ကောင်းလို့ ကိန္နရီချောင်းအသင်းက အလျှော့ပေးလိုက်သည်။ သဖန်းကုန်းအသင်းက ကျေနပ်သွားသော်လည်း ကိန္နရီချောင်းအသင်းကကောင်တွေက ကိုအဏ္ဏဝါကိုပါ ဆောင့်ကန်ချင်သည့် ပုံပြလာကြသည်။ ကိုအဏ္ဏဝါကို ဘက်လိုက်သည်လို့ထင်ထားသည့် သဖန်းကုန်းအုပ်စုက သံသယစိတ်နည်းနည်းပြေသွားပုံရသည်။

သဖန်းကုန်းအသင်းက ရှေ့တန်းတိုက်စစ်မှူး အောင်မြင့်က ပယ်နယ်တီဘောလုံးကို တည်ထားပြီး လက်အုပ်ချီလျက် ဆိုင်ရာပိုင်ရာတွေကို ကန်တော့သည်။ ကိုအဏ္ဏဝါက ခရာမှုတ်လိုက်သည်နှင့် ပြေးကန်လိုက်ရာ ဂိုးဝင်သွား လေတော့သည်။ ကိန္နရီချောင်း ဂိုးသမား လှမောင်ခမျာ ထုတ်စည်းတိုးနေသည့် ပုံစံမျိုးကြီးဖြင့် ဘောလုံးကို မဖမ်းနိုင်ဘဲ ကားယားကြီးဖြစ်ကျန်ရစ်သည်။ သဖန်းကုန်းရွာသားတွေ အော်ဟစ်ပြီး ကျွမ်းထိုးသူထိုး၊ ကသူက



ဖြစ်ကုန်ကြသည်။

တစ်ဘက်တစ်ဂိုးစီဖြစ်နေ၍ သရေဖြစ်နေသည်။ ပွဲပြီးရန် ၁၅ မိနစ်ခန့်သာ လိုတော့သည်။ နောက်ထပ်ဂိုးရဖို့ထက် မရှုံးဖို့ကအရေးကြီးသည်ဆိုပြီး ဂိုးရှေ့မှာပိတ်ကစားနေကြ၍ တစ်ဘက်ကိုတစ်ဘက် ဂိုးမသွင်းနိုင်ကြဘဲ ဒုတိယပိုင်း ၄၅ မိနစ်အချိန်ပြည့်သွားသည်။ ပွဲသာပြီးသွားသည် အနိုင်အရှုံးမရှိဖြစ်နေ၍ လောင်းကြေးငွေနှစ်သောင်းကို တစ်သောင်းစီခွဲဝေယူမည်ဆိုလျှင် အဓိပ္ပါယ်မရှိ၍ မနိုင်မချင်း ဆက်ကန်ကြမည်ဟုဆိုသည်။ ဒိုင်လူကြီး ကိုအဏ္ဏဝါက ကျော်မကောင်း ကြားမကောင်းဖြစ်မည်။ ထုံးစံအတိုင်း အချိန်ပို ၁၅ မိနစ် ၂ ခါကစားလို့မှ ဂိုးမသွင်းနိုင်လျှင် ပယ်နယ်တီ ၅ လုံးစီဖြင့် အနိုင်အရှုံးဆုံးဖြတ်တာကို ကျေနပ်ကြပါဟု မေတ္တာရပ်ခံသည်။ ကိန္နရီချောင်းရွာက ဂိုးသမားလှမောင်အားကိုးဖြင့် သဘောတူလိုက်သည်။ သဖန်းကုန်းကလည်း သိက္ခာကျမခံဘဲ သဘောတူသည်။

အချိန်ပို မိနစ် ၃၀ ကစားပါသော်လည်း ဂိုးဝင်ခံရမှာကြောက်လို့ ဂိုးပေါက်ပိတ်ပြီးကစားနေသဖြင့် တစ်ဘက်ကိုတစ်ဘက် ဂိုးမသွင်းနိုင်ဘဲ အချိန်စေ့သွားပြန်သည်။ ပယ်နယ်တီ ၅ လုံးစီဖြင့် အဆုံးအဖြတ် ပေးရတော့မည်ဖြစ်သည်။

ကိန္နရီချောင်းက စတင်ကန်သွင်းသည်။ ဝင်သွားသည်။ သဖန်းကုန်းက ကန်ရမည့်အလှည့်ဖြစ်သည် ကိန္နရီချောင်းက ဂိုးသမားလှမောင်ကို အတော်အထင်ကြီးပြီး အားကိုးကြပုံရသည်။ သဖန်းကုန်းက အသင်းခေါင်းဆောင် အောင်မြင့်ကန်သည်။ ဝင်သွား ပါသည်။ ထင်သည့်အတိုင်းပင် ဂိုးသမားလှမောင်သည်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်စည်းတိုးနေသလို ကားယားကြီး ဖြစ်ကျန်ရစ်သည်။ တစ်လှည့်စီကန်သွင်းကြရာ ၅ လုံးစီဝင်ကြသဖြင့် ၆ ဂိုးစီဖြင့် သရေဖြစ်နေသည်။ ပွဲကလည်းပြီးသွားပြီ ဖြစ်သည်။ ဒိုင်းဆုပေးရေး လောင်းကြေးငွေနှစ်သောင်းပေးရေး အခက်တွေ့နေတော့သည်။

ဒီအခြေအနေမှာ ကိန္နရီချောင်းဘက်က ဒိုင်လူကြီးကိုအဏ္ဏဝါကို မကျေမနပ်ဖြစ်လာကြသည်။ ကိုယ့်ရွာသားတွေကိုဘက်မလိုက်ရုံသာမက သဖန်းကုန်းဘက်ကိုပေးခဲ့သည့် ပယ်နယ်တီသည် လုံးဝမတရားဟု ဆိုလာကြသည်။ လောင်းကြေးငွေနှစ်သောင်းသာ အပြည့်အဝမရလျှင် ကိုအဏ္ဏဝါကို ဝိုင်းထိုးကြတော့မည့်ပုံဖြစ်လာသည်။ သဖန်းကုန်းကလည်း ငွေနှစ်သောင်းကို လိုချင်လို့ အပင်ပန်းခံပြီး ကစားတာဟု ပြောလာကြသည်။ ဒိုင်လူကြီးကိုအဏ္ဏဝါဦးနှောက်ခြောက်သွားသည်။ ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ သူ့ဘကြီး ဦးထွန်းကြိုင်ပြောခဲ့သည့် စကားကိုပြန်လည်ကြားယောင်လာသည်။

" ဒီပွဲမှာ ရန်မဖြစ်အောင် ဒိုင်လူကြီးလုပ်နိုင်ရင် ကုလသမဂ္ဂမှာ အတွင်းရေးမှူးလုပ်လို့ရပြီ မင်းလိုအရည်အချင်းရှိတဲ့အကောင်နဲ့မှ ဖြစ်မယ်"

ရွာနှစ်ရွာကိုကိုယ်စားပြုသည့် ဘောလုံးသမားတွေ ကျေနပ် အောင်၊ အထူးသဖြင့် ဒီနေ့ညနေမှာ ကြက်သားဟင်းချက်ပြီး ကိုအဏ္ဏဝါကို အရက်နှင့်ဧည့်ခံကြမည့် ကိန္နရီချောင်းရွာသားတွေကို ကျေနပ်အောင် အသင်းခေါင်းဆောင် အောင်ရွှေနှင့် ရွှေတန်းကစားသည့် ထွန်းကြည်တို့ကိုချော့ရတော့သည်။ ထွန်းကြည်ဆိုတာက ကိုအဏ္ဏဝါ၏ ညီဝမ်းကွဲဖြစ်သည်။



" လောင်းကြေးငွေနှစ်သောင်းကို သဖန်းကုန်းအသင်းကို ပေးလိုက်ပါကွာ၊ မင်းတို့ အတွက်နှစ်သောင်းကို ငါပေးပါ့မယ်၊ ငါ့အိတ်ထဲကပဲ စိုက်ပေးပါ့မယ် နော်. . .၊ နော်လို့"

" ဒါဆိုရင် ဒိုင်းကရော ဘယ်သူ့ကိုပေးမလဲ"

" အေး အဲဒါတော့ပြဿနာပဲ"

" လွယ်ပါတယ် ဒိုင်းက ပေပျဉ်နဲ့လုပ်ထားတာမှ မဟုတ်ပဲ ခြောက်လက်မပျဉ်နှစ်ချပ်ကို စပ်ထားတာဆိုတော့ ကိန္နရီချောင်း စာလုံးပါတဲ့အခြမ်းကို ငါတို့ယူမယ်၊ သဖန်းကုန်း စာလုံးပါတဲ့အခြမ်းကို ဟိုကောင်တွေကို ပေးလိုက်၊ ဒါရှင်းတာပဲ"

ဆေးတောင်မခြောက်သေးသည့် နှစ်နံ့စပ်ဒိုင်းလေးကို တစ်ခြမ်းခွဲယူကြဖို့ ပြောလာကြသည်။ ဒီလိုလုပ်လို့ သင့်တော်ပါ့မလားဟု ကိုအဏ္ဏဝါတွေးနေသည်။ တစ်စုံတစ်ယောက်က အော်ပြောလိုက်သည်။

"ဟေ့ အဲဒီဒိုင်းကိုငါတို့ မလိုချင်ဘူးကွ၊ အရေးကြီးတာက ပိုက်ဆံကွ"

ပိုက်ဆံနှစ်သောင်းရသာမရလျှင် ဒီနေ့ညအဖို့ ကိုအဏ္ဏဝါ အိပ်ဖို့မစဉ်းစားနဲ့ဆိုသည့် ရုပ်မျိုးရှိသူတစ်ယောက်က အော်ပြောသည်။ ကိန္နရီချောင်းအသင်းက ဒိုင်းကို မလိုချင်လို့ပြောတော့ သဖန်းကုန်းအသင်းကလည်း မလိုချင်ဟု ပြောလာသည်။

" ဘောလုံးသမားများနဲ့ ပွဲကြည့်ပရိတ်သတ်များခင်ဗျား ကျွန်တော်တို့ရွာနှစ်ရွာကို ရန်မဖြစ်အောင် ဒိုင်လူကြီးလုပ်ပေးနိုင်တဲ့အပြင် အလှူငွေနှစ်သောင်းထည့်ဝင်ပေးတဲ့ ဒိုင်လူကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီဒိုင်းဆုကိုပေးပါမယ် သဘောတူပါသလား ခင်ဗျား "

www.burmeseclassic.com

www.burmeseclassic.com



" တူပါတယ် တူပါတယ် တူပါတယ်"

ကိန္နရီချောင်းအသင်းခေါင်းဆောင် အောင်ရွှေက သဘောတူပါသလားလို့အော်မေးလိုက်၍ အားလုံးကပင် တူပါတယ်ဟု သုံးခါ အော်လိုက်ကြသည်။ ရန်ဖြစ်မည်ဟုထင်ထားသည့် ဘောလုံးသမား အချင်းချင်း ပျော်ရွှင်စွာ လက်ဆွဲနှုတ်ဆက်ကြပြီး ဘောလုံးပွဲကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြပါသည်။

ရယ်စရာ
၂၀၀၃-မေလ




www.burmeseclassic.com

www.burmeseclassic.com



# ဝဆွဲမပါသောနေ့ရက်များ

(ဆရာကြီးလင်းယုန်မောင်မောင် တစ်နှစ်ပြည့်အလွမ်း)

၂၅-၅-၂၀၀၂ နေ့ညနေ ၇-နာရီ ၁၅မိနစ်အချိန်မှာ စာရေးဆရာကြီး လင်းယုန်မောင်မောင်ကွယ်လွန်သွားပါသည်။ ဆရာကြီးသည် တိုင်းသိပြည်သိနိုင်ငံကျော်စာရေးဆရာ ဘာသာပြန်ဆရာကြီးဖြစ်ပါသည်။ ဆရာကြီးကွယ်လွန်သွားခဲ့တာ ဘာလိုလိုနဲ့ ၂၅-၅-၂၀၀၃ နေ့ဆိုလျှင် တစ်နှစ်တောင်ပြည့်သွားခဲ့ပါပြီ။ မနေ့တစ်နေ့ကလို စိတ်ထဲကထင်နေမိသည်။

ဆရာကြီး ဘာသာပြန်ဆိုရေးသားခဲ့သည့် စာအုပ်ပေါင်း ငါးဆယ်ကျော်အနက်က၊ (သွေးစွန်းသောနေ့ရက်များ) စာအုပ်သည် ဘာသာပြန်နှင့် ပင်ကိုယ်ရေး ရောထွေးထားသော စာအုပ်ဖြစ်သည်။ မူရင်းစာအုပ်ကို ဘာသာပြန်ခြင်းမဟုတ်ပဲ လုပ်ကြံခံခဲ့



ကြရသည့် နိုင်ငံခေါင်းဆောင်ကြီး လေးဦးတို့အကြောင်းကို ရှာဖွေစုဆောင်းပြီး စုစည်းတင်ပြထားသော စာအုပ်ဖြစ်သည်။ အီဘရာဟင်လင်ကွန်း၊ မဟတ္တမဂန္ဒီ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဂျွန်အက်ဖ်ကနေဒီတို့ လုပ်ကြံခံခဲ့ရသည့်အကြောင်းကို ရေးသားထားသည်။ စာအုပ်ကို ကောက်ကိုင်လိုက်ပြီဆိုလျှင် တစ်ယောက်အကြောင်းပြီး နောက်တစ်ယောက်အကြောင်းဖတ်ချင်လောက်အောင်၊ လက်ကမချနိုင်အောင်၊ ဆွဲဆောင်မှုရှိအောင်ရေးသားထားသော စာအုပ်ဖြစ်သည်။

ဆရာကြီးလင်းယုန်မောင်မောင်သည် မြန်မာစာအရေးအသားအလွန်ကောင်းသူဖြစ်သည်။ သွေးစွန်းသောနေ့ရက်များ စာအုပ်တွင်လည်း ဆရာကြီး၏ မြန်မာစာအရေးအသားကောင်းပုံကို တွေ့နိုင်ပါသည်။ ကျွန်တော်ပြောချင်တာ သွေးစွန်းသောနေ့ရက်များစာအုပ်အကြောင်း မဟုတ်ပါ။ ဆရာကြီးနှင့် ကျွန်တော် အတူတွဲပြီး သွားလာစားသောက်နေခဲ့ကြသော နေ့ရက်များအကြောင်းကို သာပြောချင်ပါသည်။ အတူတွဲပြီး သွားလာ စားသောက်နေခဲ့ကြစဉ်မှာ ဆရာကြီး၏ လုံချည်အောက်ပိုင်း ရေတွေစိုရွှဲနေတာကို ပထမတွေ့ရစဉ်က ရေခွက်မှောက်ကျတာလို့ ထင်ခဲ့မိသည်။ ရေခွက်ကိုင်သည့်လက်တုန်နေတာကိုလည်း ခွက်ထဲက ရေခဲတုံးပျော်အောင်လှုပ်ပေးနေတာလို့ ထင်ခဲ့မိသည်။ ဆရာကြီးမှာ ဆီးမထိန်းနိုင်လို့ ဆီးထွက်ကျနေသည့်ရောဂါနှင့် ခြေတုန်လက်တုန်သည့် ပါကင်ဆန်ရောဂါတွေရှိနေတာကို မသိဖြစ်နေခဲ့သည်။

တစ်ခါမှာတော့ စားသောက်ဆိုင်တစ်ဆိုင်မှာ စားသောက်နေကြစဉ် ဆိုင်ထဲက သေးစော်နံနေသည်။ ဆိုင်ဝန်ထမ်းတစ်ယောက်ကိုခေါ်ပြီး သေးစော်နံကြောင်းပြောရာ ဆိုင်ဝန်ထမ်းက သူတို့ ဆိုင်ကနံတာမဖြစ်နိုင်ကြောင်း ပြောသည်။ ဒီတော့မှ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးက သူ့လုံချည်အောက်ပိုင်းကို ငုံ့ကြည့်သည်။ လုံချည်အောက်ပိုင်းတစ်ခုလုံးစိုရွှဲနေတာ တွေ့ရသည်။ မိုးလည်းမရွာ ရေခွက်လည်းမှောက်မကျဘဲ ဘာရေတွေစိုရွှဲနေတာလဲ၊ ဆရာသေးထွက်ကျသလားလို့မေးတော့ ခေါင်းညိတ်ပြပြီး ဟုတ်တယ်ဟု ပြောသည်။ ထွက်ကျတာကို မသိဘူးလားလို့မေးတော့ ခေါင်းခါပြသည်။ သူ့မှာ ဆီးကြိတ်ရောင်ရောဂါ ဖြစ်နေသည်။ ခွဲစိပ်ကုသခံရမှာကြောက်လို့ မကုဘဲထားသည်ဟု ပြောသည်။

တစ်ခါမှာလည်း ဆရာမောင်ပေါ်ထွန်းနှင့် ကျွန်တော်တို့သည် ဆရာကြီးနှင့်အတူ စားသောက်ပြီး၍ ဆရာမောင်ပေါ်ထွန်းကို လိုက်ပို့ကြသည်။ ဆရာမောင်ပေါ်ထွန်းက သူ့အိမ်ကိုရောက်တယ်ဆိုရင်ပဲ အရစ်ရှည်တော့သည်။ ကျွန်တော်နှင့်ဆရာကြီးတို့ကို သူ့အိမ်ပေါ်လိုက်ခဲ့ရမည်ဟု ဆိုသည်။ ကျွန်တော်တို့ကလည်း ဆရာမောင်ပေါ်ထွန်း၏ဇနီးကို ကြောက်လို့မလိုက်ပါရစေနဲ့လို့ငြင်းသည်။ မရပါ အတင်းခေါ်သည်။ လက်ဆောင်ရထားသည့် အမျိုးကောင်းလက်ကျန်လေးကို အပြတ်ရှင်းကြရမည်ဟု ဆိုပါသည်။

အိမ်ရှေ့ဧည့်ခန်းမှာထိုင်ပြီး ခွက်ကိုင်ပြောဆိုနေကြစဉ် ဆရာကြီးဆီးမထိန်းနိုင်လို့ ထွက်ကျလေတော့သည်။ ဆရာမောင်ပေါ်ထွန်း၏ဇနီးက ကျွန်တော်တို့ နှစ်ယောက်ပါလာကတည်းက မကြည်ဖြူရသည့်အထဲမှာ အရက်သမားဧည့်သည်က ဧည့်ခန်းထဲ မှာ သေးပေါက်ချရမလားဆိုပြီး ထမီစွန်ထောင်ဆွဲပြီး ပွစိထိုးတော့သည်။ ဒီတော့မှ ဆရာကြီးက ဆီးသွားချင်လို့ အိမ်သာတက်ချင် တယ်ဆိုပြီး ဧည့်ခန်းမှ မီးဖိုဆောင်ဘက်ကို ခြေတစ်ဘက်



ခွက် တိုက်ဆွဲလျှောက်သည်။ သူလျှောက်သွားသည့် ကြမ်းခင်းတစ်လျှောက်လုံး သေးပေါက်ချသွားသည်။ အိမ်နောက်ဖေးက အိမ်သာရောက်တော့ ပေါက်စရာသေးမရှိတော့လို့ ပြန်လှည့် လာသည်။ တစ်အိမ်လုံးသေးစော်နံဟောင်နေတော့သည်။ ဘာပြောကောင်းလဲ ဆရာမောင်ပေါ်ထွန်းရဲ့ဇနီးက ထမီကို ဒူးခေါင်းအထိ ပင့်ပြီး အိမ်ရှေ့နှင့်အိမ်နောက်ကို ခေါက်တုန့်ခေါက်ပြန် လျှောက်နေတော့သည်။ ဧည့်သည်ကို မကျေနပ်တာထက် ဒီလို အဆင့်အတန်းမရှိတဲ့ဟာတွေကို အိမ်ခေါ်လာရမလားဆိုပြီး အိမ်ရှင်ကို ကျေမနပ်ဖြစ်တာက ပိုများနေသည်။ သူတို့လင်မယား လွတ်လွတ်သပ်လပ် သတ်လိုကသတ်နိုင်ကြစေရန် ဧည့်သည်တွက် အလိုက်သိစွာဖြင့် ခွက်လက်ကျန်ကို ခပ်မြန်မြန်မော့ပြီး ဆင်းပြေးလာခဲ့ကြရပါသည်။

ဆရာကြီး၏ ဆီးမထိန်းနိုင်သောရောဂါ ပိုဆိုးလာသည်။ ကျွန်တော့်ကားပေါ်မှာထွက်ကျလို့ ထိုင်ခုံတွေစိုရွှဲကုန်သည်။ ကျွန်တော့်ဇနီးက ကားထဲကသေးစော်နံလှချည်လားဟု ပြောသည်။ ကြားယောင်ဆောင်နေလိုက်သည်။ အဖြစ်မှန်ကိုပြောပြလိုက်လျှင် ဆရာမောင်ပေါ်ထွန်း၏ ဇနီးထက်ပိုဆိုးသွားနိုင်သည်။ ဆရာကြီးကို ကားဖြင့်တင်ခေါ်ရမည့်ကိစ္စ ပေါ်လာလျှင် ထိုင်ခုံပေါ်မှာ ပလပ်စတစ်ပြားခင်းရသည်။ ဆီးသွား ချင်သလား၊ ထွက်ကျနေပြီလားမေးပြီး သတိပေးနေခဲ့ရသည်။

ဆရာကြီး၏ စာတစ်အုပ်အတွက် စာမူခတစ်သိန်းထုတ်သည့် နေ့မှာ ဆရာကြီးကကျွန်တော့်ကို တိုက်ချင်ကျွေးချင်သည်ဆို၍ သောက်ကြစားကြသည်။ စားသောက်ပြီးပြန်တော့ အစာကျေ

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆိုပြီး လမ်းဘေးက အအေးဆိုင်တစ်ဆိုင်မှာ ဒိန်ချဉ်ဝင်သောက်ကြသည်။ လေကောင်းလေသန့်ရအောင်ဆိုပြီး ပလက်ဖောင်းပေါ်က ထိုင်ခုံပုပုလေးတွေပေါ်မှာ ထိုင်သောက်နေကြသည်။

ဒိန်ချဉ်သောက်နေစဉ် ဆရာကြီးဆီးထွက်ကျလေတော့သည်။ ထွက်ကျနေသည်မှာ ရပ်လို့မရသည့်အတွက် ကုန်အောင်ထွက်ကျခိုင်းလိုက်ရတော့သည်။ ကျွန်တော်တို့နှင့် အနီးဆုံးထိုင်ခုံတွေမှာ ထိုင်သောက်နေကြသည့် အမျိုးသမီးသုံးယောက်က မြင်သွားသည်။ ဘာမှမပြောကြသော်လည်း စိတ်ထဲကတော့ အတော်ယုတ်တန်းတဲ့အဘိုးကြီးလို့ ပြောမှာသေချာသည်။

၂၅-၅-၂၀၀၃ နေ့ဆိုလျှင် ဆရာကြီးလင်းယုန်မောင်မောင်ကွယ်လွန်သွားတာ တစ်နှစ်ပြည့်ပြီဖြစ်သည်။ ဆရာကြီးကိုခင်သည့် ကျွန်တော်က ဆရာကြီး၏ (သွေးစွန်းသော နေ့ရက်များ) စာအုပ်နှင့် ဆရာကြီး၏ (သေးစွန်းသောနေ့ရက်များ)ကို ဘယ်တော့မှမေ့နိုင်မည် မဟုတ်ပါ။ ဆရာကြီးကောင်းရာသုဂတိ ရောက်ပါစေဟု ဆုတောင်းနေပါသည်။

စိမ်းရောင်လွင်

၂၀၀၃-မေလ




www.burmeseclassic.com

www.burmeseclassic.com



# တစ်နိုင်တစ်ပိုင်သမား

ကိုအဏ္ဏဝါသည် ရေဒီယိုအသံလွှင့်ချက်တစ်ခုကို ဖမ်းယ
နားထောင်နေရာမှ အလန့်တကြားအမူအယာဖြင့် ရေဒီယိုကို ပိတ်
ပစ်လိုက်သည်။ လုပ်ငန်းသုံးအလုပ်သမားဝတ်စုံကို ဝတ်သည်
ပေါက်ပြားနှင့် တူရွင်းငန်းပြားတွေ ဆွဲယူပြီး ခြံထဲဆင်းသွားသည်
သူ့အိမ်နောက်ဘက်မြေကွက်လပ်မှာ မြေကျင်းကြီးတူးသည်
ခြောက်ပေအရှည်၊ လေးပေအကျယ်နှင့် သုံးပေအနက်ရှိသော
မြေကျင်းကို ပင်ပန်းကြီးစွာ တူးသည်။



မြေကျင်းတူးပြီးသောအခါ သူ့အိမ်ကသုံးပြီးသည့် ချိုးရေ၊ ဆေးကြောရေစသည့် စွန့်ပစ်ရေတွေကို မြေကျင်းထဲစီးဝင်အောင် မြောင်းသွယ်ပေးပြီး မြေကျင်းကိုရေပြည့်အောင် လုပ်သည်။ သူ့အိမ်မီးဖိုဆောင်က ယွက်သည့်မီးခိုးတွေကို မီးခိုးခေါင်းတိုင်ဖြင့် သွယ်ယူပြီး မီးခိုးပိုက်ကို စွန့်ပစ်ရေသိုလှောင်ကန်အတွင်းသို့ ပို့လွှတ်ရန် စီစဉ်သည်။ မီးခိုးခေါင်းတိုင်ပြုလုပ်မည့် သံဖြူဆရာကို ကားဖြင့် သွားခေါ်ပြီး ချက်ချင်းတိုင်းထွာ ပြုလုပ်စေသည်။ သူ့အိမ်ကထွက်သည့် မီးခိုးမှုန်သမျှကို အပြင်လေထုထဲသို့ မထွက်စေဘဲ စွန့်ပစ်ရေကန်အတွင်းသို့ ပို့လွှတ်ရမည်ဟု အမိန့်ထုတ်သည်။ အိမ်တွင်းအိမ်ပြင်မှာ ခြင်ဆေးခွေမထွန်းရဟု အမိန့်ထုတ်သည်။ နောက်ဆုံးကုန်ကုန်ပြောရလျှင် သူ့ယောက္ခမအဖွားကြီးဖွာသည့် ဆေးလိပ်မီးခိုးတွေကို အပြင်လေထုထဲရောက်မသွားအောင် အဖုံးပိတ်လို့ရသော အဝကျယ် ပုံးလွတ်တစ်ခုထဲဖွာထည့်ပြီး အဖုံးလုံအောင် ပိတ်ရမည်။ ပြီးလျှင် ရေဆိုးကန်ထဲမှာသွားဖွင့်ရမည်ဟု အမိန့်ထုတ်ထားသည်။

စွန့်ပစ်ရေကန်နှင့် မီးခိုးမထွက်နိုင်ရေးစီမံကိန်းကို အကောင်အထည်ဖော်နေစဉ်မှာပင် တပြိုင်တည်းမှာ သစ်ပင်စိုက်စီမံကိန်းကို ဆောင်ရွက်နေသည်။ သူ့ခြံဝင်းထဲမှာ နေပြောက်တစ်ကွက်မထိုးရအောင် သစ်ပင်တွေကို စိုက်သည်။ သူ့လူတစ်ယောက်ကို စေလွှတ်ပြီး မြေပဒေသာနှင့်စိုက်ပျိုးဥယျာဉ်တွေမှာ အကြီးမြန်ပင်တွေ ဝယ်ခိုင်းသသည်။ ခြံစည်းရိုးပတ်လည်နှင့် ခြံဝင်းထဲမှာ ဆယ်ပေအကွာတစ်ပင်နှုန်းဖြင့် စိုက်ခိုင်းသည်။ နေပြောက်မထိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com



သော သစ်တောခြံဝင်းကြီး ဖြစ်သွားလေတော့သည်။

အိမ်နောက်ဘက်က ခြံဝင်းထဲမှာ ဆယ်ပေပါတ်လည် အကျယ်၊ မြေအောက်ဆယ်ပေအနက်၊ မြေပေါ်ငါးပေအမြင့်ရှိသော ဧရာမ ရေလှောင်ကန်ကြီးပြုလုပ်သည်။ အိမ်ခေါင်မိုးကကျသည့် မိုးရေကို ကန်ကြီးထဲသို့ ဖြည့်ရန် ရေတံလျောက်သွယ်သည်။ မိုးရာသီမှာ ရေလှောင်ကန်ကြီးပြည့်အောင် ရေခံပြီး တနှစ်လုံးမိုးရေကို ပဲသုံးမည်ဟုဆိုသည်။ နောက်နှစ်မိုးကျသည်အထိ အသုံးခံအောင် ရေကန်အကြီးကြီးလုပ်ပြီး မိုးရေလှောင်ထားခြင်းဖြစ်သည်။ သူ့အိမ် ခြံဝင်းထဲမှာရှိသည့် အဝီစိတွင်းကို လုံးဝမသုံးရဟု အမိန့်ထုတ်သည်။

သူ့အိမ်သူအိမ်သားတွေကို အင်္ကျီလက်ရှည်အဖြူနှင့် ဖြစ်နိုင်လျှင် လုံချည်၊ ထမီတွေကိုပါ အဖြူရောင်ဝတ်ပြီး တကိုယ်လုံး ကို အဖြူရောင်ဖြင့် ဖုံးအုပ်ထားကြရန် အကြံပေးသည်။ ကိုအဏ္ဏဝါကိုယ်တိုင်ကမူ အင်္ကျီအဖြူ လုံချည်အဖြူ ဝတ်ထား၍ သူတို့ရပ်ကွက် ဆွမ်းလောင်းသင်းက ဘွန္တောအဖွဲ့ဝင်တစ်ယောက် နဲ့တူနေသည်။ အနက် (အမည်း)ရောင်ကို လုံးဝမဝတ်ရဟု အမိန့် ထုတ်သည်။

ကိုအဏ္ဏဝါ၏ လုပ်ရပ်တွေနှင့် ပတ်သက်ပြီး မိသားစုနှင့် ပတ်ဝန်းကျင်က နားမလည်ဖြစ်နေကြသည်။ မိသားစုဝင်တွေ ကတော့ အတော်စိတ်ညစ်နေကြသည်။ ကိုအဏ္ဏဝါရူးသွားပြီထင် လို့ အကဲခတ်စောင့်ကြည့်သူတွေသာ ရူးချင်သလိုဖြစ်လာသည်။ ကိုအဏ္ဏဝါကတော့ မရူးရှုံသာမက ချောင်ရေးငမ်းလိုက်တာများဆို တာ အပြောမပျက် အစားမပျက်၊ အအိပ်မပျက်နဲ့ ပိုလို့တောင် ကျန်းမာလာသည်။

ကိုအဏ္ဏဝါ၏ ကန့်သတ်တားမြစ်ချက်တွေကို အစဉ်အမြဲ



မလိုက်နာနိုင်တော့သည့် မိသားစုက ရပ်ကွက်လူကြီးတွေကို အကူ အညီတောင်းရတော့သည်။ အထူးသဖြင့် အပေါ်အဖြူ အောက် အဖြူဝတ်စုံဖြစ်သည့် ဘွန္တောယူနီဖောင်းကို မဝတ်လိုသည့် သမီး ပျိုတွေက မခံမရပ်နိုင်ဖြစ်လာလို့ ရပ်ကွက်လူကြီးတွေကို အကူ အညီတောင်းကြခြင်းဖြစ်သည်။ သူတို့အဖေ၏ စိတ်အခြေအနေကို လေ့လာအကဲခတ်ပြီး လိုအပ်သလို ကူညီပါရန် မေတ္တာရပ်ခံ၍ ရပ်ကွက်ထဲကလူကြီးတွေ ရောက်လာကြပြီး ကိုအဏ္ဏဝါနှင့်တွေ့ဆုံ ဆွေးနွေးကြသည်။

"ဦးစိုးလှိုင်ရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နားလည်သဘောပေါက်အောင် ရှင်းပြပေးနိုင်မလား"

"ရှင်းပြပေးနိုင်ပါတယ်ခင်ဗျာ ရှင်းပြပေးရမှာပေါ့၊ ဥက္ကဋ္ဌ ကြီးတို့သာမက ကျွန်တော်တို့ ရပ်ကွက်သားတွေအားလုံးနဲ့ နိုင်ငံ သူနိုင်ငံသားအားလုံးနားလည်သဘောပေါက်အောင် ရှင်းပြဖို့ လိုအပ်ပါတယ်။ သဘောပေါက်နားလည်ပြီး လူတိုင်းလိုက်နာ လုပ် ဆောင်ကြမယ်ဆိုရင် မကြာခင်ကျရောက်လာတော့မယ့် ဘေးအန္တရာယ်က လွတ်မြောက်နိုင်ကြမှာဖြစ်တယ်"

မကြာခင်ကျရောက်လာတော့မည့် ဘေးအန္တရာယ် ဆို သည့်စကားကြောင့် ရပ်ကွက်လူကြီးတွေ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ သည်။ အခုမှ ကြောက်သွားကြတာဖြစ်မည်။

"ဘယ်လိုအန္တရာယ်များပါလိမ့် ဦးစိုးလှိုင်ရယ်"

"ကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် အလွန်အန္တရာယ် ကြီးမားတဲ့ သဘာဝဘေးအန္တရာယ်ဆိုးကြီးပေါ့ဗျာ၊ တောင်အာဖရိ ကနိုင်ငံ ဂျိုဟာန်နစ်ဘတ်မြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့မြေစဉ်ဆက်မ ပြတ် ဖွံ့ဖြိုးတိုးတက်မှုစည်းဝေးမှာ နိုင်ငံတကာခေါင်းဆောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေဆွေးနွေးကြတာ ကြားရတော့မှာ ကျွန်တော်လည်း နားလည် သဘောပေါက်လာလို့ ကမန်းကတန်းထလုပ်ရတာပါ”

“ဘာအကြောင်းတွေ ဆွေးနွေးကြလဲ၊ ပြောပြပါဦး”

“ဆွေးနွေးကြတဲ့အကြောင်းတွေကတော့ အများကြီး ပေါ့ဗျာ၊ အဓိကကတော့ ကမ္ဘာကြီး ပူနွေးလာနေမှုကိစ္စပါပဲ”

ကိုအဏ္ဏဝါသည် ကမ္ဘာကြီး ပူနွေးလာနေမှုကိစ္စကို သူ့မိသားစု၏ ဝင်ငွေမရှိမှုကိစ္စထက် ပိုပြီးစိုးရိမ်ပူပန်နေပုံရသည်၊ ကမ္ဘာကြီးပူနွေးလာနေမှုကြောင့် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းမှာရှိသည့် ရေခဲတောင်ကြီးတွေ အရည်ပျော်ကျလာသည်၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာနေသည်။ အီတလီနိုင်ငံက နေပယ်မြို့၊ ထိုင်းနိုင်ငံက ဘန်ကောက်မြို့နှင့် အမေရိကန်နိုင်ငံပိုင် ဟာဝိုင်ယီကျွန်းတို့သည် တစ်နှစ်ကို တစ်လက်မနှုန်းဖြင့် နစ်မြုပ်နေကြသည်။ ထိုနေရာတွေမှာ နေထိုင်နေကြသည့် လူသားတို့၏ အနာဂါတ်သည် မတွေးဝံ့စရာဖြစ်သည်ဟု ဆိုပါသည်။

ကမ္ဘာကြီး ပူနွေးလာရသည့်အကြောင်းရင်းမှာ စက်ရုံအလုပ်ရုံတွေက ထုတ်လွှတ်သည့် မီးခိုးငွေ့နှင့် စက်တပ်ယာဉ်တွေရဲ့ အိပ်ဇောပိုက်မှ ထုတ်လွှတ်သော မီးခိုးငွေ့အပါအဝင် လူသားတို့ မဆင်မခြင်ထုတ်လွှတ်နေသော မီးခိုးငွေ့မျိုးစုံကြောင့် အိုဇုန်းလွှာများပေါက်ပြဲကုန်ကြသည်။ မီးခိုးငွေ့များသည် ကမ္ဘာလေထုထဲမှာ ပြွတ်ကျပ်သိပ်သည်းပြီး ဖန်လုံအိမ်ဓာတ်ငွေ့သက်ရောက်မှုဖြစ်စေသည်။ လူသားတို့အသက်ရှင်ရန် နေ့စဉ် အသက်ရှူနေရသည့် လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်အဆိပ်ဓာတ်ငွေ့တွေ အများအပြားရောဝင်ရောက်ရှိနေပြီဖြစ်သည်။ အချိန်မီမကာကွယ်နိုင်လျှင်



ကမ္ဘာပေါ်ရှိ သတ္တဝါတွေအားလုံးသေကုန်ကြတော့မည် ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် မိုးခေါင်ရေရှားဖြစ်လာသည်။ မိုးနည်းလာသည့်အတွက် သစ်ပင်တွေသေကုန်သည်။ လူတွေက မဆင်မခြင်ခုတ်လှဲမှုကြောင့် သစ်တောတွေလျင်လျင်မြန်မြန်နှုန်းဖြင့် ပြုန်းတီးနေကြသည်။ သက်ရှိသတ္တဝါတွေနှင့် သစ်ပင်တွေက ရှူသွင်းစုပ်ယူနေကြသည်။ သစ်ပင်သစ်တော တွေ ပြုန်းတီးကုန်လျှင် အောက်စီဂျင်ခန်း ခြောက်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ပျံ့နှံ့လာမည်ဖြစ်သည်။

လူသားအပါအဝင် သက်ရှိသတ္တဝါတို့ မျက်စိဖြင့် မမြင်နိုင်သည့် အန္တရာယ်များစွာတို့အနက် နေရောင်ခြည်မှ တိုက်ရိုက်ဖြာထွက်သည့် လေဆာရောင်ခြည်တစ်မျိုးဟာ ကိုယ်ခန္ဓာကိုထိပါက ကင်ဆာရောဂါ ဖြစ်နိုင်ပါသည်။ နေနဲ့ကမ္ဘာမြေကြားမှာ အကာအကွယ်ပေးထားတဲ့ အိုဇုန်းလွှာတွေနေရာအနှံ့မှာ ပေါက်ပြဲနေတဲ့အတွက် ကိုယ်ခန္ဓာကို နေရောင်ခြည်တိုက်ရိုက်ထိနိုင်သည်။

“ဂျိုဟန်နိစ်ဘတ် ထိပ်သီးဆွေးနွေးပွဲမှာ အဓိက ဆွေးနွေးသွားကြတာကတော့ ကမ္ဘာမြေပူနွေးလာမှုအကြောင်းပါပဲ၊ ကမ္ဘာမြေပူနွေးလာတဲ့အတွက် အကျိုးဆက်တွေကတော့ အများကြီးပါပဲ၊ ရေသယံဇာတ ခမ်းခြောက်လာတဲ့အထိ ဖြစ်နေပါပြီ”

“အဲဒါကို ဦးစိုးလှိုင်က ဘာများတတ်နိုင်လို့လဲ”

“အဲဒါကို ကျွန်တော်တတ်နိုင်သလောက် တနိုင်တပိုင် လုပ်နေတာပေါ့ ဥက္ကဋ္ဌကြီးရယ်၊ ကျွန်တော့်အိမ်က မီးခိုးလုံးမထွက်ရအောင်လုပ်ပြီးပြီ။ သစ်တောမပြုန်းတီးအောင် ကျွန်တော့်ခြံထဲမှာ သစ်ပင်တွေစိုက်ပြီးပြီ၊ သောက်သုံးရေသယံဇာတက ချို့ခြဲ

www.burmeseclassic.com

www.burmeseclassic.com



ချွေတာတဲ့အနေနဲ့ ကျွန်တော့်ခြံထဲက အဝီစိတွင်းကို ပိတ်ပြီး မိုးရေကိုခံသုံးနေပါပြီ။ ကျွန်တော့်မိသားစုဝင်တွေအားလုံး အနုမြူဓာတ်ရောင်ခြည်ကို ကာကွယ်နိုင်အောင် အဖြူရောင်ဝတ်စုံတွေ ဝတ်နေကြပြီလေ။ ဥက္ကဋ္ဌကြီးတို့အပါအဝင် လူတိုင်းလူတိုင်းဟာ ကျွန်တော်လို တစ်နိုင်တစ်ပိုင်လုပ်ကြမယ်ဆိုရင် မကြာမီကျရောက်လာတော့မယ့် အန္တရာယ်ဆိုးကြီးက လွတ်မြောက်မှာ မလွဲဧကန်ပဲခင်ဗျ"

ကိုအဏ္ဏဝါ၏ ရှင်းပြချက်တွေကိုကြားတော့ ရပ်ကွက်လူကြီးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ဂျိုဟာန်နစ်ဘတ်ထိပ်သီးဆွေးနွေးပွဲဆိုတာကို ကြားတောင်မကြားဘူးသည့် ရပ်ကွက်ထဲက လူကြီးတွေ ဦးနှောက်ခြောက်သွားကြသည်။ ကိုအဏ္ဏဝါ၏ ဇနီး မဖြူတုတ်ကတော့ နှုတ်ခမ်းဖြဲပြီး ပခုံးတွန့်လိုက်သည်။ ကိုအဏ္ဏဝါနှင့် ရပ်ကွက်ထဲကလူကြီးတွေပါ ကြားအောင် အော်ပြောသည်။

"ဟဲ့ သမီး ကမ္ဘာကြီး ပူနွေးလာတာအရေးမကြီးဘူး၊ သန်းခေါင်စာရင်းနဲ့ ကုန်ဝယ်စာအုပ်ယူပြီး သမဆိုင်ကိုသွားစမ်း၊ ဒါကအရေးကြီးတယ်"

မဖြူတုတ်၏မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး အခြေအနေမဟန်ဘူးဆိုတာ ရိပ်မိသည့် ရပ်ကွက်ထဲကလူကြီးတွေ ကလစ်သွားကြလေတော့သည်။

ရယ်စရာ
၂၀၀၃-ဇွန်လ




www.burmeseclassic.com

www.burmeseclassic.com

# ပြောသလိုလုပ်တဲ့အမျိုး

ကျွန်တော်တို့ အမျိုးသည် ပြောသလိုလုပ်သောအမျိုးဖြစ်သည်။ သူများတွေလို အပြောတစ်မျိုး အလုပ်တစ်မျိုးမဟုတ်ဘူးဆိုတာကို မျိုးရိုး၏လူမှုရေးသမိုင်းက သက်သေပြခဲ့သည်။ ကျွန်တော်တို့ အမျိုးတွေထဲမှာ ယောကျာ်းကြီးတွေ အများကြီးရှိသည့်အနက်၊ ပြောသလိုလုပ်တဲ့ အမျိုးဆိုတာကို လက်တွေ့ပြသွားသူကတော့ အမျိုးသမီးအပျိုကြီးဖြစ်သည်။

ကျွန်တော့်ဘကြီး ဦးကြာခိုင်ကွယ်လွန်တော့ သူတို့လယ်မှာ စပါးတွေကမှည့်လို့ ရိတ်သိမ်းဖို့ အချိန်ရောက်နေပြီ၊ ဘကြီးရဲ့ ဇနီးဖြစ်သူ ကြီးတော်ကလည်း ဘာမှ မလုပ်တတ် မကိုင်တတ် လယ်သိမ်းမည့် သူမရှိ၍ မိသားစုဒုက္ခရောက်တော့သည်။ ကွယ်လွန်သူ ဘကြီးက ဘုရားဒကာ ကျောင်းဒါယကာဖြစ်လို့ ရွာဦးကျောင်းဆရာတော်တောင် မနေသာတော့ဘဲ ဘကြီးမိသားစုရဲ့ လယ်ကစပါးရိတ်သိမ်းရေးကိစ္စမှာ ပါဝင်လာရတော့သည်။ ဆရာတော်၏ တပည့်တွေထဲက လွှဆွဲ၊ သစ်တိုက် အငှားလိုက်နေသည့် ကိုထွန်း



မောင်ကို ဆရာတော်၏ အမိန့်ဖြင့် လိုက်ခေါ်ပြီး စပါးရိတ်သိမ်းခိုင်းရတော့သည်။

ဘကြီးကွယ်လွန်တော့ ဘကြီးရဲ့အိမ်ထောင်စုကို ကျွန်တော့်ဒေါ်လေး အပျိုကြီး မအေးကြွယ်က ဦးဆောင်ရတော့သည်။ အပျိုကြီးပီပီ နဂိုကမှ ပစိပစပ်များပြီး နေရာတကာမှာပါချင်သည့် မိန်းမကြီးသည် အခုလို အိမ်ထောင်စုတစ်ခုကို ဦးဆောင်ရသည့်အခါ တူတွေ၊ တူမတွေမှာ နေစရာနေရာမရှိအောင် ဖြစ်ကြရတော့သည်။

ကိုထွန်းမောင်ကြီး လယ်သူရင်းငှားအဖြစ် အလုပ်စဝင်သည့်အခါ ရပ်သူရွာသားတွေက ပြုံးကြသည်။ ပစိပစပ်နိုင်သည့် နှုတ်သွက်၊ လျှာသွက် တစ်ကိုယ်လုံးသွက်နေသည့် အပျိုကြီးနဲ့ မခုတ်တတ်တဲ့ကြောင် လူပျိုကြီးထွန်းမောင်တို့ တွေ့ကြပြီဆိုပြီး ပြုံးကြတာဖြစ်သည်။ ကိုထွန်းမောင်ကြီးက ဆင်းရဲလို့ ကြုံရာကျဘမ်းအလုပ်လုပ်ပြီး မိခင်အိုကြီးကို ကျွေးမွေးနေသူဖြစ်သည်။ ရိုးသားသည်။ ကျန်းမာရေးကောင်းသည်။ ယောကျာ်းပီသသော ရုပ်ရည်ရှိသည်။

ကိုထွန်းမောင်ကြီး လယ်ထဲဝင်သွားသောအခါ ဒေါ်လေးတို့အိမ်က လယ်ထဲကို ထမင်းပို့ရသည်။ ထမင်းပို့သည့် တာဝန်ကို ဘကြီး၏သားသမီးတွေနှင့် တစ်ခါတလေ ကျွန်တော်တို့ ညီအစ်ကိုတွေက သွားပို့ပေးရသည်။ ထမင်းပို့ရာမှာ ဒေါ်လေး၏ခေါ်သံဖြင့် နာမည်တပ်ပြီး စေခိုင်းခြင်းခံရသူက သွားပို့ရခြင်းဖြစ်သည်။ (ဟဲ့ ဟိုကောင်ဝိုက်ကြီး လာခဲ့စမ်း )ဟူ၍လည်းကောင်း၊ (ချက်စူသာခဲ့စမ်း)ဟူ၍လည်းကောင်း၊ တစ်ခါတစ်လေတော့လည်း (ဟဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူအားနေလဲ၊ အားတဲ့ကောင်လာခဲ့စမ်း)ဟူ၍ လည်းကောင်း (ဟဲ့ ဒီနားမှာ ဘယ်သူမှမရှိကြဘူးလား၊ ကြားတဲ့အကောင် လာခဲ့စမ်း၊ ထွန်းမောင်ကို ထမင်းသွားပို့ပေးစမ်း)ဟူ၍လည်းကောင်း နာမည်တပ်၍ တစ်မျိုး၊ အားလုံးကိုသိမ်းကျုံး၍တစ်ဖုံခိုင်းစေလေ့ရှိသည်။ ခိုင်းစေရာမှာ ထူးခြားတာက (ထွန်းမောင်ကို)ဆိုသည့် အသုံးအနှုန်းဖြစ်သည်။ လယ်ပိုင်ရှင်နှင့် လယ်သူရင်းငှား ပြတ်သားစွာ ဆက်ဆံခြင်းမျိုးဖြစ်သည်။

အဲဒီနှစ်က စပါးကလည်းအထွက်ကောင်း၊ ကိုထွန်းမောင်ကြီးကလည်း အလေအလွင့်နည်းအောင်အသိမ်းကောင်းလို့ အားလုံးက ကိုထွန်းမောင်ကို ကျေးဇူးတင်ကြသည်။ ဒေါ်လေးရဲ့ ထမင်းပို့ခိုင်းတဲ့ လေသံတောင်ပြောင်းသွားသည်။ ဟဲ့ဟိုအကောင် ဟဲ့ဟိုကောင်မ ဆိုတာမျိုးမဟုတ်တော့ဘဲ ဗိုက်ကြီးရေ၊ ချက်စူရေ၊ ပူစူးမရေ စသည်ဖြင့် သာယာနာပျော်ဖွယ်ဖြစ်သွားသည်။ ဒါထက်ပိုပြီး ထူးခြားတာက ကိုထွန်းမောင်ကြီးကိစ္စဖြစ်သည် (ထွန်းမောင်ကို) အစား (နှင့်ဦးလေးကို) ဟု လေသံပြောင်းသွားခြင်းဖြစ်သည်။

စပါးသိမ်းပြီးလို့ တလင်းပိတ်တော့လည်း ကိုထွန်းမောင်ကြီးကို လက်လွှတ်မခံနိုင်သဖြင့် နွေရော မိုးပါ ဆက်ငှားရတော့သည်။ ဘကြီးရဲ့ခြံဝင်းကျယ်ကြီးထဲက နွားတဲကြီးမှာ ကိုထွန်းမောင်ကြီးနေဖို့ နေရာလုပ်ပေးရသည်။ ကိုထွန်းမောင်ကြီးမှာလည်း စပါးသိမ်းခ ရသည့်အပြင် ဒေါ်လေးမအေးကြွယ်က ဆုချသည့်အနေဖြင့် ရိုးမားလက်ပတ်နာရီ ရွှေရောင်တစ်လုံးဝယ်ပေးလိုက်လို့ တပြောင်ပြောင် တလက်လက်အရောင်တွေထွက်နေသည်။ တစ်သက်လုံး ဖိနပ်မစီးခဲ့သော်လည်း ရွာသူဌေးမိသားစု၏ လယ်ကို



လုပ်ခွင့်ရတဲ့အခါကျမှ ဖိနပ်တွေဘာတွေ ဝယ်စီးနေလို့ ပျိုတိုင်းကြိုက်တဲ့နှင်းဆီဖူးကြီးဖြစ်နေသည်။

ကိုထွန်းမောင်ကြီးက ရွာ့စူပါစတား ပျိုတိုင်းကြိုက်တဲ့နှင်းဆီဖူးကြီးဖြစ်နေပြီဆိုတော့ ဒေါ်လေးမအေးကြွယ်က ကိုထွန်းမောင်ကြီးကို အလစ်မပေးတော့ဘဲ အမြဲစောင့်ကြည့်နေသည်။ ကိုထွန်းမောင်ကြီးကို သူ့မျက်စိအောက်က အပျောက်မခံလုပ်လာသည်။ ကိုထွန်းမောင်ကြီးသည် လယ်ပိုင်ရှင်၊ မြေပိုင်ရှင် ရွာသူဌေးမ အပျိုကြီးမအေးကြွယ်၏ မူပိုင်ပစ္စည်းဖြစ်နေ၍ ရွာကအပျိုတွေက ကိုထွန်းမောင်ကို မမှန်းရဲဖြစ်နေကြသည်။ ကိုထွန်းမောင်ကြီးကလည်း ဖိနပ်နှင့် လက်ပတ်နာရီကို အားမရသေးလို့ ရွှေသွားပါစိုက်လိုက်သောအခါ အရမ်းသားနားသွားသည်။ ကိုထွန်းမောင်ကြီး အပြတ်သားနားလာလေ ဒေါ်လေးမအေးကြွယ်က မျက်စိအောက်က အပျောက်မခံလေဖြစ်နေတော့သည်။

တစ်နေ့မှာတော့ ကိုထွန်းမောင်ကြီး အိမ်သာတက်နေတုန်းမှာ မတင်မြိုင်(ဘကြီးကြာခိုင်ရဲ့သမီးအကြီး အပျိုမ)က ဘကယ်မသိလို့ဘဲလား၊ သိလျက်နှင့်တမင်အကွက်ဆင်တာလား မပြောတတ် အိမ်သာတံခါးကို ဆွဲဖွင့်ပြီး စွပ်ကနဲဝင်လိုက်ရာ အိမ်သာထဲမှာ နှစ်ယောက်ထဲ ပိတ်မိနေတော့သည်။ ကိုထွန်းမောင်ကြီးကလည်း အီးပါရင်း လက်ပတ်နာရီကို ကြည့်နေမိလို့ မတင်မြိုင် အိမ်သာဘက်ကို လာနေတာကို မသိလိုက်ဖြစ်သွားဟန်တူသည်။ အဲဒီမှာ မိုးကြိုးပစ်ပြီး မီးလောင်တော့သည်။ ကိုထွန်းမောင်ကြီးကို အီးပါတာကအစ အမြဲစောင့်ကြည့်နေသည့် ဒေါ်လေးမအေးကြွယ်က အိမ်ပေါ်ကပြေးဆင်းလာပြီး အသံကုန်ဟစ်၍ ထိုးနှက်ခုပ်စွဲတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟော့ ဟော့ ဒါဘာလုပ်နေကြတာလဲ၊ နေ့လည်ကြောင်တောင်ကြီးတောင် မရှောင်ဘဲ ခွေးဇာတ်ခင်းနေကြတာလား”

မစူးစမ်းမဆင်ခြင်ဘဲ အတင်းအဓမ္မစွပ်စွဲ အော်ဟစ်တော့သည်။ ကိုထွန်းမောင်ကြီးမှာ အလုပ်ရှင်နှင့်အလုပ်သမား ဖြစ်နေ၍ ထုချေရှင်းလင်းခွင့်မရလို့ အီးတောင် မကုန်းလိုက်နိုင်ဘဲ အိမ်သာထဲက ခုန်ချထွက်ပြေးခဲ့ရသည်။ သူ့အမေရှိရာ ကျောက်ပါးစပ်ရွာကို ပြန်ပြေးသွားသည်။ မတင်မြိုင်ကလည်း ဒေါ်လေးကို သေးဖြန်းဖြန်းပါအောင်ကြောက်ရသူမို့ အီးတောင်မပါခဲ့ရလို့ ခြေဦးတည့်ရာစွပ်ပြေးရင်း နောက်ဆုံးမှာ ရွာနှင့်အနီးဆုံးဖြစ်သည့် ကျောက်ပါးစပ်ရွာကိုပဲရောက်သွားသည်။

ကျောက်ပါးစပ်ရွာက ရပ်ရွာလူကြီးတွေက မတင်မြိုင်တို့ ကိုထွန်းမောင်ကြီးနဲ့ ထိမ်းမြားလက်ထပ်ပေးလိုက်ကြလို့ မရည်ရွယ် မမျှော်လင့်ဘဲ လင်မယားဖြစ်သွားကြလေတော့သည်။ ဒီသတင်းကိုကြားတယ်ဆိုရင်ဘဲ ဆောက်တည်ရာမရဖြစ်သွားသည့် ဒေါ်လေးမအေးကြွယ်သည် မတင်မြိုင်နှင့် ကိုထွန်းမောင်ကြီးတို့ကို ဆဲတော့သည်။ (သူဌေးသမီး မိပဋ္ဌာဟာ ကျွန်ဒေါသနောက်တို့လိုက်ပြေးတယ်ဆို တာကို မယုံမိခဲ့ဘူး၊ အခုကိုယ်တွေ့ကြုံမှယုံတော့တယ်)ဟူ၍ ဝတ္ထု နိပါတ် ပိဋကတ် အကိုးအကားဖြင့်လည်းကောင်း၊ (သားရေးပေါ် အိပ်ပြီး သားရေနားကို စားတဲ့ ဂုတ်ကြားမျိုး၊ အရိပ်ကိုခိုပြီး အခက် ကိုချိုးစားတဲ့ဆင်မျိုး သစ်တုံးဆွဲမျိုး၊ ဆင်ကြံ့ကြံ့နေတဲ့ မအေ နှမ) စသည်ဖြင့် ဥပမာ ဥပမေယျတို့ဖြင့်လည်းကောင်း အော်ဟစ်ဆဲ ဆိုနေသည်။

“အရှက်ကို အသက်နဲ့လဲပစ်လိုက်မယ်ဟော့၊ ဒို့အမျိုးထဲမှာ



ဒါမျိုးမရှိဘူး”

နေ့စဉ်နှင့်အမျှအရှက်ကို အသက်နဲ့လဲမယ်လို့ တရွာလုံးကြားအောင် အော်ပြောနေသောအခါ အမြင်ကတ်လာဟန်တူသည့် အမူးသမားတစ်ယောက်က ညဘက်မှာ အိမ်ရှေ့ကလာအော်သွားသည်။

“လဲရင်လည်း မြန်မြန်လဲပါဗျို့ နားငြီးတယ်”

အမူးသမားအော်ပြောသွားသံကို ကြားတော့ တရွာလုံးကဝိုင်းရယ်လိုက်ကြသည့် အသံတွေကိုလည်း ကြားလိုက်ကြရသည်။ ဒေါ်လေးသည် ရှက်သွားပြီး ဒို့အမျိုးကပြောသလိုလုပ်တယ် ဆိုတာကို ပြလိုက်တော့သည်။

ဒေါ်လေးကို စိုးရိမ်လို့ စောင့်ကြည့်နေကြသည့်ကြားကပင် ဒေါ်လေးသည် အဆိပ်သောက်ပြီး သေကြောင်းကြံလိုက်သည်။ စိန်နှင့်သံပုရာရည်ကို ရောပြီးအဆိပ်ဖော်စပ်ရာမှာ စိန်ထည့်တာနည်းပြီး သံပုရာရည်ကများသွားလို့ မသေဘဲ ဝမ်းတွေသွားသွားသည်။ ကံကောင်းထောက်မလို့ အဘိုးပန်းခွေးရဲ့ အဆိပ်ဖြေဆေးကြောင့် အသက်ချမ်းသာရာရသွားသည်။

ဒေါ်လေး၏ အသက်အန္တရာယ်လုံခြုံရေးအတွက်အထူးစောင့်ကြပ်နေသည့်ကြားကပင် ဒေါ်လေးသည် အိမ်အပေါ်ထပ်မှာ ကြိုးဆွဲချပြီး သေကြောင်းကြံစည်ပြန်သည်။ အိမ်အပေါ်ထပ်က ဒုန်းဒိုင်းဆိုတဲ့အသံကြီးကြားလို့ ပြေးတက်ကြည့်ရာ ထင်သည့်အတိုင်းပင် ဒေါ်လေးသည် သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားတာတွေ့လိုက်ကြရပြန်သည်။ ကံကောင်းထောက်မ၍ ကြိုးဆွဲချရာတွင် အသုံးပြုခဲ့သည့် နွားလှန်ကြိုးက သေးပြီးဆွေးနေ၍ ကြိုးပြတ်ကျ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မသေဘဲ အသက်ဘေးမှ သီသီကလေးလွတ်သွား ပြန်သည်။

ဂရုစိုက်စောင့်ကြပ်နေသည့်ကြားက ဒေါ်လေးသည် အိမ်က ထွက်သွားပြီးရွာနောက်က ချောင်းထဲကိုခုန်ချလိုက်တော့သည်။ ဒေါ်လေးချောင်းထဲခုန်ချသွားတာကို မြင်လိုက်ကြသည့် ကလေးတွေက လူကြီးတွေကို သွားမပြောဘဲ ကမ်းပေါ်ကစိုင်းကြည့်နေကြသည်။ မရထဲမှာ ကိုယ်ဖော့ပြီး ရေကူးနေတာ နာရီဝက်လောက်ကြာသည်အထိ ကယ်မည့်လူကြီးတွေ ရောက်မလာသော အခါ ခြေသလုံးကကြွက်တက်ချင်သလို ဖြစ်လာ၍ သူ့ဟာသူ ကမ်းကို ပြန်ကူးလာပြီး သဲသောင်ပြင်ပေါ်မှာ ထိုင်နေတော့သည်။ ဒီတော့မှ ကျွန်တော်တို့ မိသားစုတွေသိရတော့သည်။

ကျွန်တော့်ဒေါ်လေးက တောသူပီပီ အုံ့ရေကူးတတ်တာကို သူ့ဟာသူမေ့ပြီး ရေထဲခုန်ချလိုက်မိတာပါ။ သေချင်တာကတော့ အမှန်ပါ၊ အရှက်ကို အသက်နဲ့လဲချင်တာပ၊ ကံကောင်းထောက်မလို့ မသေတာတော့ မတတ်နိုင်ဘူးပေါ့နော ကျွန်တော်တို့အမျိုးက ပြောသလိုလုပ်တဲ့အမျိုး ဆိုတာကို သက်သေပြနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါသည်။

သောကြာ

၂၀၀၃-ဩဂုတ်

# ဘိုလုံးအိမ်ဓါ အရောင်မတူသော တံခါးရွက် နှစ်ချပ်





www.burmeseclassic.com

www.burmeseclassic.com

# နှလုံးအိမ်၏ အရောင်မတူသော တံခါးရွက်နှစ်ချပ်

ကိုအဏ္ဏဝါသည် စာစောအိပ်ရာကထသည်။ သူ့အိမ်ပေါ်ထပ် ကံစာဖတ်ခန်းမှာထိုင်ပြီး စာဖတ်နေသည်။ နေရှင်နယ်ဂျီအိုဂရပ် ဖစ်မဂ္ဂဇင်းက ဓာတ်ပုံဆောင်းပါးတစ်ပုဒ်ကို စိတ်ဝင်တစား ဖတ် နေသည်။ အာဖရိက နိုင်ငံတစ်နိုင်ငံက ဖူးစာရှင်ရွေးပွဲ ရုပ်ဓလေ့ ရှာဓလေ့ ဆောင်းပါးဖြစ်သည်။ ဈေးနေ့လို့ခေါ်သည့် ၇ ရက်တစ် ဈေးကျင်းပသော ဈေးရောင်းဈေးဝယ်နေ့မှာ ပြုလုပ်သော ရိုးရာ ဖူးစာရှင်ရွေးပွဲအကြောင်း ဆောင်းပါးဖြစ်သည်။

ဈေးရောင်း၊ ဈေးဝယ်လာကြသူတွေထဲက အပျို လူပျို သို့မဟုတ် လင်မရှိသူ၊ မယားမရှိသူတွေထဲက လင်လိုချင်သူ၊ မယား လိုချင်သူတွေသည် ဈေးရုံကြီးထဲက ဈေးကောင်စီလူကြီးတွေ သွားပြီး လင်လိုချင်ကြောင်း၊ မယားလိုချင်ကြောင်း စာရင်းပေး ရသည်။ လင်မရှိ မယားမရှိသေးသူ မည်သူမဆို အသက်အရွယ် ကန့်သတ်ချက်မရှိ စာရင်းပေးနိုင်သည်။ ဈေးကောင်စီလူကြီးတွေ



က စာရင်းပေးသွင်းသူတွေထဲက အမျိုးသားတစ်ယောက်၏ အမည်ကို ခေါ်ထုတ်ပြီး ထိုင်နေသည့်အမျိုးသမီးတွေထဲက မိမိ ကြိုက်သည့် မိန်းမကို ရွေးချယ်စေသည်။

အရွေးချယ်ခံရသည့် မိန်းမက ကြိုက်မှသာ ဖူးစာဖက် ဖြစ်နိုင်သည်။ မိန်းမက မကြိုက်ဘူးဆိုလျှင် ယနေ့အဖို့ ထိုယောကျ်ား ၏ ရွေးချယ်ပိုင်ခွင့် အခွင့်အရေးဆုံးရှုံးသွားပြီဖြစ်သည်။ နောက် အပါတ်ဈေးနေ့ကို စောင့်ရဦးမည်ဖြစ်သည်။ ယောကျ်ားသည် မိမိ ကြိုက်သည့်မိန်းမကို လက်ညိုးထိုးပြီး ရွေးချယ်နိုင်ခွင့်ရှိသော်လည်း မိန်းမကသာ အဆုံးအဖြတ်ပေးသည်။ မိမိကို ကြိုက်သည့်ယောကျ်ား ၏ အသက်အရွယ်၊ အလုပ်အကိုင်၊ အိမ်ပိုင်ရာပိုင်ရှိမရှိတို့ကို မေးပြီး ကြိုက်မှလက်ခံသည်။ အဲဒီအစီအစဉ်ဖြင့် အတွဲလိုက် အတွဲလိုက် ဖူးစာဖက်ပေးသော ဈေးနေ့အကြောင်း ရေးထားသော ဆောင်းပါး ဖြစ်သည်။

ဆောင်းပါးရေးသူက အတွေ့အကြုံအရ မကြိုက်ဘူးလို့ ပြောတဲ့မိန်းမ အတော်ရှားသည်ဟု ဆိုပါသည်။ ယောကျ်ားဘက်က ကြိုက်တယ်လို့ ပြောလိုက်တာနဲ့ ထိုင်ရာကထပြီး လက်ထပ်ပေးမည့် ?တ်ဆရာ (ဘုန်းကြီး)နှင့် ဈေးလူကြီးတွေရှိရာ ဈေးရုံကြီးကို အတွဲ သိုက် အတွဲလိုက်ထသွားကြတော့သည်ဟု ဆိုပါသည်။ ဆောင်းပါး ရှင်က အဲဒီဒေသက မိန်းမတွေဟာ လင်ရဖို့မလွယ်တဲ့အတွက် ကြိုက်သူရှိတာနဲ့တပြိုင်နက် လက်ခံလိုက်တော့တာပဲဟု ရေးထား သည်။ ဖြစ်နိုင်သည်။ မိန်းမတွေရဲ့ပုံတွေကို ကြည့်ရတာ လင်ရဖို့ မလွယ်တဲ့ပုံတွေဖြစ်သည်။ ထုံးစရာမလိုသည့် ဆံပင်တွေက လိပ်ခွေ နေလို့ ခေါင်းတုံးလိုဖြစ်နေသည်။ အသားကမည်းရိုတဲ့အထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ရေမချိုးလို့ ဖုံအလိမ်းလိမ်းကပ်နေသည်။ အောက်နှုတ်ခမ်းကို အလျားလိုက်ခွဲပြီး သစ်သားပြားအဝိုင်းလေးထည့်ထားသဖြင့် သွားတွေပေါ်ပြီး တွဲလောင်းကျနေသည်။ နားရွက်ကို ဖေါက်ပြီး ဆွဲထားသည့် ကြေးကွင်းရဲ့အလေးချိန်ကြောင့် နားပေါက်ကြီးကျယ်ပြီး ရှည်ကျနေသည်။ အောက်ပိုင်းမှာ အရှက်လုံရုံလေး အဝတ်ဖုံးထားသည်။ လင်ရဖို့အတော်မလွယ်သည့် ရုပ်တွေ ဖြစ်သည်။

ယောကျ်ားတွေကလည်း မိန်းမတွေလိုပင် ထူးမခြားနားဖြစ်သည်။ အဝတ်အစားမဝတ်သူတွေဖြစ်သည်။ နဖူး၊ ပါးနှစ်ဖက်နှင့် ရင်ဘတ်တွေမှာ အသားဖူအမာရွတ်ကြီးတွေဖြစ်အောင် ဓားထက်ထက်ဖြင့်လှီးကာ ဒီဇိုင်းအလှ အမျိုးမျိုးဖေါ်ထား ကြသည်။ ဖုံအလိမ်းလိမ်းကပ်နေသည့် ရေမချိုးသူတွေပင်ဖြစ်သည်။ ဆံ့ရွဲ့တွေနှင့် ကျည်ပွေလိန်တွေ တွေ့ကြသည့်နေ့ဖြစ်သည်။ ဆောင်းပါးရှင်က သူ၏ဆောင်းပါးကို (ဒီခေတ်မှာ အမျိုးသမီးတွေဟာ ယောကျ်ားရဖို့ လွယ်ကူသလောက် လင်ရဖို့မလွယ်)ဟု ရေးပြီး အဆုံးသတ်ထားသည်။

ကိုအဏ္ဏဝါ၏အိမ်နောက်ဘက်က စူးစူးဝါးဝါးအော်ငိုလိုက်သည့် အမျိုးသမီးတစ်ယောက်၏ ငိုသံကြောင့် ကိုအဏ္ဏဝါ စာဖတ်နေတာကို ရပ်ပစ်လိုက်မိသည်။ စောစောစီးစီး အလန့်တကြား ဘယ်သူ ဘာများဖြစ်ပါလိမ့်ဟု နားစွင့်လိုက်သည်။ ကိုအဏ္ဏဝါ၏ အိမ်နှင့်ကျောချင်းကပ်က သုံးခန်းတွဲ တန်းလျားမှာ ငှားနေသည့် အမျိုးသမီးအော်ငိုနေတာဖြစ်သည်။ သူ့ယောကျ်ားနဲ့ရန်ဖြစ်ပြန်ပြီ နဲ့တူတယ်လို့ တွေးလိုက်မိသည်။ သူ့ယောကျ်ားက တိုင်စီမောင်းသည်။ ကားသိမ်းချိန်မှာ မူးလာတတ်၍ မကြာခဏလင်မယား



စကားများရန်ဖြစ်သည်။

လင်မယားရန်ဖြစ်ကြပြီဆိုလျှင် လင်ကမယားကို လက်သီးဖြင့်ထိုး၊ ဆောင့်ကန်လုပ်သည်။ မယားကလည်း လင်ကို ကိုက်ဆွဲကုတ်ဖဲ့လုပ်သည်။ မကြားဝံ့မနာသာသည့် စကားလုံးတွေနဲ့ ဆဲသည်။ အိမ်နီးနားချင်းတွေ ကူဆွဲ ဝိုင်းဖျင်လို့ ရန်ပွဲပြီးသွားသည့် အခါလည်းရှိသည်။ ဆွဲလို့လွဲလို့မရသည့်အတွက် ရပ်ကွက် လူကြီးတွေနှင့် ရဲကိုခေါ်ရသည့်အခါ တောင်ရှိသည်။ သည်းကြီးမဲကြီး ရန်ဖြစ်ပြီးသော်လည်း လင်မယားမကွဲကြဘဲ နောက်တစ်ရက် နှစ်ရက်လောက် အဲဒီလောက် ဆိုလျှင် လင်နှင့်မယား ပျော်ပျော်ရွှင်ရွှင်ဖြင့် ဝတ်ကောင်းစားလှ တွေဝတ်ပြီး တွဲသွားတွဲလာလုပ်နေကြတာ တွေ့ရပြန်သည်။

ဒီလောက်တောင် မူးရူးသောက်စားပြီး ထိုးကြိတ်ရိုက်နှက်နေသည့်လင်ကို မကွဲနိုင်မကွာရက်ဖြစ်နေတာက ဖတ်လက်စ ဆောင်းပါးထဲက ဆောင်းပါးရှင်ပြောသလို လင်ရဖို့မလွယ်လို့ ထားတဲ့ လင်ဆိုးကိုပဲ မျက်စိမှိတ်ပေါင်းနေလေရောသလားလို့ တွေးမိသည်။ ဒီတစ်ခါ ရန်ဖြစ်ပုံနည်းစနစ်က ဆန်းသစ်နေသည်။ တစ်ဘက် သတ်ကြီးဖြစ်နေသည်။ သူ့ယောကျ်ား၏အသံကို လုံးဝမကြားရဖြစ်နေသည်။ အမျိုးသမီး၏ အသံကိုပဲကြားနေရသည်။ သူ့ယောကျ်ား အိမ်မှာ မရှိဟုယူဆရသည်။ သူ့ယောကျ်ား မရှိဘဲ သူတစ်ယောက်တည်း ဘယ်လိုလုပ်ပြီး လင်မယားရန်ဖြစ်နေပါလိမ့်ဟု ကိုအဏ္ဏဝါ စိတ်ဝင်စားလာသည်။ စာဖတ်နေရာမှထပြီး အိမ်အပေါ်ထပ်မှ လှမ်းကြည့်လိုက်သည်။

အမျိုးသမီးသည် သူတို့အိမ်သာဘက်ကိုထွက်သည့် အနောက်ဖေးပေါက်တံခါးဝမှာ အကျအနထိုင်ပြီးအော်ငိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းစကားတွေ အဆက်မပြတ်ပြောပြီး လက်ဟန်ခြေဟန်ဖြင့်ရင်ဘတ်ကိုထုလိုက်၊ ခြေဆောင့်ပြီး ဖနောင့်ပေါက်လိုက်လုပ်ပြီး အော်ငိုနေသည်။ သူ့အိမ်မှာ သူတစ်ယောက်တည်းပဲလား၊ သူ့ယောကျ်ားက အိမ်ထဲမှာရှိနေသလား၊ မကွဲမပြားဖြစ်နေသည်။ နံနက်စောစောဖြစ်၍ သူ့ယောကျ်ားအလုပ်မသွားသေးဟု ယူဆရသည်။ ဘုကို့ဘေးခန်းက မိသားစုတွေတောင် အိပ်ယာကမနိုးကြသေးလို့ သူ့ယောကျ်ားအိမ်ထဲမှာရှိနေသည်ဟု ယူဆရသည်။ ဒီပဟေဠိ၏ အဖြေက အမျိုးသမီးပြောငိုနေသည့်အထဲမှာ ပါနေသည်။

"ဒီညမှာ အော်ဒါရှိလို့ ငါအိမ်ပြန်မအိပ်ဘူးလို့ ပြောပြီး မယားငယ်တွေနဲ့အိပ်နေတာ ငါမသိဘူးများမှတ်နေလား၊ ပဲခူးကိုအော်ဒါရလို့၊ ပြည်ကိုအော်ဒါရလို့ ညအိပ်ခရီးသွားရမယ်လို့ ငါ့ကိုလိမ်နေတာကြာပြီ၊ အရက်ဆိုင်မှာ တစ်ညလုံးတွဲပြီး ကာရာအိုကေဆိုနေတာ၊ အတူအိပ်နေတာ ငါမသိဘူးမှတ်နေလား၊ အခုတော့ မသက်ာလို့လိုက်ချောင်းတာဘာငြင်းနိုင်သေးလဲ၊အဲဒီလိုကမြင်းကြောထချင်ရင် ဘာဖြစ်လို့မယားယူထားသေးလဲဟဲ့အအေ ရဲ့ ဟီး ဟီး"

သူ့ယောကျ်ား အိမ်ထဲမှာရှိနေတာသေချာသည်။ သူ့အပြစ်နဲ့သူမို့ ငြိမ်ပြီးကုတ်ခံနေတာ ဖြစ်မည်။ သူ့ယောကျ်ားတစ် ညလုံးပြန်မလာလို့ သူ့ယောကျ်ား သွားတတ်လာတတ်သည့် ဘီယာ ဆိုင် အရက်ဆိုင်တွေကို လိုက်ချောင်းရာမှ မကောင်းတဲ့မိန်းမတွေ နဲ့တွဲပြီး ကဲနေတာကို တွေ့လို့ ဆွဲခေါ်လာခဲ့တာဖြစ်မည်။

"ပြောလိုက်တော့ မိုးလားကဲလား၊ ငါတို့အမျိုးတွေက ပညာတတ်တွေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေတဲ့၊ ရှင့်အမျိုးတွေက



လူကြီးလူကောင်းတွေဟုတ်သလား မဟုတ်သလားတော့ မသိဘူးရှင်ကတော့ လူကြီးလူကောင်းမဟုတ်တာ သေချာတယ်၊ အိမ်ထောင်မကျခင် လူပျိုဘဝတည်းက သုတ်ကြောဖြတ်ထားတဲ့ ယောကျ်ား၊ သူများသားပျို သမီးပျိုတွေကို အပျော်လိုက်ကြံနေတဲ့ ကိလေသာ မုဆိုးမအေ. . . . .၊ နင့်အစ်မဘွဲ့ရပညာတတ်ဆိုတဲ့ ဟာမတွေကို တခြားယောကျ်ားတွေက နင်လုပ်သလို လုပ်ရင် နင်ကျေနပ်မလားဟဲ့ အအေ. . .၊ နှမ. . .၊ ကိုယ်မေကိုယ် . . . ရဲ့"

လင်ကို ပယ်ပယ်နယ်နယ်တွယ်နေသည်။ လူပျိုဘဝကတည်းက သုတ်ကြောဖြတ်ထားတယ်ဆိုတာကို တရားဝင် အကြင်လင်မယားဖြစ်ပြီးမှ သိရသည့် ဇနီးမယားတစ်ယောက်၏ နေရာမှာ ဝင်ပြီး ကိုအဏ္ဏဝါခံစားကြည့်မိသည်။ အတော်ရွံရှာစက်ဆုတ်စရာ ကောင်းသည့် ယောကျ်ား၊ နာကျည်းစရာကောင်းသည့် လင်သားဖြစ်သည်ဆိုတာကို သတိထားမိသည်။ တစ်လင်တစ်မယား ဘဝဖြင့် သားသမီးရရှိရေးကို ဟန့်တားခြင်းခံရသည့် အဖြစ်ဆိုးကြီးဖြစ်သည်။ သားသမီးလိုချင်လျှင် ဒီလင်ကိုကွာပစ်ပြီး သုတ်ကြောမဖြတ်ရသေးသည့် နောက်လင်ယူမှ ဖြစ်တော့မည်။ တစ်လင်တစ်မယားစနစ်ကို မြတ်နိုးတန်ဖိုးထားသည့် အမျိုးကောင်းသမီးတစ်ယောက်အတွက်တော့ အလွန့်နစ်နာသော ဘဝဖြစ်သည်။

လင်ကိုယ်မယား နှစ်ယောက်တည်းရှိတာကိုတောင် သာယာတဲ့အိမ်ထောင်ရေးဖြစ်အောင် မဆောင်ရွက်နိုင်သည့် လင်ကို ကျေနပ်လို့ လင်ကိုသာမက လင်ဘက်က မအေနှင့် နှမကိုပါ အကျန်ကိုယ်မှာရှိတာတွေနဲ့ခိုင်းနှိုင်းဆဲဆို အောက်ဟစ်ငိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူတို့မှာ ကလေးမရှိတာကို ကိုအဏ္ဏဝါသတိထားမိသည်။ အမျိုးသမီးသည် အတော့်ကိုမခံမရပ်နိုင်ဖြစ်ပြီး လင်နှင့်လင်ဘက်က ဆွေမျိုးတွေကိုပါ ကိုင်တုတ်လာသောအခါ အိမ်ထဲမှာ ငြိမ်ကုတ်နေသူ၏ အသံတိုးတိုးကို ကြားရသည်။ သဲသဲကွဲကွဲမကြားရလို့ ဘာပြောမှန်းမသိရ ဖြစ်နေသည်။

"မတော်နိုင်ဘူး၊ ပြောမှာပဲ၊ ဆဲတော့ဘာဖြစ်လဲ၊ ရှင်က ဘာလုပ်ချင်လို့လဲ"

" × × × × × "

" မှဆိုင်တဲ့သူတွေကိုလည်း ထည့်ပြောရမှာပဲ၊ ရှင့်မျိုးရိုးကိုက မကောင်းလို့ ရှင်လည်း အောက်တန်းကျတာ၊ မကောင်းတာ ဘာပြောချင်သေးလဲ"

" × × × × × "

" မတော်ဘူး၊ ပါးစပ်ပိတ်မထားနိုင်ဘူး၊ သတ္တိရှိရင် လုပ်စမ်းပါ"

အမျိုးသမီးသည် အိမ်နောက်ဖေးပေါက်မှာ ထိုင်နေရာမှ ထသွားပြီး သူ့ယောကျ်ားကို ခါး လက်ထောက်ပြီး ရင်ဆိုင်ဟန်တူသည်။ သူ့ယောကျ်ားရဲ့ အရိုက်ကို ခံချင်နေပုံရသည်။ အမျိုးသမီး သဘာဝအရ လင်ရဲ့ အရိုက်ကိုခံရမှ အားရပါးရ ငိုလို့ကောင်းတယ်ဆိုတာကို သိနေပုံရသည်။ လင်က မရိုက်ဘဲ ငိုနေရတာ ဖီလင်မပါလို့ ပေါ့ပျက်ပျက်နဲ့ အသက်မဝင်ဖြစ်နေသည်။ လင်ကရိုက်ပြီးမှ ပြန်ချော့တဲ့ညမှာ ခံစားရတဲ့အရသာကိုလည်း သိနေပြီးဖြစ်ဟန်တူသည်။ တဆွေလုံး တစ်မျိုးလုံးကို သိမ်းကျုံးအဆဲခံထားရလို့ ဒေါသထွက်နေတဲ့ လင်ရဲ့အနားကို အရိုက်ခံဖို့ ကပ်သွားတာဖြစ်မည်။ မကြာမီ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေနှင့်အတူ



အသံကုန်ဟစ်ပြီး အော်ငိုလိုက်သည့် အမျိုးသမီး၏အသံကြီးကို ကြားလိုက်ရတော့သည်။

" ဟောဒီမှာ အရပ်ကတို့ရေ . . . ကျွန်မကို သတ်နေပါတယ်၊ လာကြပါ၊ ကူကြပါ၊ ကယ်ကြပါတော့် ဟော့ဟော့"

ဘေးခန်းပွေ့က အိပ်ပျော်နေသူတွေ နိုးကုန်ကြဟန်တူသည်။ ထလာပြီး ဆွဲကြ၊ လွဲကြ ဟန်တူသည်။ ရန်ပွဲအရှိန်အားပြော့သွားတာကြားလိုက်ရသည်။ ရိုက်ချင်နေသူက ရိုက်လိုက်ရသည့်အပြင် အရိုက်ခံချင်နေသူကလည်း အရိုက်ခံလိုက်ရ၍ ကျေနပ်သွားဟန်တူသည်။ မကြာမီ အသံတွေ လုံးဝတိတ်ဆိတ်သွားပြီး အိမ်နောက်ဖေးတံခါးပါ ပိတ်သွားလေတော့သည်။ ဒီညမှာ အချော့ခံရလျှင် ပို၍ အဆင်ပြေသွားမည်ဖြစ်သည်။

ယနေ့သည် စနေနေ့ဖြစ်၍ ကိုအဏ္ဏဝါ အတော်ကြာအောင် စာဖတ်လိုက်သည်။ မနက်ဖြန် သွားစရာတွေရှိလို့ မော်တော်ကားကို သန့်ရှင်းရေးလုပ်သည်။ ဓာတ်ဆီသွားထုတ်သည်။

တနင်္ဂနွေနေ့ နံနက်မှာတော့ ကိုအဏ္ဏဝါနှင့် ဇနီး မဖြူတုတ်တို့ မင်္ဂလာဆောင်တစ်ခုကို သွားမလို့ ကားပေါ်တက်နေစဉ် မနေ့က ရန်ဖြစ်သည့်လင်မယားသည် ဘုရားကိုသွားကြရန် ပျော်ပျော်ရွှင်ရွှင်ဖြင့် လမ်းထဲက ထွက်လာတာ တွေ့လိုက်ရသည်။

နှလုံးအိမ်

၂၀၀၃-စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

# ပွဲသိမ်း တိုက်ကွက်



www.burmeseclassic.com

www.burmeseclassic.com



# ပွဲသိမ်းတိုက်ကွက်

ကျွန်တော့်အစ်ကို ကိုညီမောင်သည် မြန်မာပြည်လွတ်လပ်ရေးမရမီ အင်္ဂလိပ်လက်ထက်မှာ ၇-တန်းအထိ နေဖူးသူ ဖြစ်လို့ ပြည်တော်သာခေတ်မှာ ကျောင်းဆရာဖြစ်သွားသည်။ ကျောင်းဆရာခန့်စာရသည့်နေ့ကစပြီး လယ်ထဲမဆင်းတော့လို့ ကျွန်တော့်မရီး မခင်လှခမျာ မိန်းမတန်မယ့် ပျိုးနုတ်ရုံသာမက မထွန်ရသေးပဲ ကျန်နေသည့် လယ်ကွက်တွေကိုပါ ထွန်လိုက်ရသေးသည်။ ကျောင်းဆရာလောင်းလျာကတော့ ဘန်ကောက်လုံချည် တရှမ်းရှမ်းဖြင့် လမ်းသလားနေတော့သည်။

ကျောင်းဆရာခန့်စာရပြီးသော်လည်း ဘယ်ရွာကို ကျမယ် ဆိုတဲ့ ပိုစတင်မကျသေးလို့ စောင့်နေရသည်။ စောင့်နေစဉ် မိမိ မူရင်းအလုပ်ဖြစ်သည့် လယ်ကိုပြီးစီးအောင်လုပ်ပါ တော့လာ



လုပ်ဘူးခင်ဗျ၊ လယ်လုပ်နေလျှင် ပိုစတင်ကျလို့ ပညာအုပ်နှင့် တွေ့ရန် မြို့ကို တက်ရသည့်အခါ အသားတွေမည်းနေမည်။ တကိုယ်လုံးက ရွှံ့စော်နံ၊ နွန်းစော်နံနေမည်။ တောသားလယ်သမား ဆိုပြီး အထင်သေးသွားနိုင်သည်ဟု ဆိုနိုင်ပါသည်။ ကျောင်းဆရာလောင်းလျာက လယ်ထဲမဆင်းတော့သည့်အခါ ကျောင်းဆရာကတော် မဖြစ်တဖြစ် ကျွန်တော့်မရီးက လယ်ထဲဆင်းပြီး အလုပ်လုပ်ခဲ့ရသည်။ ဒီကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်တို့ဆွေမျိုးထဲမှာ ပြောစရာတစ်ခုဖြစ်သွားသည်။

“ပြည်တော်သာခေတ်မှာ ညီမောင်တို့ ကံကောင်းမြောင်းသည့်ပြီး ကျောင်းဆရာဖြစ်သွားတာနဲ့ လယ်မလုပ်ချင်တော့ဘူး၊ ကျောင်းဆရာဘဝမှာ ဘယ်လောက်အောက်ခြေလွတ်ဦးမလဲ ဆိုတာ စောင့်ကြည့်ရဦးမယ်”

ကျွန်တော်တို့ ကိန္နရီချောင်းနှင့် ၇-မိုင်သာဝေးသည့် ကိုင်းတောကွင်းရွာမူလတန်းကျောင်းမှာ တာဝန်ကျသည်။ ကိန္နရီချောင်းနှင့် ကိုင်းတောကွင်းကို မနက်သွား ညနေပြန်အလုပ်ဆင်းရန်အတွက် ဘိုင်စကယ်ဝယ်ချင်သည်ဆို၍ ၄၅၀/- ဖြင့်ဝယ်ပေးရသေးသည်။ မြင်းကိုချိုတပ်ပေးသလိုဖြစ်သွားသည်။ ဘန်ကောက်လုံချည်၊ လက်ပါတ်နာရီ၊ ကတ္တီပါဖိနပ်နှင့် ရာလေးဘိုင်စကယ်ကိုစီးနင်းသော ပြည်တော်သာခေတ်ကျောင်းဆရာဖြစ်၍ ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင်မဟုတ်သော်လည်း အဒိုတိုင်းကြိုက်သည့်ကျောင်းဆရာဖြစ်နေသည်။ မရီးမခင်လှစိုးရိမ်နေရသည့် အခြေအနေဖြစ်သွားသည်။

ပြည်တော်သာခေတ်မှာလစာ ၁၂၆ ကျပ်ရသော ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာဖြစ်၍ အထင်ကြီးလောက်သူဖြစ်သည်။ ရွှေတစ်ကျပ်သားကို ၁၆၀ ကျပ်၊ ဆန်တစ်ပြည်ကို ၂၅ ပြား၊ ဆီတစ်ပိဿာကို ၃ိ. ၅၀ါ ဆားတစ်ပိဿာကို ပြားငါးဆယ်ပေးရသော ခေတ်ဖြစ်လို့ ကျွန်တော့်အစ်ကိုရသော လစာငွေသည် စားမကုန်သည့်အပြင် လစဉ်ရွှေဝယ်စုနိုင်သည့် အခြေအနေဖြစ်သည်။ ကျွန်တော့်မရီး က လောဘရှိသည်။ လယ်သိမ်းပြီးလို့ အလုပ်ပါးသည့်အချိန်မှာ အနားမနေဘဲ မုန့်လုပ်ရောင်းသည်။ သားသမီးတွေရဲ့ နောင်ရေး ကရှိသေးသည်ဆိုပြီး စုဆောင်းသည်။ အဲဒီတော့ ကျွန်တော့်အစ်ကို နဲ့မရီးမှာ ရွှေနဲ့ငွေနဲ့ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ရှိသည်။

စီးပွားရေးစိုစိုပြေပြေ ဖြစ်လာတော့ ကျွန်တော့်အစ်ကို ဗွေဖောက်လာသည်။ အသောက်အစားပို များလာသည်။ ဘိုင်စကယ်ဝယ်ပေးထားပါလျက် ကိုင်းတောတွင်းရွာမှာ ညအိပ် တာတွေ လုပ်လာသည်။ အကြောင်းပြချက်ကတော့ အသောက် များသွားလို့ ဘိုင်စကယ်မနင်းနိုင်တော့လို့ တပည့်တစ်ယောက် ၏ အိမ်မှာ အိပ်လိုက်ရသည်ဟူ၍ဖြစ်သည်။

ကျွန်တော့်အစ်ကို အလုပ်ဝင်ပြီး သုံးနှစ်လောက်အကြာမှာ ကိုင်းဘောတွင်းကျောင်းအုပ်ဆရာကြီး အငြိမ်းစားယူသွား၍ ကျွန်တော့်အစ်ကိုက ကျောင်းအုပ်ဖြစ်သွားသည်။ ကျား အတောင်တပ်ပေးလိုက်သလို ဖြစ်သွားသည်။ ဆရာကိုညီမောင် ဘဝမှ ဆရာကြီး ဦးညီမောင်ဖြစ်သွားသည်။ အစ်မ မခင်လှလည်း ဆရာကြီးကတော် အခေါ်ခံရလို့ ဝမ်းသာနေသည်။ ဘဝ ကျေနပ်နေသည်။ ကျွန်တော်တို့ရွာမှ မိုင်လေးဆယ်ဝေးသည့် မြို့ လစာထုတ်ဖို့သွားလျှင် အစ်ကို့ဘိုင်စကယ်နောက်က ထိုင်စီးလို့



သွားရတာကို အတော်အရသာတွေ့ခဲ့သည်။ မြို့ဈေးဝက ရွှေဆိုင်မှာ ရွှေဝယ်ပြန်လာသည့်လဆိုလျှင် ရွှေဆွဲကြိုးတဝင်းဝင်း နဲ့ ရွာထဲလျှောက်တာ အတော်မျက်စိနောက်စရာကောင်းသည်။

မြို့နယ်ပညာရေးမှူးရုံးကို လစာထုတ်ရန်အတွက် လစဉ် သွားရသည့် ကျောင်းအုပ်ဆရာကြီး ဘိုင်စကယ်နောက်က ကယ်ရီယာခုံမှာ ဆရာကြီးကတော် မခင်လှ လစဉ် မလိုက်နိုင်သော် လည်း လိုက်မည့်သူက လစဉ်ရှိသည်ဟု သတင်းစကားတွေကြား သာရသည်။ လိုက်သူတွေကလည်း အမျိုးသမီးတွေချည်းဖြစ်သည် ဟု သိရပြန်သည်။ အခိုင်အမာကြားသိရသည့် သတင်းကတော့ ကိုင်းတောတွင်းကျောင်းက မူလတန်းပြဆရာမလေးက ပုံမှန် လိုက်သည်ဟု သတင်းရသည်။ ဆရာမလေးသည် မြို့နှင့် နီးသည့် ရွာကလေးတစ်ရွာကဖြစ်သည်။ ကျောင်းအုပ်ဆရာကြီး၏ ဘိုင်စကယ်နောက်မှာထိုင်ပြီး ဆရာကြီး၏ ခါးကိုဖက်ကာ လစဉ် စီးလိုက်နေခြင်းဖြစ်သည်။

ဒီကိစ္စနှင့်ပတ်သက်ပြီး အစ်ကိုနှင့်မရီးတို့ စကားများ ရန်ဖြစ်ကြကာ အကြိမ်ကြိမ်ဖြစ်သည်။ စကားများပြီး ရန်ဖြစ်သည့် နောက်နေ့မှာ အိမ်ကိုပြန်မလာတော့ဘဲ ကိုင်းတောတွင်းရွာမှာပင် အိပ်နေတော့သည်။ ဆရာမလေးကလည်း အဲဒီရွာမှာပဲ အိမ်ငှား နေသည် (ထိုခေတ်က အိမ်ငှားနေစရာမလိုပါ) ထမင်းလခ ၁၅/- ပေးသည့်အိမ်မှာ အလကားနေလို့ရသည်။ ဆရာမလေးကလည်း အဲဒီရွာမှာပဲရှိနေသည် အစ်ကိုလည်း အဲဒီရွာမှာပဲ ညအိပ်နေသည် ဆိုတော့ အစ်မ မခင်လှ ကမ္ဘာမီးလောင်တော့သည်။

ကမ္ဘာမီးလောင်ပေမယ့် ကျွန်တော့်မရီးက မာနခဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အောက်ကျခံပြီး လိုက်မခေါ်ဘဲထားသည်။ ချော့မပေါင်းဘဲ ခပ်တင်းတင်းနေပြသည်။ ကျွန်တော့်မရီးဘက်က ပြော့မလာတော့ ကျွန်တော့်အကိုက ပိုပြီးမာပြသည်။ တစ်ပါတ်ဆယ်ရက်ကြာအောင် ရွာပြန်မလာဘဲနေသည်။ အခြေအနေက ဆိုးရွားတင်းမာလာသည်။ နှစ်ဘက်ဆွေမျိုးတွေကြားဝင် ဖြန်ဖြေရသည့်အဆင့်ကို ရောက်လာသည်။ နှစ်ဘက်မိဘတွေနဲ့ ဆွေမျိုးတွေကချော့မော့ဖြောင်းဖျလို့ ကျွန်တော့်မရီးက လျော့ပေးလိုက်သည်။ ကျွန်တော့်အစ်ကို ရွာပြန်ရောက်လာသည်။

အစ်ကိုရွာပြန်လာတော့မှ ပြဿနာက ပါလာသည်။ ကျောင်းဆရာမလေးက သူ့မှာ ဆရာကြီးနဲ့ရသည့် ကိုယ်ဝန်သုံးလရှိနေပါပြီဆိုပြီး ရပ်ရွာလူကြီးတွေကိုတိုင်လို့ ကျော်မကောင်း၊ ကြားကောင်း ဖြစ်ကြရတော့သည်။ အဲဒီမှာ ကျွန်တော့်မရီးက ကျွန်တော့်အစ်ကိုကို အိမ်ထဲအဝင်မခံတော့ပဲ အိပ်ခန်းတံခါးပိတ်ပြီး ဆန္ဒပြတော့သည်။ အိမ်ထဲမဝင်ရတော့ ဆရာမလေးရှိရာ ကိုင်းတောကွင်းရွာကို ပြန်သွားပြီး ဆရာမလေးကို တရားဝင်လက်ထပ်ယူလိုက် တော့သည်။

ဒီလိုဖြစ်လာတော့ ကျွန်တော်တို့ ဆွေမျိုးတွေက မရီးဘက်ကရပ်တည်ကြသည်။ အားပေးကြသည်။ ကလေးနှစ်ယောက်မျက်နှာမငယ်ရအောင် ဝိုင်းဝန်းပံ့ပိုးကြသည်။ ဖတဆိုးသားလေးသမီးလေးတွေဆိုပြီး ပို၍ အလိုလိုက်ကြသည်။ ဒီအချိန်မှာ သမီးအကြီးမလေးက ဆယ်နှစ်သားအငယ်ကောင်လေးက ခြောက်နှစ်ခန့်ရှိကြပြီဖြစ်သည်။ မရီးကမျက်နှာထားတည်တည်ဖြင့် ရွာလည်ပြီးမုန့်ရောင်းသည်။ လယ်ကို ကိုယ်တိုင်မလုပ်တော့ဘဲ သူရင်



ငှားဖြင့် သီးစားချထားလိုက်သည်။ လယ်ဆီလယ်ခ ခံစားနေသည့်အတွက် ဆန်စပါး တစ်နှစ်စာ ပူစရာ မလိုဖြစ်နေသည်။ ရွှေ၊ ငွေ၊ လက်ဝတ်လက်စား အပြည့်အစုံရှိသည့်အတွက် ဣန္ဒြေမပျက်နေလို့ရသည်။ မုန့်လုပ်ရောင်းနေသူဖြစ်လို့ ကလေး မုန့်ဖိုးလည်း မလိုသည့် အခြေအနေဖြင့် ခပ်တင်းတင်း နေလို့ရသည်။

အခြေမခိုင်ဖြစ်သွားတာက ကျွန်တော့်အစ်ကိုဖြစ်သည်။ သူ့နောက်ကို ရာလေးဘိုင်စကယ်တစ်စီးနှင့် ခါးဝတ်ခါးစားပဲ ပါသွားသည်။ ချမ်းသာသမျှ စီးပွားအားလုံး သူ့ဇနီး ကျွန်တော့်မရီးထံမှာ ကျန်နေခဲ့သည်။ ဒေသရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအရ အိမ်ထောင်ရေးစတင်ဖေါက်ဖျက်သူက လက်သာကိုယ်ကျတ်ဆင်းပေးရကြေးဖြစ်လို့ ကျွန်တော့်အစ်ကိုက ဘာတစ်ခုမှ ရပိုင်ခွင့်မရှိဖြစ်သွားသည်။ ပျဉ်ထောင်ကာ၊ ခနိမိုးပျဉ်းကတိုးအိမ်ကြီးကအစ မရီးကအပိုင်ရလိုက်သည်။ ဒါကို မခံမရပ်နိုင်ဖြစ်သည့် ကျွန်တော့်အစ်ကိုက အကွက်ဆင်လာသည်။

သူသည် သူ့ဇနီးနှင့် တရားဝင်ပြတ်စဲတာမဟုတ်လို့ လက်ထက်ပွားပစ္စည်းတွေကို သူလည်းတစ်ဝက်ပိုင်သည်။ မိမိအိမ်ကို ဝင်နိုင်ထွက်နိုင်သည်ဆိုပြီး အိမ်ထဲကို ဝင်ဖို့ကြိုးစားသည်။ မြို့တွေမှာလို ခြံစည်းရိုးနှင့် ဝင်းတံခါးမရှိလို့ အိမ်ထဲအထိရောက်သွားသည်။ ကျွန်တော့်မရီး မခင်လှက အော်ဟစ်အကူအညီတောင်းလို့ နှစ်ဘက်ဆွေမျိုးတွေနှင့် ကျွန်တော်တို့ ညီအစ်ကိုတွေ ဝိုင်းလိုက်သွားကြသည်။ ချော့မော့ပြီး ပြန်ဆွဲခေါ်လာခဲ့ရသည်။

"မရီးစိတ်ဆိုးနေတုန်းမှာ ဒီလိုမလုပ်နဲ့ဦးလေ၊ သူစိတ်ပြေပြီးသွေးအေးသွားတဲ့အခါ ကျွန်တော်တို့ပါကူပြီး နားချပေးမှာပေါ့

အဲဒီအခါကျတော့ မယားပြိုင်စနစ်ကျင့်သုံးပြီး ဟိုရွာနှင့်ဒီရွာ

www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်စီနေလို့ရတာပေါ့"

ကျွန်တော်တို့ ပြောတဲ့မယားပြိုင်စနစ်ဆိုတဲ့စကားကို သဘောကျပြီး ဖိုလင်တက်သွားသည်။ အိမ်ထဲက ပြန်ထွက်ပြီး သူ့မယားငယ်ရှိရာရွာကို ပြန်သွားသည်။ မယားငယ်ကခလည်း မွေးခါနီးပြီဟု သိရသည်။ မယားငယ်မွေးခါနီးဖြစ်နေလို့ မယားကြီး အနားကို ပြန်ကပ်လာတယ်လို့ပြောပြီး ပြုံးသူတွေတောင်ရှိသည်။ ကျွန်တော့်အစ်ကို သိက္ခာကျအောင် ကြံဖန်တွေးသူတွေရှိသည်။ ကျွန်တော့်အစ်ကိုကလည်း ဒီကိစ္စမျိုးနှင့်ပတ်သက်လာလျှင် မျက်နှာ ပြောင်သည်။

လကုန်ရက်မှာ လစာငွေ ၁၂၆ ကျပ်ကို မယားကြီးကို အပ်ဖို့လာတယ်ဆိုပြီး အိမ်ထဲဝင်ပြန်သည်။ မရီးကလည်း ပိုက်ဆံ ကိုသာလက်ခံမည်။ လူကိုတော့ လက်မခံနိုင်ဆိုသည့် အမူအယာ ပြနေသောအခါ လခပိုက်ဆံပေးဖို့လာသူကလည်း လူကိုလက်မခံ လျှင် ပိုက်ဆံကိုလည်း မပေးနိုင်ဆိုသည့်သဘောဖြင့် အိတ်ထဲက ပိုက်ဆံကို ထုတ်ဖို့လုပ်ပြီးမှ ပြန်ထိုးသွင်းလိုက်သည်။ အစ်ကိုအိမ်ထဲ ဝင်သွားတာကိုမြင်သည့် နှစ်ဘက်ဆွေမျိုးတွေဝိုင်းအုံရောက်လာကြ ပြန်၍ တရားဝင်မကွာရှင်းရသေးသည့် ငါ့မိန်းမပဲဆိုပြီး မဟားဒယား၊ နသားပါယား လုပ်ခွင့်မသာဖြစ်သွားသည်။ အိမ်က ပြန်ထွက်သွားခါနီးမှာ ကျွန်တော်တို့ဘက်လှည့်ပြောသွားသေး သည်။

"နင့်အစ်မရဲ့ လုပ်ပေါက်က မလွယ်ပါဘူးကွာ"

အခုတော့ ဘယ်လွယ်တော့မလဲ၊ ဟိုမိန်းမက ဗူးဆိုရင် ဖရုံမသီးတဲ့မိန်းမဆိုတော့ မလွယ်ဘူးဖြစ်နေသည်။ အစ်ကိုနှင့်



မရီးတို့ အစေးမကပ်ဖြစ်နေတဲ့ ပြဿနာမှာ အလိုက်ကန်းဆိုး မသိသည့် ကျွန်တော်တို့ ဆွေမျိုးတွေလည်း ပါသည်။ သူလင် သူမယားနှစ်ယောက်ချင်း တွေ့အောင် လွှတ်ပေးထားလိုက်ပေါ့။ သေကာ လုံးထွေးသတ်ပုတ်ရုံပေါ့။ လုံးထွေးသတ်ပုတ်ရင်း အဆင် ပြေချင်လည်းပြေသွားမှာပေါ့။ အခုတော့ မဟုတ်ပေါင်ဗျာ။ ကျွန်တော့်အစ်ကိုခင်မျာ ဘာမှလုပ်ခွင့်မသာအောင် ဆွေတွေ မျိုးတွေက ဝိုင်းအုံလာကြတော့ အလုပ်မဖြစ်ဘူးဖြစ် ဖြစ်သွားသည်။ မရီးကလည်း ဆွေမျိုးတွေရှေ့မှာ ပိုပြီးဟန်လုပ်ပြနေရသည်။ အဲဒီတော့ လုပ်ပေါက်က မလွယ်ဘူးလို့ အပြောခံရတော့သည်။ ဒါကိုပဲ မရီးတအောင်ပွဲရသည့်အနေဖြင့် ဂုဏ်ယူနေသည်။

ကျွန်တော့်အစ်ကိုသည် မယားကြီးနှင့် မယားငယ်ကြားမှာ မယားပြိုင်စနစ်ကျင့်သုံးနိုင်ရေးအတွက် ကြိုးစားတာ ဆယ်နှစ် လောက်ကြာသွားသည်။ လုံးဝမအောင်မြင်ဘဲ ပွဲတိုင်းနောက် ကောက်ကျခဲ့ရသည်။ သမီးနှင့်သားကို စကားပြောခွင့်တောင် မရလို့ အတော့်ကိုမကျေမနပ်ဖြစ်နေသည်။ မခင်လှသည် မိမိ၏ တရားဝင်ဇနီးဖြစ်သည်ဆိုတာကို ပြသခွင့်မရဖြစ်နေတာကြာပြီဖြစ် သည်။ ရှင်းအောင်ပြောရလျှင် ကျွန်တော့်အစ်ကိုသည် မရီးကို သနားပြီး ပြန်ပေါင်းချင်နေတာဖြစ်သည်။ သူ့မယားငယ် ကျောင်းဆရာမမှာ ဆယ်တန်းအောင်တယ်ဆိုတဲ့ ပညာဂုဏ်နှင့် အသက်ငယ်တယ်ဆိုတဲ့ ငယ်ဂုဏ်သာရှိသည်။ ရုပ်ရည်ရူပါနှင့် ကိုယ်လုံးကိုယ်ပေါက်က မရီး မခင်လှလောက် စွဲမက်စရာမကောင်း သို့ ကြာလာတော့ စိတ်ကုန်လာဟန်တူသည်။ စိတ်ကုန်လာတော့ ပြည့်ပြည့်တင်းတင်းဖြင့် စွဲမက်စရာကောင်းသည့် မယားကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အငမ်းမရပြန်ပေါင်းချင်သည့် ဆန္ဒတွေ ထိန်းမနိုင်သိမ်းမရဖြစ်နေသည်။

ဒီပွဲကစပြီး မရီးကိုပြန်လည်နီးစပ်ခွင့်ရလိမ့်မည်အထင်ဖြင့် ပျော်နေသည်။ သမီးကို လက်ထပ်ပေးရမည့်ပွဲဖြစ်သည်။ မင်္ဂလာ ဖိတ်စာမှာ ဦးညီမောင်နှင့် ဒေါ်ခင်လှတို့၏ သမီး ဆိုသည့်စကားလုံးလေးတော့ ထည့်ရိုက်ရတော့မည်ဖြစ်သည်။ သို့သော် မင်္ဂလာဖိတ်စာထွက်လာသောအခါ နှင့် မင်္ဂလာပွဲကျင်းပသောအခါ ကျွန်တော့်အစ်ကိုမျှော်လင့်သလိုဖြစ်မလာဘဲ အလွဲလွဲအမှားမှားတွေဖြစ်ကုန်သည်။ မင်္ဂလာဖိတ်စာမှာ ဦးလှအေး၊ ဒေါ်ကြေးငုံတို့၏ မြေး၊ ဒေါ်ခင်လှ၏ သမီးဆိုပြီး လုံးချထားသည်။ ကျွန်တော့်အစ်ကို အတော်မကျေနပ်ဖြစ်သွားသည်။ မင်္ဂလာဆောင်သည့်နေ့ကျပြန်တော့လည်း သတို့သား၏ အဖေနှင့် အမေနှစ်ယောက်ထဲ ဝဲယာရံပြီး သတို့သားနှင့် သတို့သမီး၏နောက်မှာ ထိုင်နေတာကို မြင်ရတော့ ကျွန်တော့်အစ်ကို ဆောက်တည်ရာမရ ဖြစ်နေသည်။ မင်္ဂလာမဏ္ဍပ်အပြင်ဘက်မှာ တောက်တစ်ခေါက်ခေါက်ဖြင့် လမ်းသလားနေသည်။ သတို့သမီးက အဖေကိုမြင်တော့ မျက်ရည်ကျသည်။ မင်္ဂလာဦးမှာ မျက်ရည်မကျကောင်းဘူးလို့ ဝိုင်းပြောလို့ ထွက်လာကြသည့် မျက်ရည်တွေကို ပြန်မျိုချလိုက်ရသည်။

"နှင့်အစ်မရဲ့ လုပ်ပေါက်ကတော့ အတော်ဆိုးတယ်ကွာ"

"စိတ်လျှော့လိုက်ပါအစ်ကိုရယ်၊ ကလေးတွေစိတ်အနှောင့်အယှက်ဖြစ်နေပါမယ်"

"မင်းစဉ်းစားကြည့်လေကွာ၊ ဒီပွဲမှာတော့ ငါ့ရဲ့ အသိအမှတ်ပြုသင့်ပါတယ်ကွာ"

"ဒီပွဲကိုတော့လက်လျှော့လိုက်တော့၊ အငယ်ကောင်ရှင်ပြု



တဲ့အခါ အစ်ကိုမပါလို့မရဘူးလေ။ သပိတ်လွယ်၊ ယပ်ထမ်းဖို့ လူစားထိုး လို့မရဘူးလေ။ မရီးက သက်နန်းတောင်ပဲ ကိုင်လို့ရမှာပေါ့။ အဲဒီ ပွဲကတော့ အစ်ကို့ရဲ့ပွဲပဲ။ နွဲဖို့သာပြင်ထားပေတော့"

ကျွန်တော်တို့ နှစ်သိမ့်စကားပြောလိုက်လို့ စိတ်သက်သာသွားရသည်။ သမီးကြီးဖြစ်သူ သတို့သမီးနှင့် အလှချင်းပြိုင်နိုင်လောက်အောင် ပြင်ဆင်ထားသည့် မယားကြီးကိုကြည့်ပြီး ဖီလင်တွေတက်နေဟန်တူသည်။ မကြာခဏ တံတွေးမျိုတာတွေ့ရသည်။ မရီးမခင်လှသည် ကိုယ်လုံးကိုယ်ပေါက်လှသော ညိုချောဖြစ်လို့ မင်္ဂလာဆောင်အတွက် အထူးရှယ် ပြင်ဆင်ဝတ်စားထားတာမြင်ရသော ကျွန်တော့်အစ်ကိုရင်မှာ ပြန်ပေါင်းချင်သည့် ချစ်ဖီလင်တွေဆောင့်တက်နေဟန်တူသည်။

နွေအကုန်၊ မိုးအကူး အတာကူးသည့် တန်ခူးလမှာ အငယ်ကောင်ကို ရှင်ပြုရန်စီစဉ်သည်။ အိမ်ရှေ့မှာ မဏ္ဍပ်ကြီးထိုးပြီး အိုးကြီးအိုးငယ်ဖြင့် ချက်ပြုတ်နေကြသည်။ ဖိတ်စာမဝေဘဲ အယုတ်အလတ်၊ အမြတ်မရွေး ကျွေးမည်ဆို၍ ရှင်လောင်းအဖေနာမည်ကိစ္စ မပီပြင်သေးဖြစ်နေသည်။ ကျွန်တော်တို့ အားပေးစကားပြောထားသည့်စကားအရ သပိတ်လွယ်၊ ယပ်ထမ်းဖို့ ကိစ္စကြီးရှိနေသေးလို့ ရှင်လောင်းလှည့်မည့်နေ့ကို မျှော်လင့်တကြီးစောင့်စားနေရသည်။

"ကြည့်မယ်လေ၊ သူဘာလုပ်နိုင်မလဲဆိုတာကြည့်ရသေးတာပေါ့၊ ဒီပွဲကတော့ နောက်ဆုံးပွဲပဲ။ သူ့ရဲ့ပွဲသိမ်း တိုက်ကွက်ကိုကြည့်မယ်။ သူပဲ ကွဲမလား။ ကိုယ်ပဲလဲမလား ဟင်းဟင်း"

မနက်ဖြန်မနက်မှာ ရှင်လောင်းလှည့်ကြတော့မည်။ အခုအချိန်အထိ သူ့ကို တစ်စုံတစ်ရာ အကြောင်းမကြား၊ အသိအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုသည့်လက္ခဏာကိုမပြသေး၍ စိုးရိမ်ပြီး ရှက်ရမ်းရမ်းနေသည်။ သူ့မယားငယ်ရှိရာ ကိုင်းတောကွင်းရွာကို မပြန်ဘဲ ကိန္နရီချောင်းရွာမှာ ညအိပ်နေသည်။ သူ့ကိုလိုအပ်လို့ ခေါ်လျှင် အသင့်ရှိနေအောင် မြင်သာသည့်နေရာမှာ သွားလာလှုပ်ရှားပြနေသည်။ အလှူမဏ္ဍပ်ကြီး ရှေ့ကအိမ်မှာထိုင်ပြီး မလေးသံမြင့်စကားပြောသည်။ မရိုးအိမ်ရှေ့ထွက်တာမြင်လျှင် သူ့အသံကိုကြားအောင် လေသံမြင့်ပြီး ကျယ်လောင်စွာပြောသည်။

ရှင်လောင်းလှည့်ကြတော့မလို့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေ တန်းစီနေရာယူကြသည်။ ကကြိုးတန်ဆာဆင်ထားသည့်လှည်းယဉ်ကြော့ပေါ်မှာ မောင်ရင်လောင်းကို ရွှေထီးအုပ်မိုးနေလေပြီ။ ရှင်လောင်းလှည့်တော့မည်ဖြစ်သည်။ ဒီအချိန်အထိ ကျွန်တော့်အစ်ကို ဦးညီမောင်ကတော့ ရှစ်ကျယ်လက်မောင်းပြတ်ကိုဝတ်ပြီး မဏ္ဍပ်ရှေ့က အိမ်တစ်အိမ်မှာ ဒူးထောင်ပေါင်ကားပြီး ထိုင်နေရတုန်းရှိသေးသည်။

ပရိက္ခရာရှစ်ပါးအနက် သက်န်းကို သမီးအကြီးမက ရွက်သည်။ သပိတ်ကို ဘယ်သူလွယ်ပြီး ယပ်ကိုဘယ်သူထမ်းမည်နည်း။ ဒီနေရာကို ဘယ်သူဝင်မလဲ။ ဒီတာဝန်ကို ဘယ်သူယူမလဲ စောင့်ကြည့်နေကြသည်။ လူတန်းကြီး၏ ရှေ့ဆုံးမှာ နေရာယူထားသည့် ဆိုင်းကြီးပေါ်က လော်စပီကာက (သပြေ၂တောရွာ ပျော်သံတွေ သာသာယာယာ) ဖွင့်နေပြီ။ ရှင်လောင်းလှည့်ပွဲကြီး ရွေ့လျားခါနီးမှ မရိုး မခင်လှက ဝတ်စုံပြည့်ဖြင့် အိမ်ခြံထဲက ထွက်လာသည်။

မရိုး မခင်လှကိုကြည့်ပြီး လူတိုင်းအံ့ဩသွားကြသည်။



ဇာပုဝါရှည်နှစ်စကို လည်ပင်းမှခွပြီးချထားသည်။ ဝဲဘက်ပုခုံးမှာ သပိတ်ကိုလွယ်ပြီး ယာဘက်ပခုံးမှာ ထမ်းဖူးယပ်ကို ထမ်းထားသည်။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေနောက်မှာ မရိုး မခင်လှနေရာဝင်ယူလိုက်သည်နှင့်တပြိုင်နက် ရှင်လောင်းလှည့်ပွဲကြီးစတင် ရွေ့လျားသွားလေတော့သည်။ အလှူမဏ္ဍပ်ကြီးရှေ့က အိမ်မှာ ဒူးစောက်စောက်ဖြင့် ထိုင်နေသည့် ကျွန်တော့်အစ်ကို ထိုင်ရမလို ထရမလိုဖြင့် ဆောက်တည်ရာမရဖြစ်သွားလေသည်။

“ နင့်မရိုးရဲ့လုပ်ပေါက်က အတော့်ကိုဆိုးတယ်ကွာ”

“ မရိုးရဲ့အကြောင်းကို ဆယ်နှစ်လောက်ပေါင်းလာခဲ့တဲ့အစ်ကို အသိဆုံးပေါ့လေ”

“ ဘာကိုသိရမလဲကွ”


“ အော် . . . ဟိုဒင်း . . ကောင်းတာ၊ ဆိုးတာပြောတာပါ”

“ တော်စမ်းပါကွာ . . .၊ မင်းတို့လည်း ဘာမှအားကိုးရတဲ့အကောင်တွေမဟုတ်ပါဘူး။ ဘာကိစ္စအတွက်အားကိုးချင်သည်မသိ၊ မယားငယ်ယူတုန်းကတော့ ဘယ်သူ့အကူအညီမှမယူဘဲကိုယ့်အားကိုယ်ကိုးယူခဲ့သည်။ အခု မရိုးနဲ့ပြန်ပေါင်းချင်တော့မှကျွန်တော်တို့ အကူအညီမရလို့ အားမကိုးလောက်ဘူးလို့ပြောလာသည်။ ရန်ရှာလာမည်စိုးလို့ ရှင်လောင်းလှည့်ရာလိုက်ပါသွားခဲ့သည်။

မြင်သာမင်္ဂလာဦး
၂၀၀၃-ဇူပိုင်လ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒေသစွဲစိတ်

ကိုအဏ္ဏဝါသည်သူ၏ မွေးရာဇာတိဖြစ်သည့် ရခိုင်ပြည်နယ်က ကိန္နရီချောင်းရွာကြီးကို အလွန်သံယောဇဉ်ကြီးသူဖြစ်သည်။ ဒေသစွဲစိတ်ရှိသူဟုဆိုနိုင်သည်။ သီတင်းဝါလကျွတ်လျှင် တစ်ခါ တစ်ခေါက်တော့ အရောက်သွားဦးမည်ဟု စိတ်ကူးထားသည်။ စိတ်ကူး ထားတာကို ဖွင့်ပြောမိသည်။ သူ့ဇနီး မဖြူတုတ်က ဆူပူပါလေတော့သည်။

"အားအားရှိတိုင်း ဒီရခိုင်ကို သွားဖို့ပဲစိတ်ကူးနေတယ် ဒါလောက်တောင် ဒေသစွဲစိတ်ရှိနေရင် ရခိုင်မှာပဲ နေလိုက်ပါတော့လား၊ ဘာဖြစ်လို့ ရန်ကုန်မှာနေတာလဲ"

"လူတိုင်း လူတိုင်းဟာ ကိုယ့်ဒေသကိုတော့ သံယောဇဉ်ရှိကြတာပေါ့ကွာ"

"မရှိနိုင်ဘူး၊ လူဆိုတာ ပျော်ရာမှာမနေရဘူး၊ တော်ရာမှာနေရတယ်၊ ဒေသကို သံယောဇဉ်ရှိချင်တိုင်း ရှိလို့မရဘူး လမ်းစရိတ်က အသွားအပြန် တစ်သောင်းကျော်တယ်၊ ရှင့်အလာ



ကိုမျှော်နေကြတဲ့ ရွာကဟာတွေကို ပေးရကမ်းရမှာက ရှိသေးတယ်"

မဖြူတုတ်ပြောမယ်ဆိုလည်း ပြောစရာဖြစ်နေသည်။ ၄-ငါးသိုင်းချောင်းလမ်း မပေါက်မီက တောင်ကုတ်လမ်းက သွားခဲ့ကြရသည်။ ရန်ကုန်မှ သံတွဲမြို့အထိကို သုံးရာသာပေးရသည်။ ၄-ငါးသိုင်းချောင်းလမ်းပေါက်သွားတော့ ၁၅၀၀ဝိ/- ပေးရသည်။ ပြီးခဲ့တဲ့ နွေက ကိုအဏ္ဏဝါတစ်ခေါက်သွားခဲ့သေးသည်။ ခရီးသည်တစ်ယောက်ကို အသွား ၄၅၀ဝိ၊ အပြန် ၅၀၀ဝိ ပေးရသည်။ စားတာ သောက်တာနဲ့ဆိုလျှင် ခရီးစရိတ်ချည်းသက်သက် အတော်များမည်ဖြစ်သည်။

မဖြူတုတ်ကို မလှန်ရဲသည့် ကိုအဏ္ဏဝါသည် သူလုပ်ချင်တာမလုပ်ရသောအခါ စိတ်တိုသည်။ စိတ်တိုတာကို အကြောင်းပြပြီး ပုလင်းနှင့် ဖန်ခွက်ထုတ်တော့သည်။ မဖြူတုတ်နှင့် စကားကစောက်ကဆ များတိုင်း လုပ်လေ့ရှိသော အလေ့အထဖြစ်သည်။ စိတ်ညစ်လို့၊ ပျော်လို့၊ ပူလို့၊ အေးလို့၊ ဧည့်သည်လာလို့ စသည်ဖြင့် အကြောင်းပြစရာ တစ်မျိုးမျိုးဖြင့် အလွန်ကြိုက်သည့် အရက်ကို မြိမ်ခံသောက်လေ့ရှိသည်။ အရက်ပုလင်းနှင့် ဖန်ခွက်ကို သသာဆောင်က ခုံနိမ့်လေးမှာ တင်သည်။ ရေခဲရေတစ်ပုလင်းနှင့် အမင်းနဲ့စားရန် ချက်ထားသည့် ဝက်သားဟင်းတစ်ပန်းကန်ကို ယူညီးရန် သွားယူသည်။ မဖြူတုတ်က မျက်စောင်းထိုးကြည့်ပြီး ဖွစ်ပွစိမေတ္တာပို့သည်။ ဝက်သားကို အတုံးအခဲသေးလေးတွေဖြစ်အောင် လှီးပြီး သံပုရာရည်ညှစ်လိုက်သည်။ ဖန်ခွက်အဝချယ်ထဲ လေးထဲကို မန္တလေးရမ် လက်နှစ်လုံးခန့်လောင်းထည့် လိုက်သည်။ ရေတစ်ဝက်ရောပြီး ပက်လက်ကုလားထိုင်မှာ နေရာယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ပက်လက်ကုလားထိုင်မှာ အသားကျအောင်ထိုင်မိသည်နှင့်တပြိုင်နက် ခွက်ကို ကောက်ကိုင်မော့လိုက်သည်။ ရင်ထဲကိုပူကနဲ ခွဲဆင်းသွားသည့် အရသာနှင့် အတူ နားရွက်တွေထူပူသွားသည့်အရသာကိုပါ ခံစားလိုက်ရသည်။ သံပုရာရည်ဖျန်းထားသည့် ဝက်သားအမြည်းတစ်ဖတ်ယူဝါးလိုက်သည်။ စိတ်ညစ်တာ တစ်ဝက်ပြေသွားသည်ဟု ထင်ရသည်။ စိတ်ညစ်တာက တော်တော်ရယ် အရက်သောက်ချင်တာက ပိုများနေသည်။ မဖြူတုတ်က ကိုအဏ္ဏဝါကို ရခိုင်ကို မသွားစေချင်တာ ဒီအကြောင်းလည်း ပါသည်။ ဒေသစွဲလို့ ဒေသကိုချစ်လို့ သွားချင်တာထက်၊ ရွာက သူငယ်ချင်းတွေနဲ့ပြန်တွေ့ရင် ပျော်လို့ဆိုပြီး အရက်ကို ဖိတွယ်တော့မည်ဖြစ်သည်။ အဲဒီတော့ ကိုအဏ္ဏဝါကလည်း ရခိုင်ကိုသွားမသောက်ရလျှင် အိမ်မှာ သောက်တယ်ကွာ ဘာဖြစ်လဲဆိုတဲ့ပုံစံနဲ့ အကြောင်းမရှိအကြောင်းရှာပြီး တွယ်နေခြင်းဖြစ်သည်။

ကိုအဏ္ဏဝါသည် သူ့ညာဉ်အတိုင်း တစ်ခွက်ဝင်သွားတယ်ဆိုရင် နောက်ထပ် ဆက်တိုက်ဆက်တိုက် တွယ်တော့သည်။ သောက်လိုက် အမြည်းစားလိုက်ဖြင့် အရသာတွေ့နေသည်။ အိမ်အပေါ်ထပ်က လသာဆောင်မှာ လေတဖြူးဖြူးဖြင့် ငိမ်ကျနေသည်။ ပက်လက်ကုလားထိုင်မှာ မျက်စိမှိတ်ထိုင်ရင်း လူတို့၏ ဒေသစွဲစိတ်အကြောင်းကို စဉ်းစားနေသည်။

ကိုအဏ္ဏဝါသည် သူ၏မွေးရပ်ရွာ ကိန္နရီချောင်းမှ ထွက်ခွာလာခဲ့တာ နှစ်ပေါင်း လေးဆယ်ကျော်ပြီဖြစ်သည်။ ရွာကိုလည်း မမေ့၊ ရွာကသူငယ်ချင်းတွေကိုလည်း မမေ့နိုင်ဖြစ်နေသည်။ လွမ်း



တ နေတတ်သည်။ ရွာဦး ကျောင်းကြီးရယ်၊ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ ငယ်ဆရာ၊ ဆရာတော်ဘုရားကိုပါ သတိရနေသည်။ နွေရာသီရောက်ပြီဆိုလျှင် ရွာဦးတောင်ပေါ်ကျောင်းရဲ့ နောက်ကျောမှာရှိတဲ့ တောင်ပေါ်ရွက်ကြွေတောက ဥဩငှက်ကလေး အော်မြည်သံကိုပါ ကြားယောင်နေပါသည်။ ဒီအချိန်ဆိုရင် ရွာအပြင် ကွင်းစပ်က လက်ပန်တောမှာ လက်ပန်ပွင့်တွေ ရဲရဲနီအောင်ပွင့် နေကြရောမည်။ ရွာထိပ်က တောင်ကမူကုန်းစောင်းတွေမှာ သခွပ်ပွင့်တွေလှိုင်လှိုင်ကြွေလို့ မြေပြင်မှာ ဖွေးဖွေးလှုပ်နေရောမည်။ ခွေးပစ်ကုန်းက သပြေတောမှာ သပြေသီးမှည့် ကောက်သူတွေဖြင့် ကြွက်ကြွက်ဆူနေရောမည် စသည်ဖြင့် တွေးနေတတ်သည်။ ဒါတွေဟာ ကိုအဏ္ဏဝါ၏ ဒေသစွဲစိတ်ဖြစ်နိုင်သည်။

မန္တလေးရမ်တစ်ကျိုက်မော့လိုက် အမြည်းတစ်ဖတ်စားလိုက်လုပ်နေသည့် ကိုအဏ္ဏဝါသည် ရေချိန်အတော်တက်နေပြီဖြစ်သည်။ ဖန်ခွက်ကို အသာချပြီး ပက်လက်ကုလားထိုင်ပေါ်မှာ နောက်မှီလှန်ချလိုက်သည်။ မျက်စိမှိတ်ပြီး မှိန်းရင်း သူရောက်ခဲ့ဖူးသည့် နိုင်ငံတွေက မြန်မာလူမျိုး တွေဒေသစွဲစိတ်ရှိပုံတွေကို ပြန်တွေးနေမိသည်။ အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်တိုင်းပြည်ကထွက်ခွာသွားကြပြီး အမေရိကန်၊ ကနေဒါ၊ ဂျာမဏီ စသည့်နိုင်ငံတွေမှာ ရောက်ရှိနေကြသည့် မြန်မာတွေထဲက ဒေသစွဲ စိတ်ရှိသူတွေသည် မြန်မာပြည်ကို လွမ်းလို့ မြန်မာသင်္ဘောတွေ သူတို့ဆိပ်ကမ်းကို ဆိုက်ကပ်လာလျှင် သင်္ဘောကိုလာလည်ကြသည်။ မြန်မာလူမျိုးတွေကို တွေ့ချင်လို့ လာကြခြင်းဖြစ်သည်။

အမေရိကန်အနောက်ဘက်ခြမ်းက ဆိပ်ကမ်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်လျှင် မြန်မာမိသားစုတွေထဲက ကိုကိုအောင်၊ ကိုခင်မောင်လတ်၊ ကိုဖိုးထူး၊ ဗိုလ်မှူးတောလ်ဘတ်၊ ကိုထွန်းရင်၊ အန်ကယ်အယ်လင်ချိုတို့ မိသားစုတွေ တအုံ့တမကြီး သင်္ဘောကို လာလည်ကြသည်။ ကနေဒါကို ရောက်လျှင် ကိုခင်မောင်ညို မစုဇင်တို့ မိသားစုတွေ လာလည်ကြသည်။ ဂျာမဏီကိုရောက်လျှင် ကိုခင်မောင်ဦးတို့မိသားစု လာလည်ကြသည်။ မအားမလပ်သည့်ကြားက မြန်မာ လူမျိုးတွေကို တွေ့ချင်လွန်းလို့ လာလည်ကြခြင်းဖြစ်သည်။

နိုင်ငံတကာရောက် မြန်မာလူမျိုးတွေသည် မြန်မာသင်္ဘောသားတွေပါသည့် သင်္ဘောတွေပေါ်ကို ရောက်ပြီဆိုလျှင် မြန်မာစကားကို အားရပါးရပြောကြတော့သည်။ မြန်မာအစားအစာတွေကိုအားရပါးရ စားကြတော့သည်။ မြန်မာပြည်အကြောင်းတွေကိုသိချင်လို့ ဒလစပ် မရပ်မနား မေးကြတော့သည်။ ရွှေတိဂုံစေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံထားလို့ အရမ်းသပ္ပာယ်နေပြီဆိုတာဟုတ်သလား၊ ရန်ကုန်မြို့ကြီးမှာ လမ်းတွေ ချဲ့ထွင်ပြုပြင်ထားလို့ အရမ်းလှနေပြီဆိုတာ ဟုတ် လား၊ တွံတေးသိန်းတန်သေပြီဆို၊ ဝင်းဦးတို့ ကောလိပ်ဂျင်နေဝင်းတို့သေပြီးနောက် သူတို့လိုသရုပ်ဆောင်တွေ နောက်ထပ်ပေါ်သေးလား စသည်ဖြင့် မေးကြသည်။

နိုင်ငံရပ်ခြားရောက် မြန်မာလူမျိုးတွေသည် မြန်မာပြည်ကိုလွမ်းလို့ မြန်မာလူမျိုးတွေနဲ့တွေ့ရအောင် လာခြင်းသည်လည်း မြန်မာပြည်နှင့် မြန်မာလူမျိုးတွေကို ချစ်လို့၊ တစ်နည်းပြောရလျှင် ဒေသစွဲစိတ်ရှိလို့ဖြစ်သည်။ သင်္ဘောမှာ တစ်နေကုန်အောင်နေပြီးမှ ပြန်ကြလေ့ရှိသည်။ ပြန်တာတောင် မြန်မာပြည်နှင့် မြန်မာလူ



မျိုးတွေကို အလွမ်းမပြေနိုင်သေးလို့ သူတို့နေတဲ့ အိမ်တွေကို လိုက်လည်ပါဦးဟု အလည်ခေါ်လေ့ရှိသည်။

အမေရိကန်နိုင်ငံရောက် မြန်မာတွေက သူတို့နေတဲ့အိမ်တွေကို လိုက်လည်ပါဆိုလို့ ကိုအဏ္ဏဝါနှင့် မြန်မာသင်္ဘောသားတစ်စုလိုက်သွားကြသည်။ လိုက်ပါသူတွေများလို့ ကိုကိုအောင်နှင့် ကိုခင်မောင်လေးတို့ကားတွေပေါ်မှာ လူတွေပြည့်သွားသည်။ ကိုအဏ္ဏဝါက နာမည်မသိရသေးသည့် အသက်ကြီးကြီး လူတစ်ယောက်၏ ကားပေါ်မှာ လိုက်ပါသွားသည်။ မြန်မာတွေနေကြသည့် အိမ်တွေ တစ်အိမ်ပြီးတစ်အိမ် ဝင်ကြသည်။ စားကြသောက်ကြသည်။ သူတို့နေထိုင်ရပုံတွေကို လေ့လာခွင့်ရသည်။ အိမ်တိုင်းမှာ မြန်မာပြည်အလွမ်းပြေ ကြည့်ဖို့အတွက် မြန်မာပြည်ကထုတ်လုပ်သည့်သစ်သားပန်းပုရုပ်တွေ၊ မြန်မာ့ရှုခင်းပုံ ပန်းချီကားတွေ အမှတ်တရ အလှပြချိတ်ဆွဲထားကြတာတွေ့ရသည်။ မန္တလေးသားတွေက နန်းတော်မြို့ရိုးနှင့် ကျုံးပုံကို ဂုဏ်ယူစွာ အလှပြချိတ်ဆွဲထားကြသည်။ မည်သည့်ဘာသာကိုးကွယ်သည်ပင် ဖြစ်စေ တိုင်းပြည်နှင့်လူမျိုးကိုချစ်လို့ တစ်နည်းပြောရလျှင် ဒေသစွဲစိတ်ရှိလို့ ရွှေတိဂုံစေတီတော်ပုံနှင့် မန္တလေးမဟာမြတ်မုနိပုံတော်တွေကို အိမ်ဦးခန်းမှာ အမြတ်တနိုးချိတ်ဆွဲထားကြသည်။

ညနေမိုးချုပ်လာလို့ သင်္ဘောကိုပြန်ကြတော့မည်ဆိုတော့ သူတို့ကားတွေနဲ့ပဲ ပြန်ပို့ပေးသည်။ ကိုအဏ္ဏဝါက အလာတုန်းက ကားကိုပင် တက်စီးသည်။ မြို့တွင်းတစ်နေရာအရောက်မှာ ကားသုံးစီးရှေ့နောက်အတူသွားနေရာမှ လမ်းကွဲသွားသည်။ ကိုအဏ္ဏဝါတစ်ယောက်တည်း လိုက်ပါလာသည့် ကားသည် လူစည်ကားသည့် မြို့

www.burmeseclassic.com

www.burmeseclassic.com



လယ်ခေါင်ကိုဖြတ်ပြီး မြို့ပြင်ကိုရောက်လာသည်။ လူနေအိမ်ခြေ
မရှိသလောက်နည်းသည့် ကွင်းပြင်ကြီးထဲက လမ်းကျယ်ကြီးပေ
မှာ အရှိန်ပြင်းပြင်းဖြင့် မောင်းနေသည်။ ကိုအဏ္ဏဝါသံသယဖြ
လာ၍ အတူလာကြသည့်ကားတွေကို တွေ့လိုတွေ့ငြား ရှေ့နောက်
ကြည့်သည်။ တစ်စီးမှမတွေ့ဖြစ်နေသည်။ ကားမောင်းသူနှင့် လည်
မရင်းနှီး၍ မေးရမှာ အားနာနေသည်။ အလာတုန်းက
လမ်းအတိုင်း မဟုတ်၍ စကားစမြည်ပြောသလိုလိုဖြင့် မေးကြည်
သည်။

"ကျွန်တော်တို့အလာတုန်းက ဒီလမ်းမဟုတ်ဘူးနော်"

"မဟုတ်ဘူးခင်ဗျ။ ခင်ဗျားတို့ကို တစ်နေရာပို့ပြီး ပြစရာ
ရှိလို့ခေါ်လာတာ"

"ဒါဆိုရင် စောစောက ကားနှစ်စီးလည်း အဲဒီကိုသွားနေ
ကြတာလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဟိုမှာဆုံကြမယ်လေ"

ကိုအဏ္ဏဝါ သံသယရှင်းသွားသည်။ မိုးချုပ်ခါနီးမှ ဘာ
များပြချင်ပါလိမ့်ဟု တွေးမိသည်။ ကတ္တရာလမ်းမကြီးက ဖြော
ဖြူးနေသည်။ အိမ်တွေခြံတွေနှင့် ယာဉ်အသွားအလာ မတွေ့
သော်လည်း လမ်းဘေးဝဲယာမှာ မီးရောင်တွေထိန်လင်းနေသည်
နေ့လယ်နေ့ခင်းလိုဖြစ်နေသည်။ အတူလာကြသည့်ကား နှစ်စီး
မတွေ့မမြင်ရဖြစ်နေသည်။ ကားရှေ့တည့်တည့်က လမ်းမကြီး
မှာ ရောမခေတ်လက်ရာဖြင့် ဆောက်ထားသည့် အဝင်ဂိတ်ပေါ
ကြီးကို လှမ်းမြင်နေရသည်။ ဂိတ်ပေါက်ကြီးအနီးကို ရောက်သွား
သောအခါ ကားကိုရပ်ပြီး ကားပေါ်ကဆင်းလိုက်ရသည်။

ဂိတ်ပေါက်ကြီး၏ ဥရောပလက်ရာကနုတ်ပန်းတွေ



အစိမ်းရင့်ရောင်၊ အဝါရောင်၊ အနီရောင်တို့ဖြင့် သုတ်ထားသည်။
ဂိတ်ပေါက်ကြီး ကို ထူပြီးမြင့်သည့် အနီရောင် သံတံခါးကြီးဖြင့်
ပိတ်ထားသည်။ ရင်ခွဲသံတံခါးကြီး၏ အပေါ်က နဖူးစီးအုတ်ရိုးမှာ
ဒီဗွာန်နှင့်ငရဲ လမ်းခွဲဂိတ်) လို့အဓိပ္ပာယ်ရသည့်အင်္ဂလိပ် စာလုံး
ကြီးကြီးဖြင့်ရေးထားပြီး ဆေးအနီရောင်သုတ်ထားသည်။ အနီရောင်
စာလုံးကြီးတွေက သွေးတွေစီးကျနေဟန် ဆေးချယ်ထားလိုက်သေး
သည်။ ဂိတ်ကြီး၏ ပုံပန်းသဏ္ဌာန်နှင့် အရောင်အသွေးတွေကို
မြင်လိုက်ရုံဖြင့် ကြောက်စရာကြီးဖြစ်နေသည်။ ဘယ်လိုထူးဆန်း
တာတွေကိုပြချင်လို့ ဒီကိုခေါ်လာတာပါလိမ့်ဟု ကိုအဏ္ဏဝါတွေးနေ
သည်။ ဒစ္စနီလင်းဆိုတဲ့နေရာများလားဟု တွေးမိသည်။

ဂိတ်တံခါးကြီး လူတစ်ကိုယ်စာဖွင့်ပေးသောအခါ
ကိုအဏ္ဏဝါ ဝင်လိုက်ပါသည်။ ကိုအဏ္ဏဝါဝင်ပြီးသည်နှင့် တံခါးကြီး
ပြန်ပိတ်သွားသည်။ တံခါးကြီး၏ အတွင်းဘက်ကတစ်ဘက်
တစ်ချက်မှာ နေရာယူပြီး ရပ်နေသည့် ခက်ရင်းခွကိုင် အစောင့်
နှစ်ယောက်က ကိုအဏ္ဏဝါ၏ လက်မောင်းတစ်ဘက်စီကို ခပ်တင်း
တင်းဆုပ်ကိုင်လိုက်ကြသည်။ ခက်ရင်းခွကိုင် အစောင့် နှစ်ယောက်
၏ ခေါင်းတွေမှာ ဦးချိုချွန်ချွန်ကြီးတွေပါသည်။ ကိုယ် လုံးတီး
ကြီးတွေဖြစ်သည်။ တစ်နေရာမှာ အရှက်လုံရုံလေး သစ်ရွက်
ဖြင့် အုပ်ထားသည်။ မျက်နှာတွေက ဝက်ဆီဖတ်ထုတ်
ရွတ်ကြီးရဲ့ မျက်နှာလိုအဆီပြန်နေသည်။ ဆီဒယ်အိုးကြီးတွေကို
ကြော်ရလွန်းလို့ အဆီခိုးဝနေသည့်သဘောမျိုးဖြစ်သည်။ အစော
ဘဝကျအောင်သရုပ်ဆောင်နိုင်သူ တွေပါလားဟု တွေးမိသည်။
ဒါ ဒစ္စနီလင်းက သရဲဂိတ်နှင့် ငရဲပြည်ဆိုတာဖြစ်မည်ဟု
လိုက်သည်။ အမေရိကန်မှာ အလွန်နာမည်ကြီးသည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ခက်ရင်းခွကိုင်ငရဲသားနှစ်ယောက်သည် ကိုအဏ္ဏဝါ၏ လက်မောင်းနှစ်ဘက်ကိုခပ်ကြမ်းကြမ်းဆွဲပြီး အဆောက်အဦးကြီး တစ်ခုဆီကို ခေါ်လာသည်။ ကိုအဏ္ဏဝါက အတူပါလာသည့် ကားမောင်း သူကိုလှည့်ကြည့်သည်။ မတွေ့ဖြစ်နေသည်။ ငရဲသား နှစ်ယောက် က ကိုအဏ္ဏဝါတစ်ယောက်တည်းကိုသာ ဆွဲယူလာ သည်။ ငရဲသား တွေကိုမေးကြည့်သည်။

"ကိုယ့်လူတို့ ကျွန်တော့်မိတ်ဆွေကော"

"မသိဘူး၊ မင်းတစ်ယောက်တည်းကို ငါတို့စောင့်နေတာ"

ကိုအဏ္ဏဝါက အင်္ဂလိပ်လိုမေးသည်။ ငရဲသားနှစ်ယောက် က မြန်မာလိုပြန်ပြောသည်။ ကိုအဏ္ဏဝါအံ့ဩသွားသည်။ အတော် တတ်နိုင်သူတွေဖြစ်သည်။ ဘက်စုံသဘာဝကျကျ ပြောင် သရုပ်ဆောင် နိုင်သူတွေဖြစ်သည်။ ဒါကြောင့် ထင်သည့် ဝင်ကြေးတင် ၂၅ဒေါ်လာ လောက်ပေးရသည်။ ကိုအဏ္ဏဝါနှင့် အတူလာသ ကားမောင်းသမားသည် သံတံခါးအနီကြီးရဲ့ အပြင်ဘက်မှာ ကျ နေခဲ့တာဖြစ်မည်။ ကိုအဏ္ဏဝါကို အဆောက်အဦးကြီးထဲက စား တစ်လုံးရှေ့မှာထိုင်ခိုင်းသည်။ စားပွဲကြီးရဲ့ ဟိုဘက် ကနုတ်ပ ဖော် ကုလားထိုင်မှာ ရှေ့ဖက်စားရေးလို၊ ဆွဲချလို၊ အစိုးရရှေ့ေ လိုလူတစ်ယောက်ထိုင်နေသည်။ သူ့ရှေ့မှာ ပီစီကွန်ပျူတာ တစ်လုံး အသင့်ပြင်ထားသည်။ ကိုအဏ္ဏဝါကိုဆွဲခေါ်လာကြသည့် ငရဲသား နှစ်ယောက်က ကိုအဏ္ဏဝါရဲ့နောက်မှာ ခက်ရင်းခွကိုယ်စီဖြ ရပ်နေကြသည်။

"ဒူဟူဟူ . . . ဒူဟူဟူ . . . ဒူဟူဟူ"



မောင်းထုသံသုံးချက်နှင့်အတူ ကျယ်လောင်သည့် အသံ ကြီးဖြင့် အော်သံကိုကြားလိုက်ရသည်။ ရှေ့ဖက်စာရေးက ထိုင်ရာ ကထရပ်လိုက်သဖြင့် ကိုအဏ္ဏဝါပါထရပ်လိုက်ရသည်။ အဆောက် အဦးကြီး၏ အတွင်းဘက်ကျကျက ရင်ခွဲတံခါးကြီးပွင့်သွားပြီး ငရဲ မင်းကြီး ထွက်လာပါသည်။ နဖူးပြောင်ပြောင်၊ ထောင်ထောင် မောင်းမောင်း မျက်နှာပြူပြူ ဗိုက်ရွဲရွဲကြီးဖြစ်သည်။ အပေါ်ပိုင်းမှာ အဝတ်မပါဗလာကိုယ်တုံးလုံးဖြစ်သော်လည်း အောက်ပိုင်းမှာမူ ရောမခေတ်စစ်သူကြီးတွေဝတ်သည့် ပေါင်တစ်ဝက်ပေါ် စကတ် တိုတိုဝတ်ထားသည်။ ဦးခေါင်းပေါ်မှာ ဦးချိုသုံးချောင်းပါသည်။ ဝဲယာမှာ တစ်ချောင်းစီနှင့် နဖူးအထက်နားမှာ ကြံ့သတ္တဝါရဲ့ ဦးချိုလို အပိုတစ်ချောင်းပါနေသည်။ သူများထက်ထူး၍ နဖူးမှာ ချိုပေါက်နေခြင်းဖြစ်သည်။

ငရဲမင်းကြီး၏ အခြွေအရံတွေဖြစ်သည့် ထီးတော်မိုး၊ ဓား ကောက်ကိုင်၊ တင်းပုတ်ထမ်းတို့မှာလည်း ချိုနှစ်ချောင်းစီပါသည်။ ဒီတော့မှ ရှေ့ဖတ်စာရေးမှာလည်း ချိုနှစ်ချောင်းရှိတာ ကိုသတိ ပြုမိသည်။ ငရဲမင်းကြီးက ကနုတ်ပန်းဖော် ကုလားထိုင်ကြီးမှာ ဣန္ဒြေရရ ဝင်ထိုင်လိုက်သည်။ ငရဲမင်းကြီးထိုင်ပြီးတော့မှ ရှေ့ဖတ် စာရေးကထိုင်ချလိုက်၍ ကိုအဏ္ဏဝါပါ ထိုင်ချလိုက်ပါသည်။ ကျန် သူတွေအားလုံး မတ်တပ်ရပ်နေကြရသည်။ ငရဲမင်းကြီးက ကွန်ပျူ ဘာကိုင်စာရေးကို မေးသည်။

"သူ့မှတ်တမ်း ကောင်းရဲ့လား"

"ဒါန၊ သီလ၊ ဘာဝနာ မရှိသလောက်ပဲဆရာ"

ငရဲမင်းကြီးက ကိုအဏ္ဏဝါကို သနားသည့်အကြည့်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ အတည်ပေါက်ဖြင့် သရုပ်ဆောင်နေကြတာ မဟုတ်ဘဲ တကယ်အရေးယူတော့မည့်ပုံလုပ်နေကြသောအခါ ကိုအဏ္ဏဝါ ကြောက်လာသည်။ ဒါန၊ သီလ၊ ဘာဝနာမရှိသော်လည်း ကံငါးပါး လောက်မြဲခဲ့တယ်ဆိုရင် သက်သက်ညာညာ စဉ်းစားပေးလို့များ ရနိုင်မလား ကွန်ပျူတာထဲက မှတ်တမ်းကို သေသေချာချာ စစ်ရန် ငရဲမင်းကြီးက ပြောသည်။ ရှေ့ဖတ်စာရေးက ကွန်ပျူတာခလုတ်တွေကို နှိပ်ကြည့်ပြီး ခေါင်းခါသည်။ ငရဲမင်းကြီးကိုယ်တိုင် ကိုအဏ္ဏဝါကို မေးသည်။

"သူတစ်ပါးအသက်ကို သတ်ခဲ့သလား"

"တောသားဆိုတော့ ညှော်သည်လာရင် ကြက်သတ်ပြီး ထမင်း ကျွေးခဲ့ရတာမျိုးတော့ ရှိတာပေါ့ဆရာရယ်၊ လူကိုမသတ်ဖူးတာတော့ အမှန်ပါ"

ငရဲမင်းကြီးက သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ သက်ညာလို့ ရနိုင်မည့် အချက်ကို ရှာနေပုံရသည်။ ကိုအဏ္ဏဝါ၏ ထွက်ဆိုချက်အားလုံးကို ကွန်ပျူတာမှာရေးသွင်းရန် စာရေးကို အမိန့်ပေးသည်။

"သူတပါးဥစ္စာခိုးဖူးသလား"

" ကင်းရှင်းတယ်လို့ မပြောနိုင်ဘူးပေါ့ ဆရာရယ်၊ နည်းနည်းပါးပါး တော့ ရှိမယ်ထင်တာပဲ"

"သူတစ်ပါးသားမယား ပြစ်မှားကျူးလွန်ဖူးသလား"

"အဲဒါတော့ လုံးဝကင်းရှင်းပါတယ်ခင်ဗျာ၊ ဘုရားစူး မိုးကြိုးပစ်ကင်းပါတယ်"

"ဟုတ်ပါ့မလား မောင်ရင်က သဘော်သားဆိုတော့ ကမ္ဘာ



အရပ်ရပ်က မောင်ရင်နဲ့ပတ်သက်ခဲ့တဲ့ ကောင်မတွေဟာ လွတ်လွတ်လပ်လပ်တွေပါလို့ ပြောနိုင်လို့လား"

"ဒါဒါ တော့ ကျွန်တော်ဘယ်သိပါ့မလဲဆရာရယ်၊ သူတို့က ပိုက်ဆံလိုချင်လို့ ကျွန်တော်နဲ့လာပြီး ပတ်သက်တဲ့ဟာပဲ ဟာကို၊ လင်ရှိသလား၊ မရှိဘူးလား မမေးမိပါဘူး"

ကိုအဏ္ဏဝါ တုန်တုန်ရင်ရင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။ ချောင်ပိတ်မိမေးခွန်းတွေကို ဖြေရခက်နေသည်။ ကိုအဏ္ဏဝါ ပြောသမျှတွေကို စာရေးက မှတ်တမ်းတင်သည်။

"မဟုတ်မမှန်ပြောဖူးသလား"

"စီးပွားဖြစ် ဖိုးတွမ်တီးရိုက်တာမျိုး မလုပ်ဖူးပါဘူး၊ သူအထင်ကြီးအောင်ကြွားတာ ဝါတာကတော့ နည်းနည်းပါးပါး ရှိတာပေါ့ဆရာရယ်"

"ဘာပဲဖြစ်ဖြစ်လေ လိမ်တာညာတာပဲ၊ အမှုကြီးတာနဲ့ သေးတာပဲကွာတယ်"

ငရဲမင်းကြီးက သူ့စာရေးကို ရေးမှတ်ရန် အချက်ပြသည်။ ကံငါးပါးမှာတစ်ပါးမှ လွတ်လွတ်ကင်းကင်းမဖြစ်သေး၍ ကိုအဏ္ဏဝါနဲ့ အမှုက အတော်ရင်လေးစရာကောင်းနေသည်။ နောက်ဆုံး ခုင်ဆိုင်ရမည့် စွဲချက်က ပိုဆိုးသည်။

"အရက်သေစာသောက်သလား"

"ဒါကတော့ဆရာရယ် ယောကျ်ားတွေဟာ အနည်းနဲ့ အများမကင်းကြပါဘူး၊ ဆရာတို့လည်း လူ့ပြည်မှာတုန်းက နည်းနည်းပါးပါး သောက်ခဲ့ကြမှာပေါ့၊ ကျွန်တော်သောက်ပါတယ်၊ သောက်ပြီး အိပ်တာပဲ၊ အရက်မူးပြီးမဟုတ်တာဘာမှ မလုပ်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျာ"

"ဒီမှာကိုယ့်လူ မေးတာကိုပဲဖြေ ဟိုလူဆွဲထည့် ဒီလူဆွဲထည့်မလုပ်ပါနဲ့"

"ယောက်ျားချင်း ကိုယ်ချင်းစာဖို့ပြောတာပါဗျာ"

"ကိုယ်ချင်းစာတယ်၊သက်ညှာတယ်၊ မလွဲသာမှ အပြစ်ပေးတယ်၊ ကံငါးပါးမမြဲရင် အဝီစိငရဲမှာ အနည်းဆုံးခုနှစ်နှစ်ပဲ၊ ဒီမှာလည်း အခက်အခဲတွေရှိလို့ လက်မခံချင်ဘူး၊ သံဒယ်အိုးကြီးတွေ မလုံလောက်ဘူး၊ ပဲဆီမတတ်နိုင်လို့ စားအုန်းဆီနဲ့ကြော်နေရတယ်၊ တာဝတိန်သာကဩော်လို့ဆိုပြီး သိကြားမင်းကငါ့ကို တယ်လီဖုန်းနဲ့ လှမ်းဟောက်တယ်၊ လုပ်ရတာ လွယ်တယ်မထင်နဲ့၊ ဖြစ်နိုင်ရင် မောင်ရင်တို့ကို အရေးမယူချင်ဘူး"

သူ့ဘက်ကကြည့်တော့လည်း ဟုတ်တာပဲဟု ကိုအဏ္ဏဝါနားလည်သွားသည်။ ကိုအဏ္ဏဝါကို ဘယ်လိုအရေးယူရမယ်ဆိုတာကို ငရဲမင်းကြီးက သူ့စာရေးနှင့် ဆွေးနွေးတိုင်ပင်နေသည်၊ ရှေ့ဖတ်စာရေးက ဥပဒေအရဆိုရင် တော့ အရေးကိုယူရမည်၊ မသိနားမလည်လို့ ကျူးလွန်ခဲ့သည့်ပြစ် မှုအသေးအဖွဲတွေဖြစ်လို့ ငရဲမင်းကြီးရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် သက်ညှာလိုက သက်ညှာလို့ရပါသည်ဟု တင်ပြသည်။ ငရဲမင်းကြီး ကမေးလက်ထောက်ပြီး စဉ်းစားနေသည်။

ကိုအဏ္ဏဝါသည် ငရဲမင်းကြီးရဲ့မျက်နှာကို သေသေချာချာကြည့်သည်။ တစ်ချိန်တစ်ခါက တစ်နေရာမှာ မြင်ဖူးသလိုလိုလည်း ထင်လာသည်။ သေသေချာချာစဉ်းစားတော့မှ သတိရလာသည်၊ အတူတွဲပြီး အရက်သောက်ဖူး တာကို မှတ်မိလာသည်။



"ဆ ဆရာ သာကေတက မဟုတ်လားဟင်"

"ဟုတ်တယ်၊ ခင်ဗျားက ဘယ်ကလဲ"

"ကျွန်တော်လည်း သာကေတသားပဲ ကိုမောင်မောင်ရဲ့ ကြက်တဲမှာ ဆရာနဲ့အတူ အရက်သောက်ဖူးတယ်၊ မှတ်မိလား မသိဘူး၊ ၁၉၇၅ ခုနှစ်လောက်ကထင်တယ်၊ ကိုကြီးမြင့်တို့ ကိုထွန်းရီတို့ပါတယ်လေ"

"ဒါကြောင့် ခင်ဗျားကိုလည်း မြင်ဖူးပါတယ်လို့ ထင်နေတာ"

"ဟုတ်ပါတယ်ဆရာ ကျွန်တော်လည်း ဆရာ့လိုပဲ သာကေတမြို့ကြီး စတည်ကတည်းက နေလာတာ ဒီနေ့အထိပါပဲ"

"အင်းကျုပ်တို့သာကေတသားချင်း ယိုင်းပင်းသက်ညှာရမှာပေါ့ဗျာ"

"ဟီး သိုင်းကျူးပါဆရာ"

ငရဲမင်းကြီးသည် သူ့စာရေးကို အမိန့်ပေးသည်။

"သူ့ကို ငရဲကိုလည်းမပို့နဲ့၊ နတ်ပြည်ကိုလည်းမပို့နဲ့၊ လောလောဆယ် လူ့ပြည်ပြန်သွားခိုင်းလိုက်၊ နောက်တစ်ခါရောက်လာမှ လိုအပ်သလိုဆုံးဖြတ်မယ် မင်းရဲ့ကွန်ပျူတာထဲက သူ့ကော့စ်ဖိုင်ကို ဟတ်ဒစ်မင်မိုရီထဲမသွင်းနဲ့ ဒီလိုလုပ်ပစ်လိုက် ကဲ ခင်ဗျားပြန်လို့ရပါပြီ"

ငရဲမင်းကြီး ထိုင်ရာမှထတော့ ကိုအဏ္ဏဝါပါ ထလိုက်သည်။ အစောင့်ငရဲသားနှစ်ယောက်က ကိုအဏ္ဏဝါကို အရင်လို မဆက်ဆံတော့ပဲ ပြုံးပြုံးရွှင်ရွှင်ဖြင့် ဂိတ်ကိုပြန်ပို့သည်။ လက်ဖက်ရည်ဖိုးတောင်းကြလို့ တစ်ယောက်ကို ၁၀ဒေါ်လာစီပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိတ်အပြင်ကိုရောက်သောအခါ ကိုအဏ္ဏဝါဝမ်းသာ၍ အားရပါးရ အော်ဟစ်ရယ်မောလိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲဟင် လေဖြတ်ပြီး မသာပေါ်တော့ မလို့လား"

မဖြူတုတ်က ကိုအဏ္ဏဝါ၏ လက်မောင်းကိုဆွဲထူ လှုပ်နှိုးနေသည်။ ကိုအဏ္ဏဝါသည် အပေါ်ထပ်က လသာဆောင်မှာ အရက်သောက်နေရင်းအိပ်ပျော်သွားခဲ့ခြင်းဖြစ်သည်။ ဝူးဝူး ဝါးဝါး အော်သံကြားလို့ အောက်ထပ်က မဖြူတုတ်က ပြေးတက်လာပြီး လှုပ်နှိုးနေခြင်းဖြစ်သည်။ မူးမူးဖြင့် အိပ်ပျော်သွားရာမှ လန့်နိုးလာသည့် ကိုအဏ္ဏဝါကတော့ ဒေသစွဲစိတ်ဆိုတာ ငရဲပြည်မှာ တောင်ရှိပါလားလို့ တွေးနေမိသည်။

ရယ်စရာ
၂၀၀၄-ဇန္နဝါရီ




www.burmeseclassic.com

www.burmeseclassic.com



# နှစ်ယောက်မရှိပါ

နာမည်တူကိစ္စမှာ ကလောင်နာမည်တူ သည့်ကိစ္စဟာ အတော်အရှင်းရခက်သလို အခံရခက်သည့် ကိစ္စလည်းဖြစ်သည်။ စာရေးဆရာ၊ ကဗျာဆရာတစ်ယောက်ဟာ မိမိရဲ့ကလောင်အမည်ကို ရွေးချယ်တော့မည်ဆိုလျှင် မိမိရွေးချယ်မည့် ကလောင်အမည် ရှိနှင့်ပြီးပြီလားဆိုတာ တိတိကျကျ သိရအောင် အချိန်ယူ လေ့လာ စုံစမ်းပြီးမှ ရွေးချယ်သင့်သည်။ မိမိအသုံးပြုမည့် ကလောင်အမည်သည် နာမည်တူမရှိ လွတ်လွတ်ကင်းကင်းဆိုတာ သေချာတော့မှသာ ကလောင်နာမည်ရွေးချယ်သင့်ပါသည်။

ကလောင်နာမည်တူကိစ္စတွေ မကြာခဏ ကြားဖူးသည်။ ဆရာမောင်ခိုင်မာ၊ ဆရာလူအောင်၊ ဆရာမင်းရွှေမင်းတို့ တောင်ကလောင်နာမည် တူပေါ်ဖူးသည်။ မင်းရွှေမင်းနှစ်ယောက် ကတော့ နှစ်ဦးသဘောတူတိုင်ပင်ပြီး မင်းရွှေမင်း (အင်းစိန်)နှင့် (တောင်ကုတ်)ဆိုပြီး ခွဲခြားလိုက်ကြသည်။ ဆရာမောင်ခိုင်မာနှင့် ဆရာလူအောင်တို့ကတော့ ဘယ်လိုပုံစံဖြင့် ဖြေရှင်းလိုက်ကြသည် မသိပါ။ ငြိမ်သွားကြပုံထောက်တော့ ပြေလည်သွားကြပြီဟု ယူဆရသည်။

ကိုအဏ္ဏဝါမှာလည်း ကလောင်နာမည်တူရှိနေသလို ကြားသိလာရသည်။ အဏ္ဏဝါစိုးမိုးဆိုလား၊ စိုးမိုးအဏ္ဏဝါဆိုလား စာရေးဆရာလိုလို၊ ရေလုပ်ငန်းကုမ္ပဏီနာမည်လိုလို တစ်ခုရှိနေသည်ဟု ပြောကြသည်။

အဏ္ဏဝါစိုးမိုးဆိုတဲ့နာမည်နဲ့ စာရေးဆရာ သို့မဟုတ် ရိုးရိုးသာမန်လူတစ်ယောက်ရှိနေသည်ဆိုလျှင်တော့ ဒီကိစ္စကိုရှင်းရတော့မည်ဖြစ်သည်။ ကိုအဏ္ဏဝါကတော့ ဒီနေ့ထိ နာမည်တူမရှိသေးဟု ထင်နေမိသည်။ သို့သော် ကိုအဏ္ဏဝါမသိသေး၍ ဖြစ်ကောင်း ဖြစ်မည်။ နာမည်တူရှိနေလျှင်တောင်မှ နောက်တစ်ယောက်သည် ရိုးရိုးသာမန်စာဖတ်ပရိတ်သတ်မျှသာဆိုလျှင် အကြောင်းမဟုတ်သော်လည်း စာရေးဆရာဆိုလျှင်တော့ ရှင်းရမည့်ပြဿနာက နှစ်ပေါင်း (၂၀)ကျော်မျှကြီးမားရှည်လျားမည်ဖြစ်သည်။

၁၉၈၀-ခုနှစ်က သင်္ဘောသားဖြစ်ရန် ရုန်းကန်လှုပ်ရှားနေသော ကိုအဏ္ဏဝါကို ဆရာနန္ဒမိတ်က ပြောသည်။

"စိုးကြီး စာရေးပါလားကွ၊ မင်းစာရေးရင် ဖြစ်မယ်"

"စာရေးတယ်ဆိုတာ ပါရမီအရာပါ၊ ကျွန်တော် ဖြစ်မှာ မဟုတ်ပါဘူး"

"မင်းမှာ ပါရမီရှိတယ်။ ငါသိတယ်။ ရှိတဲ့ပါရမီကို လေ့ကျင့်မှုနဲ့ ပေါင်းစပ်ပေးရတယ်။ ပတ်ဝန်းကျင်စေ့ဆော်မှုလည်း ပါတာပေါ့။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီတော်တွေဖြည့်ဆည်းလာခဲ့တဲ့ မြတ်စွာဘုရားတောင် ပါရမီတော်တွေအားကိုးနဲ့ ဒီအတိုင်း နေရင်ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ပါတ်ဝန်းကျင်စေ့ဆော်မှုဆိုတဲ့ နိမိတ်ကြီးလေးပါးရယ်၊ လေ့ကျင့်မှုဆိုတဲ့ ဒုက္ကရစရိယာခြောက်နှစ်ရယ်ပေါင်းစပ်လိုက်တဲ့ အခါ ဘုရားဖြစ်သွားတာပဲ၊ မင်းကပါရမီရှိပေမယ့် မကြိုးစားတဲ့အတွက် ဘာမှဖြစ်မလာဘူး၊ ပါတ်ဝန်းကျင်စေ့ဆော်မှု အနေနဲ့ ငါကရေးခိုင်းနေပြီပဲ၊ မင်းဘက်က လေ့ကျင့်ကြိုးစားဖို့ပဲ လိုတော့တယ်"။

ဆရာနန္ဒမိတ်သည် မူဆလင်ဘာသာကိုးကွယ်သူဖြစ်သည်။ မူဆလင်ဆရာက ဘုန်းကြီးကျောင်းသား ကိုအဏ္ဏဝါကို

www.burmeseclassic.com

www.burmeseclassic.com



တရားပြပြီးနားချနေခြင်းဖြစ်သည်။

"ကျွန်တော် စာရေးတော့ ဘယ်သူကသုံးမှာလဲ"

"ငါသုံးမယ်၊ ငါ့ကိုပေး"

အဲဒီတုန်းက ဆရာနန္ဒမိတ်သည် စစ်ပြန်မဂ္ဂဇင်းမှာ တာဝန်ခံအယ်ဒီတာဝင်လုပ်နေသည်။ ဒီလိုဖြင့် ကိုအဏ္ဏဝါစာရေးချင်စိတ်ပေါက်လာသည်။ စာရေးတော့မည်ဆိုတော့ ကလောင်နာမည်ရွေးချယ်ရတော့သည်။ ကိုအဏ္ဏဝါသည် တပ်မတော်(ရေတပ်) အငြိမ်းစားဖြစ်လို့ အဏ္ဏဝါဆိုသည့် စကားလုံးအလွန်သဘောကျသည်။ သမီးငယ်နာမည်က စိုးမိုးဖြစ် (အဏ္ဏဝါစိုးမိုး) ဟု ကလောင်နာမည်ကိုရွေးချယ်လိုက်ပါသည် တစ်ချိန်တစ်ခါမှာ သင်္ဘောသားဖြစ်ပါက အဏ္ဏဝါကြီးစိုးမိုးနိုင်ကောင်း ရဲ့ဆိုသည်ရည်ရွယ်ချက်လည်းပါသည်။ စာလောကမှာ အနေကြာလို့ စာရေးဆရာတိုင်းကိုသိသည့် ဆရာမိတ်ကို မေးစမ်းကြည့်သည်။

"ဆရာ့တို့ စာရေးဆရာလောကမှာ ဒီနာမည်မျိုးရှိသလား ဆရာ"

"မကြားဖူးဘူးကွ"

ဆရာနန္ဒမိတ်ကလည်း မကြားဖူးဘူးဟုဆိုသည် မိမိကိုယ်တိုင်လည်း မကြားဖူးသည့်အတွက်(အဏ္ဏဝါစိုးမိုး)ဆို နာမည်ကို ၁၉၈၀-ခုနှစ်မှာ ရွေးချယ်ခဲ့ပါသည်။ ထိုနှစ်မှာ စပြီးရေးပါသည်။ ဆရာနန္ဒမိတ်နှင့် ဆရာအောင်သာမိုး အယ်ဒီတာလုပ်နေကြသည့် စစ်ပြန်မဂ္ဂဇင်းမှာ ဝတ္ထုတိုတွေ ခြင်းခံရသည်။

စစ်ပြန်မဂ္ဂဇင်းမှအပဖြစ်သော တစ်ခြားမဂ္ဂဇင်းတွေ စာမူပို့ကြည့်သည်။ ဒီကလောင်နာမည်ကြားတောင်မကြားဖူး



သည်အားနာပါးနာလက်ခံထားလိုက်ကြသည်။ သုံးလလောက်ကြာပြီးသွားမေးသောအခါ မဖတ်ရသေးဟုပြောသည်။ ခြောက်လလောက်ကြာပြီးမှ သွားမေးသောအခါ မကြိုက်၍ပယ်ထားတာတွေ့ရသဖြင့် ပြန်ယူခဲ့ရသည်။

ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်ကတော့ ဝတ္ထုတိုတွေများနေလို့ လက်မခံနိုင်သေးပါဟုဆိုသည်။ ဆရာကြီးလင်းယုန်မောင်မောင်၏အကူအညီဖြင့် သွားပေးတော့မှ အားနာပါးနာလက်ခံထားလိုက်သည်။ ကိုအဏ္ဏဝါသင်္ဘောတက်ရန် နိုင်ငံခြားကိုထွက်သွားသည်။ တစ်နှစ်ကျော်ပြီးမှ မြန်မာပြည်ကို ပြန်ရောက်လာသည်။ အဆိုပါမဂ္ဂဇင်းတိုက်ကို သွားမေးတော့ စာမူပျောက်နေတာတွေ့ရသည်။ သူတို့ဆီမှာမှတ်တမ်းမရှိဟုဆိုသည်။

ကိုအဏ္ဏဝါစိတ်ဓါတ်ကျလာ၍ ဘယ်ကိုမှမပို့တော့ဘဲ ရေးပြီးသားစာမူတွေကို စုပုံထားလိုက်တော့သည်။ ဝတ္ထုတိုနှင့် ဆောင်းပါးအပုဒ်(၂၀)ခန့်ကို ဆရာကြီးလင်းယုန်မောင်မောင် ယူသွားသည်။ သူအယ်ဒီတာလုပ်နေသည့် လုံမလေးမဂ္ဂဇင်းမှာ သုံးတာတွေ့ရသည်။ သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်းမှာ သုံးတာလည်းတွေ့ရသည်။ တစ်ချို့တစ်ဝက်ကတော့ ဘယ်ရောက်သွားသည်မသိ အစအနပျောက်သွားသည်။ သူပို့ထားသည်ဆိုတဲ့ နေရာတွေကိုသူနှင့်အတူ သွားကြသည်။ မဂ္ဂဇင်းတိုက်ပြောင်းသွား တိုက်ပျက်သွားပြီစသည်ဖြင့် သိခဲ့ရသည်။

စာရေးဆရာအဖြစ်ကလောင်နာမည်တစ်ခုရဖို့အတွက် ရှည်လများ ကျားကုတ်ကျားခဲကြိုးစားလာခဲ့ရသည်။ နှစ်ပေါင်း ဆယ်ကျော်ကြာပြီးမှ နာမည်တူရှိနေသလိုလိုကြားသိရသောအခါ စိတ်ဓါတ်ကျသွားရသည်။ အဏ္ဏဝါစိုးမိုးဆိုလား စိုးမိုးအဏ္ဏဝါဆိုလား မသေမချာ မရေမရာဖြစ်နေသည်။ စာရေးဆရာနာမည်

www.burmeseclassic.com

www.burmeseclassic.com



လား၊ ရေလုပ်ငန်းကုမ္ပဏီလား ဆိုတာကိုပါသိရအောင်စုံစမ်းရဦးမည်ဖြစ်သည်။

စုံစမ်းနေဆဲမှာပဲ သာကေတမြို့က သတင်းတစ်ခုကြားသိရသည်။ ၁-ရပ်ကွက်၊ အနော်မာလမ်းထဲက အိမ်တစ်အိမ်ကို သူခိုးကပ်သည်။ အိမ်ရှင်အဖိုးကြီးက မသ်ကာလိုထကြည့်တော့ သူခိုးကအိမ်နောက်ဖေးပေါက်က ခုန်ဆင်းပြေးသည်။ သူခိုးသူခိုး လို့အော်လိုက်တော့ သူခိုးက ရပ်ကွက်ထဲက လူတွေကြားအောင် အော်ပြောသွားသည်။

"အဏ္ဏဝါစိုးမိုးဆိုတာ သဘော်သားကွ"

အိမ်ရှင်အဘိုးကြီးဟွေဝေသွားသည်။ သူ့အိမ်ပေါ်တက်သည့် သူခိုးသည် သင်္ဘောသားဆိုသည့်အတွက် သူ့သမီးအပျိုမကို မသ်ကာဖြစ်လာသည်။ သူ့သမီးနှင့်ပတ်သက်နေသည့် သူခိုးဖြစ်ရမည်ဟုတွေးမိသည်။ ငှက်မသိလို့ ဆက်ရက်(စုရက်) ကိုချိုးထင်မိလေသလား၊ ချက်မသိလို့ သားမက်ကို သူခိုးထင်မိပြီလား စဉ်းစားရတော့သည်။ သို့သော် အဏ္ဏဝါစိုးမိုးဆိုတာကြီးက ပါနေပြန်ပြီသည်။ ဘာကောင်ပါလိမ့်ဟုတွေးနေသည်။

ဘာကောင်ဖြစ်ဖြစ်၊ သင်္ဘောသားဆိုလျှင် လက်ခံနိုင်သည်။ သမီးနှင့်ရည်ငံပတ်သက်နေသည်ဆိုလျှင်တောင် သဘောတူခွင့်ပြုမည်ဟုတွေးမိပြန်သည်။ ဘာပဲဖြစ်ဖြစ် ပိုင်နက်ကျူးလွန်ဝင်ရောက်မှုဖြစ်နေ၍ သက်ဆိုင်ရာကမေးလား စမ်းလားလုပ်လာလျှင် သဲလွန်စကို ချပြရတော့မည်ဖြစ်သည်။ သင်္ဘောသားဆိုတာကတော့ ဟုတ်ပါပြီ၊ အဏ္ဏဝါစိုးမိုးဆိုတာကြီးက ဘာကြီးမှန်းမသိဖြစ်နေသည်။ စက်လှေနာမည်လား၊ မော်တော်နာမည်လား၊ မြစ်ဝကျွန်းပေါ်သွားသည့် နှစ်ထပ်သင်္ဘောနာမည်လား၊ ကွဲကွဲပြားပြား မသိရသေး၍ စိတ်ညစ်နေသည်။



အခင်းဖြစ်ပွားသည့်နေရာကလည်း ၇-ရပ်ကွက်က ကိုအဏ္ဏဝါနေထိုင်ရာ ခိုင်ရွှေဝါလမ်းနှင့်မလှမ်းမကမ်းမှာ ဖြစ်နေ၍ သက်ဆိုင်ရာက ကိုအဏ္ဏဝါကိုခေါ်ယူစစ်မေးသည်။ ပိုင်နက်ကျူးလွန်မှု၊ ဖောက်ထွင်းဝင်ရောက်မှု၊ ခိုးရန်ကြံစည်မှု တို့ဖြင့် သံသယအဖြစ်ခံရသည့် တရားခံ ကိုအဏ္ဏဝါက စစ်ဆေးခံရန် ကိုယ်ပိုင်ဆလွန်းကားကြီးစီးပြီး ရောက်လာသည်။

တာဝန်ရှိသူတွေ တွေဝေသွားကြသည်။ သံသယအဖြစ်ခံရသူသည် ကိုယ်ပိုင်ဆလွန်းကားစီးနိုင်သူ သင်္ဘောသား စာရေးဆရာဖြစ်နေသည်။ ပိုင်နက်ကျူးကျော်ဝင်ရောက်ခံရပါသည်ဆိုသည့်အိမ်သည် ဝါးထရံကာ၊ မနီမိုးအိမ်ငယ်ကလေးမျှသာဖြစ်သည်။ ခိုးချင်စရာပစ္စည်းဆိုလို့တီဗွီလိုဟာမျိုးရှိဖို့မပြောနှင့် ရေနွေးအိုးတောင် နူတ်သီးကျိုးနေသည်။ ဒီလိုအိမ်မျိုးကို အဏ္ဏဝါစိုးမိုးဆိုတဲ့ သင်္ဘောသားစာရေးဆရာက ဝင်ခိုးဖို့ကြိုးစားတယ်ဆိုတာ မဖြစ်နိုင်ဘူးဟု တညီတညွတ်တည်း သဘောတူဆုံးဖြတ်ကြသည်။

တရားလိုအိမ်ရှင်အဖိုးကြီးက သူ့သမီးအပျိုကို မသင်္ကာဖြစ်ပြီးစစ်မေးတော့မှ အမှုမှန်ပေါ်လာသည်။ သူ့ချစ်သူရည်းစားတင်သောင်းနှင့် အိပ်ခန်းတွင်းမှာ ချိန်းတွေ့နေကြစဉ် သူ့အဖေနိုးသွားလို့ တင်သောင်းက အိမ်ပေါ်ကဆင်းပြေးသွားတာဖြစ်ကြောင်းထွက်ဆိုဝန်ခံသည်။

တင်သောင်းဆိုတော့ ဘယ်သူများလဲအောင့်မေ့ပါတယ်။ စက်စသသတ်တော့ကိုအဏ္ဏဝါ၏တပည့်၊ ဘော်ဒါ၊ သောက်ဖော်စားဖက်၊ ကိုအဏ္ဏဝါ ဘာညာဘာညာအလိုရှိလျှင် ရှာပေးနေသည့် ကြားသမားတင်သောင်းဖြစ်နေသည်။ ကိုအဏ္ဏဝါရေချိန်လွန်သွားလို့ကားမမောင်းနိုင် လမ်းမလျှောက်နိုင်ဖြစ်သွားပြီဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုက္ကားဖြင့် အိမ်ပြန်ပို့ပေးရသူဖြစ်သည်။

၇-ရပ်ကွက်ဈေးထိပ်က ဆိုက္ကားဂိတ်မှာ ဂိတ်စောင့်နေသည့် တင်သောင်းကိုသွားခေါ်ပြီးစစ်မေးတော့ဝန်ခံသည်။ မိမိဟာ တင်သောင်းပါလို့မအော်ဘဲ ဘာကြောင့်အဏ္ဏဝါစိုးမိုးလို့အော်တာလဲလို့မေးကြည့်သည်။ တင်သောင်း၏အဖြေကရှင်းသည်။

"အော်တာမဟုတ်ပါဘူး၊ အဏ္ဏဝါစိုးမိုးဆိုတာ သင်္ဘောသားလို့ ရက်ကွက်ထဲကလူတွေသိအောင်ပြောခဲ့တာပါ"

တင်သောင်းသည် ကိုအဏ္ဏဝါကို ချစ်ခင်ရိုသာမက လေးစားသူလည်းဖြစ်သည်။ သူ့ဆရာကို ကြော်ငြာချင်တာလည်း ပါသည်။ သာကေတ တစ်မြို့လုံးက ကိုအဏ္ဏဝါကိုစာရေးဆရာဆိုတာရော၊ သင်္ဘောသားဖြစ်တယ်ဆိုတာကိုပါ မသိကြ၍ တင်သောင်းက အားမလိုအားမရဖြစ်နေဟန်တူသည်။ အခုလိုအခွင့်သာခိုက်မှာ သူ့ဆရာနာမည်ကိုသုံးလိုက်ခြင်းဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် ရည်ရွယ်ဟန်တူသည်။ သူ့ဆရာ ကိုအဏ္ဏဝါလည်းနာမည်ကြီးစေ သူ့နောက်ကိုဝိုင်းလိုက်ကြမည့် သူခိုးဖမ်းသူတွေလည်း တွေ့ေ တုံ့ဆိုင်းသွားစေလိုသည့် ဆန္ဒဖြင့် ရည်ရွယ်တာဖြစ်မည်။

တာဝန်ရှိသူတွေနှင့် ရက်ကွက်သူ ရပ်ကွက်သားတွေ ကတော့ အဏ္ဏဝါစိုးမိုးဆိုတာ နှစ်ယောက်မရှိဘူးဆိုတာကို ယုံကြည် လက်ခံသွားသည့်အတွက် ကိုအဏ္ဏဝါကျေနပ်သည်။

သော်တာ
၂၀၀၄-ဇန္နဝါရီ



သူ့အိုကိုယ်နာ

www.burmeseclassic.com

www.burmeseclassic.com

# သူအိုကိုယ်နာ

မုခမဂ္ဂဇင်း အယ်ဒီတာချုပ်ထံမှ မုခမဂ္ဂဇင်းနှစ်ပါတ်လည် အထူးထုတ်တစ်အုပ်လက်ဆောင်ရသည်။ အယ်ဒီတာချုပ်၏ (အယ်ဒီတာ့စကား) ကို ဖတ်ကြည့်သည်။ တစ်ခါက အလှပိုင်ရှင် ဖက်ရှင်မိခင်ကြီးလို့တင်စားခြင်းခံခဲ့ရသည့် အယ်ဒီတာချုပ်မမသည် သံဝေဂစာတွေကို ရေးထားတာတွေ့ရသည်။

'ကျွန်မ၏ ယခင်နုပျိုခြင်းကို အချိန်က ဝါးမျိုခဲ့ပါပြီ။'

အချိန်ဆိုတာ အသက်ကြီးလာခြင်းကို ဆိုလိုတာဖြစ်သည်။ မှန်ပါသည်။ အချိန်သည် အယ်ဒီတာမမကိုသာမက လူတိုင်းကိုဝါးမျိုနေသည်။ နုငယ်ရုပ်ဆင်းပျိုမျစ်ခြင်းကား အိုမင်းနောက်ဆုံးရှိချေ၏လို့ ဆိုရိုးရှိသည်။ သတ္တဝါရယ်လို့ဖြစ်လာလျှင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ မွေး၊ အို၊ နာ၊ သေ၊ ဖန်တရာတေ ဝဲသြဂသံသရာမှာနိဗ္ဗာန်မရမီစပ်ကြား ဘဝများစွာကြင်လည်နေကြဦးမှာ



ဖြစ်သည်။

မုခအယ်ဒီတာချုပ်က အယ်ဒီတာ့စကား တစ်နေရာမှာ (ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီးလေးပါးဖြစ်သော သူအို၊ သူနာ၊ သူသေ၊ ရဟန်း တို့ကို မြင်ပြီးတောထွက်၍ တရားကျင့်ပြီးမှ မြတ်ဗုဒ္ဓအဖြစ်ကို ရောက်ရှိခဲ့သည်) ဟု အဘိဓာသုတ်ကို ကိုးကားပြီး တင်ပြထားသည်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဖြည့်ဆည်းလာခဲ့သည့် ဘုရားအလောင်းတော်ကတော့ နိမိတ်ကြီးလေးပါးကို မြင်ကာမျှ ဖြင့် တရားသံဝေဂရပြီး တောထွက်ခဲ့သည်။ ပါရမီနုနယ်နည်းပါး သည့် ကျွန်တော်ကတော့ သူအိုနေတာကို မြင်ရတော့ ကိုယ်နာနေတာကိုတောင် မေ့သွားပြီး သူ့အနားက ထွက်ပြေးခဲ့ပါသည်။ သူ့ကို စတင်မြင်ဖူးသည့် လွန်ခဲ့သည့်နှစ်ပေါင်း (၄၀) လောက်က ရုပ်ဆင်းရူပါနဲ့ အခုမြင်တွေ့ရသည့် ပုံပန်းသဏ္ဌာန်တို့က ကြောက်စရာကောင်းလောက်အောင် ကွာခြားနေပါရော့လားဟု တွေးမိသည်။ နှစ်ပေါင်းလေးဆယ်ဆိုသည့်အချိန်က သူ့အလှတွေကို ဝါးမျိုလေပြီဟု သိလိုက်ပါသည်။ သူဆိုတာ မုခအယ်ဒီတာချုပ် မမကိုဆိုလိုတာမဟုတ်ပါ။ ကျွန်တော်ငယ်ငယ်က တစ်ဘက်သတ်စွဲလမ်းခဲ့သည့် ရုပ်ရှင်မင်းသမီး မမကြီးတစ်ယောက်ကိုဆိုလိုတာဖြစ်ပါသည်။

ကျွန်တော်သည် အကြောတွေဆိုင်းလာပြီး အောက်ပိုင်းသေချင်သလိုဖြစ်လာသည်။ ကျွမ်းကျင်သည့် သမားတော်နှင့်ပြသည်။ သမားတော်က ကျောနပ်အောင်စမ်းသပ်ပြီးသောအခါ ကိုယ်လက်လှုပ်ရှားမှုနည်းလို့ အညောင်းခံလွန်းလို့ဖြစ်တာဟု ဆို

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်နေ့ကို အနည်းဆုံး တစ်နာရီ ကိုယ်လက်လှုပ်ရှားမှု လုပ်ရန် သို့မဟုတ် လမ်းလျှောက်ရန် ညွှန်ကြားပါသည်။

ကျွန်တော်သည် လမ်းလျှောက်ရန်အလွန်ပျင်းသည်။ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းပြုလုပ်ရမည့်အချိန်ကို အလွန်နှမြောသည်။ အဲဒီအချိန်တွေကို စာဖတ်ခြင်း၊ စာရေးခြင်း တခြားလုပ်စရာရှိသည့်အလုပ်တွေကို လုပ်ခြင်းဖြင့် ကုန်လွန်စေချင်သည်။ အသက်ကြီးလာသည့်အခါ လမ်းလျှောက်ဖို့လိုတယ်ဆိုတာကို သိပါလျက်နဲ့ မလျှောက်ဘဲ နေခဲ့ခြင်းဖြစ်သည်။

ကျွန်တော်သာ လမ်းမလျှောက်သော်လည်း ကျွန်တော့် အပေါင်းအသင်းတွေလမ်းလျှောက်ကြသည်။ သုဝဏ္ဏကစားကွင်းကိုသွားကြပြီး ကိုယ်လက်၏လှုပ်ရှားနည်းမျိုးစုံလုပ်နေကြသည်။ သူတို့ဆီက သတင်းစကားတစ်ခုကိုကြားရသည်။ အသက်ခြောက်ဆယ်ကျော် နေပြီဖြစ်သည့် နိုင်ငံကျော်ရုပ်ရှင်မင်းသမီးကြီးတစ်ယောက်သည် သုဝဏ္ဏကစားကွင်းမှာလာပြီး နေ့စဉ်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများလုပ်နေသည်ဆိုသည့်သတင်းဖြစ်သည်။

ဒီသတင်းစကားကိုကြားတော့ ကျွန်တော်စိတ်လှုပ်ရှားသွားသည်။ ရုပ်ရှင်မင်းသမီးကြီးကိုကြည့်ချင်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း လေးဆယ်လောက်ကသူ့ကိုမြင်လျှင် ကျွန်တော်ရင်ခုန်ခဲ့တာကို ပြန်လည်အမှတ်ရလာသည်။ အခုမြင်လျှင် ရင်ခုန်ပါဦးမလားဆိုတာသိချင်လို့ သူ့ကိုကြည့်ချင်သည်။ သူ့ကိုစတင်မြင်ဖူးသည့်အချိန်က သူ့အသက်လည်း နှစ်ဆယ်ကျော်၊ ကိုယ့်အသက်ကလည်း နှစ်ဆယ်ကျော်ဖြစ်လို့ သူ့အလှ သူ့မှုခကို ကိုယ်ကကြည့်မော ရှုမဝဖြစ်ခဲ့တာကို သတိရလာသည်။

သူသည် ရုပ်ရှင်မင်းသမီးဖြစ်မီက အဆိုတော်တွေဘဝမှာ



သူ့ကိုစတင်မြင်ဖူးခြင်းဖြစ်သည်။ ပျိုမျစ်နုငယ်လှသွေးကြွယ်၍ အချိုးအဆစ်ပြေပြစ်သော ကိုယ်ခန္ဓာနှင့် ပြုံးလိုက်ရယ်လိုက်လျှင် စုံစေခဲ့ပါသည်။ သီတင်းကျွတ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်တွေမှာ ကျင်းပသည့် ဘားမားစတိတ်၊ ဂိုးဖလိပ်၊ ရွှေကျီးနိုင်လွန်၊ ဟံသာအေးနိုင်လွန်ကုမ္ပဏီတွေရဲ့ အဆိုအက စင်မြင့်တွေပေါ်မှာ သူ့အလှကို စတင်မြင်ဖူးခြင်းဖြစ်သည်။

အဆိုတော်ဘဝအစမို့ အခုလိုမရင့်ကျက်သေးသည့်ဘဝမှာ တက်ကြွသည့် သူ့အသံလေး လွင်လွင်စူးရှနှင့် သူ့အလှတို့ပေါင်းစပ်လိုက်သောအခါ စင်အောက်က နားထောင်ရင်း ငေးမောကြည့်ရှုနေသည့်ကျွန်တော် အသက်ရှုဖို့ပင်မေ့နေခဲ့ပါသည်။ လှလိုက်တဲ့မိန်းကလေးရယ် ဘယ်ဘဝကဆုတောင်းတွေကောင်းခဲ့လို့အခုလောက်တောင်လှနေတာလဲကွယ်ဟု တီးတိုးနေရွတ်နေမိသည်။ ဒီမိန်းကလေးမျိုးနဲ့ဘဝကြင်ဖော် အဖြစ်လက်တွဲခွင့်သာရခဲ့မည်ဆိုလျှင် ဘဝမှာ ကံအကောင်းဆုံးလူသားဖြစ်နိုင်သည်။ အရာရာတိုင်းကို စွန့်လွှတ်ပြီး သူ့အလှရဲ့ကျေးကျွန်အဖြစ်ဖြင့် အသက်ကိုပင်ပေးအပ်၍ သူလိုရာမှာသုံးစေတော့ ငါကျေနပ်တော့မည်ဟုစိတ်ကူးမိသည်။

သာမန်ရေဒီယိုအဆိုတော်ဘဝမှ လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြားသည့် ရုပ်ရှင်မင်းသမီးဖြစ်လာသောအခါမှာလည်းသူပါဝင်သရုပ်ဆောင်သည့် ရုပ်ရှင်ဇာတ်ကားတွေကို မလွှတ်တမ်းကြည့်ခဲ့သည်။ သူ့ရဲ့အနုပညာကိုကြည့်တာမဟုတ်၊ သူ့ရဲ့အလှကို ကြည့်မဝနိုင်လို့သူပါဝင်ထားသည့် ဇာတ်ကားတိုင်းကိုကြည့်ခဲ့သည်၊ အောင်မြင်ကျော်ကြားနေတဲ့သူ့အလှနဲ့ ဆုတ်ယုတ်ကျဆင်းနေတဲ့ကိုယ့်ဘဝတို့က မိုးနဲ့မြေလိုအလှမ်းကွာ

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ပြီဆိုတာကို နားလည်လိုက်သည်။ သူ့ဘဝကြွင်းဖေါ်အဖြစ် ရွေးချယ်ခြင်းခံလိုက်ရသည့် ယောက်ျား သည် ကံကောင်းလေစွဟု မုဒိတာပွားမိပါသည်။

သူ့ကိုတကြော့ပြန်မြင်ချင်တွေ့ချင်သည်။ သူ့ရဲအလှကို ကြည့်ပြီးငယ်ဝေဒနာကို ပြန်လည်ခံစားကြည့်ချင်သည်။ နေ့စဉ် သူလာတဲ့ သုဝဏ္ဏအားကစားကွင်းကိုသွားပြီး ကျန်းမာရေးလေ့ကျင့် ခန်းလုပ်မည်။ လမ်းလျှောက်မည်ဟုဆုံးဖြတ်လိုက်သည်။ မိမိခံစား နေရတဲ့ရောဂါဝေဒနာသက်သာပျောက်ကင်းအောင် ဆရာဝန်ညွှန် ကြားသည့်အတိုင်း လမ်းလျှောက်ရန်အတွက်ချည်းမဟုတ်၊ မိမိက တစ်ဘက်သတ်စွဲလမ်းခဲ့ရသည့် ရုပ်ရှင်မင်းသမီးကြီးကို ကြည့်ချင်လို့ ဖြစ်သည်။

နံက်စောစောနှင်းမှုန်တွေကြားမှာ သုဝဏ္ဏအားကစား ကွင်းကိုပါတ်ပြေးနေသူ၊ ပါတ်လျှောက်နေသူတွေကြားမှာ သူ့ကိုရှာ သည်။ နှင်းမှုန်တွေကွဲသွားလို့ လင်းအားကောင်းလာသောအခါ ပရိတ်သတ်တစ်ချို့ဝိုင်းအုံနေတဲ့ တစ်နေရာမှာသူ့ကိုတွေ့ပါသည်။ အဆီကျအသားစစ်အောင်ခါးသေးရင်ချီအောင်လေ့ကျင့်ခန်းလုပ် နေသောရုပ်ရှင်မင်းသမီး ဝဝတုတ်တုတ်ကြီးကိုတွေ့ပါသည်။ သူ့ရုပ် ကိုကြည့်ပြီး ကျွန်တော်တုန်လှုပ်သွားပါသည်။

သူ့တစ်ကိုယ်လုံးမှာ အဆီတွေများပြီး အသားတွေ ကလည်း တအားပိုနေသည်။ မျက်နှာကြီးပြဲပြီး မျက်လုံးတွေပိတ် လုနီးပါးဖြစ်နေသည်။ ဂုတ်ပိုးကြီးတက်နေသည်။ ပခုံးသားတွေမို့ မောက်နေသည်။ ပါးတွေစုဖောင်းနေသည်။ လက်မောင်းကြီးတွေ နှင့်ခြေသလုံးကြီးတွေရှယ်တူဖြစ်နေသည်။ ခါး၊ တင်၊ ရင်တို့သည်



တိုင်ကီလိုတဖြောင့်တည်းဖြစ်နေသည်။ ကိုယ်အလေးချိန်ပေါင် နှစ်ရာလောက်တောင်ရှိမည်ဟုထင်ရသည်။ မူလအလှအပတွေထဲ ကလက်ကျန်ဆိုလို့ သူ့ကိုဝိုင်းအုံကြည့်နေသူတွေကို ပြုံးပြလိုက်တိုင်း ပေါ်လာတတ်သည့် ပါးချိုင့်လေးနှစ်ခုသာကျန်တော့သည်။

"သဗ္ဗေသင်္ခါရအနိစ္စ၊ ယဒါပညာယပဿတိလို့ ဘုရားဟော ခဲ့တယ်၊ ဘယ်အရာမှမမြဲဘူးဆိုတာကို ဉာဏ်မျက်စိနဲ့ရှုကြည့်မှ မြင်နိုင်တယ်လို့ဆိုတာပဲ"

ကျွန်စိတ်ထဲကပြောနေမိသည်။ အော်အခုတော့လည်း သူ့အလှဟာ ငါကိုရင်ခုန်ယစ်မူးအောင်မဆွဲဆောင်နိုင်တော့ပါလား ဟုတွေးမိပြီး သုဝဏ္ဏကွင်းမှ ပြေးထွက်ခဲ့ပါတော့သည်။

FACES မဂ္ဂဇင်း
အမှတ်-၂၃၊၂၀၀၄-ဖေဖေါ်ဝါရီ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တို့ရွာကမဏိစန္ဒာ

BURMESE CLASSIC

အခုတလောမှာ ဟိုကလည်း မဏိစန္ဒာ၊ ဒီကလည်း မဏိစန္ဒာ၊ လက်ဖက်ရည်ဆိုင်ကလည်း မဏိစန္ဒာ၊ ကာရာအိုကေကလည်း မဏိစန္ဒာဖြစ်နေတော့ ဟိုလွန်ခဲ့သည့်နှစ်ပေါင်း ငါးဆယ်ကျွန်တော် ဆယ်နှစ်သားအရွယ်လောက်မှာ ဖြစ်ပျက်ခဲ့သည့် ကျွန်တော့်အစ်မ မခင်အေးနှင့် ယောက်ဖကြီး ကိုလှဖေတို့ကို ပြန်လည်အမှတ်ရလာသည်။

ယောက်ဖကြီးကိုလှဖေနှင့် ကျွန်တော့်အစ်မ တစ်ဝမ်းကွဲ မခင်အေးတို့ကို လူကြီးချင်း ဘဘောတူပြီး လက်ထပ် ပေးစားလိုက်သည်။ မခင်အေးက တစ်ခုလပ်။ တစ်လင်ကွာဖြစ်သည်။ ကိုလှဖေက ရဟန်းငါးဝါရလူ့ပျံတော် လူပျိုကြီးဖြစ်သည်။ ရဟန်း လူထွက် ပီပီ ရိုးသည်။ သဘောကောင်းသည်။ တစ်ခုလပ် မခင်အေးကို မြတ်မြတ်နိုးနိုးပေါင်းသည်။ မခင်အေး ကလည်း ပထမအိမ်ထောင်နဲ့ ကလေးမရခဲ့သည့် အတွက် အချိုး အဆစ်ပြေပြစ်သည်။



ဖု ထစ်ထစ်တွေက နဂိုအတိုင်း ကျန်နေ သေးသည့် ညိုချောဖြစ်သည်။ ကိုလှဖေကသူ့မယားကို အလွန်ချစ် သည်ဟု ပြောကြသည်။

မခင်အေးသည် ကိန္နရီချောင်းရွာမှာ ကွမ်းတောင်ကိုင်အဆင့်ဝင် အပျိုဖြစ်ခဲ့သည်။ ကိန္နရီချောင်းရွာမှာ မခင်အေးစုပါဖြစ်နေစဉ် မြို့ကရောက်လာသော ကျောင်းဆရာယောင်ယောင်၊ ဒေါက်တာရမ်း ကုယောင်ယောင် ကျော်လွင်ဆိုသူနှင့် လိုက်ပြေးခဲ့သည်။ မြို့သားကျော်လွင်ရဲ့နောက်ကို လိုက်ပြေးပြီး သုံးလလောက်အကြာမှာ ရွာကို ပြန်ရောက်လာသည်။ ကျော်လွင်မပါဘဲ သူတစ်ယောက်တည်း ပြန်ရောက်လာခြင်းဖြစ်သည်။ ကျော်လွင်ရဲ့မယားကြီး နဲ့သတ်ပုတ်ကြပြီး ကျော်လွင်ရဲ့ဆွေမျိုးတွေက ဝိုင်းရိုက်မယ်ဆိုလို့ ပြန်ပြေးလာခြင်းဖြစ်သည်။ ရွာပြန်ရောက်ပြီး ခြောက်လလောက်အကြာမှာ သဖန်းကုန်းရွာက ကိုလှဖေနဲ့ လက်သိပ်ထိုးပေးစားလိုက်ရခြင်းဖြစ်သည်။ ရဟန်းလူထွက် လူရိုးကြီး ကိုလှဖေက အပျိုမဟုတ်ဘူးဆိုတာ သိလျက်နဲ့ ချစ်လို့ယူတာဆိုပြီး လက်ထပ်ယူခဲ့ခြင်းဖြစ်သည်။

ကိုလှဖေရဲ့မိဘတွေက သဖန်းကုန်းရွာမှာ စပါးငါးရာကျက်လယ်နဲ့ ဆေးရွက်ကြီး အပါအဝင် သီးနှံစုံစိုက်လို့ရသည့် ကိုင်းကျွပိုင်ဆိုင်သည့် မြေပိုင်ရှင်သူဌေးတွေဖြစ်သည်။ ရွှေနဲ့ငွေနဲ့ လှည်းနွားနဲ့ဆိုတော့ မခင်အေးတို့ထက် အဘက်ဘက်က သာသည်။ ကိုလှဖေသည်တစ်ဦးတည်းသောသားကြီး ဖြစ်သည်။ ကိုလှဖေအောက် ကညီမတွေကလည်း ကိုလှဖေကိုအလွန်ချစ်ကြသည်။ ကိုလှဖေ အိမ်ထောင်ကျတော့ ယောင်းမတော်လာသည့်မခင်အေး

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သဖန်းကုန်းရွာမှာ ပျော်အောင် အလိုလိုက်ကြသည်။ မိသားစုပိုင် ရွှေတွေကို သူတို့တောင် မဝတ်ရက်လို့ သိမ်းထားရာမှ မခင်အေး ကို ပေးဝတ်စေသည်။

ကိုလှဖေက မယားကိုချစ်လွန်းလို့ ဝအောင်ကျွေးသည်။ လှအောင်ဆင်သည်။ သူကိုယ်တိုင်ကတော့ အကျီကိုယ်ကျွတ်ဖြင့် ဆေးတံကြီးခဲပြီး လုံချည်ကို တိုတိုဝတ်သည်။ မိုးမလင်းခင်လယ်ထဲ ဆင်းသည်။ ကျွဲတွေနွားတွေနှင့်အတူ ကုန်းရုန်းပြီး လယ်ထွန်သည်။ ကိုင်းထွန်သည်။ ညနေမိုးချုပ်တော့မှ နွားစာမြက်ထုပ်ကြီးကိုရွက်ပြီး ဆေးတံကြီးခဲကာ ပြန်ရောက်လာသည်။ နေပူမရှောင်၊ မိုးရွာမရှောင် တစ်နေကုန် ရွှံ့နွံထဲမှာ အလုပ်လုပ်သူမို့ သူကိုယ်က နေလောင်စော်၊ ရွှံ့နွံစော်နံနေသည်။ ဆေးတံသောက်သည့်အတွက် ပါးစပ်ကလည်း ဆေးဆီအနံ့နံသည်။ မခင်အေးက အမွှေးအကြိုင် ကြိုက်သူဖြစ်လို့ ကိုလှဖေရဲ့အနံ့တွေကို မခံနိုင်ဖြစ်နေသည်။

မခင်အေးကတော့ မနက်အိပ်ရာကထတာနဲ့ သနပ်ခါး ကိုခြေဆုံးခေါင်းဆုံးလိမ်းသည်။ သင်းကြူကြူမျက်နှာချေ ပေါင်ဒါ ကို ဖွေးနေအောင်လိမ်းသည်။ နှုတ်ခမ်းနီရဲနေအောင်ဆိုးသည်။ ကိုလှဖေကလည်း သူ့မယားကို အဲဒီလိုမြင်ရမှ သဘောကျသည်။ လယ်ထဲကိုင်းထဲက မောမောနဲ့ ပြန်လာချိန်မှာ သူ့မိန်းမကိုမြင်လိုက် ရလျှင် အမောပြေသွားသည်ဟု ဆိုသည်။ ကိုလှဖေရဲ့နှမတွေက လည်း မခင်အေးကို ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ရအောင် မီးဖိုချောင်မဝင်စေရဘဲ အလှကြည့်ထားကြသည်။ သူတို့အစ်ကိုကြီး ကိုလှဖေကိုချစ်လို့ ဖြစ်သည်။

ကိုလှဖေနဲ့ညားပြီး တစ်နှစ်လောက်အကြာမှာ မခင်အေး ဗွေဖောက်လာတော့သည်။ ကိုလှဖေကို မပေါင်းချင်တော့ဘူးဆိုပြီး



ကိန္နရီချောင်းရွာကို ပြန်ပြေးလာသည်။ ဘာဖြစ်လို့မပေါင်းချင် တော့တာလဲလို့ မေးတော့လည်း အဖြေမပေး၊ မပေါင်းချင်တော့ ဘူးလို့သာ ဖြေသည်။ အကျင့်စာရိတ္တရိုးသားပြီး အလုပ်ကြိုး စားသည့် လင်သားကို အကြောင်းပြချက်တစ်စုံတစ်ရာ မရှိဘဲ မပေါင်းချင်တော့ဘူးဆိုရုံမျှဖြင့် လက်ခံထားရမှာခက်နေသည့် မိဘ တွေက ကိုလှဖေကိုလာခေါ်ပါရန် အကြောင်းကြားလိုက်သည်။

မခင်အေးရဲ့ မိဘတွေမှာ မျက်နှာပူစရာကိစ္စလည်းရှိ နေသည်။ စပါးတစ်ရာထွက်လယ်ကလေး တစ်ကွက်ကိုဝယ်ဖို့ ပိုက်ဆံမရှိလို့ ကိုလှဖေရဲ့ မိဘတွေဆီက ပိုက်ဆံချေးပြီး ဝယ်ထား တာပြန်မဆပ်ရသေးသည့် ကိစ္စက ရှိနေသည်။ ဒီလိုအခြေအနေ မှာ မခင်အေးက ကိုလှဖေကို ပြန်ပြီး မပေါင်းနိုင်တော့ပါဆိုလျှင် ဒုက္ခဖြစ်တော့မည်။ တစ်ဘက်က ပိုက်ဆံပြန်ရလို့မှုဖြင့် တိုင်လား တောလား လုပ်လာပါက ကျေးရွာအုပ်ချုပ်ရေး ကွန်မြူနစ် သာထွန်းဦးနဲ့ ရင်ဆိုင်ရမှာ ကျော်ချမ်းစရာကောင်းလှသည်။ ငါးသည်မဆီက အကြွေးဝယ်ပြီး ပိုက်ဆံ တစ်ကျပ်ခွဲကို မပေးဘဲ ထားသည့် ဒေါ်လုံးတင်ကို အုန်းပင်မှာကြိုးချည်ပြီး ကြိမ်ရိုက်တာ ကို မှတ်မိနေကြသည်။

"သူများအကြွေးယူပြီး ပြန်မဆပ်ရင် ဒီလိုအရိုက်ခံရမယ် ဆိုတာ မှတ်ထား"

လုံချည်တိုတိုဝတ်ပြီး ခြောက်လုံးပြူးသေနတ်ကို ခါးပါတ် မှာ တွဲလောင်းချိတ်ထားသည့် သာထွန်းဦးက လျှာတစ်စောင်း ကိုက်ပြီး ဒေါ်လုံးတင်ကို ကြိမ်ဖြင့်သုံးချက်ရိုက်သည်။ ဒေါ်လုံးတင် အတော်အီသွားသည်။ သုံးချက်တည်းဆိုတော့ တစ်ကျပ်ခွဲမပေးရ တော့တာ တန်တယ်လို့တောင် တစ်ချို့က ပြောကြသည်။ မခင်အေး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မိဘတွေကတော့ သာထွန်းဦးကို ကြောက်နေကြသည်။

မခင်အေးကိုလာခေါ်ပါရန် အကြောင်းကြားချက်ရသည် ကိုလှဖေက ရှက်နေသည့် မျက်နှာဖြင့် ကိန္နရီချောင်းရွာကို ရောက်လာပြီး မခင်အေးကို လာခေါ်ရှာပါသည်။ မခင်အေးကလည်း ရှက်လို့ဆိုပြီး အိပ်ခန်းထဲက ထွက်မလာဘဲနေသည်။ ကိုလှဖေကို ထွက်တွေ့ရန် ပြောသောအခါ မတွေ့ချင်ဟုဆိုသည်။ မခင်အေး၏ မိဘတွေအတော်စိုးရိမ်သွားကြသည်။ ကိုလှဖေလာခေါ်တာကို လိုက်သွားရန် မေတ္တာရပ်ခံတာကို ငြင်းသည်။ ကိုလှဖေကို မျက်နှာပြရမှာ ရှက်သည်။ အားနာသည်ဟု ဆိုသည်။

ရှက်စရာလည်းမလို၊ အားနာစရာလည်းမလို။ ကိုယ့်လင်ကလာခေါ်တာပဲ လိုက်သွားပါဟု တိုက်တွန်းကြသောအခါ လိုက်မည်ဟု ကတိပေးသည်။ သို့သော် ကိုလှဖေကိုယ်တိုင် လာမခေါ်ဘဲ အခြားသူတစ်ယောက်လာခေါ်မှ လိုက်မည်ဟု ဆိုသည်။

ကိုလှဖေက လိုက်လျောသဘောတူပြီး ရွာပြန်တော့မည်ဆိုသောအခါ အိပ်ခန်းထဲကနေပြီး အရေးဆိုပြန်သည်။ သူ့ကို နွားလှည်းဖြင့် လာခေါ်ရမည်၊ ညမိုးချုပ်မှ သဖန်းကုန်းရွာထဲကို ဝင်လိုပါသည်ဟုဆိုသည်။ ဒါကိုလည်း ကိုလှဖေကလိုက်လျော သဘောတူပါသည်။ အကောင်းဆုံးဖြစ်အောင် စီစဉ်လိုက်ပါမည်ဟု ပြောပြီး ရွာပြန်သွားသည်။

နောက်နေ့နံနက်မှာ ကိုလှဖေ၏တူ မောင်လှမြင့်မောင်းနှင်လာသည့်အထူးလှည်းရောက်လာသည်။ ကကြိုးတန်ဆာဆင်ထားသည့် နွားချောကြီးနှစ်ကောင်ဆွဲလှည်း ယာဉ်ကြော့ဖြစ်သည်။ ကိုလှဖေ၏ အဘိုးအဘွားများလက်ထက်ကစပြီး မိဘများ



လက်ထက်တိုင်အောင် ပွဲတက်သုံးခဲ့သော အထူးယာဉ်ဖြစ်သည်။ နွားထမ်းပိုးနှင့် ဘီးဒေါက်တွေကစပြီး ပွတ်လုံး၊ ပွတ်တိုင်တွေဖြင့် အလှအပပြုလုပ် ထားသည်။ ကော့ပျံနေသည့် လှည်းအိမ်လက်ရမ်းတွေမှာ ယိုဒယား ပန်းကနုတ်ပန်းနှင့် ရုပ်ကြွရုပ်လုံးတွေထုဆစ်ထားသည်။ ကြမ်းခင်း မှာ မွေးပွကော်ဇောထူထူခင်းထားသည်။ နေပူလျှင်စီးလိုက်သူကို နေပူမခ အရိပ်ရအောင် စောင်ထူထူကို အမိုးကိုင်းပြုလုပ်ပြီး မိုး ပေးထားသေးသည်။

ဒီလောက်တောင် အစစအဆင်ပြေအောင် လုပ်ပေးလိုက်တာကို မခင်အေးက မကျေနပ်နိုင်သေးဘဲ လှည်းအိမ်ဘေးဝဲယာကို လုံအောင်စောင်တွေဖြင့် ပါတ်ကာ ခိုင်းလိုက်သေးသည်။ သူပြန်လိုက်ပါသွားတာကို ကိန္နရီချောင်းရွာသူရွာသားတွေ မမြင်စေလို၍ဟုဆိုသည်။ လိုက်ပါသွားလျှင်ပြီးရောဆိုသည့် သဘောဖြင့် သူ့မိသားစုက သူလိုချင်သည့် ပုံစံအတိုင်းလုပ်ပေးလိုက်ကြသည်။ ညနေ(၃)နာရီလောက်မှာ မခင်အေးကိုတင်ဆောင်သွားသည့် အထူးလှည်းယာဉ်ကိန္နရီချောင်းရွာက ထွက်ခွာသွားသည်။ ဒီတော့မှပဲ မခင်အေးရဲ့ မိဘတွေသက်မကြီးချနိုင်ကြတော့သည်။

နောက်နေ့ နံနက် နေမွန်းမတိမ်းမီအချိန်လောက်မှာ သဖန်းကုန်းရွာက ကိုလှဖေနှင့် အပေါင်းပါတစ်စုတို့ ကိန္နရီချောင်းရွာကို စိုးရိမ်သည့် မျက်နှာ တွေဖြင့်ရောက်လာကြသည်။ ကိုလှဖေတို့လူစုသည် မခင်အေးတို့အိမ်ခြံဝင်းထဲကို အားကျိုးအားနာမျက်နှာတွေဖြင့် မဝံ့မရဲဝင်လာကြသည်။ မခင်အေးနဲ့ ပတ်သက်သည့် အခြေအနေမှန်ကို အတိအကျ မသိရသေးလို့ စူးစမ်းသည့်အနေဖြင့် မဝံ့မရဲပင်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က မခင်အေးမသွားဖြစ်ဘူးထင်တယ်"

"ဟဲ့ မနေ့က ညနေသုံးနာရီလောက်မှာ ထွက်သွားကြ တယ်လေ၊ မရောက်ဘူးလား"

"မရောက်ဘူး၊ ဒီနေ့မနက်အထိ ရောက်မလာသေးလို့ ကျွန်တော်တို့ လိုက်လာတာ"

"ဟာ ဒုက္ခပါပဲ၊ ဒီကလေးမ ဘယ်လိုလုပ်တာလဲ"

မနေ့ကည (၈)နာရီလောက်မှာ သဖန်းကုန်းရွာကိုရောက် ရမည့် မခင်အေးသည် ဒီနေ့နံနက် (၉)နာရီလောက်အထိ ရောက် မလာသေးဆိုသည့်အတွက် မခင်အေး၏မိသားစုသာမက ကိန္နရီ ချောင်းတရွာလုံး တုန်လှုပ်သွားကြသည်။ ဒီကိစ္စကိုအချိန်ဆွဲနေ လို့မဖြစ်ဘူးဆိုပြီး လှည်းဘီးခြေရာခံလိုက်ကြရတော့သည်။

မနေ့ကညနေ(၆)နာရီလောက်မှာ မခင်အေးကိုတင် ဆောင်လာသည့်နွားလှည်းသည် လမ်းမကြီးမှ ဖဲ့ဆင်းပြီးလယ်ကွင်း ကိုဖြတ်၍ ဆူးပုတ်ကုန်းရွာဘက်ကို ဦးတည်သွားတာကို မြင်လိုက် သူက သတင်းပို့သည်၊ ဖိုးလောင်ကွင်းကိုဖြတ်၍ ဆူးပုတ်ကုန်းဘက် ကို လိုက်ကြပြန်သည်။ နှစ်ဘက်ဆွေ မျိုးတွေဖြန့်ခွဲပြီး ဖြစ်နိုင်ခြေ ရှိသည့်ရွာတွေကိုလိုက်ကြသည်။

ဖိုးလောင်ကွင်းကိုဖြတ်မောင်းသွားသည့် လှည်းဘီးရာပြတ် တောင်းပြတ်တောင်းကို တွေ့သည်။ ကိုလှဖေက သူတို့လှည်းဘီး ဖြစ်သည်ဟု အတိအကျဆိုသည်။ သို့သော် လှည်းဘီးရာသည် သွားရိုးသွားစဉ်လမ်းကြောင်းမှ သွေဖီပြီး မြက်ကုန်းတစ်ခုကိုဖြတ်၍ တောစပ်တစ်ခုသို့ ဝင်ရောက်သွားသည့် လက္ခဏာတွေ့ရသည်။ မြက်ခင်းပေါ်မှာ လှည်းဘီးရာပျောက်နေ၍ ဘယ်ဘက်ကိုသွား



ဘယ်ဆိုတာ မသိနိုင်ဖြစ်နေသည်။ နေဝင်မိုးချုပ်သွားလို့ ဒီနေ့ အဖို့ ရှာဖွေသည့်အလုပ်ကို ရပ်လိုက်ကြရသည်။

မခင်အေးပျောက်နေတာ (၂) ည၊ (၁) ရက်နှင့် နေ့တစ် ဝက်ရှိသွားပြီဖြစ်သည်။ သတင်းအစအန မရနိုင်သေးဖြစ်နေသည်။ ဒီအခြေအနေဖြစ်လာသောအခါ ကျေးရွာအုပ်ချုပ်ရေးတာဝန်ခံ ဗိုလ်ဆာထွန်းဦးကို တိုင်ရတော့သည်။ ရောင်စုံသူပုန်တွေ ကြီးစိုး သည့်ခေတ်ဖြစ်လို့ သူတို့အသက်နဲ့သူတို့ လိုက်လံစုံစမ်းကြသော အခါ တောလမ်းတစ်နေရာမှာ မြို့ဘက်ကို ခရီးဆက်မောင်းနှင့်နေ သည့် မခင်အေးတို့လှည်းကို ဖမ်းမိလိုက်တော့သည်။ ဖမ်းမိသည့် အချိန်အထိဆိုလျှင် မခင်အေးပျောက်နေတာ (၅) ရက်ရှိပြီ ဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးကလည်း ယာဉ်မောင်း မောင်လှမြင့် ကို စစ်ဆေးမေးမြန်းသည်။ မောင်လှမြင့်သည် ကြောက်ပြီး တုန်တုန် ယင်ယင်ဖြစ်နေသည်။ ကိုလှဖေ၏တူအရင်းဖြစ်သည်။ မြို့ကျောင်း မှာ တက်နေသည့် ဆယ်တန်းကျောင်းသားဖြစ်သည်။ မခင်အေး နှင့် ရင်းနှီးပြီးသူဖြစ်သည်။ ကျောင်းပိတ်လို့ ရွာကိုခဏပြန်လာစဉ် ဦးလေးကိုလှဖေက မခင်အေးကို သွားခေါ်ရန်တာဝန်ပေးလို့ သွားခေါ်ရာမှ အခုလို အမှုဖြစ်ရခြင်းဖြစ်သည်။

မခင်အေးကို ကိန္နရီချောင်းရွာမှ လှည်းဖြင့် တင်ခေါ် လာပြီး သဖန်းကုန်းကို ဦးတည်သွားနေစဉ် ဦးတည်မောင်းနေစဉ်မ ခင်အေးသည် သဖန်းကုန်းကို မသွားချင်ကြောင်း တတွတ်တွတ် ပြောလာသည်ဟု ဆိုသည်။ ဖိုးလောင်းကွင်းစပ်အရောက်မှာ တွေ့ရသည့် လှည်းလမ်းကြောင်းအတိုင်း လယ်ကွင်းကိုဖြတ်မောင်း

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းပြီး ဆူးပုတ်ကုန်းရွာဘက်သို့သွားရန် အမိန့်ပေးသည်ဟု ဆိုပါသည်။

"ဒီနေ့ည သဖန်းကုန်းကို မသွားချင်သေးဘူး။ ဆူးပုတ်ကုန်းက ငါ့အဒေါ်အိမ်မှာ တစ်ညအိပ်ပြီးမှ သွားမယ်။ ဆူးပုတ်ကုန်းကိုမောင်း။"

"ကောင်းပါ့မလားဒေါ်လေးရယ်၊ ဦးလေးလှဖေနဲ့မိသားစုက သဖန်းကုန်းရွာထိပ်မှာ စောင့်ကြိုနေကြတယ်။ မိုးချုပ်လို့ ရောက်မလာရင် စိတ်ပူနေကြလိမ့်မယ်။"

"ငါမသွားချင်သေးဘူးဟယ်။ မောင်းမှာသာမောင်းစမ်းပါ"

တစ်နှစ်ခန့်အတူ နေခဲ့ဖူးသည့် ငယ်ချစ်နှင့် ငယ်ကြောင်းဖြစ်လို့ ပြန်မလှန်ရဲတော့ဘဲ သူခိုင်းသည့်အတိုင်း လုပ်ခဲ့ရသည်။ ဆူးပုတ်ကုန်းရောက်ခါနီးကျပြန်တော့လည်း ရွာထဲကိုမဝင်လဲ မြက်ကုန်းတစ်ခုကို ဖြတ်တက်ပြီး တောထဲကို မောင်းဝင်းခိုင်းသည်။ တောထဲမောင်းဝင်ပြီး သူရပ်ခိုင်းသည့်နေရာမှာ ရပ်လိုက်တော့ နေဝင်မိုးချုပ်သွားပြီဖြစ်သည်။

သူ့အိမ်ကထည့်ပေးလိုက်သည့် ထမင်းချိုင့်ကို နှစ်ယောက်အတူဖွင့်စားကြပြီး လှည်းပေါ်မှာ ငုတ်တုတ်ထိုင်နေကြသည်။ နွားတွေလည်း လှည်းမှာကပ်လျက် မအိပ်ရဘဲ ရပ်နေကြသည်။

"နင့်အသက်ဘယ်လောက်ရှိပြီလဲ"

"၂၀ ရှိပြီ"

"ငါ့ထက်ရှစ်နှစ်ပဲငယ်တယ်၊ ငါ့မောင်အငယ်ကောင်နဲ့ ရွယ်တူပဲ"



ဦးလေးရဲ့ဇနီးမို့ ဒေါ်လေးလို့ခေါ်ပေမယ့် အသက်အရွယ်အရ မမလို့ ခေါ်လျှင် ရတယ်ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ မောင်လှမြင့်က အသက်ငယ်သော်လည်း အရွယ်ကကြီးနေတော့ မခင်အေးထက်တောင် အရပ်မြင့်နေသည်။ တစ်အိမ်တည်း အတူနေခဲ့ကြသော်လည်း ဦးလေးရဲ့ဇနီးဖြစ်လို့ နီးနီးကပ်ကပ် မကြည့်မိခဲ့၊ အခုလို တောထဲက လေးပေပါတ်လည်မျှသာ ကျယ်သည့် နွားလှည်းပေါ်မှာ အသားချင်းထိမျှ ပူးပူးကပ်ကပ် နေရတော့မှ ဒေါ်လေးရဲ့အလှကို သတိထားမိသည်။ အသားအရေက နုညက်နေသည်။ အချိုးအဆစ်ပြေပြစ်ပြီး ညိုချော ချောသူဖြစ်သည်။ အကြည့်ချင်းဆုံတိုင်း ရင်ခုန်နေတော့သည်။

"အိပ်ချင်ရင် ခွေအိပ်ပါလား၊ ကျွန်တော်မအိပ်ဘူး၊ ထိုင်နေမယ်"

မမလို့ မခေါ်ရဲသေးသည့်အတွက် ဒေါ်လေးလို့လည်း မခေါ်ပဲ စကားချည်းသက်သက် စမ်းပြောကြည့်သည်။ သူကလည်း ဒါကိုရိပ်မိပြီး သဘောကျသည့် လက္ခဏာပြသည်။

"မအိပ်ချင်သေးပါဘူး၊ နင့်ဦးလေးကို ငါပြန်မပေါင်းချင်ဘူး"

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

ဦးလေးလှဖေနဲ့ ပြန်မပေါင်းချင်တော့ဘူး လို့ပြောလိုက်တာကိုပင် သဘောကျပြီး ရင်ခုန်သွားပြန်သည်။ တကယ်ဆိုလျှင် မသင့်ဘူး၊ မတော်ဘူး လို့ပြောပြီး ဦးလေးဘက်က ရပ်တည်ရမည်ဖြစ်သည်။ အခုတော့ အားပေးအားမြှောက်သဘောဖြင့် ဘယ်လိုလုပ်မလဲဟု မေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့ကိုရောက်အောင်သွားချင်တယ်။ မြို့ကိုရောက်မှ အခြေအနေကြည့်လုပ်မယ်။"

မိမိနှင့်အတူ မြို့ကိုထွက်ပြေးကြမယ်လို့သွယ်ဝိုက်ပြီး တိုင်ပင်ခြင်းဖြစ်သည်။ ဘာကြောင့်မှန်းမသိ။ သူပြောသမျှကို သဘောတူနေမိသည်။ ဦးလေးလှဖေကို ဘယ်လိုအကြောင်းကြောင့်မှ ပြန်မပေါင်းနိုင်ကြောင်း။ တစ်နေ့တစ်ခြား စိတ်ကုန်လာကြောင်း။ သူနဲ့ပြန်ပေါင်းနေရတာ ဆန္ဒမပါသည့်အတွက် ငရဲခံနေရသလို ဖြစ်နေကြောင်း၊ ကိုယ်ချစ်တဲ့သူနဲ့သာ အတူနေလိုကြောင်း၊ ပိုက်ဆံ မချမ်းသာချင်နေပါစေ၊ ချစ်တဲ့သူနဲ့အတူနေပြီး စိတ်ချမ်းသာ ချင်ကြောင်း၊ ပြောပြပြီး မသိမသာရှိုက်ငိုမိပါသည်။

"သူတို့လိုက်လာကြပြီး အတင်းအဓမ္မ ပြန်ခေါ်ရင် ဘယ်လို လုပ်မလဲ"

"ရမလား၊ မလိုက်ဘူး၊ ရှင့်ကိုမကြိုက်ဘူး မပေါင်းနိုင်ဘူး လို့ပြောမှာပေါ့"

မောင်လှမြင့်အားတက်လာသည်။ သတ္တိတွေရှိလာသည်။ တရားဝင်ဇနီးပင်ဖြစ်သော် အမျိုးသမီးက မပေါင်းလိုတော့ပါလို့ အကြောက်အကန် ပြောလာပါက ယောကျ်ားကဘာမျှ ပြောပိုင်ခွင့် မရှိဘဲ လက်လွှတ်လိုက်ရသည့် သာဓကတွေ့ရှိခဲ့တာကို သိနေ၍ ဖြစ်သည်။

"ကျွန်တော့်ကို အမှုလုပ်နေကြပါဦးမယ်"

"စိတ်ချ၊ ဘာမှမဖြစ်စေရဘူး၊ အာမခံတယ်"

မခင်အေးသည် အတွေ့အကြုံရှိသူဖြစ်သည်။ ဒီကိစ္စမျိုး နဲ့ပတ်သက်လျှင် ဥပဒေကျွမ်းကျင်တယ်လို့တောင်ပြောလို့ရသည်။ မခင်အေးက အာမခံတယ်ဆိုတော့ မောင်လှမြင့် စိတ်အေးသွား



သည်။ ညည့်နက်လာလို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကမထင်မရှားသာမြင်ရတော့သည်။ ခြင်မကိုက်အောင် ကာထားသည့် စောင်တွေကိုလုံအောင်ပိတ်လိုက်တော့ ပိုမှောင်သွားသည်။

မခင်အေးက အိပ်ချင်လို့ ဝါးကနဲသမ်းဝေသည်။ မောင်လှမြင့်က အိပ်ချင်ရင်လှဲအိပ်ချပါလားလို့ ပြောပြီး လှည်းအိမ်ကျဉ်းကျဉ်းလေးထဲမှာ နေရာရွှေ့ပေးသည်။ မခင်အေးက ခွေခွေကလေး လှဲအိပ်ချပြီး မောင်လှမြင့်ရဲ့ပေါင်ပေါ်မှာ ခေါင်း အုံးလိုက်သည်။ မောင်လှမြင့်ရဲ့ရင် တအားခုန်ပြီး သွေးပူသွားသည်။

မောင်လှမြင့်က မခင်အေးကို ခြင်ကိုက်မှာစိုးလို့ ယပ်ခပ်ပြီး ခြင်မောင်းပေးသည်။ အေးမှာစိုးလို့ ပါလာသည့် တဘက်ဖြင့် လွှမ်းခြုံပေးသည်။ မလုံလို့ပေါ်နေသည့် လက်မောင်းနှင့် မျက်နှာကို နွေးသွားအောင် ရင်ဘတ်ဖြင့် ခပ်ရွရွလေး ဖိပေးထားသည်။

မခင်အေးက မောင်လှမြင့်အိပ်ချင်လျှင် သူ့ကိုယ်ပေါ်ဖိချပြီး အိပ်ဆိုသည့်သဘောဖြင့် မောင်လှမြင့်ရဲ့ကိုယ်ကိုဆွဲယူပြီး သူ့ကိုယ်ပေါ်ကို အသာဆွဲလှဲလိုက်သည်။ အိပ်ငိုက်နေပြီဖြစ်သည့် မောင်လှမြင့်ကလည်း ခွင့်ပြုချက်ရသည်နှင့်တပြိုင်နက် မခင်အေး ရဲ့ကိုယ်ပေါ်ကို အသာလှဲချပြီး မှေးလိုက်သည်။ မှေးလိုက်တော့ မခင်အေးဆီက မွှေးတဲ့အနံ့ကြောင့် ရင်ထဲမှာနွေးကနဲဖြစ်သွားသည်။ လေးပေပတ်လည်မျှသာကျယ်သည့် လှည်းအိမ်လေးထဲမှာ ပူးပူးကပ်ကပ်၊ပွေ့ပွေ့ဖက်ဖက် နေကြရတော့ လှည်းကလှုပ်လွန်းသည်။ လှည်းလှုပ်တာတွေများလာတော့ ထမ်းပိုးက မဖြုတ်ရသေး တဲ့နွားနှစ်ကောင်က သွားခိုင်းတယ်ထင်လို့ လန့်ပြီးဆွဲပြေးသည်။ ဒီတော့မှ ကုန်းထကြပြီး နွားတွေကိုရပ်ခိုင်းရသည်။ လှည်းထမ်းပိုး ကဖြုတ်ပြီး အိပ်စက်အနားယူခိုင်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သာထွန်းဦး စစ်ဆေးမေးမြန်းတာကို မောင်လှမြင့်က အမှန်အတိုင်းဖွင့်ချဝန်ခံသည်။ (၂)ရက်နှင့် (၂)ည လှည်းအိမ်ကျဉ်းကျဉ်းလေးထဲမှာ အတူအိပ်ခဲ့ကြကြောင်း ဖြောင့်ချက်ပေးသည်။

မခင်အေးကလည်း မငြင်း၊ မိမိသည် ကိုလှဖေကို ပြန်ပေါင်းလိုသည့်ဆန္ဒမရှိတော့ပါဟု ဆိုသည်။ မောင်လှမြင့်နှင့် မိမိတို့ မြို့ကိုသွားပြီး တရားရုံးမှာ လက်ထပ်ကြရန်တောလမ်းမှ သွားနေစဉ် အဖမ်းခံလိုက်ရတာဟုဆိုသည်။

ဒီအခြေအနေဖြစ်နေပြီဆိုတော့ ဘာဥပဒေမှ မရှိသည့် ကွန်မြူနစ်တရားရုံးက မခင်အေးနှင့်မောင်လှမြင့်တို့ကို တရားသေလွှတ်လိုက်သည်။ ကျွန်တော့်ယောက်ဖ လူရိုးကြီး ကိုလှဖေမှာသာ နာမည်တစ်လုံး အဖတ်တင်ကျန်ခဲ့သည် (မင်းကျန်ရစ်တဲ့)။

ပုဂံရာဇဝင်ကို သေသေချာချာ မလေ့လာဘဲနဲ့ ရမ်းသမ်းပြီးနာမည် ပေးတတ်ကြတဲ့ ကျွန်တော်တို့ရွာကလူတွေ မကောင်းတာပြောပါတယ်။

သော်တာ
၂၀၀၄-မတ်လ




www.burmeseclassic.com

www.burmeseclassic.com

# ရေဝေးပက္ကနက်

တနင်္ဂနွေနေ့ နေ့လယ် ၁၂ နာရီလောက်တွင်ဖြစ်သည်။ ကိုအဏ္ဏဝါ၏ အိမ်ရှေ့က ဆူဆူညံညံအသံတွေကြားနေရသည်။ အမျိုးသမီးတွေ ရယ်ကာမောကာဖြင့် ပြေးလွှားကြရင်း တစ်ဦးကို တစ်ဦး အော်ခေါ်ကြသည့်အသံတွေကို ကျယ်ကျယ်လောင်လောင် ကြားနေရသည်။

"မြန်မြန်လာ မြန်မြန်လာ ပြေးလာပါဟဲ့ နင့်အတွက် နေရာဦးထားတယ်"

"ငါတို့အတွက် ငါးယောက်စာနေရာဦးထားဟေ့"

"နေရာဦးထားတယ်ဟေ့ မြန်မြန်လာကြ၊ ပြူတင်းပေါက်နားက နေရာတွေအားလုံးငါ ယူထားလိုက်ပြီ"

"ယာဘက်အခြမ်းက ယူဟေ့၊ ဘယ်ဘက်ကနေပူလိမ့်မယ်"

"လာလာ၊ မြန်မြန်ပြေးလာ၊ ယာဘက်အခြမ်းက ပြူတင်းပေါက်တွေအားလုံး ငါယူထားလိုက်ပြီ၊ မိအေးကြည်တို့ မလာကြသေးဘူးလား"

ရုတ်ရုတ်သဲသဲနဲ့ အိမ်ရှေ့မှာ ဘာတွေဖြစ်နေကြလဲဆိုတာ သိချင်လို့ ကိုအဏ္ဏဝါထွက်ကြည့်သည်။ အသုဘပို့မည့် ဘတ်စ်ကားသုံးစီးရပ်ထားတာတွေ့ရသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ လောက်က မှန်လုံကားလို့ခေါ်ကြသည့် ခရီးသည်တင် ဘီအမ်ဟီးနိုး ဇကွဲ (ဇ) နှင့် စျမြင်းဆွဲ (စျ)နံပါတ်ကား ဟောင်းကြီး တွေဖြစ်သည်။ အခုတော့ လိုင်းဝင်မရလို့ အသုဘပို့ကား လုပ်ထားရသော



ကားတွေဖြစ်သည်။ ကားဘေးမှာ သေသူ၏အမည်နှင့် အသက်ကို စာရွက်အဖြူပေါ်မှာ ရေးပြီးကပ်ထားတာ တွေ့ရသည်။ ဒီတော့မှ သေသူကို သတိရလာသည်။

ကိုအဏ္ဏဝါတို့လမ်းထိပ်မှာ ဆိုင်ကယ်လေးဖွင့်ပြီး ကြာဇံကြော်ခေါက်ဆွဲကြော်ရောင်းသည့် ကောင်လေးသေလို့ အသုဘ ဒီနေ့ချမည်ဖြစ်သည်။ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်သေသွားခြင်းဖြစ်သည်။ ဈေးရောင်းသူဖြစ်လို့ သိကျွမ်းသူများသည်။ ကိုအဏ္ဏဝါနှင့်လည်း မျက်မှန်းတန်းမိနေသူဖြစ်သည်။ ကိုအဏ္ဏဝါ၏ဇနီး မဖြူတုတ်နဲ့ကတော့ အတော်ရင်းနှီးခင်မင်သည်။ ကောင်လေးသေတာကို ကိုအဏ္ဏဝါက မေ့နေသော်လည်း မဖြူတုတ်ကတော့ မမေ့သည့်အပြင် အသုဘလိုက်ပို့ရန် အဝတ်အစားလဲနေတာတွေ့ရသည်။

ကိုအဏ္ဏဝါ၏အိမ်ရှေ့က ရပ်ကွက်ထဲမှာ သေသူကောင်လေးရဲ့မိသားစုနေသည်။ သေသူကောင်လေးနေသည့် ရပ်ကွက်သည် ဆင်းရဲသားရပ်ကွက်လည်းမဟုတ် သူဌေးရပ်ကွက်လည်းမဟုတ်၊ လူတန်းစားမျိုးစုံနေသည့် အလယ်အလတ်တန်းစား ရပ်ကွက်ဖြစ်သည်။ လူတန်းစားမျိုးစုံသည့်အတွက် စရိုက်လည်းစုံသည်။ သူတို့ရပ်ကွက်ထဲက လူတစ်ယောက်သေလို့ အသုဘလိုက်ပို့ရန် ဆူဆူ ညံညံပြေးထွက်လာကြပြီး အသုဘကားပေါ်မှာ နေရာလုထိုင်နေကြသည်။ နေရာလုကြရာမှ အချင်းချင်း စကားများကြသည်။

"ပြူတင်းပေါက်ကို လူတိုင်းကြိုက်တယ်ဟေ့၊ နေရောင်မထိုးတဲ့ဘက်ကို ရွေးထိုင်တယ် ဘာဖြစ်လဲ"

"ထိုင်ပါ ထိုင်ပါ၊ ကားတစ်စီးလုံး ရှိသမျှ ထိုင်ခုံတွေအကုန်လုံး ရှင်တစ်ယောက်တည်း ထိုင်ပါ၊ တစ်သက်လုံးကားမစီးဘူးတာ

www.burmeseclassic.com

www.burmeseclassic.com



ကျနေတာပဲ"

"ကားစီးဖူးတယ်၊ ထိုင်ခုံမှာထိုင်ပြီး မစီးဖူးတာတော့ကြာပြီ၊ အဲဒါဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ ထိုင်ခုံမှာ ထိုင်စီးချင်ရင် မကြာခဏမသာလိုက်ပို့ပေါ့အေ"

"ပို့မှာပဲ ရှင့်အလှည့်ကျရင်လည်းပို့မှာပဲ"

အသုဘပို့မည့်သူတွေ ကားပေါ်မှာ ထသတ်ကုန်ကြတော့မည်ထင်၍ ကိုအဏ္ဏပါထိုင်ရာမှထကြည့်မိသည်။ အသုဘလိုက်ပို့မည့် မဖြူတုတ်အိမ်ထဲက ထွက်သည်။ လူချောင်နေသည့် ကားတစ်စီးပေါ်တက်သွားသည်။ ရှေ့ပေါက်ကတက်သွားပြီး နောက်ပေါက်က ပြန်ဆင်းလာတာတွေ့ရသည်။ နောက်တစ်စီးပေါ်တက်သွားပြန်သည်။ ကားပေါ်မှာ ဦးလျှောက်ပဲ့လျှောက်လုပ်နေတာတွေ့ရသည်။ နေရာကောင်းရှာနေတာဖြစ်မည်ဟု တွေးမိသည်၊ နေရာကောင်းတွေ့ဟန်မတူ၊ ဒုတိယတက်သွားသည့် ကားပေါ်ကလည်း ဆင်းလာပြန်သည်။ တတိယနှင့်နောက်ဆုံးဖြစ်သည့် ကားပေါ်ကို တက်သွားပြီး ထိုင်ချတာတွေ့လိုက်ရသည်။

နေ့လယ် ၁ နာရီတိတိမှာ ကြေးစည်ခတ်သံထွက်လာပြီး အသုဘပို့ကား သုံးစီးထွက်ခွာသွားတာမြင်လိုက်ရသည်။ ကားတွေပေါ်မှာ စီးနင်းလိုက်ပါသွားကြသည့် အသုဘပို့ခရီးသည်တွေ ဆူညံစွာ စကားပြောပြီး လိုက်ပါသွားကြတာမြင်လိုက်ရသည်။ ကိုအဏ္ဏဝါ သိနားလည်ထားတာကတော့ အသုဘပို့သူတွေဟာ (ငါလည်းတစ်နေ့ကျရင် သူ့လိုပဲ သေရဦးမှာပါကလား)ဆိုတဲ့ သံဝေဂစိတ်ဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါပို့ဆောင်ကြရသည်ဟု နားလည်ထားသည်။ သေသူ၏ မိသားစုတွေ ပူဆွေးငိုကြွေးနေကြစဉ်မှာ မိမိတို့က ဆူညံစွာရယ်မောပြောဆိုမနေသင့်ဟု ထင်သည်။



မကြာမီ မဖြူတုတ်ပြန်ရောက်လာသည်။ အသုဘပို့ကသည်း မြန်လိုက်တာဟု ထင်မိသည်။ နာရီကြည့်တော့ နေ့လယ်(၂)နာရီကျော်ပဲရှိသေးသည်။ အသုဘပို့တာ အသွားအပြန်တစ်နာရီ ခန့်သာကြာသည်။ အသုဘပို့အတွေ့အကြုံကို မဖြူတုတ်ကပြောပြသည်။ ပထမကား တစ်စီးပေါ်ကို သူတက်သွားသည်။ လွတ်နေသည့် အခြားထိုင်ခုံတစ်လုံးမှာ ထိုင်မလို့လုပ်တော့ မိန်းမတစ်ယောက်က (အဲဒီနေရာမှာလူရှိတယ်)ဟု ပြောသည်။ လွတ်နေသည့် အခြားထိုင်ခုံတစ်လုံးမှာ ထိုင်မလို့လုပ်တော့လည်း ကလေးတစ်ယောက်က (အဲဒီနေရာမှာ ကျွန်မရဲ့အစ်မလာမယ်)လို့ပြောပြီး ယပ်တောင်ဖြင့် ထိုင်ခုံနေရာကို နေရာဦးလိုက်သည်။ မဖြူတုတ်စိတ်တိုလာသည်။ ဒီကားမှာ မစီးတော့ဘူးဆိုပြီး ကားပေါ်ကဆင်းလိုက်သည်။

နောက်ကကားတစ်စီးပေါ် ရောက်တော့လည်း ထိုနည်းငင်းဖြစ်နေသည်။ ပြူတင်းပေါက်နားက ထိုင်ခုံတိုင်းမှာ ယပ်တောင်တွေချခင်းထားတာတွေ့ရသည်။ ဒီနေရာတွေမှာ လူရှိတယ်ဆိုသည့်သဘောဖြစ်သည်။ ဘယ်သူမှ မထိုင်ချင်တဲ့နေရာလို့ယူဆရသည့် နောက်ဆုံးတန်းမှာ ဝင်ထိုင်မလို့ လုပ်ပြန်တော့လည်း အပေါက်ဝကရပ်နေတဲ့ ကွမ်းစားပါးစပ်ရဲရဲနဲ့ အမူးသမား ငနဲက (အန်တီဒီနေရာမှာ ကျွန်တော်တို့ သူငယ်ချင်းတွေ ထိုင်မလို့ နေရာဦးထားတာ)လို့ ခပ်တင်းတင်းပြောသည်။ မဖြူတုတ် ဒေါသထွက်လာသည်။ ဒီအသုဘကို လိုက်မပို့တော့ဘူးလို့တောင် စိတ်ကူးမိသည်။ ကားပေါ်က ခုန်ဆင်းလိုက်ရသည်။

တတိယနှင့် နောက်ဆုံးကားပေါ်ကို တက်လိုက်ပြန်သည်။ ဒီကားမှာလည်း ထိုနည်းငင်း ဆိုလျှင်တော့ ဒီအသုဘကိုလိုက်မပို့တော့ဘူးလို့ ဆုံးဖြတ်ထားသည်။ ကားပေါ်ရောက်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာပင် နေရာလွတ်တွေရှိသည့် အပြင် အိမ်နီးချင်း အသိအမျိုးသမီးက မဖြူတုတ်ရဲ့လက်ကို ဖမ်းဆွဲပြီး သူနှင့်အတူ ထိုင်ခိုင်းသည်။ စိတ်တိုနေသည့် မဖြူတုတ်က ရင်ဖွင့်ပြောမိသည်။

"အသုဘယာဉ်ကို ကိုယ်ပိုင်ကားလိုလုပ်နေကြတယ် အရမ်းစိတ်ဆိုးတာပဲ"

"အောင်မယ်လေး ပြောမနေနဲ့၊ အသုဘပို့တာကို ပျော်ပွဲစားထွက်သလို သင်္ကြန်ရေပက်ခံထွက်သလို လုပ်နေကြတာ၊ ကျွန်မလည်း ရှေ့ကကားနှစ်စီးမှာနေရာမရလို့ ဒီကားကို ရောက်လာတာ ရှေ့ဆုံးကသွားမယ့်ကားကို နေရာဦးတယ် ပြူတင်းပေါက်နေရာကိုလုတယ်၊ အိမ်ကတောင် ထွက်မလာသေးတဲ့ သူငယ်ချင်းအတွက် ဆိုပြီး နေရာဦးတယ် အံ့ရော"

အသိအမျိုးသမီးကလည်း မကျေမနပ်ဖြင့်ပြောပြသည်။ အသုဘပို့ရာမှာ ရှေ့ကားလုတာနဲ့ ပြူတင်းပေါက်နားက ထိုင်ခုံလုတယ်ဆိုတဲ့ ဗဟုသုတကို အခုမှမဖြူတုတ် ရလိုက်သည်။ နေရာတကာမှာအမှတ်တမဲ့ နေတတ်သည့် မဖြူတုတ်သိသွားသည်။ သိသွား တော့ကားပေါ်မှာ ထိုင်နေကြသည့် အသုဘပို့သူတချို့ကို သတိထားကြည့်မိသည်။ ပြူတင်းပေါက်မှီထိုင်ပြီး ဖိမ်ဖြင့်ကွမ်းလော်၊ နေကြာစေ့လော်ဝါးနေကြတာ တွေ့ရသည်။ အသုဘကားကို ဖိမ်ခံစီးပြီး ခရီးထွက်မည့်ပုံမျိုး တွေတွေ့ရသည်။

ထိုင်ခုံနေရာမရလို့ သူဆင်းပြေးလာခဲ့ရသည့် မထမကားနှင့် ဒုတိယကားပေါ်က အသုဘပို့သူတွေက ပိုဆိုးသည်။ နေကြာစေ့လော်၊ ကွာစိလော်နှင့် အာလူးကြော်ထုပ်တွေကို ဝါးရင်း ရေသန့်ဘူးမော့သောက်လာကြသည်။ စကားတွေပြောလိုက်၊ ရယ်လိုက်ဖြင့် ပျော်နေကြသည်။ ဒီနေ့ထိုးထားသည့် ဂဏန်းကိစ္စနှင့် မနေ့ကမွေးဂဏန်းကို ပါတ်တာလွဲသွားလို့ ကွဲသွားတဲ့အကြောင်းတွေ ပြော



ပြီး ဒီအပါတ်ဖြစ်နိုင်ခြေရှိသည့် ဂဏန်းများအကြောင်း တိုင်ပင်ဆွေးနွေးနေကြသည်။

"ဈေးထဲက နေ့သွင်းလိုက်ကောက်တဲ့ အစ်မကြီး မနေ့က တစ်သိန်းလောက်ထိသွားတယ်"

"ပဲပြုတ်သည်ကတော့ ခုနှစ်သောင်းရသွားတယ်လို့ ကြားတယ်"

"ခုနှစ်သောင်း"

"ခုနှစ်သောင်းရပေမယ့် အရင်းပြန်မရသေးပါဘူး၊ သိထား တာက တစ်သိန်းကျော်တယ်လေ၊ လိုက်ရဦးမှာပဲ"

အသုဘလိုက်ပို့ကြမည်ဖြစ်သော်လည်း သေခြင်းတရားနှင့် ပတ်သက်သည့်သံဝေဂစကား တစ်လုံးမျှ မပါရုံသာမက သေသူ၏ အကြောင်းပင် ပြောဖော်မရဟုဆိုသည်။ အသုဘလိုက်ပို့သူတို့၏ မျက်နှာမှာ ငါတို့ကတော့ ဘယ်တော့မှမသေဆိုသည့် ပုံမျိုးတွေ တွေ့ရသည်ဟုဆိုသည်။ လောဘ၊ ဒေါသ၊ မောဟနှင့် မာနမျက်နှာ တွေကိုသာ တွေ့ရသဖြင့် မဖြူတုတ်ကြောက်ပြီး နောက်ကကားတွေ ကိုသွားခဲ့ရသည်ဟု ဆိုသည်။

ရေဝေးသုသာန်ရောက်တော့လည်း နေရာပျောက်သွားမှာ ‌စိုးလို့ဆိုပြီး ကားပေါ်ကတောင် မဆင်းကြဟုဆိုသည်။ သေသူ၏ ဆွေမကင်း မျိုးမကင်းသူတစ်စုနှင့် မဖြူတုတ်တို့လူစုသာ ကားပေါ်က ဆင်းပြီး အသုဘရှုခဲ့ကြသည်ဟုဆိုသည်။ လူစုံပြီဆိုတာနဲ့ ‌‌ဘုန်းသင်္ဂြိုဟ်စက်ထဲထည့်လိုက်သဖြင့် မြန်မြန်ကိစ္စပြီးခဲ့သည်ဟု သိရသည်။

ကားပေါ်ကိုရောက်အောင်အပြေးအလွှားပြန်ပြေးလာကြသည်။ ကားပေါ်ရောက်တော့ နေရာပျောက်နေသူတစ်ချို့၏ ဆူညံသံတွေ ထွက်လာပြန်သည်။ အမိကပြဿနာက ပြူတင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



နားက ထိုင်ခုံကိစ္စပင်ဖြစ်သည်။ နောက်ပြဿနာ တစ်ခုက နေရောင်ထိုးသည့် ကိစ္စဖြစ်သည်။ အလာတုန်းက နေရောင်မထိုးအောင် ယာဘက်ခြမ်းက ထိုင်လာသူတွေက အပြန်မှာလည်း နေရောင်အထိုးမခံလို၍ ဝဲဘက်ခြမ်းကို ပြောင်းထိုင်နေသူတွေကြောင့် စကားများကြခြင်းဖြစ်သည်။

"ဒါကျွန်မထိုင်ခုံပဲ"

"ပြူတင်းပေါက်နားက ထိုင်ခုံချင်း အတူတူပါပဲ"

"မတူဘူး၊ အလားတုန်းက နေပူခံပြီး လာခဲ့ရတာ၊ အပြန်မှာ နေပူမခံနိုင်ဘူး"

"ဒါလောက်တောင် ပြူတင်းပေါက်ကြိုက်ရင် နင့်အိမ်က ပြူတင်းပေါက်ယူလာပါလား"

မကျေမနပ်ပြောပြီး နေရာဖယ်ပေးလိုက်ရ မသတ်ကြတာဟု ဆိုသည်။ မဖြူတုတ်တို့ကတော့ ရရာ ကျရာနေရာမှာ ဝင်ထိုင်ပြီး ပြန်ခဲ့ကြသည်။ မဖြူတုတ်ရဲ့ရှေ့ကထိုင်ခုံတွေမှာ အုပ်စုဖွဲ့ပြီး နေရာယူထားကြသည့် အုပ်စုထဲက တစ်ယောက်က ဝမ်းသာအားရ ပြောသံကြားလိုက်ရသည်။

"ဈေးထဲက နေ့ပြန်တိုးပေးတဲ့ အန်တီကြီးလည်း ဆေးခံ့ကပြန်ဆင်းလာပြီလို့ ပြောကြတယ်၊ အခြေအနေသိပ်မကောင်းဘူးလို့ ကြားတာပဲ"

"ကင်ဆာဆိုရင်တော့ အနေးနဲ့အမြန်ပေါ့ဟဲ့ သွားမှာပဲ"

နေ့ပြန်တိုးပေးတဲ့ အန်တီကြီးကိစ္စကျလို့ရှိရင် နေရာကောင်းလုဖို့အတွက် အခုတည်းက အားမွေးနေကြဟန်တူသည်။ လိုက်ပို့ကြဦးမှာကတော့ သေချာသည်။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုသမှုတ်လား။

သောကြာ ၂၀၀၄-မတ်လ

# တစ်ကျော့ပြန် သင်္ကြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

# တစ်ကျော့ပြန် သကြ်န်ပိုး

တစ်နှစ်တစ်ကြိမ် သကြ်န်ချိန်ရောက်ပြီဆိုလျှင် မွေး
မြေဖြစ်သည့် ကိန္နရီချောင်းရွာကို သွားပြီး ရွာသကြ်န်ပွဲကို ဆင်
လေ့ရှိသည့် ကျွန်တော်သည် ဒီနှစ်သကြ်န်မှာလည်းရွာ
တစ်ခေါက်ရောက်သွားပြန်သည်။ ဟိုးလွန်ခဲ့သည့် နှစ်ပေါင်း
ဆယ်လောက်က အခြေအနေနဲ့ မတူတော့သည့် ရွာ အခြေအနေ
သတိထားလိုက်မိသည်။

အဝေးပြေးဘတ်စ်ကားကြီးပေါ်က ဆင်းပြီးရွာလယ်လ
ဆုံလမ်းခွက လူစည်ကားတဲ့နေရာမှာ ရပ်ပြီးရွာလမ်းတလျှော
ကို လှမ်းမျှော်ကြည့်လိုက်သည်။ လမ်းတလျှောက်က ပန်းပိတော
ပင်ကြီးတွေ တစ်ပင်မှ မရှိတော့လို့ နေပူကျဲကျဲဖြစ်နေသည်
တောက်ပင်ကြီးတွေရှိခဲ့ဖူးသည့် နေရာတွေမှာ ကိုယ်ထူကိုယ်
ဓာတ်မီးတိုင်ယိုင်နဲ့နဲ့တွေက အဘိုးအိုတစ်ယောက်ရဲ့ သွားတွေ
ရွေ့ယိုင်၊ နောက်ကိုင်းဖြင့် မညီမညာဖြစ်နေကြသည်။

ဟိုတုန်းက ဝါးထရံကာ ဓနိမိုးအိမ်တွေနေရာမှာ



ဆောင်ကာ သွပ်မိုးတွေဖြစ်နေသည်။ ခေတ်မီပုံစံဖြင့် ဆောက်လုပ်
ထားသည့် တိုက်တာအဆောက်အဦးတွေ ဖြစ်နေသည်။ လမ်းဆုံ
လမ်းခွက အိမ်တိုင်းမှာ အရောင်အသွေးစုံသည့် ကုန်မျိုးစုံတွေ
ရောင်းနေကြပြီဖြစ်လို့ တောမြို့လေးလိုဖြစ်နေသည်။ ဇာတ်လမ်း
မျိုးစုံကို နေ့ရောညပါ ပြနေသည့် ဗွီဒီယိုရုံတွေ ကာရာအိုကေဆိုင်
တွေ၊ ဘီလီယက်ခုံတွေပါရှိနေပြီဖြစ်လို့ အတော်တိုးတက်ပြောင်း
လဲနေပြီပဲလို့ တွေးမိသည်။

ကျွန်တော့်မွေးရပ်ရွာကြီးသည် ရုပ်ပိုင်းဆိုင်ရာတိုးတက်
ပြောင်းလဲနေပြီဖြစ်သော်လည်း အဓိကကျသည့် ဘဝတွေနှင့်စိတ်
ပိုင်းဆိုင်ရာတွေ ကျဆင်းနေပြီဆိုတာကို သတိထားမိလိုက်သည်။
ကျွန်တော်တို့ ငယ်ငယ်ကအတူနေခဲ့ကြသည့် ဆင်းရဲသားရွာသူ
ရွာသားတို့ရဲ့အိမ်တွေသည် ခေတ်အပြောင်းမှာ ကံကောင်းမြောင်း
ကည့်ပြီး ချမ်းသာလာကြသည့် ခေတ်ပျက်သူဌေးတို့ လက်ထဲကို
ရောက် နေတာတွေ့ရသည်။ မူလဒေသခံရွာသားတွေကတော့
ရွာအပြင်က တောင်ခြေတောစပ်မှာ တစ်ချို့၊ နွားစားကျက်မြေရိုင်း
တွေပေါ်မှာ တစ်ချို့ပြောင်းရွှေ့နေထိုင်ကြတာ တွေ့ရသည်။
စားဝတ်နေရေး ကျပ်တည်းလာတဲ့အခါ မိဘ ဘိုးဘွားလက်ထက်
ကဆက်ဆက်က နေလာခဲ့ကြသည့် ရွာထဲက အိမ်တွေကို
ရောင်းချပြီး ရွာပြင်ထွက် သွားကြရခြင်းဖြစ်သည်။

ဟိုတုန်းက ရှိခဲ့ဖူးသည့် ရွာသူရွာသားတွေရဲ့ ရိုးသားမှုတွေ
ဝေဝေပေးကမ်းလိုသည့် စေတနာစိတ်တွေ၊ ချစ်ခြင်း၊ သနားခြင်း၊
ကိုယ်ချင်းစာခြင်း၊ ခွင့်လွှတ်သည်းခံခြင်းဆိုတဲ့ ဗြဟ္မစိုရ်တရားတွေ၊
ညီညီချင်သည့် ပရဟိတစိတ်တွေ ဘယ်ရောက်ကုန်မှန်းမသိ အောင်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းခြောက်နေတာတွေ့ရသည်။ ဝမ်းနည်းစရာကောင်းသည့် စ
ပိုင်းဆိုင်ရာကျဆုံးနေမှုဖြစ်သည်။

ဒါပေမယ့် ချစ်စရာကောင်းတဲ့ ရွာသူရွာသားတွေရဲ့ မိုး
သကြန်မစလေ့ကတော့ ငွေ့ငွေ့လေးကျန်နေသေးဟန်တူပါသ
ရွာလယ်ကလမ်းဘေးမှာ သကြန်မဏ္ဍပ်ကလေးထိုးပြီး ရေပ
ကစားကြရန် ပြင်ဆင်ထား တာတွေ့ရသည်။ ရေပက်ခံမဏ္ဍ
ကလေးရဲ့နဖူးစီးစာတန်းက ထူးဆန်းနေသည်။ (ကိန္နရီချောင်း
လူငယ်မောင်မယ်များ၏ သက်ကြီးပူဇော်ပွဲ)ဟုရေးထားသ
ရေပက်ကစားကြမည်။ သက်ကြီးဝါကြီး ဘိုးဘွားတွေကို ကန်တေ
ကြမည်ဖြစ်သည်။ ကန်တော့ခံကြမည့် ဘိုးဘွားတွေထိုင်
ပလပ်စတစ်ကုလားထိုင် တွေတန်းစီပြီး ချထားတာတွေရသ
မုန့်လုံးရေပေါ် လုပ်ရန် အတွက် မုန့်နှဲနေကြသည်။ ရေပက်ကြ
အတွက် ရေတိုင်ကီတွေ ထဲကို ရေထမ်းထည့်နေကြသည်။

ယနေ့သည် သကြန်အကြိုနေ့ဖြစ်လို့ ကလေးတစ်ချို့
ပက်ကစားနေကြတာ တွေ့ရသည်။ အဝေးပြေးဘတ်စ်ကား
ပေါ်ကဆင်းလာကြသည့် ခရီးသည်တွေကို ရေလာလောင်းသူ
လည်း ရှိသည်။ ခရီးပန်းလာသူတွေဖြစ်လို့ သကြန်ရေထိ
သဘောကျနေကြသည်။ သကြန်ရေအေးအေးကြောင့် လန်း
သလို ခံစားကြရသည်။

အဝေးပြေးဘတ်စ်ကားကြီးပေါ်က ဆင်းလာကြ
ရန်ကုန်ခရီးသည် တွေထဲမှာ အသက်ရှစ်ဆယ်အရွယ် အဘိုး
တစ်ယောက်ပါသည်။ ရန်ကုန်မှာ အခြေချနေထိုင်ကြသည့်
သမီးတွေနှင့် အတူနေသည့် ကိန္နရီချောင်းရွာသား ဦးဘိုးအော



ဖြစ်သည်။ ဦးဘိုးအောင်သည်လည်း ကျွန်တော့်လိုပင် မွေးရပ်ရွာ
ကို အလွမ်းပြေပြန်လာတာဖြစ်မည်။ ကားပေါ်ကဆင်းပြီး ရွာမြေ
ကို ခြေချလိုက်တယ်ဆိုလျှင်ပဲ တက်ကြွရွှင်လန်းသွားတာကို သူ့
မျက်နှာမှာမြင်လိုက်ရသည်။ သူ့အသက်နှစ်ပေါင်းငါးဆယ်လောက်
ပြန်ငယ်သွားတယ်လို့ ထင်သွားဟန်တူသည်။ သူနှင့် သက်တူရွယ်
တူ လူကြီးတွေကို အော်ဟစ်နှုတ်ဆက်နေသည်။ မသေမီရွာကို
လွမ်းတသတိရလို့ ပြန်လာကြောင်း အော်ပြောသံကြားလိုက်
ရသည်။

ဦးလေးဦးဘိုးအောင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့
ငယ်ငယ်ကကြားဖူးသည့် ဇာတ်လမ်းတစ်ခုရှိသည်။ ဦးဘိုးအောင်
လူပျိုကာလသားဘဝမှာ သကြန်ရေပက်ခံမဏ္ဍပ်ထဲက အပျိုတွေ
ကို ရေသွားလောင်းသည်။ လှလှပပ ဝတ်စားထားကြပြီး မုန့်လုပ်
နေကြသည့် အပျိုတွေက ရေစိုပြီးအလှပျက်ကုန်လို့ စိတ်ဆိုးကြ
သည်။ ဦးဘိုးအောင်(ကိုဘိုးအောင်)ကလည်း အရက်သောက်ထား
လို့ ခပ်ထွေထွေလေးဆိုတော့ သကြန်ကျလို့ ရေပက်တာ ဘာဖြစ်
လဲ ဘာဖြစ်လဲဆိုပြီး မဏ္ဍပ်ထဲက အပျိုတွေအားလုံးကို ရေလောင်း
သည်။ အပျိုခေါင်းဆောင် မလုံးတင်က ဦးဆောင်ပြီး ကိုဘိုးအောင်
ကို ဝိုင်းဖမ်းချုပ်နှောင်ကြသည်။ အင်္ကျီလုံချည်တွေကို ဆွဲချွတ်ကြ
ပြီး မဏ္ဍပ်တိုင်မှာ ကြိုးဖြင့်ချည်နှောင်ထားကြသည်။ အတွင်းခံ
ဘောင်းဘီပါးပါးလေးသာ ကျန်တော့လို့ မိမွေးတိုင်း ဖမွေးတိုင်း
နီးပါးဖြစ်နေသော ကိုဘိုးအောင်ကို အပျိုတွေက ရေဖြင့်
ဝိုင်းလောင်းကြသည်။ တစ်ကိုယ်လုံးကို အိုးမည်းသုတ်ကြသည်။
ရေလောင်းလိုက်စကောဖြင့် ယပ်ခပ်လိုက်လုပ်ကြရာ ဦးဘိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေသည်ဟု ဆိုသည်။

ကိုဘိုးအောင်၏ ကိုယ်လုံးတီးနီးပါးဖြစ်နေသည့် ကိုယ်ခန္ဓာကို အများဆုံးထိတွေ့ကိုင်တွယ် ချုပ်နှောင်ပေးသည့် အပျိုခေါင်းဆောင် မလုံးတင်နှင့် ကိုဘိုးအောင်တို့အထိအတွေ့မှ အစပြုပြီး စွဲငြိသွားကြသည်။ ဒေသအခေါ်ဖြင့် ပြောရလျှင် တစ်ဦးကိုတစ်ဦး ချစ်ကြိုက်သွားကြသည်။ သင်္ကြန်ပွဲပြီးသည့် နှစ်ဆန်းတစ်ရက်နေ့မှာပင် မလုံးတင်သည် ကိုဘိုးအောင်နောက်ကို ခိုးရာလိုက်ပြေးလေတော့သည်။ မလုံးတင်သည် ကိုဘိုးအောင်၏ ကိုယ်လုံးတီးအနေအထားကို မြင်ရလို့ ခိုက်သွား၍ မအောင့်နိုင်တော့တာနဲ့ လိုက်ပြေးတာဟု ပြောကြတာကို မခံမရပ်နိုင်ဖြစ်ကြသည့် မလုံးတင်၏ အစ်ကိုတွေက ကိုဘိုးအောင်ကို သတ်ဖို့လိုက်ကြသည်။ တစ်ပါတ်ဆယ်ရက်လောက်အကြာမှာ မလုံးတင်ကို ပြန်မိခဲ့ကြသော်လည်း ကိုဘိုးအောင်က လွတ်မြောက်သွားသည်။

ကိုဘိုးအောင်သည် ရွာကိုပြန်မလာရဲတော့လို့ ရခိုင်မီးဘောင်ကြီးကို ကျော်ပြေးပြီး လေးမျက်နှာ၊ ငါးသိုင်းချောင်းဘက်ကို ထွက်ပြေးသွားခဲ့သည်ဟု သိရသည်။ ကိုဘိုးအောင်ရွာကို စွန့်ခွာပြီး နှစ်ပေါင်းနှစ်ဆယ်မျှ တိမ်းရှောင်နေခဲ့ရသည်။ မလုံးတင်လည်း တစ်ခုလပ်လိုလို အပျိုကြီးလိုလိုဖြင့် ကိုယ့်ကိုယ်ကို ဘာမှန်းမသိဘဲ လင်မရဖြစ်နေခဲ့ရသည်။

အခုတော့ ဦးဘိုးအောင်ကလည်း သားသမီးတွေ မြေးတွေနှင့် ရန်ကုန်မှာ အခြေချနေထိုင်သည်။ အသက်ကလည်း ခုနှစ်ဆယ်ကျော်လို့ရှစ်ဆယ်ပင်ပြည့်တော့မည်။ ဇနီးကွယ်လွန်သွားပြီးဖြစ်၍ ကိုယ့်ရွာကိုယ့်မြေကို အလွမ်းပြေပြန်လာခြင်းဖြစ်သည်။

ဒေါ်လုံးတင်မှာလည်း မိဘတွေကအစ ညီအစ်ကို မောင်



နှမတွေမရှိကြတော့လို့ တစ်ကိုယ်တည်းဖြစ်နေသည်။ ကိန္နရီချောင်းရွာမှာပရဟိတမိတ်ရှိသော လူငယ်လေးတစ်စုက တည်ထောင်ထားသည့် ဘိုးဘွားရိပ်သာလေးတစ်ခုရှိသည်။ ဒေါ်လုံးတင်သည် သူချမ်းသာသမျှ စီးပွားအားလုံးကို ဘိုးဘွားရိပ်သာသို့ လှူဒါန်းပြီး သူကိုယ်တိုင်လည်း ဘိုးဘွားရိပ်သာမှာခိုလှုံနေထိုင်နေသည်။ သူ့ဘဝနောင်ရေး စိတ်အေးရပြီဖြစ်သည်။

ဒေါ်လုံးတင်အကြောင်းတွေးမိတော့မှ ဒေါ်လုံးတင်နှင့်ရွာက အပျိုတွေနှိပ်စက်တာကို ဦးဘိုးအောင်သာမက ကျွန်တော်ပါ ခံခဲ့ရတာကို ပြန်လည်သတိရလာသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ငါးဆယ်လောက်က ဆိုတော့ ကျွန်တော့်အသက် ဆယ်နှစ်ခန့်သာ ရှိဦးမည့်ကာလ သင်္ကြန်အခါသမယမှာ ဖြစ်သည်။ ကျွန်တော်တို့ကလေးတွေက မဏ္ဍပ်ထဲမှာ မုန့်လုံးရေပေါ်လုံးနေကြသည့် အပျိုတွေကို ရေပြွတ်တံဖြင့် သွားထိုးမိသည်။ အပျိုတွေက ကျွန်တော်တို့ကို လိုက်ဖမ်းသည်။ တင်ရွှေ၊ မောင်နီနှင့် ကျွန်တော်တို့သုံးယောက်ကို ဖမ်းမိသွားသည်။ ထုံးစံအတိုင်းပင် ကျွန်တော်တို့ကိုလည်း ကိုယ်လုံးတီးတွေဖြစ်အောင်ဆွဲချွတ် လိုက်ကြသည်။ ဦးဘိုးအောင်ကိုတော့ လူပျိုကာလသားမို့ အတွင်းခံဘောင်းဘီချန်ထားသည်။ ကျွန်တော်တို့ကိုတော့ ကလေးတွေဆိုပြီး အင်္ကျီရောဘောင်းဘီပါ ဆွဲချွတ်ခံလိုက်ရသည်။ သုံးကောင်လုံး ကိုယ်လုံးတီးလေးတွေဖြစ်နေကြသည်။ ယောကျ်ားကိုယ်လုံးတီးအရွယ် အမျိုးမျိုး ကိုကြည့်ချင်နေသည့် အပျိုတွေဖြစ်မည်ဟု တွေးမိသည်။

ကိုယ်လုံးတီးသုံးကောင်ကို မဏ္ဍပ်တိုင်မှာ ကြိုးဖြင့်ချည်ပြီး အိုးမည်းသုတ်သည်။ရေလောင်းသည်။ နီးကြောတုတ်ကလေးဖြင့် ရွှေပန်းလေးတွေကို မနာအောင်ရိုက်သည်။ မနာသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော်တို့သုံးယောက် ရှက်လွန်းလို့ အော်ငိုခဲ့ကြသည်။ ကျွန်တော်ကပိုရှက်သည်။ ကျွန်တော်ကြိုက်နေသည့် ထွေးငယ်လေး ရှေ့မှာ ကိုယ်လုံးတီးဖြစ်နေလို့ သေချင်အောင် ရှက်နေခြင်းဖြစ်သည်။ ထွေးငယ်လေးတို့လို ကောင်မလေးတွေသာမက မဏ္ဍပ်ထဲက အပျိုတွေအကုန်လုံးကလည်း ကျွန်တော်တို့ ကိုယ်လုံးတီးသုံးယောက်ကို အရသာခံပြီးဝိုင်းကြည့်နေကြသည်။ ရေပက်တဲ့အတွက် အပြစ်ဒါဏ်ခတ်တာကို အချိန်ဆွဲပြီး စစ်မေးစီရင်နေကြသည်။

"နောက်လုပ်ဦးမလား"

"မလုပ်တော့ပါဘူးဗျ"

"ဒီဟာက ထဦးမလား"

သင်္ကြန်ရေပက်တာနဲ့ ဘာမှမပတ်သက်သည့် မေးခွန်းဖြစ်သည်။ နှိုးကြောတုတ်ဖြင့် မနာအောင် ရိုက်ပြီးမေးသော်လည်း ရှက်လွန်းလို့ အော်ငိုပြီး ဖြေရသည်။

"မထတော့ပါဘူးဗျ"

အပျိုတွေက အားပါးတရ ရယ်ကြတော့ ထွေးငယ်လေးတို့ မိန်းကလေးတွေကပါ လိုက်ရယ်ကြသည်။ ကျွန်တော်ကြိုက်နေသည့် ထွေးငယ်လေးရရယ်တော့ ရှက်လွန်းလို့ သေချင်သည်။ အားရအောင်နှိပ်စက်လို့ ဝအောင်ကြည့်ကြပြီးမှ ကျွန်တော်တို့ကို ကြိုးဖြေလွှတ်ပေးလိုက်ပါသည်။ ဒေါ်လုံးတင်ကတော့ မှတ်မိသေးရဲ့လား မသိ၊ ကျွန်တော်ကတော့ မမေ့နိုင်ဖြစ်နေသည်။

ယနေ့သည် သင်္ကြန်အကျနေ့ဖြစ်လို့ ရေပက်ခံမဏ္ဍပ်ထဲမှာ သက်ကြီးပူဇော်ကန်တော့ပွဲလုပ်မည် ဖြစ်သည်။ ဘိုးဘွားရိပ်သာလေးက အဘိုးအဘွားတွေနှင့် ရွာထဲကဘိုးဘွားတွေအပြင် ရန်ကုန်



က ခေတ္တရောက်လာသည့် ဧည့်သည်အဘိုးအို ဦးဘိုးအောင်ကိုပါ ဖိတ်ကြားထားတာတွေ့ရသည်။ မဏ္ဍပ်ထဲမှာချစ်စရာ မြင်ကွင်းကတော့ အဘွားအို ဒေါ်လုံးတင်နှင့် အဘိုးအို ဦးဘိုးအောင်တို့ မောင်နှမလို တရင်းတနှီး နှုတ်ဆက်နေကြသည့် မြင်ကွင်းပင်ဖြစ်သည်။ ရပ်ရွာက မျိုးဆက်သစ်လူငယ်တွေနှင့် အသက်ငါးဆယ်အောက် လူလတ်ပိုင်းတွေကတော့ ဦးဘိုးအောင်နှင့် ဒေါ်လုံးတင်တို့ရဲ့ အတိတ်ဇာတ်လမ်းကို မသိကြလို့ အဆန်းမဟုတ်ကြသော်လည်း ကျွန်တော်နှင့် အကြောင်းသိလူကြီးတွေအတွက် ဆန်းသစ်သည့်မြင်ကွင်းဖြစ်နေပါသည်။

"မလုံးတင် ကျန်းမာသေးရဲ့နော်"

"မာပါတယ် ကိုဘိုးအောင်ရယ်၊ ကျန်းမာတယ်ဆိုပေမယ့် လူကြီးကျန်းမာပေါ့ရှင်၊ တစ်နေ့ရွှေ တစ်နေ့ငွေဆိုပါတော့၊ ငယ်ငယ်တုန်းကလိုတော့ ဘယ်ဟုတ်ပါ့မလဲ"

"ဒါပေါ့ ဒါပေါ့ ကျုပ်လည်းဒီလိုပါပဲ"

သူတို့အချင်းချင်း တရင်းတနှီးနှုတ်ဆက်နေကြတာမြင်တော့ ကျွန်တော်ကလည်း ဒေါ်လုံးတင်ကို နှုတ်ဆက်လိုက်ပါသည်။

"မမကြီး ကျွန်တော်ကို မှတ်မိလား၊ မောင်စိုးပါ"

"ဟဲ့ နင်ဟာ ညီညီလေး၊ မောင်စိုးမဟုတ်လား"

"ဟုတ်ပါတယ်"

"ဟယ် ကြည့်စမ်း၊ မောင်စိုးတောင် အတော်ကြီးနေပြီကိုး"

ကျွန်တော့်ပခုံးကို ခေါင်းကစကိုင်ပြီးပခုံးကို ကိုင်သည်။ လက်မောင်း တွေကိုကိုင်သည်၊ ပြုံးပြီး ခြေဆုံးခေါင်းဆုံးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငယ်ငယ်က ကိုယ်လုံးတီးချတ်ပြီး မဏ္ဍပ်တိုင်မှာ ကြိုးဖြင့် ချည်ထားခဲ့တာကို ပြန်လည်အမှတ်ရနေဟန်တူသည်။ အဲဒီတုန်းက ကျွန်တော့်အသက် ဆယ်နှစ်ခန့်သာ ရှိသေးလို့ မကြီးသေးလို့ ပြောလိုဟန်တူသည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့ အခုတော့ ကြီးပြီပေါ့ မမရယ်"

ဒေါ်လုံးတင်ရဲ့မျက်နှာမှာ ငယ်ရုပ်ပေါ်လာသည်။ သူ့အသက် နှစ်ငါးဆယ်လောက် ပြန်ငယ်သွားတယ်လို့ ခံစားနေရဟန်တူသည်။ ဦးဘိုးအောင်ကို စကားပြောရာမှာတောင် ရှက်ကိုးရှက်ကန်း အမူအယာလေးတွေ ပေါ်လာတာ သတိထားလိုက်မိသည်။

သင်္ကြန်မောင်မယ် လူငယ်တွေက ဦးဘိုးအောင်နှင့် ဒေါ်လုံးတင်အပါအဝင် ဘိုးဘွားတွေ အားလုံးကို ကန်တော့ကြသည်။ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာခဲ စသည့် လက်ဆောင်ပစ္စည်းလေးများ တစ်နိုင်တစ်ပိုင် လှူကြသည်။ ဘိုးဘွားတွေက ဆုတွေပေးကြသည်။ မုန့်လုံးရေပေါ်တွေ စားပြီး ရှေးဟောင်းနှောင်းဖြစ်တွေပြောကြသည်။ သူတို့ငယ်ငယ်က ရွာသင်္ကြန်အကြောင်း တွေကို လွမ်းမောပြောဆိုကြသည်။ ပြောဆိုနေကြရင်းကပင် တစ်ကြော့ပြန်သင်္ကြန်ပိုးဝင်လာဟန်တူသည့် အဘိုးအိုတစ်ယောက်က အဘွားအိုတစ်ယောက်ကို သင်္ကြန်ရေအေးအေးဖြင့် ဖြည်းဖြည်းလောင်းလိုက်သည်။

တစ်ယောက်က စလိုက်တော့ အဘိုးအဘွားအားလုံး သင်္ကြန်ပိုးကူးစက်သွားပြီး အချင်းချင်းအပြန်အလှန်ရေလောင်းကြသည်။ လူငယ်တွေသဘောကျလို့ လက်ခုပ်တီးပေးကြသည်။ ဦးဘိုးအောင်က ဒေါ်လုံးတင်ကို နံ့သာရေသပြေခက်ဖြင့် ရေပက်



ပြီး သာပါစေ၊ မာပါစေဟု ဆုတောင်းပေးသည်။ ဒေါ်လုံးတင်က အရှက်ပြေအောင် ကပြလိုက်သဖြင့် တဝါးဝါးပွဲကျသွားသည်။ အဘိုး အဘွားတွေ အတော်ပျော်ကြတာတွေ့ရသည်။

ကိန္နရီချောင်းရွာ သင်္ကြန်သုံးရက်က စည်စည်ကားကား ကြီးမဟုတ်သည့်တိုင် စိုစိုပြေပြေဖြင့်ပြီးသွားပါသည်။ နှစ်ဆန်းတစ်ရက်နေ့မှာ ရေမပက်ကြတော့သော်လည်း လူငယ်မောင်မယ်တွေက အဘိုးအဘွားတွေကို ခြေသည်းလက်သည်းလှီးပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်းပြုလုပ်ကြသေးသည်။

နှစ်ဆန်း တစ်ရက်နေ့ညမှာတော့ ကိန္နရီချောင်းရွာက ဘိုးဘွားရိပ်သာလေးမှာ အထိတ်တလန့်ဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။ ညည့်သန်းခေါင်ယံအချိန်ကျမှအဘွားဒေါ်လုံးတင် ပျောက်နေတာသိကြသည်။ သူ့အိပ်ရာမှာ ခြင်ထောင်ချထားသော်လည်း ခြင်ထောင်ထဲမှာ ဒေါ်လုံးတင်မရှိတာကို အတူနေအဘွားကသိပြီး ပြော၍ လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ခြံတွင်းမှာရှာကြသည်။ ဘယ်မှာမှ ရှာမရသောအခါမှ မိုးလင်းမှရှာကြတော့မည်ဆိုပြီး ရှာဖွေခြင်းကိုရပ်နားလိုက်ကြသည်။

မိုးလင်းတော့ အဘွားဒေါ်လုံးတင်ကိုရှာကြမည်လို့စီစဉ်နေကြစဉ် ရှာစရာမလိုတော့ဘူး၊ တွေ့ပြီဆိုသည့် သတင်းရောက်လာသည်။ ရွာလယ်လမ်းဆုံလမ်းခွက ရန်ကုန်ကိုသွားကြရန် မြို့ကားကြီးအလာကို စောင့်နေကြသည့် ခရီးသည်တွေကြားမှာ

www.burmeseclassic.com



ခရီးဆောင်အိတ်ကလေးတွေကိုယ်စီပိုက်ပြီး အတူထိုင်နေကြ သော ဒေါ်လုံးတင်နှင့်ဦးဘိုးအောင်ကိုတွေ့လိုက်ကြရပါတော့သည်။

ဘိုးဘွားရိပ်သာကိုစောင့်ရှောက်နေသည့် ပရဟိတလူငယ်လေးတွေမှာတော့ အဘိုး ဦးဘိုးအောင်နှင့်အဘွား ဒေါ်လုံးတင်တို့ ဒီတစ်ခါ ရာသက်ပန်ရိုးမြေကျပေါင်းနိုင်ကြပါ စေလို့သာ ဆုတောင်း လိုက်ကြရပါတော့သည်။

သောကြာ
၂၀၀၄-ဧပြီလ




www.burmeseclassic.com

www.burmeseclassic.com

# အဏ္ဏဝါရာမခရီး

၂၆-၁-၂၀၀၄ နေ့ ညနေစောင်းတွင် ကိုအဏ္ဏဝါသည် စူပါစာပေဟောပြောပွဲ ဆရာကြီးသုံးယောက်ကိုပင့်ပြီး ရခိုင်ကို ခရီးထွက်ခဲ့သည်။ စူပါဆရာကြီးတွေဖြစ်သည့် ဆရာအောင်သင်း ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညိုတို့သည် ကိုအဏ္ဏဝ ကိုအားနာပြီး ရခိုင်ခရီးကို လိုက်လာကြသည်။

ရန်ကုန်မှညနေ ၄ နာရီမှာထွက်ရမည့် ကိုအဏ္ဏဝါ၏ စင်းလုံးငှားမော်တော်ယာဉ်သည် ညနေ ၆ နာရီအထိ မထွက်နိုင် ဖြစ်ခဲ့ရသည်။ ကိုအဏ္ဏဝါတို့ရွာက ဆရာတော်ပူဇော်ပွဲမှာ သီချင်း ဆိုဖို့ခေါ်ထားသည့် အဆိုတော် ရွှေရည်သိန်းတန်နှင့်အဖွဲ့ အချိန် မီရောက်မလာလို့ သူတို့အဖွဲ့ကိုစောင့်နေရသဖြင့် စင်းလုံးငှားကား ကြီးမထွက်နိုင်ဖြစ်နေသည်။ နေညိုလျှင် လေပြိုတတ်ဟန်တူသည့် ဆရာကြီးတွေက ကိုအဏ္ဏဝါကို ကျိုင်ပူလာကြတော့သည်။

"အဏ္ဏဝါ ဘယ်လိုလဲ၊ ငါတို့ဒီလိုဘဲနေရတော့မှာလား"

"သည်းခံလက်စနဲ့ ဆက်ပြီးသည်းခံပါဆရာရယ်၊ ရွှေရည်



သိန်းတန်အခုပဲ ဖုန်းဆက်ပါတယ်၊ ကားပျက်နေလို့ပါတဲ့၊ မှော်ဘီ ကိုရောက်နေပါပြီတဲ့၊ နောက်တစ်နာရီလောက်ဆိုရင် ဒီကိုရောက် လာတော့မှာပါဆရာ"

"နောက်ထပ်တစ်နာရီလောက်တောင်စောင့်ရဦးမယ်ဆို တော့ ဒီလိုနေလို့ဘယ်ဖြစ်မလဲ၊ သက်တောင့်သက်သာရှိတဲ့ နေရာမှာ နားနေရင်းစောင့်တာကောင်းတာပေါ့"

"ကောင်းပါတယ်ဆရာ၊ လျော်ကန်သင့်မြတ်ပါတယ် ဆရာ"

ဒီလိုနဲ့ အောင်မင်္ဂလာအဝေးပြေးဂိတ်ဝင်းကြီးထဲက အတောင်းဆုံးစားသောက်ဆိုင်တစ်ဆိုင်မှာ အနားယူကြသည်။ ရခိုင်ခရီးအတွက် ဧည့်သည်တော်အဖြစ် အထူးဖိတ်ကြားခြင်းခံရ သည့် ဆရာမောင်ပေါ်ထွန်းနှင့် ဆရာ့ကို သွားခေါ်သူ မောင်ကျော် စိုးလင်းတို့ပါရောက်လာကြသောအခါ စားသောက်ဆိုင်ထဲမှာ အနား ယူသူ ခြောက်ယောက်ဖြစ်သွားသည်။

ရခိုင်စာပေဟောပြောပွဲအတွက် ဆရာကြီးတွေကို လာပင့် သူ မောင်ကျော်စိုးလင်းက အသက်အငယ်ဆုံး၊ အလိမ်မာဆုံးဖြစ် လို့ အချိုရည်တစ်ပုလင်းမှာ သောက်သည်။ ကိုအဏ္ဏဝါတို့ လူကြီး တွေကတော့ အိမ်ကထွက်ခွင့်ရတဲ့ အချိန်ကစပြီး မျက်နှာတွေက ပြုံးနေကြသည်။ ပျော်နေကြသည်။ ဆရာချစ်ဦးညိုမှာလည်း သူ့မဟေသီက ပေလီကို မရောက်ဖူးလို့ စောစောပိုင်းကတော့ လိုက် မယ်ပြောထားပြီး မလိုက်တော့ဘူးဆိုသည့်အတွက် ဆရာချစ်လည်း ပျော်နေတာတွေ့ရသည်။ ရွှေရည်သိန်းတန်တစ်ညလုံး မလာပဲနေ လည်း အကြောင်းမဟုတ်ဖြစ်သွားသည်။ ဒီတော့မှ ကိုအဏ္ဏဝါလည်း

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူချောင်သွားသည်။ ဆရာလယ်တွင်းသား မျက်စောင်းတစ်ချက်ထိုးလိုက်တိုင်း ရင်တုန်ပန်းတုန်ဖြစ်နေခဲ့သည့် ကိုအဏ္ဏဝါအခုမှ ရင်ချောင်သွားလို့ စားနိုင်သောက်နိုင်ဖြစ်သွားသည်။

ည(၇)နာရီခွဲကာနီးမှ ရွှေရည်သိန်းတန်ရောက်လာသည်၊ ရခိုင်ကိုသွားသည့် အဝေးပြေးကားဂိတ်သည် လှိုင်သာယာမှာလို့ထင်ပြီး လှိုင်သာယာကိုရောက်သွားလို့ အခုလောက်ကြာသွားတာဟုဆိုသည်။ ကိစ္စမရှိ၊ ညောင်တုန်းမှာလို့ထင်ပြီး သွားနေရင်ပိုကောင်းတယ်၊ နင်ကြာနေလေ ဒို့အတွက်ပိုကောင်းလေဟု ဆိုကြသည်။

ကိုအဏ္ဏဝါငှားရမ်းထားသည့် မောင်ကျော်စိုးလင်းတို့မိသားစုပိုင် စင်းလုံးငှားဘတ်စ်ကားကြီးသည် ည (၈)နာရီထိုးခါနီးမှ ရန်ကုန်ကထွက်နိုင်သည်။ သံတွဲ၊ ဂျိတ်တော(ငပလီ)၊ ကျိန္တလီသုံးနေရာမှာကျင်းပမည့် စာပေဟောပြောပွဲ၊ ရွှေရည်သိန်းတန်တို့သီချင်းဆိုရမည့် ကျိန္တလီရွာဆရာတော်ဂုဏပူဇာပွဲ၊ သံတွဲမြို့အောင်မြေသာစည်ကျောင်းဝင်းအတွင်းမှာ စိုက်ထူလိုက်သည့်မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်ရင် အထိမ်းအမှတ်ကျောက်စာဖွင့်ပွဲကို နွဲကြမည့်စာရေးဆရာကြီးများနှင့်အတူကျော်စိုးလင်း၏ဘကြီးနှင့်အဒေါ်တို့ကပါ ပျော်လို့ဆိုပြီး လိုက်လာကြသည်။ ပျော်မှာပေါ့ သူများစင်းလုံးငှားထားတဲ့ကားကို အလကားစီးရတာကိုး ပြောမယ်သာပြောရတာပါ အဲဒီကားကြီးကို သူတို့ပိုင်တာပါ။ ကိုအဏ္ဏဝါကလျှော့ဈေးဖြင့် အကြွေးငှားသုံးခြင်းဖြစ်သည်။

ကိုအဏ္ဏဝါသည် ဒီခရီးကို 'ဆရာကြီးလင်းယုန်မောင်မောင် နှင့်အတူသွားခဲ့ဖူးတာ တိုင်းသိပြည်သိဖြစ်သည်။ ဒီခရီးက



ပြန်ရောက်ပြီး မကြာမီဆရာကြီးလင်းယန်မောင်မောင် ကွယ်လွန်သွားသည်။ ကိုအဏ္ဏဝါက အသုဘတရားခံဖြစ်သွားသည်။ ယခုလည်း အသက်(၇၈)နှစ်ရှိပြီဖြစ်သည့် ဆရာအောင်သင်းကိုခေါ်လာ ပြန်သည်။ ဘာများဖြစ်ဦးမလဲမသိဆိုသည့် အတွေးဖြင့်ရင်တမမဖြစ်နေရသည်။ ဒီတစ်ခါ အဝါကဒ်အပြခံရလျှင်ကိုအဏ္ဏဝါကို စာပေအသိုင်းအဝိုင်းက ထုတ်ပယ်ခံရဖို့ သေချာသည်။

(၂၇. ၁. ၂၀၀၄)နေ့သို့ အကူး၊ နံနက် (၃)နာရီလောက်မှာ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်အစပ်ဖြစ်သည့် ရိုးတောင်ပေါ်မှာ ကားပျက်ပါလေတော့သည်။ ပြုပြင်မရအောင် ပျက်ပြီဟုသိရသောအခါ ယနေ့ည သံတွဲမြို့မှာ စာပေဟောပြောကြရမည့်စာရေးဆရာ (၄)ယောက်နှင့် ကျိန္တလီရွာမှာ ဟောရမည့်ဆရာတော် (၂)ပါးကို ကြုံရာကားဖြင့် အရောက်ပို့နိုင်ရန် စီစဉ်ရတော့သည်။

ကျိန္တလီရွာမှာ ယနေ့ညတရားဟောရမည့် ဆရာတော်အရှင်ညာဏောဘာသ(စာရေးဆရာ၊ စိုးညာဏ (ငဖဲ) ကိုယ်တော်)သည် ကျိန္တလီဆရာတော်၏ ဂုဏပူဇာပွဲက ဖင့်ဖိတ်လို့ ကြွလာသောဆရာတော်ဖြစ်သည်။ ကိုအဏ္ဏဝါက တာဝန်ခံပြီး (စပွန်ဆာလုပ်ပြီး) ပင့်လာသည့် စာရင်းဝင်မဟုတ်သော်လည်း ယနေ့ည ကျိန္တလီကိုရောက်မှဖြစ်မည့် ပုဂ္ဂိုလ်ဖြစ်နေ၍ စာရေးဆရာ(၄)ယောက်နှင့်အတူ ရဟန်းတော်(၂)ပါး ခရီးဆက်နိုင်ရေးကို ဦးစားပေး၍ကြိုထုတ်ရတော့သည်။ ရွှေရည်သိန်းတန်ကလည်း ဆက်ရိုက်အိပ်ရေးပျက်လာသူဖြစ်လို့ ကားပေါ်ကလူသွားလမ်းမှာ ဗိုက်ချလက်ချ

www.burmeseclassic.com

www.burmeseclassic.com



အိပ်နေသည်။ ကြာလေကောင်းလေဆိုသည့် သဘောဖြစ်မည်။

မိုးလင်းခါနီးနေပြီဖြစ်လို့ ရခိုင်ကိုသွားမည့် လိုင်းကားတွေ တစ်စီးမှ မရှိတော့ဘူးလို့ သိရသည်။ ကိုအဏ္ဏဝါတို့ကားသည် ရန်ကုန်ကထွက်တာနောက်ကျသည့်အတွက် တခြားလိုင်းကားတွေ အားလုံးရခိုင်ရိုးတောင်ကြီးကို ဖြတ်ကျော်သွားကြပြီး ဖြစ်သည်။ လိုင်းကားမရသော်လည်း ကြုံရာကားဖြင့် လိုက်ကြရတော့မည် ဖြစ်သည်။ ကံအားလျော်စွာပင် ရခိုင်ဘက်ကိုသွားမည့်ကားကြီး တစ်စီး မီးထိုးပြီး တက်လာတာကို မြင်လိုက်ကြ၍ ဝမ်းသာသွားကြသည်။

မီးထိုးပြီးတက်လာသည့် ကားကြီးက ကိုအဏ္ဏဝါတို့ကား ပျက်အနီးမှာ ရပ်ပေးပါသည်။ လမ်းတံတားဆောက်ရန်က ဘိလပ်မြေ အိတ်တွေ တင်လာသည့် အမိုးပက်လက်တီအိုးအလဲဗင်းကားကြီး ဖြစ်နေသည်။ ကံအားလျော်စွာပင် ကုန်ကားကြီး မောင်းလာသည့် ယာဉ်မောင်းသည် တစ်ခါတုန်းက ရိုးမသစ္စာ ကားလိုင်းမှာ ခရီးသည်တင်ကားတွေကို မောင်းသွားခဲ့သည့် ယာဉ်မောင်းဖြစ် နေသည်။ ရိုးမသစ္စာကားလိုင်းသည် မောင်ကျော်စိုးလင်းတို့ မိသားစုပိုင်ကားလိုင်းဖြစ်သည်။ ယာဉ်မောင်းဆရာက မောင်ကျော်စိုးလင်း၏ဘကြီးကို မြင်တယ်ဆိုလျှင်ပဲ ပြာပြာသလဲဖြင့် ဘာကူညီ ရမလဲဟု မေးပါသည်။ အတော်ပါပဲ ဒီနေ့ည သံတွဲမြို့ကိုရောက်ရမည့် စာရေးဆရာ (၄)ယောက်နှင့် ကျိန္တလီရွာကို ရောက်ရမည့် ဆရာတော် (၂)ပါးကို ငွေမြို့အထိ ရောက်အောင်သယ်ယူသွားပေးပါဟု အကူအညီတောင်းသည်။

ဆရာတော်(၂)ပါးကို ကားခေါင်းခန်းမှာ နေရာပေးပြီး သက်ကြီးရွယ်အို စာရေးဆရာတွေနှင့် မောင်ကျော်စိုးလင်းတို့က



ဘိလပ်မြေအိတ်တွေပေါ်က စီးလိုက်ခဲ့ရပါသည်။ ငွေမြို့သို့ ရောက်ရန် ဆယ်မိုင်လောက်အလိုမှာ ကားကြီးဘီးပေါက်ပါလေတော့သည်။ ဆရာတော်တွေရော စာရေးဆရာတွေပါ ကားပေါ်က ဆင်းကြရပြန်သည်။ ဆရာတော် စိုးညာဏ (ငဖဲ)က ကိုအဏ္ဏဝါကို ကလိသည်။

"ဒကာ အဏ္ဏဝါ၊ မကောင်းတဲ့သူပါနေပြီထင်တယ်၊ မဲနှိုက်ကြရင်ကောင်းမယ်"

"မလုပ်ပါနဲ့ဘုရား၊ ရဟန်းတော်တွေထဲက မဲပေါက်ရင် ဒုက္ခရောက်ကုန်ပါလိမ့်မယ်"

"အေး ဟုတ်တယ်ဗျ"

ကုန်ကားကြီးရဲ့စပယ်ယာဘီးကို လဲပြီးခရီးဆက်ကြရန် ဆရာအိုတွေကိုကားကြီးပေါ်ရောက်အောင်တွန်းတင်၊ ထမ်းမလုပ်ကြရပြန်သည်။ ဝန်နှင့်အားမမျှအောင်လေးလံရှုန်းကန်နေသည့် ကုန်ကားကြီးသည် တအီအီဖြင့် ရိုးတောင်ကို ကုတ်ခြစ်တက်နေသည်။ ငွေမြို့ကိုရောက်ရန် ငါးမိုင်ခန့်အလိုမှာ ဘီးတစ်လုံး ပေါက်ပြန်သည်။ ဒီတစ်ခါ ပေါက်တဲ့ဘီးက နှစ်လုံးတွဲနောက်ဘီး တွေထဲက တစ်လုံး ဖြစ်လို့ ကျန်တစ်လုံးဖြင့် ငွေမြို့ကိုရောက်အောင် မောင်းပြီး မောင်းနိုင်ခဲ့ရတော့သည်။

ငွေမြို့ကိုရောက်တော့ နံနက် (၈)နာရီထိုးနေပြီဖြစ်သည်။ ငွေမြို့သည် မောင်ကျော်စိုးလင်း ကျွမ်းကျင်ပေါက်ရောက်သည့် အရပ်ဖြစ်လို့ အစစအဆင်ပြေအောင် စီစဉ်နိုင်ပြီဖြစ်သည်။ ဒီပေါ်မှာ ပျက်ကျန်ရစ်သည့် ကားပေါ်က ရွှေရည်သိန်းတန်တို့အဖွဲ့ကို သယ်ယူရေး၊ ငွေမြို့မှ ကျိန္တလီနှင့်သံတွဲမြို့သို့ ခရီးဆက်ရေး ကိစ္စများကို တစ်ခုပြီးတစ်ခု ပြုလုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာအောင်သင်း၊ ဆရာလယ်တွင်းသားစောချစ်နှင့် ဆရာ ချစ်ဦးညိုတို့ ဝွမြို့ကိုရောက်နေသည်ဆိုသည့် သတင်းကို ကြားသွားသည့် ဒေသခံစာပေဝါသနာရှင်တွေရောက်လာပြီး နှုတ်ဆက်ကြသည်။ စာပေဝါသနာရှင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဝတင်ပါ ရောက်လာပြီး ခေတ္တနားနေရေး စားသောက်ရေးတွေပါ စီစဉ်တော့သည်။ ကားဂိတ်အနီးက မြန်မာထမင်းဆိုင်မှာ နံနက်စာ ကျွေးသည်။ စင်ယော်တည်းခိုခန်းမှာ ခေတ္တအနားယူစေသည်။ ယနေ့ည သံတွဲမြို့ကိုရောက်အောင် ကူညီပါမည်ဟု ကတိပေးသည်။

စင်ယော်တည်းခိုခန်းမှာ ခေတ္တနားကြမလို့လုပ်နေစဉ်မှာ စာပေဝါသနာရှင်တစ်ယောက်က ဆရာအောင်သင်းကို မော်တော်ဆိုင်ကယ်ဖြင့်လာခေါ်သွားသည်။ မကြာမီ ဆရာကို ပြန်လာပို့သည်။ တည်းခိုခန်းပေါ်အတက်မှာ ဆရာနောက်လန်ကျပြီး စက္ကန့်သုံးဆယ်ခန့် သတိလစ်နေသည်။ လက်နှစ်ဘက်မလှုပ်ရှားတော့ဘဲ မျက်လုံးငြိမ်နေသဖြင့် လေဖြတ်သွားပြီလို့ ထင်လိုက်ပါသည်။ သွားပါပြီ၊ ဒုတိယလင်းယုန်မောင်မောင် ဖြစ်ပြီလို့ ထင်လိုက်ပါသည်။ ဆရာ၊ ဆရာ သတိရလားလို့ လှုပ်ပြီးမေးတော့မှ သတိပြန်ရလာသည်။ လက်တွေ ဆုပ်ခိုင်း၊ လှုပ်ခိုင်းတော့ လှုပ်ပြသည်။ တော်ပါသေးရဲ့လို့ သက်မကြီး ချနိုင်ပါတော့သည်။

မြို့နယ်မှူး ဦးဝတင်နှင့် စာပေဝါသနာရှင်တွေက ဆရာဝန် ပြေးပင့်ပြီး လိုအပ်သည့် ကုသမှုတွေလုပ်ကြသည်။ ဆေးတစ်လုံးသွင်းပြီး ဝွမြို့က သံတွဲသို့ ခရီးဆက်ခဲ့ကြပါသည်။ ကျိုက္ကလိမှာ ခရီးတစ်ထောက်နားပြီး ကားတစ်စီးပြောင်းကာ သံတွဲသို့ ခရီးဆက်ခဲ့ကြသည်။ ရန်ကုန်မှ သံတွဲမြို့သို့ရောက်အောင် ကား(၄)



စီးပြောင်းစီးခဲ့ကြရသည်။ သံတွဲမြို့ကို ည (၈)နာရီထိုးမှ ရောက်သွားကြသည်။ ရေမချိုးကြတော့ဘဲ ထမင်းစားကြရသည်။ စာပေဟောပြောပွဲစင်ပေါ်ကို တက်တော့ ည (၉)နာရီကျော်နေပြီဖြစ်သည်။ အဝတ်အစားမလဲကြရတော့ဘဲ ဟောပြောပွဲစင်ပေါ်ကို တက်ကြရလို့ စာရေးဆရာ (၄)ယောက်လုံး ဘောင်းဘီတွေနဲ့ ဖြစ်နေကြသည်။ စာပေဟောပြောပွဲ နားထောင်သည့် ပရိတ်သတ်ထဲမှာ အောင်မြေသာစည် ဆရာတော်နှင့် သံဃာတွေပါနေလို့ ဘောင်းဘီဝတ်ပြီး စင်ပေါ်တက်လာရသည့် အကြောင်းကို ရှေ့ထွက်မင်းသား ကိုအဏ္ဏဝါက ရှင်းပြလျှောက်ထားလိုက်ရသည်။ ပရိတ်သတ်က ကျေနပ်သွားသည်။

စာရေးဆရာတွေကို ငပလီကမ်းခြေက လင်းသာဦး ဟော်တယ်မှာ ထားပေးပါသည်။ နောက်နေ့ဖြစ်သည့် (၂၈. ၁. ၂၀၀၄)နေ့မှာ အောင်မြေသာစည်ကျောင်းဝင်း အတွင်း ကျင်းပသည့် ပါမောက္ခချုပ်ဦးကျော်ရင် အထိမ်းအမှတ် ကျောက်စာဖွင့်ပွဲအခမ်းအနားကို တက်ရောက်ကြရသည်။

နေ့လယ်စာကို သံတွဲမြို့ထဲက အိမ်တစ်အိမ်ရဲ့အပေါ်ထပ်မှာ ကျွေးသည်။ ထမင်းစားပြီးတော့ ဟော်တယ်မှာ ခေတ္တပြန်နားကြသည်။ ညကျတော့ ဂျိတ်တောရွာမှာ ဟောကြရသည်။ ထုံးစံအတိုင်း ကိုအဏ္ဏဝါက ရှေ့ထွက်ထွက်သည်။ ဆရာလယ်တွင်းသား၊ ဆရာချစ်ဦးညိုတို့ ဟောကြပြီး ဆရာအောင်သင်း နောက်ပိတ်ဟောသည်။ အောင်မြင်သည့် ပွဲဖြစ်ခဲ့သည်။

နောက်နေ့နံနက် (၉)နာရီလောက်မှာ သံတွဲမြို့က အောင်မြေသာစည်ဆရာတော် ငပလီကို ကြွလာပြီး စာရေးဆရာ တွေကို

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်သည်။ လက်ဆောင်ပစ္စည်းတွေ ပေးသည်။ ဆရာတော် ပြန်ကြွသွားပြီး မကြာမီ စာရေးဆရာတွေကို ငပလီကမ်းခြေက စားသောက်ဆိုင်မှာ နေ့လယ်စာ ကျွေးရန်လာခေါ်သည်။ နေ့လယ်စာမစားမီ အဖျော်ယမကာတွေဖြင့် ဧည့်ခံထားသည်။ ကာရာအိုကေဆိုကြရမည့် အစီအစဉ်ပါလာသဖြင့် အသံကောင်းသည့် ဆရာချစ်ဦးညိုနှင့် ဆရာလယ်တွင်းသား တို့ သီချင်းတွေဆိုကြသည်။ ကိုအဏ္ဏဝါကလည်း တွံတေးသိန်းတန်ရဲ့ အသီးတစ်ရာအညာတစ်ခုကို အော်သည်။ ဆရာအောင်သင်းကလည်း နဂါးနီ သီချင်းကို ဟစ်ကြွေးသည်။

နေ့လယ် (၂)နာရီလောက်မှာ ကျိန္တလီက လာခေါ်သည့် ကုန်ကားကြီးရောက်လာသဖြင့် ငပလီကပြန်ခဲ့ကြသည်။ ကျိန္တလီကို ညနေ (၅)နာရီလောက်မှာ ရောက်သွားကြသည်။ ကျိန္တလီဗိုလ်တဲမှာ နေရာချထားပေးသည်။ ညစာစားပြီးတော့ ကျိန္တလီတောင်ပေါ်ကျောင်း ဆရာတော်ပူဇော်ပွဲမှာ သီချင်းဆိုနေသည့် ရွှေရည်သိန်းတန်ကိုအားပေးဖို့ သွားကြသည်။ ဂီတစာဆိုတေးသံရှင် မောင်ချစ်ထွန်းက ကိုယ်တိုင်ရေးစပ်ပြီး စာရေးဆရာ (၄)ယောက်ကို ဂုဏ်ပြုသီဆိုသည့် တေးတစ်ပုဒ်ကို ကိုယ်တိုင်သီဆိုသွားသည်။

နောက်တစ်နေ့ဖြစ်သည့် (၁၀. ၁. ၂၀၀၄)နေ့ နံနက်မှာ ကျိန္တလီရွာက ပရဟိတလူငယ်လေးတွေ ကြိုးပမ်းလုပ်ဆောင် နေကြသည့် ဘိုးဘွားရိပ်သာလေး၏ တိုးချဲ့ အဆောင်သစ် ပန္နက်ချပွဲကို စာရေးဆရာ(၅)ယောက် တို့က ပန္နက်ချသည်။ ဆရာအောင်သင်းက ပန္နက်မချမီ အုတ်ခဲကို ကိုင်မြှောက်ပြီး ဆိုင်ရာပိုင်ရာတွေကို တိုင်တည်သည်။ အစစအရာရာ အောင်မြင်အောင် ကူညီဝိုင်းမ



ပါလို့ တောင်းပန်သည်။ ပြီးတော့မှ ပန္နက်ချပေးသည်။

(၃၀)ရက်နေ့သည် မေတ္တာရိပ်မွန် ဘိုးဘွားရိပ်သာလေးကို ဦးဆောင်ဦးရွက်ပြုလုပ်နေသည့် မောင်ကျော်စိုးလင်း၏ မွေးနေ့ဖြစ်သည်။ ညဘက်မှာ စာပေဟောပြောပွဲကျင်းပသည်။ ကျိန္တလီ အထက ကျောင်းကြီးရှေ့က မြက်ခင်းပြင်ကြီးမှာ ကျင်းပသည်။ ဟောပြောပွဲနားထောင်သူတွေ ကွင်းလုံးပြည့်မျှလာရောက်နားထောင်ကြသည်။ စာရေးဆရာ (၄)ယောက်တို့ကလည်း အားရပါးရ ဟောပြောကြသည်။ ည(၂)နာရီအထိ ပရိတ်သတ်တွေ ထမပြန်ဘဲ တောင့်ခံခဲ့ကြသည်။

နောက်နေ့ဖြစ်သည့် (၃၁)ရက်နေ့ နံနက်မှာတော့ ကျိန္တလီရွာမှ ရမ္မာကျွန်းသို့ စက်လှေဖြင့် သွားကြသည်။ စာရေးဆရာကြီး (၅)ယောက်နှင့်အတူ စာပေဝါသနာရှင်ယောကျ်ား မိန်းမ နှစ်ဆယ်ခန့် လိုက်ပါလာကြသည်။ ရမ္မာကျွန်းပေါ်မှာ ဆရာကြီးလင်းယုန်မောင်မောင် အထိမ်းအမှတ် ကျောက်စာစိုက်ထူထားသည်။ ရမ္မာကျွန်းကလေးသည် ဧည့်သည်တွေကို လိုက်ပြရာနေရာလေး ဖြစ်နေပါသည်။

ကျွန်းကလေးပေါ်မှာ အပန်းဖြေကြသည်။ ရေကူးကြသည်။ စားကြသောက်ကြသည်။ အနားယူချိန်မှာ ဆရာချစ်ဦးညိုက ပရိတ်သတ်ကို ရာမဇာတ်ဝင်ခန်းများဖြင့် ဘဲလေး သရုပ်ဖော်တင်ဆက်သည်။ ရာမနှင့်လက္ခဏတို့ သမင်လိုက်ခန်း၊ ဒသဂီရိလေးတင်ခန်း၊ လက္ခဏ လေးတင်ခန်း၊ ရာမလေးတင်ခန်း၊ ရာမမင်းသားနှင့် သီတာမင်းသမီးတို့၏ နှစ်ပါးခွင် အထိ သရုပ်ဖော်ကပြသည်။ ဆရာချစ်ဦးညို၏ အသံတိတ် ဘဲလေးကကွက်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ဆရာလယ်တွင်းသားစောချစ်က စကားပြောဖြင့် အဓိပ္ပာယ်ဖော်ပေးသည်။ သဲသောင်ပြင်ပေါ်မှာထိုင်ပြီး ရာမဇာတ်တော်ကြီး မှ သရုပ်ဖော်ပြကွက်တွေကို ကြည့်နေသည့် အမျိုးသမီးတစ်ယောက်က အားရပါးရ ပြောသည်။

"ပြကွက်တွေအားလုံးထဲမှာ ဘီလူးဆောင့်တာကို အကြိုက်ဆုံးပဲ"

ဒသဂီရိဘီလူးက သီတာဒေဝီကို မရလို့ဒေသထွက်ပြီး ဖနောင့်ဆောင့်သည့်ပြကွက်ကို ကြိုက်တာလို့ ပြောခြင်းဖြစ်သည်။ ဆရာချစ်ဦးညိုမောသွားလို့ အနားယူလိုက်သည်။ ဒီအချိန်မှာ ခပ်ထွေထွေဖြစ်နေသည့် ကိုအဏ္ဏဝါ၏ပြကွက်ဝင်လာသည်။ ကိုအဏ္ဏဝါ ထိုင်ရာမှထလာပြီး ပရိတ်သတ်ကို ဦးညွတ်သည်။ မူးနေပြီဖြစ်လို့ ထင်ရာစွပ်လုပ်တော့မည်ဆိုတာကို သိနေကြသည်။

"ကြွရောက်လာကြတဲ့ ပရိတ်သတ်များခင်ဗျား၊ ရာမဇာတ်တော်ကြီးဟာ မူကွဲတွေအများအပြားရှိနေပါတယ်၊ မြန်မာ၊ ယိုးဒယား၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်နဲ့ အိန္ဒိယရာမတွေဟာ တစ်ခုနဲ့တစ်ခု မတူကွဲပြားတာတွေရှိနေပါတယ်။ ဆရာချစ်ဦးညိုတင်ဆက်ကပြသွားတာဟာ မြန်မာရာမဖြစ်ပါလိမ့်မယ် အခုကျွန်တော်ကြားဖူးတဲ့ ရာမပြကွက်တစ်ခုကို တင်ဆက်ပါမယ်"

ကိုအဏ္ဏဝါသည် ဆရာချစ်ဦးညိုလေးကိုင်း အဖြစ်အသုံးပြုပြီး ပစ်ချထားခဲ့သည့် သစ်ကိုင်းကို ကောက်ယူပြီး တောင်ဝှေးအဖြစ်အသုံးပြုကာ၊ အဘိုးအိုသဏ္ဌာန်ဖြင့် ကြည့်နေကြသည့် ပရိတ်သတ် က ဘိုးတော်ဝါသေဌရသေ့ကြီးဆိုတာကို သိလိုက်ကြပြီးဖြစ်သည်။ ရသေ့ကြီးရပ်ပြီး ဘယ်ဘက်လက်ဖြင့် တစ်စုံတစ်ယောက်



ကိုခေါ်သည်။ ထိုင်ခိုင်းသည့်ဟန် လုပ်သည်။ ဆောင့်ကန်လိုက်သည့်ဟန်လုပ်သည်။

ယာဘက်လက်ဖြင့် တစ်စုံတစ်ယောက်ကို ခေါ်သည့်ဟန်လုပ်သည်။ ထိုင်ခိုင်းသည့်ဟန် လုပ်ပြသည်။ ထိုင်နေသည့်အကောင်ကို ဆောင့်ကန်သည့် သဏ္ဌာန်လုပ်သည်။

ဝဲဘက်နှင့် ယာဘက်က နှစ်ယောက်စလုံးကို ဆောင့်ကန်ပြီးသောအခါ ဘိုးတော်ရသေ့ကြီး၏ မျက်နှာသည် စပ်ဖြဲဖြဲဖြီတီတီ ဖြစ်လာသည်။ ဝဲယာလက်နှစ်ဘက်ဖြင့် ရှေ့တည့်တည့်က တစ်စုံတစ်ယောက်ကို လက်ယပ်ခေါ်သည်။ သူ့ရင်ဘတ်ကို လက်ဖြင့် အသာလေးပုတ်ပြသည်။ ပြီးတော့မှ လက်ညိုးလေးနှစ်ချောင်းကို ပူးကပ်ပြီး ရှေ့တိုးနောက်ငင်လုပ်ပြသည်။ ပြီးတော့မှ ရာမပြကွက်ပြီးဆုံးကြောင်း ပရိတ်သတ်ကို ဦးညွတ် အလေးပြုလိုက်သည်။

ကိုအဏ္ဏဝါရဲ့ရာမပြကွက် အဓိပ္ပာယ်ကို ရှင်းပြပေးပါရန် ဆရာလယ်တွင်းသားက တောင်းဆိုသည်။ ပရိတ်သတ်ကလည်း သိချင်နေကြသည်။

"ပြကွက်ရဲ့ အဓိပ္ပာယ်ကဒီလိုပါ၊ ဘိုးတော်ရသေ့ကြီးက လေးတော်ကို မတင်နိုင်တဲ့ လက္ခဏကိုခေါ်တယ်၊ ထိုင်ခိုင်းတယ်၊ ဆောင့်ကန်တယ်၊ ဒသဂီရိဘီလူးကို မသတ်ဘဲလွှတ်ပေးလိုက်တဲ့ ရာမကိုခေါ်တယ် ထိုင်ခိုင်းတယ်၊ ဆောင့်ကန်တယ်၊ ပြီးတော့မှ ဖြီတီတီမျက်နှာလေးနဲ့ သီတာမင်းသမီးကို လက်ယပ်ခေါ်တယ်၊ ရင်ဘတ်ကို ပုပ်ပြ လက်ညိုးနှစ်ချောင်း ပူးပြတာက နင်နဲ့ငါနဲ့ ယူကြပါစို့လို့ ပြောတာပါခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိတ်သတ်က ဝါးကနဲရယ်ကြသည်။ ဆရာချစ် ဦးညိုက နဖူးကို လက်ဝါးဖြင့်ရိုက်ပြီးသွားပါပြီ ပျက်ပါပြီဟုဆိုသည်။ ဆရာလယ်တွင်းသားက ကြည့်မိတာမှားပါတယ်ဟု ပြောသည်။ ဆရာအောင်လင်းကတော့ (ဒါဖြစ်နိုင်တယ်နော)လို့ မှတ်ချက်ချ သည်။ ဆရာမောင်ပေါ်ထွန်းက အဲဒါ ဘယ်နိုင်ငံက ရာမလဲဟု မေးသည်။

"ကျွန်တော့်မူပိုင် အဏ္ဏဝါရာမပါခင်ဗျာ"

ကိုရီးယားလီရှ ရမ္မာကျွန်းရောက် စာရေးဆရာ (၅)ယောက် နှင့် စာပေဝါသနာရှင်များသည် ကျွန်းပေါ်မှာ တစ်နေကုန်အောင် ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြပြီး ညနေစောင်းမှာ ကျွန်းကလေးမှ ပြန်ခဲ့ ကြပါသည်။ အဲဒီနေ့ ည (၈)နာရီလောက်မှာ စာရေးဆရာ(၅) ယောက်တို့ ကိုရီးယားလီရှမှ ပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။

တလျာ

၂၀၀၄-ဇူလိုင်လ



www.burmeseclassic.com

www.burmeseclassic.com

# ဆပ်ရဦးမည့်သူ့ကျေးဇူး

ကျွန်တော်သည် အသက်ဆယ်နှစ်သားအရွယ်လောက်မှာ (၂)ခါတိတိ သေမည့်ကိန်းနှင့် ကြုံခဲ့ရသည်။ ရေမကူးတတ်ဘဲ ရေထဲ ဆင်းကူးမိ၍ ရေနစ်ခြင်းဖြစ်သည်။ တစ်ခါက စာသင်ကျောင်း အနီးက ရေကန်တွင်ဖြစ်သည်။ နောက်တစ်ခါ (ဒုတိယအကြိမ်)က ပင်လယ်ကမ်းစပ်တွင်ဖြစ်သည်။ ရေနစ်ပြီး သေမလို့ဖြစ်တိုင်း အတူရေကူးနေသည့် သူငယ်ချင်း မောင်နီက ကယ်ခဲ့သည်ချည်း ဖြစ်သည်။ အသက်ကို ကယ်ခဲ့သည့် သူငယ်ချင်း မောင်နီကို ကျေးဇူးဆပ်ရဦးမည်ဖြစ်သည်။

ပထမအကြိမ်အဖြစ် ကျောင်းနားက ရေကန်မှာ ရေနစ် နေစဉ်က ကျွန်တော်သည် ရေမကူးတတ်၍ ရေတိမ်ပိုင်းမှာ ခြေထောက်ပြီး ကူးခတ်ဆော့ကစားနေပါသည်။ ရေကန်သည် ဒယ် အိုးပုံသဏ္ဍာန်ဖြင့် အနားတိမ် အလယ်နက်ဖြစ်လို့ ရေလယ်ကို ရောက် မသွားအောင် သတိထားရင်း ကမ်းစပ်မှာပင် ရပ်ပြီး လှုပ်ခတ်က စားနေပါသည်။ ကန်ရေမျက်နှာပြင်သည် ကျွန်တော့် ရင်ခေါင်း၊ တစ်ခါတစ်ရံလည်ပင်းနားလောက်ထိ ရောက်ပါသည်။

ကျွန်တော်နှင့် မလှမ်းမကမ်းက ရေနစ်ပိုင်းမှာ ရေကူး ကျွမ်းကျင်သည့် မောင်နီတို့ညီအစ်ကိုတွေရေကူးနေကြပါသည်။ သူ တို့ ကူးခတ်လှုပ်ရှားလိုက်တိုင်း ဖြစ်ပေါ်လာသည့် ရေလှိုင်းများ ကြောင့် ကျွန်တော်သည် ရေနစ်ပိုင်းသို့ တဖြည်းဖြည်းရွေ့နေပါ



သည်။ မကြာမီပင် ရေမျက်နှာပြင်သည် ကျွန်တော့်ပါးစပ်နှင့် နှာ ခေါင်းကိုရောက်လာပါတော့သည်။ ကန်ရေသည် ရွှံ့ရောင် ပါနောက်နောက်ဖြစ်သည်။ ကျွန်တော်သည် ရေမွန်းနေပြီဖြစ်လို့ ရွှံ့ရေတွေကို နှစ်လုပ်လောက် သောက်လိုက်ရပြီး ဖြစ်သည်။

ခြေထောက်က မြေကိုမထိတော့လို့ မျက်လုံးပြူး၊ မျက်ဆံ ပြူးဖြင့် ရုန်းရင်းဆံခတ်ဖြစ်နေသည်။ မောင်နီကို လှမ်းခေါ်သော် လည်း ပါးစပ်ထဲမှာရေတွေဝင်နေလို့ အသံမထွက်ဖြစ်နေသည်။ မြုပ်သွားလိုက် ပေါ်လာလိုက်ဖြင့် လက်ကားယား ခြေကားယား ဖြစ်နေသော ကျွန်တော့်ကို မြင်သည့် မောင်နီသည် ရေလယ်မှ ကူးလာပြီး ကျွန်တော့်လက်ကို ဖမ်းဆွဲလိုက်ပါသည်။ ကျွန်တော့် လက်ကို ကိုင်မိတယ်ဆိုလျှင်ပဲ ကမ်းဘက်ရေတိမ်ပိုင်းကို ဆွဲယူပို့ ပစ်ခဲ့ပြီး သူကတော့ ရေနစ်ပိုင်းကို ပြန်ကူးသွားသည်။ ရေကူးတတ် သည့် သူတို့ညီအစ်ကိုတွေ ရေဆက်ကူးနေကြသည်။ ကျွန်တော်က တော့ကြောက်သွားပြီး ရေထဲကတက်လိုက်ပါတော့သည်။

အဲဒီတုန်းက မောင်နီသည်လည်း (၁၂)နှစ်၊ (၁၃)နှစ် သား လောက်သာရှိဦးမည်ဖြစ်၍ ကျွန်တော့်အသက်ကို သူကယ်လိုက် သည်ဆိုတာကို သတိတောင်မထားမိဟု ယူဆရပါသည်။ အဲဒီတုန်း က မောင်နီသာ မကယ်ခဲ့လျှင် ကျွန်တော်သည် (၁၀)နှစ်သား အရွယ်ကပင် ရေနစ်လို့သေခဲ့ပြီဖြစ်မည်။ ယခုအသက်ခြောက်ဆယ် ကျော်မှ ဒီအကြောင်းကို ပြန်တွေးပြီး သူငယ်ချင်းမောင်နီကို ကျေးဇူး တင်နေမိပါသည်။

ကျွန်တော့်အသက်ကို ဒုတိယအကြိမ်အဖြစ် မောင်နီကယ် ခဲ့တာ ပင်လယ်ကမ်းစပ်မှာဖြစ်သည်။ မောင်နီတို့ ညီအစ်ကိုတွေ နှင့်အတူ ပင်လယ်ထဲဆင်းပြီး ရေကူးကြစဉ် ရေနစ်ခြင်းဖြစ်သည်။ ရေကူးတတ်သည့် မောင်နီတို့ညီအစ်ကိုတွေက ပင်လယ်ရေနစ်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ လှိုင်းစီးရင်း ရေကူးခတ်နေကြသည်။ ကျွန်တော်က ခြေထော မိသည့်နေရာမှာ ရပ်ပြီး ရေဆော့နေပါသည်။ ရေမျက်နှာပြင်သ ကျွန်တော့် ရင်ခေါင်းလောက်သာရှိ၍ အန္တရာယ်မရှိဘူးထင် ရေထဲမှာရပ်နေခြင်းဖြစ်သည်။ ပင်လယ်ရေ၏ သဘာဝကိုမသိ ရဲတင်းစွာ ရပ်နေခြင်းဖြစ်သည်။

ပင်လယ်ရေလှိုင်းလုံးများသည် ကမ်းကိုပြေးတက်လာ ပြန်အဆင်းမှာ ရှိသမျှအရာဝတ္ထုတွေကို ရေနစ်ပိုင်းသို့ ဆွဲချသွ တတ်သည်ကို မသိလို့ ရေထဲမှာ ရပ်နေခြင်းဖြစ်သည်။ ကျွန်တေ သည် ပြန်ကျရေလှိုင်း၏အဆွဲခံရမှုကြောင့် ရေနစ်ပိုင်းဘက်ကို ရွေ ပါနေသည်ဆိုတာကို သိနေသည်။ ကမ်းဘက်ကို ရုန်းကန်ပြန်သွ နေပါလျက် ရေနစ်ပိုင်းဘက်ကိုပဲရွေ့ပါနေပါသည်။

ကမ်းဘက်ကိုသွားလေ ရေနစ်ပိုင်းကိုရွေ့ပါလေ ဖြစ်နေ သည်။ လှုပ်လေမြုပ်လေဖြစ်နေသည်။ ဒီအခြေအနေမှာ မောင် တို့ညီအစ်ကိုတွေကလည်း ကျွန်တော်နဲ့အတော်အလှမ်းဝေးသ နေရာရောက်နေကြသည်။ မောင်နီကို အော်ခေါ်ပြီး အကူအ တောင်းသည်။ ဝုန်းကနဲ ဝုန်းကနဲမြည်ပြီး ပြေးတက် ပြန်ဆ ဖြစ်နေသော လှိုင်းလုံးကြီးတွေရဲ့အသံတွေကြောင့် ကျွန်တေ အော်ခေါ်သံကို မောင်နီတို့မကြားနိုင်ဖြစ်နေသည်။

ကျွန်တော့်ခြေထောက်တွေ မြေမထိတော့သည့်အ ကျွန်တော်ရေနစ်နေပြီဆိုတာကို သိလိုက်ပါသည်။ သေဘေးမှ လွ နိုင်အောင်ရုန်းရင်းဆန်ခတ် လှုပ်ရှားကူးခတ်နေသည်။ ဗိုက်ထဲ ဆားငံရေ သုံးကြိမ်လောက်ဝင်သွားပြီဖြစ်သည်။ ကျွန်တော် သေ တော့မည်ဆိုတာကို သိလိုက်ပါသည်။ နောက်ထပ် ဆယ်မိ လောက်အတွင်းမှာ တစ်စုံတစ်ယောက်က လာမကယ်လျှ



ကျွန်တော် သေရတော့မည်ဖြစ်သည်။ အဲဒီလို စဉ်းစားနေတုန်းမှာပဲ မောင်နီ ကျွန်တော့်အနားရောက်လာပြီး ကျွန်တော့်လက်ကို ဖမ်းဆွဲယူလိုက်ပါသည်။

မောင်နီသည် ကျွန်တော့်ကို ဆွဲယူပြီး ရေတိမ်ပိုင်းကို ပို့ပေးသည်။ သူကတော့ ဘာမျှအရေးမကြီးလေဟန် ရေပြန်ကူးနေပါသည်။ ကျွန်တော် အကြီးအကျယ်ကြောက်သွားပြီး ရေထဲက ပြန်တက်လိုက်ပါသည်။ မောင်နီတို့ ညီအစ်ကိုတွေ ရေထဲကပြန်တက်လာအောင် ထိုင်စောင့်နေရမည်ဖြစ်သည်။ မောင်နီတို့ ညီအစ်ကိုတွေဆိုတာက မောင်ချစ်၊ မောင်နီနှင့် တင်လှတို့ဖြစ်သည်။ မောင်ချစ်က ကျွန်တော့်ထက် (၂)နှစ်လောက်ကြီးသည်။ မောင်နီက တစ်နှစ်လောက်ကြီးသည်။ တင်လှက ကျွန်တော့်အောက် တစ်နှစ်လောက်ငယ်သည်။ ကျွန်တော်၏ ကစားဖော်ငယ်သူငယ်ချင်းတွေဖြစ်သည်။ မောင်ချစ်က အသက် (၄၀)အရွယ်လောက်မှာ ကွယ်လွန်သွားပြီဟုသိရသည်။ မောင်နီနှင့် တင်လှတို့ အသက်ရှင်လျက်ရှိကြသေးသည်။

မောင်နီတို့အိမ်နှင့် ကျွန်တော်တို့အိမ်သည် စားလွယ်ခုတ်အနေအထားဖြင့် မျက်နှာချင်းဆိုင်အနေအထားရှိခဲ့သည်။ မောင်နီတို့မိသားစု ဆင်းရဲနွမ်းပါးသည်။ ညီအစ်ကို မောင်နှမများသည်။ မလှစိန်၊ မောင်ချစ်၊ မောင်နီ၊ တင်လှ၊ တင်ရွှေ၊ ခေါင်းရှည်၊ မဲကြည်၊ ဗိုနီး ဆိုပြီး ရှစ်ယောက်ကိုသာ ကျွန်တော်မှတ်မိသည်။ ကျွန်တော် မသိတာရှိဦးမည် ထင်သည်။ အဲဒီအထဲက မောင်ချစ်၊ မောင်နီ နဲ့ တင်လှသည် ကျွန်တော်နှင့် ကစားဖော်ဖြစ်ခဲ့သည်။ မောင်နီသည် ကျွန်တော်နှင့် အတွဲဆုံးဖြစ်သည်။ ကျွန်တော့်ကို အခင်ဆုံးဖြစ်သည်။

ကျွန်တော်သည် မောင်နီထက် အသက်ငယ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပညာရေး၊ စီးပွားရေး၊ လူမှုရေးအရ မောင်နီထက်သာခဲ့သဖြင့် မောင်နီ၏ ဆရာဖြစ်ခဲ့သည်။ မောင်နီကလည်း နေရာ တကာမှာ ကျွန်တော့်ကိုသာ ရှေ့တန်းတင်ခဲ့သည်။ အခုအခါမှာ ကျွန်တော် ရွာကိုရောက်လာတယ် လို့သတင်းကြားလျှင် ညိုးငယ်သည့် မျက်နှာဖြင့် ကျွန်တော့်ကို လာတွေ့နှုတ်ဆက်သည်။ အတော့ကို ဆင်းရဲနွမ်းပါးနေတာတွေ့ရသည်။ အသက်အရွယ်တွေကတော့ သူလည်း ခြောက်ဆယ်ကျော်၊ ကျွန်တော်လည်း ခြောက်ဆယ်ကျော်ကြပြီဖြစ်သည်။

သူငယ်ချင်းမောင်နီကယ်ခဲ့လို့ အသက်ရှင်ခဲ့သည့် ကျွန်တော်သည် ၁၉၅၈-ခုနှစ်၊ အသက် (၁၇)နှစ်သားအရွယ်မှာ ကိုရင်လေးဘဝဖြင့် ရွာကထွက်လာခဲ့သည်။ ရန်ကုန်ကိုရောက်ပြီး အလွတ်ပညာသင်ကျောင်းတက်သည်။ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်သည်။ ကိုရင်ဝတ်ကထွက်သည်။ တပ်မတော်ရေတပ် ကို ဝင်သည်။ ရေဒီယိုဆက်သွယ်ရေးရဲဘော်ဖြစ်သွားသည်။ အပြည်ပြည်ဆိုင်ရာ ရေဒီယိုဆက်သွယ်ရေးအရာရှိ စာမေးပွဲအောင်သည်။ နိုင်ငံခြားသင်္ဘောလိုက်သည်။ အထိုက်အလျောက် ချောင်လည်သွားသည်။

ရွာမှာရှိနေသည့် အသက်သခင်ကျေးဇူးရှင် သူငယ်ချင်း မောင်နီကို သတိရနေသည်။ တစ်လှည့်တစ်ပဲ့ ကျေးဇူးဆပ်ချင်သည်။ မောင်နီရဲ့ဘဝ၊ သူ့သမိုင်းကို သိသလောက် ပြန်တွေးကြည့်မိသည်။ သူငယ်ချင်းကို သနားမိသည်။

မောင်နီသည် သူ၏မွေးနေ့ကို မသိသူဖြစ်၍ သူ့အသက် ဘယ်လောက်ရှိပြီဆိုတာကို တိတိကျကျသိသူမဟုတ်၊ ကျွန်တော့်



ထက် နည်းနည်းကြီးသည်ဆိုတာကိုတော့ သူသိသည်။ ကျွန်တော့် အသက် ခြောက်ဆယ့်သုံးနှစ်ရှိပြီဖြစ်လို့ မောင်နီသည် ခြောက်ဆယ့်လေး၊ သို့မဟုတ် ခြောက်ဆယ့် ငါးနှစ်လောက် ဖြစ်နိုင်သည်။

ကျွန်တော်တို့နှင့်အတူ ကျောင်းနေခဲ့တာကို မှတ်မိနေသည်။ တစ်တန်းမှမအောင်ဘဲ ကျောင်းထွက်သွားခဲ့တာကိုလည်း မှတ်မိနေသည်။ မောင်နီသည် သေစာရှင်စာလောက်ကိုပင် မရေးတတ်၊ မဖတ်တတ်တာ သေချာသည်။ မောင်နီ၏အဖေနှင့်အမေလည်း လုံးဝစာမတတ်တာကို သတိရမိသည်။

သူငယ်ချင်း မောင်နီသည် ကျွန်တော်တို့နှင့်အတူ ဘုန်းကြီးကျောင်းမှာ နေခဲ့သော်လည်း စာမသင်ခဲ့ဘဲ စားကာ အိပ်ကာ နေခဲ့ခြင်းဖြစ်သည်။ ဘုရားနှင့် သံဃာကို ရှိခိုးဖူးသော်လည်း မည်သည့် ဘာသာကို ကိုးကွယ်သည်ဟု တိတိကျကျ ပြောရမှာခက်သည်။ မောင်နီ၏အဘိုးသည် ဟိန္ဒူကုလားကြီး ဖြစ်သည်ဟုသိရသည်။ ကျွန်တော်မမြင်ဘူးလိုက်၍ အတိအကျမသိပါ။ မောင်နီ၏ မိသားစုသည် မူဆလင်ဘာသာဝင်တွေ မဟုတ်တာ ကတော့ သေချာ သည်။ မောင်နီအပါအဝင် သူတို့ညီအစ်ကိုတွေအားလုံး ရှင်ပြုတာမမြင်ဖူး၍ ဗုဒ္ဓဘာသာလို့ ပြောရမှာလည်း ခက်နေသည်။ မိဘဆင်းရဲလို့ ရှင်ပြုမပေးနိုင်ခဲ့တာလည်း ဖြစ်နိုင်သည်။

သူငယ်ချင်းမောင်နီသည်လည်း ကျွန်တော့်လိုပင် အသက် ခြောက်ဆယ်ကျော်နေပြီဖြစ်လို့ ဘဝနေမွန်းတိမ်းနေပြီဖြစ်သည်။ တစ်နည်းဆိုရသော် လာလမ်းကို ပြန်နေပြီဖြစ်သည်။ မောင်နီသည် ဘယ်ကလာလို့ ဘယ်ကိုပြန်မလဲဆိုတာကို မသိနိုင်ဖြစ်နေသည်။ ဒီပုံအတိုင်းပြန်သွားလျှင် အရင်းပင်ပြန်ရနိုင်ပါ့မလားလို့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူမိသည်။ ဆိုလိုသည်မှာ နောက်ဘဝမှာ လူလောက်မှ ပြန်ဖြစ်ပါ့မလားဟု တွေးပူမိခြင်းဖြစ်သည်။ လူပြန်ဖြစ်လျှင် အရင်းပြန်ရခြင်းဖြစ်သည်။ နတ်၊ ဗြဟ္မာဖြစ်သွားလျှင် မြတ်သွားသည်ဟု ဆိုရမည်။

သတ္တဝါတို့သည် (၃၁)ဘုံမှာကျင်လည်ကြသည့်အခါ အယုတ်၊ အလတ်၊ အမြတ်ဖြစ်ရခြင်းသည် မိမိကျင့်ကြံအားထုတ်ခဲ့သည့် ဒါန၊ သီလ၊ ဘာဝနာ အားလျော်စွာဖြစ်ကြရသည်။ ကျွန်တော့်သူငယ်ချင်း မောင်နီကို ကျွန်တော်ဆန်းစစ်လေ့လာကြည့်မိသည်။

ဒါန၊ လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း မရှိသလောက်နည်းမည်ဟုထင်သည်။ မောင်နီကောင်းမှုလို့ လှူတာတစ်ခါမှ မတွေ့ဖူးသေး၍ ဖြစ်သည်။

သီလ၊ ကံငါးပါး လုံခြုံမှု ရှိမရှိဆိုတာ စစ်ဆေးရမည်ဖြစ်သည်။ မောင်နီသည် လူကို မသတ်ဖူးတာကတော့ သေချာသည်။ တောသားဖြစ်လို့ ကြက် ၊ ငှက်တွေ သတ်ဖူးသည်။ ကြက်ကို သူကိုယ်တိုင်သတ်ပြီး ကျွန်တော့်ကို ထမင်းကျွေးဖူးသည်။ ငါးရှာသည့်ရေလုပ်သားဖြစ်လို့ ငါးပုစွန်တွေကို သေစေခဲ့သူဖြစ်သည်။

မောင်နီသည် သူတစ်ပါးဥစ္စာကို ခိုးတယ်လို့ တစ်ခါမှ ပြောသံမကြားဖူး၍ ဒုတိယသီလသိက္ခာ လုံခြုံတာလည်း သေချာသည်။

သူတစ်ပါးသားမယားကိုလည်း ပြစ်မှားကျူးလွန်တယ်လို့ မကြားဖူး၍ တတိယကိုယ်ကျင့်တရားလည်း လုံခြုံသည်ဟု ပြောနိုင်သည်။

လိမ်ညာပြောဆိုတာ အနည်းအပါးရှိမည်ဖြစ်သော်လည်း စီးပွားဖြစ်အောင်လုပ်ရဲသူလည်း မဟုတ်ပါ။စတုတ္ထသီလသိက္ခာလည်း လုံခြုံတယ်လို့တောင် ပြောလို့ရပါသည်။



အရက်ကတော့ ကျွန်တော်နဲ့ကိုတွဲပြီး သုံးလေးခါလောက်သောက်ဖူးသည်။ တောသား အလုပ်ကြမ်းသမားပီပီ အရက်ကိုလည်းကြိုက်သည်။ အခုတော့ အသက်ကလည်း ကြီးလာသည်။ စီးပွားရေးကလည်း မကောင်းလို့ မသောက်နိုင်တော့လို့ မသောက်ဘဲနေရသည်ဟု သိရသည်။

ဒါနနှင့်သီလကို ဆန်းစစ်ပြီးတော့ ဘာဝနာကို စစ်ရတော့မည်ဖြစ်သည်။ မောင်နီရဲ့ဘာဝနာအဆင့်ကတော့ ပြောစရာပင်လိုမည်မထင် ငပိအိုးကို ဂုတ်ကျားလျှက်တာထက်တောင်စင်ဦးမည်ထင်သည်။ ရုပ်ကိုလည်းမသိ၊ နာမ်ကိုလည်းမသိ၊ ပညတ်နဲ့ ပရမတ်ဆိုတာ ကြားတောင်မကြားဖူးလို့ ဖြစ်ပျက်ကို မြင်ဖို့ဆိုတာ ဝေးရောဟု ပြောရမည်ဖြစ်သည်။

ဒါန၊ သီလ၊ ဘာဝနာ မရှိ၊ မသိ၊ မပြည့်စုံသူ တစ်ယောက်သည် သံသရာမှာ ဘယ်ကိုသွားမလဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုသည့် အပါယ်လေးဘုံကို ကျမသွားအောင် အထူးသတိထားရတော့မည်ဖြစ်သည်။

ကျွန်တော့်သူငယ်ချင်း မောင်နီအတွက် ကျွန်တော်ဘာလုပ်ပေးနိုင်မလဲ စဉ်းစားရတော့မည် ဖြစ်သည်။ ကျွန်တော့်အသက်ကယ်တင်ကျေးဇူးရှင် ငယ်သူငယ်ချင်းကို ကျေးဇူးဆပ်သည့်အနေဖြင့် သံသရာခရီးမှာ ကောင်းရာသုဂတိ ဘုံဘဝတစ်ခုခုကို ရောက်နိုင်အောင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် သူ့ကို တစ်လှည့်ကယ်တင်ရာရောက်မည်ဟု ယုံကြည်မိသည်။

ရှာပြန်ပြီးမောင်နီကို ဒုလ္လဘဝတ်ခိုင်းမည်။ တရားစခန်းဝင်ခိုင်းမည်။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ရဲ့ စက္ကန့်မလပ်ဖြစ်ပျက်နေပုံတွေကို သိမြင်လာအောင် ရှင်းပြမည်ဟု ရည်ရွယ်သည်။ ဒုလ္လဘ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်က မထွက်မီ ရန်ကုန်မြို့ကို ခေါ်လာပြီး ဘုရားစုံဖူးစေမည်၊ သေသည်အထိ ကံငါးပါးမြဲအောင် နေထိုင်ရန် သတိပေးမည်ဟု ရည်ရွယ်သည်။

သူငယ်ချင်းမောင်နီ၏ ကျေးဇူးကို တစ်လှည့်ပြန်ဆပ်ချင်နေသည့် ကျွန်တော့်ကိုယ်ကျွန်တော်လည်း ပြန်လည်သုံးသပ်မိပါသည်။ ကျွန်တော်သည် မောင်နီထက်သာသည်။ သီလနှင့် ဘာဝနာကတော့ မောင်နီနဲ့ သူမသာ ကိုယ်မသာအဆင့်သာရှိသည်။

ကံငါးပါးလုံသည့်ကိစ္စမှာ မောင်နီကတောင် ကျွန်တော့်ထက်သာမည် ထင်သည်။ မောင်နီသည် ကာမေသုမိစ္ဆာစာရကံကို လုံးဝမကျူးလွန်တာသေချာသည်။ ကျွန်တော်ကတော့မှု သူတစ်ပါးအိမ်ရာကို သိလျက်နဲ့ မကျူးလွန်ဖူးသေးတာသေချာသော်လည်း ရောက်လေတဲ့နေရာ နိုင်ငံတကာမှာ ကိုယ်နှင့် ပတ်သက်ခဲ့သည့် အမျိုးသမီးတွေသည် လင်ရှိသလား မရှိသလားမသိ၍ စိတ်မချနိုင်ဖြစ်နေရသူဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်လုံးသည် ဒီဘဝမှာ နိဗ္ဗာန်မရနိုင်ကြသေးတာ သေချာသူတွေဖြစ်လို့ (၃၁)ဘုံမှာ ကျင်လည်တဲ့အခါ တစ်ဘဝ တစ်နေရာမှာ မောင်နီနှင့်အတူ ပြန်ဆုံနိုင်သေးသည်။ သူက ကိုယ့်ကို ကယ်လိုက်၊ ကိုယ်က သူ့ကိုကယ်လိုက်ဖြင့် သံသရာလည်နေနိုင်သေးသည်။ ဘာပဲဖြစ်ဖြစ် ဒီဘဝမှာတော့ ကျွန်တော့်သူငယ်ချင်း မောင်နီကို ကျွန်တော်က ကယ်ရဦးမည်ဖြစ်သည်။ သူ့ကျေးဇူး ကိုဆပ်ရဦးမည်ဖြစ်သည်။

လပြည့်ဝန်း
၂၀၀၄၊ ဩဂုတ်လ




www.burmeseclassic.com

www.burmeseclassic.com



# ညံ့တော်ကြီး အဏ္ဏဝါ

သင်္ဘောသား ကိုအဏ္ဏဝါသည် အလွန်ညံ့သော သင်္ဘောသားဖြစ်သည်။ သင်္ဘောသားဖြစ်အောင် ကြိုးစားရမှာပင် သူများတွေက အချိန်တိုတိုအတွင်းမှာ လွယ်လွယ်ကူကူ ဖြစ်သွားကြသည်။ ကိုအဏ္ဏဝါသင်္ဘောသားဖြစ်အောင် ကြိုးစားတာဟာ၊ သေါနုတ္တိုရ် မှုဆိုးကြီး ဆန္ဒာန်ဆင်မင်းရဲ့ အစွယ်ကို ဖြတ်ဖို့ကြိုးစားတုန်းကလို (၇)နှစ်ကြာခဲ့သည်။

သင်္ဘောသားဖြစ်လာပြန်တော့လည်း သင်္ဘောပေါ်က ဆိုင်ရာအလုပ်တွေကို မလုပ်တတ်လို့ အိုးနင်းခွက်နင်းတွေဖြစ်ခဲ့သည်။ အတူတွဲလုပ်ခဲ့ရသည့် ကပ္ပတိန်တွေက သဘောကောင်းကြပေလို့သာ သင်္ဘောပေါ်က ကန်ချမခံခဲ့ရတာဖြစ်သည်။ ကပ္ပတိန်တွေက ကိုအဏ္ဏဝါကို ကန်မချသည့်အပြင် ကိုအဏ္ဏဝါ မသိတာ မတတ်တာတွေကို သင်ပြပေးခဲ့သည်။ ဒီလိုနဲ့ ကံကောင်းပြီး သင်္ဘောသားလုပ်သက် နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာသွားခဲ့သည်။

ကိုအဏ္ဏဝါက ကံသမား၊ ဉာဏ်သမားမဟုတ်၊ ဝီရိယသမားဖြစ်သည်။ မလုပ်တတ်သည့် အလုပ်ကို လုပ်တတ်သူက သင်ပြပေးလို့ လုပ်တတ်သွားပြီဆိုလျှင် မှတ်စုစာအုပ်ထဲမှာ အသေးစိတ် ရေးမှတ်ထားလိုက်တော့သည်။ နောက်တစ်ခါ ဒီပြဿနာမျိုးနှင့်ကြုံလျှင် လုပ်တတ်ကိုင်တတ်အောင်ဖြစ်သည်။ ဒီလိုနဲ့ ကိုအဏ္ဏဝါသည် သက်ဆိုင်ရာဘာသာရပ်မှာ ဆရာတစ်ဆူလို တောင်ဖြစ်လာခဲ့သည်။ ညံ့လွန်းလို့ ကြောက်ကြောက်လန့်လန့်ဖြင့် ရေးမှတ်စုဆောင်း လေ့ကျင့်မှတ်သားလာခဲ့သော ကိုအဏ္ဏဝါဆီမှာ ပညာလာဆည်းပူးကြရသည့် သင်္ဘောသားတွေတောင်ရှိနေသည်။ ကိုအဏ္ဏဝါကလည်း မှတ်စုစာအုပ်ကြီးအားကိုးဖြင့် ဆရာလုပ်စားနေသည်။ လက်စွဲဗေဒင်စာအုပ်မရှိလျှင် မဟောတတ်သည့် ဗေဒင်ဆရာနှင့် အတော်တူသည်။

ကိုအဏ္ဏဝါ၏ညံ့ဖျင်းမှုတွေကြောင့် ကြုံတွေ့ခဲ့ရသည့် ပြဿနာမျိုးစုံတို့အနက် တစ်သက်မမေ့နိုင်လောက်အောင် အန္တရာယ်ကြီးမားမှုကြီး တစ်ခုအကြောင်း ကိုတင်ပြလိုပါသည်။

ကိုအဏ္ဏဝါတို့ သင်္ဘောကြီးသည် ပန်ကာလည်သည့်နေရာမှ ချောဆီတွေအံထွက်လာလို့ ကာရေဗီယံပင်လယ်ထဲက ဒတ်ချ်ပိုင် ကိုရာဆောင်းဆိုသည့် ကျွန်းကလေးကို အရေးပေါ်ဝင်ကပ်ပြီး လွန်းတင်ပြင်ဆင်ရသည်။ ပန်ကာဝင်ရိုး၏ ချောဆီထိန်းကွင်း (ဝိုင်းဆီးရာဘာဘွတ်ချ်ကြီး)လဲလိုက်ရသည်။

ချို့ယွင်းမှုများကို ပြင်ဆင်ပြီး၍ လွန်းကျင်းကဆင်းပြီးသောအခါ ကိုရာဆောင်းကျွန်းနှင့်အနီးဆုံးဖြစ်သည့် ကျူးဘား နိုင်ငံဟားဗနားမြို့ဆိပ်ကမ်းကို သွားပြီး သကြားတွေတင်ရသည်။သကြားတွေကို တရုတ်နိုင်ငံ ဆင်ကန်မြို့ကိုပို့ပေးရမည် ဟုသိရသည်။

သင်္ဘောကြီးပေါ်ကို သကြားတန်ချိန်နှစ်သောင်းကျော်တင်ပြီး ကျူးဘားနိုင်ငံက ပြန်လည်ထွက်ခွာခဲ့ကြသည်။ သင်္ဘောကြီးသည် လွန်းကျင်းပေါ်ကဆင်းပြီး ကုန်မပါသည့်ဝန်ပေါ့ခရီးစဉ် ... ဘာမှုမဖြစ်သော်လည်း ကုန်အပြည့်ဖြင့် ဆက်ကုန်ဖွင့်မောင်းကြည့်တော့မှ ပြဿနာပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်ကာလည်သည့်နေရာက ချောဆီတွေ မထွက်တော့သော်လည်း ဝှီဝှီဆိုသည့် ကျယ်လောင်သည့် ကြောက်စရာအသံကြီး အဆက်မ ပြတ်မြည်နေပါသည်။ နားတွေအူလာလို့ အိပ်ခန်းတွေ အလုံပိတ် နေကြရသည်။

သင်္ဘောကြီး၏ ရေအောက်မှာ ဖြစ်နေသော ပြဿနာဖြစ် လို့ သင်္ဘောပေါ်က အင်ဂျင်နီယာတွေ ဘာမျှမလုပ်နိုင်ဖြစ်နေကြ သည်။ သင်္ဘောကြီးပေါ်မှာ သကြားတန်ချိန် နှစ်သောင်းကျော် တင်ထား၍ သင်္ဘောကြီး၏ ပန်ကာသည် ရေအောက်ပေလေးဆယ် လောက်အနက်မှာ ရောက်နေသည်။ အင်ဂျင်နီယာတွေ တောင်လုပ် မြောက်လုပ် လုပ်ရင်းဖြင့် ပနားမားတူးမြောင်းကို ဖြတ်ကျော်လာ ခဲ့သည်။ အသံမြည်တာကြီးက မပျောက်နိုင်ဖြစ်နေသည်။ ပစိဖိတ် သမုဒ္ဒရာကြီးကို ဖြတ်ပြီး တရုတ်ပြည်ကို ရောက်အောင် ရက်ပေါင်း (၂၀)လောက်ခုတ်မောင်းရဦးမည်ဖြစ်သည်။

တစ်နေ့နံနက်စောစောမှာ အိပ်ရာကမထသေးသည် ကိုအဏ္ဏဝါ၏ အိပ်ခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက် နေသည်။ တံခါးဖွင့်ကြည့်လိုက်တော့ ကပ္ပတိန်နှင့် အင်ဂျင်နီယာ ချုပ်တို့ ဖြစ်နေသည်။ ကပ္ပတိန်က ဂရိလူမျိုး မစ္စတာ နီကိုလိုင်လူ ဇစ်၊ အင်ဂျင်နီယာချုပ်က အိန္ဒိယလူမျိုး မစ္စတာပါရာဗင်ဘရှူဝင် တို့ဖြစ်သည်။ ပန်ကာကအသံမြည်သည့် ကိစ္စနှင့် ပတ်သက်ပြီး ဂရိ နိုင်ငံ အေသင်မြို့ရှိ သင်္ဘောပိုင်ရှင်နှင့် စကားပြောချင်သည် အေသင်မြို့ကရုံးကို တယ်လီဖုန်းခေါ်ပေးပါဟု ကိုအဏ္ဏဝါကို စေခိုင်းသည်။

ကိုအဏ္ဏဝါသည် ကမန်းကတန်း မျက်နှာသစ်ပြီး ရေဒီယို



ဆက်သွယ်ရေးအခန်းထဲဝင်လိုက်သည်။ ဆက်သွယ်ရေးစက်ကိုဖွင့် ပြီး လေလှိုင်းမြင့် HF ခလုတ်ကိုဖွင့်လိုက်သည်။ မနေ့ကညပိုင်းအထိ ကောင်းနေခဲ့သော ဆက်သွယ်ရေးစက်သည် ယခုလိုအရေးကြီးပါ သည်ဆိုတဲ့အခါကျမှ ပျက်နေပါတော့သည်။ လုံးဝသုံးမရသော အခြေအနေဖြစ်နေတော့သည်။ ကြာကြာဖွင့်ထားလျှင် မီးထလောင် မည့် အခြေအနေဖြစ်လို့ စက်ပိတ်ထားလိုက်ရတော့သည်။ ကပ္ပတိန် ၏ မျက်နှာသည် သနားစရာကောင်းလောက်အောင် ညှိုးငယ်သွား ပါသည်။

"သိပ်အရေးကြီးတယ် ဘယ်လိုနည်းနဲ့ အဆက်အသွယ်ရ နိုင်မလဲ"

ကပ္ပတိန်သည် ကိုအဏ္ဏဝါကိုအားကိုးတကြီး မေးသည်။ ဒီလိုအခြေအနေမှာ အဆင်ပြေအောင်လုပ်ပေးနိုင်လျှင် ကိုအဏ္ဏဝါ ၏ အရည်အချင်းကို အထင်ကြီးသွားမည်ဖြစ်သည်။ ဘာမျှမလုပ် တတ်ဘူးဆိုလျှင် အားမကိုးလောက်ဘူးဆိုပြီး အထင်သေးသွား တော့မည်ဖြစ်သည်။ ကိုအဏ္ဏဝါလည်း ဘာမျှမကြံတတ်တော့လို့ အဖြစ်နိုင်ဆုံးကို ပြောလိုက်သည်။

"နီးရာကမ်းခြေ စတေရှင်တစ်ခုကနေ ဗွီအိပ်ချ်အက်ဖ်နဲ့ ခေါ်ပြီး တယ်လီဖုန်းဆက်ခိုင်းမယ်ဆရာ"

VHF ဆိုတာ မိုင်ငါးဆယ်ခန့်အကွာအဝေးကို သာဆက် သွယ်လို့ရသော ရေဒီယိုတယ်လီဖုန်းဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာ ကြီးကို ဖြတ်နေပြီဖြစ်လို့ အနီးဆုံးဖြစ်အောင် ချဉ်းကပ်သွားလို့ ရသော ကမ်းခြေသည် အမေရိကန်နိုင်ငံပိုင် ဟာဝိုင်ယီကျွန်းသာ ရှိသည်။ ဟာဝိုင်ယီကျွန်းမှတဆင့် မိုင်ပေါင်းသုံးထောင်လောက်

www.burmeseclassic.com

www.burmeseclassic.com



ဝေးသော ဂရိနိုင်ငံကို တယ်လီဖုန်း ဆက်မည်ဆိုလျှင် ကမ်းခြေ အနီးသို့ရောက်အောင် မိုင်ငါးဆယ် သို့မဟုတ် မိုင်ခုနှစ်ဆယ် လောက်နီးအောင် ချဉ်းကပ်သွားရမည်ဖြစ်သည်။ ဒါမှ VHF နဲ့ ကမ်းခြေစာတေရှင်ကို လှမ်းခေါ်လို့ရနိုင်မည်ဖြစ်သည်။

ကိုအဏ္ဏဝါ၏ အကြံပေးချက်အရ ကပ္ပတိန်သည် သင်္ဘော သွားနေသည့် ဦးတည်လမ်းကြောင်းကို မူလလမ်းကြောင်းမှ ဟာဝိုင် ယီကျွန်း၊ ဟိုနိုလူလူသို့ ဦးတည်ခုတ်မောင်းစေလိုက်ပါသည်။ ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်သည့် သင်္ဘောကြီးတွေသည် ဂရိတ်ဆာ ကယ်ဟု ခေါ်သော အပေါ်ဘက်ကိုခုံးသည့် မျဉ်းကွေးလမ်းကြောင်း အတိုင်းသာ သွားကြလေ့ရှိသည်။ ဟာဝိုင်ယီကျွန်းသည် ကမ္ဘာ့မြေပုံ၏ အောက်ဘက်တွင်ရှိနေ၍ ယခုသွားနေသည့် လမ်းကြောင်းသည် အောက်ဘက်ကို ပစောက်ပုံချိုင့်ခွက်ပြီး ဟိုနိုလူလူကိုဦးတည် ခုတ်မောင်းနေပါသည်။ ဤလမ်းကြောင်းသည် ကုန်တင်သင်္ဘော များသွားလာလေ့မရှိသော လမ်းကြောင်းဖြစ်သည်။

တစ်နေ့နံနက်တွင်ဟာဝိုင်ယီကျွန်းကို ရေဒါထဲမှာမြင်နေရပြီဖြစ်လို့ မိုင်ငါးဆယ်မျှသာ ဝေးတော့တာ သေချာသည်။ ကိုအဏ္ဏဝါသည် တက်မစင်မှာရှိသည့် ရေဒီယိုတယ်လီဖုန်း VHF ဖြင့် ဟိုနိုလူလူကို ဘိုးသံပါပါ လှမ်းခေါ်လိုက်သည်။

"ဟိုနိုလူလူ ကမ်းခြေစောင့် ရေမြင်းခေါ်တယ်ကြားပါသ လား"

ဟိုနိုလူလူ တွင်ပတ်ပလက်ကော်ရစ်စပွန်း၁င့်ခေါ် အမျှားပြည်သူအတွက် (နိုင်ငံခြားသင်္ဘောတွေအတွက်)အခကြေး ငွေယူပြီး ကမ္ဘာအရပ်ရပ်သို့ ဆက်သွယ်ပေးသည့် ဆက်သွယ်ရေး



ဌာနမရှိသဖြင့် ကမ်းခြေစောင့် (ကိုစ်ဂတ်)ကို ခေါ်လိုက်ရခြင်းဖြစ် သည်။ ရေမြင်းဆိုသည်မှာ ကိုအဏ္ဏဝါ၏ သင်္ဘောနာမည်(SEA HORSE) ကိုမြန်မာမှုပြုထားခြင်းဖြစ်သည်။

"ကြားပါတယ်၊ ပြောပါ"

"ကျွန်တော်ခင်ဗျားရဲ့ အကူအညီလိုအပ်နေပါတယ်၊ ကျေး ဇူးပြုပြီး ကူညီပါ"

"ပြောပါ"

"အေသင်ကို တယ်လီဖုန်းခေါ်ချင်ပါတယ်၊ ခင်ဗျားကူညီ နိုင်မလား"

"အဲဒီကိစ္စကိုအသာဘေးချိတ်ထားပြီး မင်းသင်္ဘောရဲ့တည် နေရာကို ပြောပါ"

ကိုအဏ္ဏဝါရဲ့အနီးမှာရပ်ပြီး နာထောင်နေကြသည့် ကပ္ပတိန်နှင့် အင်ဂျင်နီယာချုပ်တို့က သင်္ဘောတည်နေရာကို လတ္တီကျူ၊ လောင်ဂျီကျူ ဒီဂရီဖြင့် အတိအကျပေး၍ ကိုအဏ္ဏဝါက အမေရိကန်အော်ပရေတာကို ပြောပေးလိုက်သည်။ ကမ်းခြေနဲ့ ပိုနီးအောင် ကပ်လာဖို့လိုသေးလားလို့တောင် မေးလိုက်သေးသည်။

"အိုကေလား သူငယ်ချင်း၊ ပိုနီးအောင်ကပ်လာရဦးမလား"

"မလာပါနဲ့၊ မလာပါနဲ့ မင်းကိုငါစောင့်ကြည့်နေတာ နှစ်ရက်ရှိပြီ မင်းရဲ့သင်္ဘောက ဘယ်ကလာလို့ ဘယ်ကိုသွားမှာ လဲ၊ ဘာကိစ္စနဲ့ ဒီကျွန်းအနီးကို ကပ်လာတာလဲ"

" ကျူးဘားကလာတာ၊ တရုတ်ပြည်ကိုသွားမလို့"

"ဟိုက် . . အချစ်ရေ့ နေလို့မှကောင်းရဲ့လား ငါအမေရိ ကန်ပိုင်ကျွန်းလေ၊ ကျူးဘားကလာပြီး တရုတ်ပြည်ကို သွားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ကို ဝင်လာတယ်ဆိုတော့ ဘာကုန်တွေများ သယ်လာခဲ့လို့တုန်း ကိုယ့်လူရဲ့ ရှောကစ်တွေလား ဒုံးပျံတွေလား”

ဟာ.. ကိုယ်ကျိုးနည်းပြီလို့ သတိရလိုက်ကြပါသည်။ ဒီတော့မှ ကပ္ပတိန်ပါ မျက်လုံးပြူးနေတော့ သည်။ ဒုက္ခတော့ ရောက်ပြီလို့ သိလိုက်ကြသည်။

“သ သ သ သကြားတွေပါဗျာ၊ တခြားဘာမှမပါပါဘူး။ ဒုတ် ဒုတ် ဒုက္ခရောက်လာလို့ပါ”

ကိုအဏ္ဏဝါကြောက်စိတ်ဖြင့် အသံတွေတုန်နေသည်။ ကပ္ပတိန်သည်လည်း အခုမှသတိရပြီး တုန်တုန်ရီရီဖြင့် ဆောက်တည်ရာမရဖြစ်နေသည်။ သက်ဆိုင်ရာနိုင်ငံ၏ ခွင့်ပြုချက်မယူဘဲ ရေမိုင်(၂၀၀)အတွင်းသို့ ဝင်လာရုံသာမက ကျူးဘားကလာပြီး တရုတ်ပြည်ကိုသွားနေစဉ် ရန်သူကြီးဖြစ်သည့် အမေရိကန်နိုင်ငံကို ဝင်လာမိ၍ နိုင်ငံတကာရေကြောင်းဥပဒေအရ အရေးယူလျှင် ခံရတော့မည်ဖြစ်သည်။ အမေရိကန်အော်ပရေတာ၏ လေသံကလည်း မာလာသည်။

“ဘာမှမပြောနဲ့ မင်းပါးစပ်ပိတ်ထား၊ ဒါပေမဲ့ မင်းသင်္ဘောရဲ့ကုန်ထည့်ပေါက်အဖုံးတွေအားလုံး ဖွင့်ထား၊ ငါအခုလာကြည့်မယ်”

“ဟုတ် ဟုတ်”

အမေရိကန်အော်ပရေတာသည် စကားကို တိကနဲဖြတ်ပြီး တယ်လီဖုန်းချသွားသည်။ ကပ္ပတိန်နှင့် အင်ဂျင်နီယာချုပ်တို့သည် ပျားတုတ်ခံရသူတွေလို လှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ ကုန်းပတ်ပထမအရာရှိကို ချက်ချင်းခေါ်ပြီး ကုန်ထည့်ပေါက်အဖုံးတွေကို



ဖွင့်ခိုင်းလိုက်ရတော့သည်။ ရာသီဥတုသာယာကောင်းမွန်နေလို့ သာတော်ပေတော့သည်။

မကြာမီ F-16 ဂျက်တိုက်လေယာဉ်တစ်စီးသည် ကြောက်စရာအသံကြီးဖြင့် သင်္ဘောပေါ် ကဖြတ်ပြီး ဝေါကနဲပျံသန်းသွားသည်။ တစ်နေရာအရောက်မှာ ပြန်လှည့်လာပြီး သင်္ဘောရဲ့ ဦးမှသည်းကောင်း၊ ပဲ့မှလည်းကောင်းဝေါကနဲ ဝေါကနဲ လေးကြိမ်တိတိဖြတ်ပြီး ဖွင့်ပြထားသည့် ကုန်ထည့်ပေါက်တွေ ဝဲပျံကြည့်သွားသည်။

“ဆီးဟော့စ် ကိုစ်ဂတ်ခေါ်တယ်ကြားလား”

“ကြား ကြားပါတယ်ခင်ဗျား၊ ပြောပါ”

ဒီတစ်ခါ ကိုအဏ္ဏဝါတို့ သင်္ဘော ဆီးဟော့စ် (ရေမြင်း)ကို ခေါ်တာဟာ ကမ်းခြေက မဟုတ်ဘဲ ဂျက်တိုက်လေယာဉ်က ဖြစ်နေသည်။ အရမ်းကြောက်နေသည့် ကိုအဏ္ဏဝါ ပြန်ဖြေတာ အသံတွေတုန်နေသည်။

“မင်းရဲ့ ကုန်ထည့်ပေါက်တွေ ပိတ်လိုက်တော့ရပြီ၊ ဘာကူညီရမလဲပြော”

“ကျွန်တော့်သင်္ဘောကအသံလွှင့်စက်ပျက်သွားလို့ ရှိနိုင်ငံ အေသင်မြို့ကို ဖုန်းခေါ်လို့မရဖြစ်နေပါတယ်၊ အရေးကြီးတာစွရှိလို့ သင်္ဘောပိုင်ရှင်နဲ့ စကားပြောချင်ပါတယ်ခင်ဗျာ

“ အိုကေ၊ တယ်လီဖုန်းနံပါတ်ပြောပါ”

ကပ္ပတိန်ရေးပေးသည့် တယ်လီဖုန်းနံပါကို ပြောလိုက်ပါသည်။ ဂျစ်တိုက်လေယာဉ်သည် မြင်ကွင်းမှ ပျောက်သွားပြီဖြစ်သော်လည်း ရေဒီယိုတယ်လီဖုန်းပြောနေသည့် လေသူရဲ၏အသံကိုအကျယ်ကြီးကြားနေရသေးသည်။ မကြာမီ (ဟိုးလား) ဂရိလို

www.burmeseclassic.com

www.burmeseclassic.com



ဟလိုဟုနှုတ်ဆက်သည့်အသံကိုကြားလိုက်ရတော့ သည်။

သဘော်ာပိုင်ရှင်သူဌေး၏အသံဆိုတာကို ကပ္ပတိန်က ချက်ချင်းသိပြီး ကိုအဏ္ဏဝါလက်ထဲက တယ်လီဖုန်းစကားပြောခွက်ကိုလှမ်းယူပြီးစကားပြောသည်။ ဂရိဘာသာစကားဖြင့်ပြောနေကြသည့်အတွက် ဘာတွေပြောနေကြသည်ကို မသိနိုင်ဖြစ်နေသည်။ ပန်ကာမှ အသံမြည်နေသည့်အကြောင်းကိုပြောတာပဲဖြစ်မည်။ စကားပြောကြတာ မိနစ်သုံးဆယ်ခန့်ကြာသည်။ တယ်လီဖုန်းစကားပြောခဒေါ်လာသုံးရာလောက်ကျနိုင်သည်။ စကားပြောပြီးသော အခါကပ္ပတိန်၏မျက်နှာပြုံးပြုံးရွှင်ရွှင်ဖြစ်နေ၍ အခြေအနေကောင်းသည်ဟုနားလည်လိုက်သည်။ ကိုအဏ္ဏဝါက ဟိုနိုလူလူကမ်းခြေစောင့်ကိုပြန်ခေါ်သည်။

" ဟိုနိုလူလူကမ်းခြေစောင့်၊ ရှေ့မြင်းခေါ်တယ်ကြားပါသလား"

" ကြားပါတယ်၊ ပြောပါ"

" ကူညီတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား တယ်လီဖုန်းခေါ်ခဘယ်လောက်ကျပါသလဲခင်ဗျာ"

" အိုကေ၊ ပိုက်ဆံပေးစရာမလိုပါဘူး၊ အခမဲ့ကူညီတာပါ"

" ကျေးဇူးကမ္ဘာပါခင်ဗျာ"

" ဟိုင်း ဗွန်ဗွိုင်းရှ်ချ်၊ ဂွတ်လပ်ခ်"

" ဆိမ်းတူယူ ဂွတ်လပ်ခ်"

အလွန်ညံ့သည့် ကိုအဏ္ဏဝါကို ကပ္ပတိန်ကကျောသပ်ပြီး ချီကျူးသည်။ ကိုယ့်လူသိပ်တော်တယ်တဲ့။

သည်းထိတ်ရင်ဖို

၂၀၀၄-ဇူလိုင်



www.burmeseclassic.com

# ပိုးတွဲလုံချည်နှင့် ကိုအဏ္ဏဝါ

ကိုအဏ္ဏဝါသည် ပိုးတွဲလုံချည်အရမ်းဝတ်ချင်နေသည်။ သူ့ဘဝမှာ ပိုးတွဲလုံချည် တစ်ခါမျှ မဝတ်ဖူးသေးလို့ တစ်ခါတစ်လေ ဝတ်ဖူးတယ်ရှိအောင် အရမ်းဝတ်ချင်နေသည်။ ပိုးတွဲလုံချည် ဝယ်ပေးရန် သူ့ဇနီး မဖြူတုတ်ဆီမှာ ကလေးနို့ဆာလို့ တဂျီဂျီ တအီအီ လုပ်နေသည်။ မဖြူတုတ်ကလည်း အချိန်ဆွဲ နေသည်။ ဝယ်ပေးမယ်၊ မအားသေးလို့ ခဏစောင့်ဟု ဆိုသည်။ အမှန်တော့ ဝယ်ပေးထားသည့် မာစရိုက်လုံချည်တွေရှိသေးလို့ အချိန်ဆွဲနေခြင်းဖြစ်သည်။

ကိုအဏ္ဏဝါမှာ မဖြူတုတ်ဝယ်ယူဆင့်မြန်းထားသည့် မာစရိုက်ချည်ချောလုံချည်နှင့် ကိုအဏ္ဏဝါကိုယ်တိုင်ဝယ်ဝတ်သည့် ရခိုင်လုံချည်တွေပဲရှိသည်။ ဒါတွေချည်း ဝတ်နေရတာရိုးလာသည်။ တခြားအမျိုးအစားကို ဝတ်ချင်လာသည်။ အထူးသဖြင့် ပိုးတွဲလုံချည်ကို ဝတ်ချင်နေသည်။ ပိုးတွဲလုံချည်နှင့် လည်ကတုံးအင်္ကျီအဖြူ ပေါ်မှာ တိုက်ပုံအင်္ကျီအနက်ဝတ်ထားသူတွေကို မြင်လျှင် အရမ်းသဘောကျသည်။ အဲဒီပုံအတိုင်းဝတ်ပြီး အလှူပွဲတွေ မင်္ဂလာပွဲတွေကို နွှဲချင်နေသည်။

ဒီနေ့အလှူပွဲ တစ်ပွဲနွှဲစရာရှိနေသည်။ ပိုးတွဲလုံချည်မရှိလို့ မဖြူတုတ်ဝယ်ပေးထား သည့် မာစရိုက်ချည်ချောထဲက သင့်ရာ တစ်ထည် ဝတ်ပြီး အလှူပွဲကို သွားသည်။ ကိုအဏ္ဏဝါတို့ အရပ်



အသက သက်တော်ရှည်ဆရာတော်ကြီး သုံးပါးကို ဂုဏ်ပြုပူဇော် နှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်သည်။

ရန်ကုန်မြို့မှာ အခြေချနေထိုင်ကြသည့် ကိုအဏ္ဏဝါတို့ အသက သူဌေးတွေလာကြသည့်ပွဲ ဖြစ်လို့ ပိုးတွဲလုံချည်အရောင်၊ ဖဲကတ္တီပါအရောင်၊ စိန်ရောင်၊ ရွှေရောင် တပြောင်ပြောင်လက် နေသော ပွဲကြီးဖြစ်သည်။ ဒီလိုပွဲမျိုးမှာ ပိုးတွဲလုံချည်ဝတ်ပြီး မနွှဲ င်သည့်အတွက် ကိုအဏ္ဏဝါအရောင်မထွက်ဖြစ်နေသည်။ ရှက်ကိုး က်ကန်းဖြင့် သိမ်ငယ်ညိုးမှိန်နေသည်။

အလှူပွဲလာ မင်းပရိတ်သတ်တွေထဲက ပိုးတွဲလုံချည်၊ ည်ကတုံးအင်္ကျီအဖြူ၊ တိုက်ပုံအင်္ကျီအနက်ဝတ်ထားသူကို မြင် ျှင် ငေးမောကြည့်နေမိသည်အထိ အားကျသည်။ သူ့လိုဝတ်ချင် သည်။ ဝယ်မပေးသည့် မဖြူတုတ်ကို ဒေါသထွက်နေမိသည်။ ဒီလို း နောက်တစ်ပွဲမှာမှ ပိုးတွဲလုံချည်မဝတ်ရလျှင် မဖြူတုတ်မသိ အောင် ပိုက်ဆံခိုးယူပြီး ဝယ်ဝတ်မည်ဟု စိတ်ဆုံးဖြတ်ထားသည်။

အလှူပွဲကြီးရေစက်ချပြီးလို့ ရွှေပွဲလာပရိတ်သတ်တွေ စား ကြသောက်ကြဖို့ လှုပ်လှုပ်ရွရွဖြစ်ကြတော့မှ သတင်းတစ်ခုထွက် လာသည်။ အလှူကို ဦးဆောင်ဦးရွက်လုပ်သည့် သူဌေးကြီးရဲ့ ိုက်ဆံအိတ်ကြီး ပျောက်လို့ဆိုပြီး ရုတ်ရုတ်သဲသဲဖြစ်နေကြသည်။

သူဌေးကြီးသည် ပိုက်ဆံအိတ်ကြီးကို သူ့ဘေးနားမှာ ချ ထားပြီးတရားနာနေစဉ် အလစ်သုတ်သမားက အသာလေးဆွဲယူ သွားတာဟု ယူဆရသည်။ ပိုက်ဆံအိတ်ကြီးထဲမှာ ငွေနှစ်သိန်းနီး းရှိသည်ဟု သိရသည်။ အလှူမှာ အရေးပေါ်လိုအပ်ပါက သုံးရန်

www.burmeseclassic.com

www.burmeseclassic.com



ထည့်ယူလာသည့်ငွေဟု သိရသည်။

သူဌေးကြီးသည် သူ့ဇနီး၏ ပေါင်လုံးလောက်ရှိသည့် ပိုက်ဆံအိတ်ကြီးကို သူ့ပေါင်နားမှာကပ်ထားပြီး တရားနာနေခဲ့တာ ဖြစ်သည်။ အပူဇော်ခံ ဆရာတော်ဘုရားကြီးရဲ့ (ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟာမင်္ဂလာ) တရားတော်ကို မျက်စိမှိတ်ထားပြီး နာနေခဲ့တာဖြစ်သည်။ တရား၏အရသာကို ခံစားရင်းမှိန်းနေတာလည်း ဖြစ်နိုင်သည်။ ပိုက်ဆံအိတ်ကို ဘေးချပြီး မျက်စိမှိတ်ထား၍ အလစ်သုတ်သမားအဖို့ အလွယ်တကူ ဆွဲယူဖို့အခွင့်သာ သလိုဖြစ်နေသည်။

သူဌေးကြီးကလည်း သူ့အနားမှာထိုင်နေသူတွေဟာ သူလိုပဲ ပိုးတွဲလုံချည်ဝတ် သူဌေးသူကြွယ်တွေ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေပဲဆိုပြီး မျက်စိမှိတ်လျှက် စိတ်ချလက်ချ တရားနာနေခဲ့တာဖြစ်မည်။ တရားနာလျှင် မျက်စိမှိတ်တာကတော့ သူဌေးရယ်မှမဟုတ် ကိုအင်္ဂါဝါလည်း မျက်စိမှိတ်ပြီးတရားနာလေ့ရှိသည်။ သူဌေးနဲ့ ကိုအင်္ဂါဝါမတူတာကတော့ ကိုအင်္ဂါဝါမှာ သူဌေးလို ပေါင်လုံးလောက်ကြီးသည့် ပိုက်ဆံအိတ်ကြီး မကိုင်နိုင်ခြင်းဖြစ်သည်။ ကိုင်နိုင်လျှင်လည်း ကိုအင်္ဂါဝါက မျက်စိမှိတ်ပြီး ဘေးမှာချထားမည်မဟုတ်၊ ရင်ခွင်ထဲမှာ ပိုက်ပြီး မျက်စိဖွင့်ထားမည့်သူဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အလှူပွဲမှာ အခုလိုအရုပ်ဆိုးအကျည်းတန်စွာ ဖြစ်ရတာဆိုတော့ ကြွရောက်လာကြသည့် ပရိတ်သတ်ကလည်း စိတ်အနှောင့်အယှက်ဖြစ်ကုန်ကြသည်။ အလှူပွဲမှ နယ်နယ်ရမဟုတ်၊ သူဌေးတွေနှင့် လူဂုဏ်တန်တွေ၊ လူကြီးလူကောင်းတွေ



ချည်း တက်ရောက်သည့်အလှူပွဲကြီး ဖြစ်သည်။ ဒီလိုပွဲမျိုးမှာ ဒီလိုအဖြစ်မျိုးဖြစ်သင့်သလားဆိုပြီး ဖြစ်နိုင်ခြေရှိသူကို မသိမသာ လိုက်ကြည့်သည့်အဖြစ်ရောက်သွားသည်။

လိုက်ကြည့်တော့လည်းဖြစ်နိုင်ခြေရှိသူ တစ်ယောက်မျှ မတွေ့ရ၊ စုတ်စုတ်နုတ်နုတ်တစ်ယောက်မျှ မတွေ့၊ ပိုးတွဲနှင့် ပိုးဖဲဝတ်တွေ၊ ရွှေတွဲလွဲ ငွေတွဲလွဲတွေချည်း ဖြစ်သည်။ မသက်ာမျက်စိဖြင့် မကြည့်ဝံ့ မကြည့်ရဲသည့် စိန်ရောင်၊ မြရောင်၊ ပတ္တမြားရောင်၊ နီလာရောင် တပြောင်ပြောင်တွေချည်းဖြစ်သည်။

ပိုက်ဆံအိတ်ပျောက်မှုနှင့်ပတ်သက်ပြီး ကွင်းဆက်သတင်း အစအန တစ်ခုရသည်။ ထိုသတင်းကို ပေးသူဟာ ကိုရင်လေးတစ်ပါးဖြစ်သည်။ အလှူရေစက် မချမီ တရားနာနေကြစဉ် မသင်္ကာဖွယ်လူတစ်ယောက်သည် ပေါင်လုံးခန့်ကြီးသော ပိုက်ဆံအိတ်အနက်ဖောင်းဖောင်းကြီးကို တိုက်ပုံအင်္ကျီအတွင်းမှာ ဝှက်ပြီး တရားနာပရိတ်သတ်ထဲက ထွက်လာတာကိုမြင်လိုက်ရပါသည် ဟုဆိုသည်။ ထိုလူသည် သံဃာတော်များသာဟု ရေးထားသည့် အိမ်သာထဲကို ဝင်သွားသည်ဟု ဆိုသည်။ အိမ်သာကပြန်ထွက်လာသောအခါ ထိုလူ၏လက်ထဲမှာ ပိုက်ဆံအိတ်ဖောင်းဖောင်းကြီး ပါမလာတော့တာကို သတိပြုလိုက်မိသည်ဟု ဆိုပါသည်။

ထိုလူသည် အိမ်သာထဲမှာ ပိုက်ဆံအိတ်မေ့ကျန်ခဲ့သည် ထင်၍ အော်ပြောပြီး သတိပေးမည်ပြုစဉ်မှာပင် ထိုလူသည် ကျောင်းဝင်းထဲက ခပ်သွက်သွက်လျှောက်ထွက်သွားတာ မြင်လိုက်ရသည်ဟုဆိုသည်။ ကျောင်းဝင်းကြီးထဲမှာ သံဃာတော်များသာ အသုံးပြုရန်အိမ်သာ (ကုဋီ)တွေ သုံးလေးလုံးရှိနေသဖြင့် ဘယ်ကု

www.burmeseclassic.com

www.burmeseclassic.com



ရှိ လဲဟု ကိုရင်လေးကို ဝိုင်းမေးကြသည်။

"ဘယ်ကုဋ္ဌိလဲဟင် ကိုရင်လေး"

"ဟောဟို သရက်ပင်နားက ကုဋ္ဌိ"

သရက်ပင်နားက ကုဋ္ဌိကို ပြေးသွားကြပြီး တံခါးဖွင့်ကြ ကြသည်။ ပိုက်ဆံအိတ်ဖောင်းဖောင်းကြီးကို မဖောင်းတော့ဘဲ ကု ကြမ်းခင်းမှာ ပိန်ကပ်ပြီး လဲလျောင်းနေတာတွေ့ကြရသည်။ ပိုင်ရှ သူဌေးကပြေးကောက်ပြီး အိတ်ထဲကို ဖွင့်ကြည့်လိုက်တော့ ပိုက်ဆ တွေမှအပ ကျန်တာတွေအားလုံးရှိနေတာတွေ့ရသည်။

အမျိုးသားမှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်၊ အသင်းဝ ကတ်ပြား မျိုးစုံနှင့်အတူ အရေးကြီးသည့် စာရွက်စာ တမ်းတွေ အကုန်လုံး မပျောက်မပျက် ပြန်တွေ့ရသည်။ အရေးကြီး စာရွ စာတမ်းတွေထဲမှာ အရေးကြီးဆုံးဖြစ်သည့် ထီလက်မှတ် တစ်အုပ် ပြန်တွေ့ရလို့ သူဌေးကတော်က (တော်ပါသေးရဲ့)လို့ ပြောသည် နာမည်ကြီး ဘိုးတော်ကိုယ်တိုင် လက်ဖြင့်ကိုင်ပြီး သိဒ္ဓိ တင်ထာ သည့် သိန်းသုံးရာဆုကြီး ပေါက်မည့် မင်္ဂလာစုံတွဲထီလက်မှ အုပ်ဟုသိရသည်။

ဒီပိုက်ဆံအိတ်ကို အလစ်သုတ်သူသည် တရားနာပရိ သတ်ထဲက ဖြစ်ရုံသာမက အလှူမှာရေစက်ချမည့်ရေစက်ခွက်ကို သူဌေးကြီးအနီးမှာ ကပ်ထိုင်နိုင်ခဲ့သူဖြစ်လို့ ဘယ်လိုပုံစံဆိုတာ သိချင်နေကြသည်။ လူပုံစံကိုယ်နေဟန်ထားနှင့် ဝတ်ပုံစားပုံတွေ သိချင်လို့ ကိုရင်လေးကို မေးကြည့်ကြသည်။

"လူပုံက ဘယ်လိုလဲဟင် ကိုရင်လေး"

"အသားညိုညို၊ ဗိုက်ပူပူ၊ နဖူးပြောင်ပြောင်"



ကိုအဏ္ဏဝါလန့်ဖျတ်ပြီး သူ့နဖူးကြီးကို ယောင်ရမ်းပွတ်သပ်လိုက်မိသည်အထိ ဖြစ်သွားသည်။ ကိုရင်လေး ပြောပြသည့်ပုံသဏ္ဌာန်က ကိုအဏ္ဏဝါနှင့် တစ်ထပ်တည်းတူနေသည်။ ဝိုင်းအုံနားထောင်နေကြသူတွေကလည်း ကိုအဏ္ဏဝါကိုလှည့်ကြည့် လိုက်ကြသည်။ ကိုရင်လေးကို ဆက်လက်မေးမြန်းကြသည်။

"ဘယ်လိုအဝတ်အစားတွေ ဝတ်ထားသလဲ"

"ဗိုးတွဲလုံချည်နဲ့ တိုက်ပုံအကျႌဝတ်ပြီး ကတ္တီပါဖိနပ်စီးထားတယ်"

ကိုအဏ္ဏဝါသက်မကြီးချလိုက်သည်။ တော်ပါသေးရဲ့ ကိုအဏ္ဏဝါရဲ့ဘဝမှာ တစ်ခါမျှ ဗိုးတွဲလုံချည်မဝတ်ဖူးသေးလို့ တော်ပါသေးရဲ့ ဒီပွဲကို ဗိုးတွဲလုံချည်ဝတ်ပြီး လာမိလျှင် အထင်ခံရနိုင်သည်။ သူခိုးတွေထဲမှာ ကိုအဏ္ဏဝါရဲ့ပုံမျိုး နဖူးပြောင်ပြောင် ဗိုက်ပူပူ သူခိုးအတော်ရှားသည်။ အလှူပွဲလာ ပရိတ်သတ်တွေ ပညာဗဟုသုတနှင့် သင်ခန်းစာတစ်ခုရသွားသည်။ ကြီးကျယ်ခမ်းနားသည့်အလှူပွဲကြီးတွေကို လူကြီးလူကောင်းပုံစံဖြင့် ဝတ်ကောင်းစားလှဝတ်ဆင်လာပြီး အလစ်သုတ်နေသူ တွေရှိပါလားဆိုသည့် ဗဟုသုတဖြစ်သည်။

ကိုအဏ္ဏဝါအိမ်ပြန်တော့မည်ဆိုပြီး ဖိနပ်စီးမလို့ရှာတော့ဖိနပ်ပျောက်နေသည်။ ကိုအဏ္ဏဝါဖိနပ်သည် အောကတ္တီပါလို့ခေါ်ကြသည့် ကတ္တီပါကြိုး ကတ္တီပါခင်းဖိနပ်အသစ်ဖြစ်သည်။ ကိုအဏ္ဏဝါဖိနပ်ချွတ်ထားခဲ့သည့်နေရာမှာ ရာဘာဖိနပ် ခပ်စုတ်စုတ်တစ်ရံရောက်နေတာတွေ့ရသည်။ ဒီအလှူပွဲမျိုးကို ဒီပုံဖိနပ်မျိုးစီးပြီးလာသူရှိမည်မဟုတ်လို့ စဉ်းစားရတော့သည်။ သူဌေး၏

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ် အလစ်သုတ်ပြီး ကိုအဏ္ဏဝါ၏ဖိနပ်ကို စီးသွားတာဖြစ်မည်။

သူဌေး၏ပိုက်ဆံ နှစ်သိန်းနီးပါးပျောက်သွားတာက ကိုအဏ္ဏဝါအတွက် အရေးမကြီးသော်လည်းနှစ်ထောင်နီးပါးတန်သည့် ကတ္တီပါဖိနပ်ပျောက်သည့် ကိစ္စကြောင့် မဖြူတုတ်၏ အဆူ အကြိမ်းခံရတော့မည်ဖြစ်သည်။ ကိုအဏ္ဏဝါ ဖိနပ်မပါဘဲ အိမ်ကိုပြန်ခဲ့ရသည်။ ကိုယ်ပိုင်ကားကိုကိုယ်တိုင်မောင်းပြီး ပြန်တာမို့ ခြေထောက်မှာဖိနပ်မပါတာကို ဘယ်သူမျှမမြင်လို့ တော်သေးသည်။

အလှူမှာ ဖိနပ်ပျောက်ခဲ့သည့်အမှုမှ သက်သာရာရစေတော့ဆိုတဲ့သဘောဖြင့် သူဌေးပိုက်ဆံအိတ်ပျောက်သည့် အကြောင်းကိုအလျင်တင်ပြရသည်။ အလှူပွဲကြီးတွေမှာ အတင့်ရဲစွာ အလစ်သုတ်တတ်သည့် သူခိုးတွေရဲ့ ဝတ်ပုံစားပုံတွေကိုပါ မဖြူတုတ်ကို ပြောပြလိုက်မိသည်။ မဖြူတုတ်က ကိုအဏ္ဏဝါကိုကြည့်ပြီး ပြောသည်။

"ဒီနေ့ကစပြီး ပိုးတွဲလုံချည်ဝတ်ဖို့ လုံးဝမစဉ်းစားနဲ့၊ ရှင့်ပုံစံနဲ့ ပိုးတွဲလုံချည်ဝတ်ပြီး အလှူကိုသွားရင်ခိုးဖို့လာတယ်ပဲ ထင်မှာပဲ"

ကိုအဏ္ဏဝါအောင့်သက်သက်ဖြစ်သွားသည်။ ဖိနပ်ကိစ္စအတွက် အဆူအကြိမ်းခံရတာပဲ တော်လှပြီဟု တွေးမိသည်။ ဒီနေ့ကစပြီး ကိုအဏ္ဏဝါ၏ ပိုးတွဲလုံချည်ဝတ်ချင်သည့် ဇာတ်လမ်းတစ်ခန်းရပ်သွားသည်။

သောကြာ

၂၀၀၄-စက်တင်ဘာလ




www.burmeseclassic.com

www.burmeseclassic.com

# စာသမားနှင့်အိမ်သာအနေအထား

စာသမားအတွက် အိမ်သာအနေအထား မှန်ကန်ဖို့အလွန် အရေးကြီးသည်။ စာသမားသည် အိမ်သာတက်လျှင် စာဖတ်လေ့ ရှိသည်။ အိမ်သာတက်တော့မည်ဆိုလျှင် ဆေးလိပ်သောက်တတ်သည့် စာသမားက ဆေးလိပ်မီးညှိပြီး ဖတ်မည့်စာစောင် သို့မဟုတ် စာအုပ်ကို ကိုင်ပြီး အိမ်သာရှိရာကိုသွားတော့သည်။

အိမ်သာထဲရောက်သည်နှင့် အိမ်သာတံခါးကို ပိတ်ပြီး ဆေးလိပ်ဖွာသည်။ လက်မှာကိုင်လာသည့်စာစောင် သို့မဟုတ် စာအုပ်ကိုဖွင့်ဖတ်တော့သည်။ အိမ်သာမှာ အီးထိုင်ပါနေသည့် စာသမားသည် ဘာကိုမျှစိတ်မဝင်စားတော့ဘဲ စာကိုသာ စိတ်ဝင်စားပြီး သဲကြီးမဲကြီးဖတ်နေတော့သည်။ စာဖတ်နေစဉ် ပါးစပ်က ဆေးလိပ်ကိုလည်း အော်တိုမစ်တစ်ဖွာနေသည်။ စအိုကလည်း အီးအီးကို အလိုအလျောက်ပါချနေသည်။

အိမ်သာတက်ရင်းစာဖတ်သူအတွက် အိမ်သာ၏ အနေအထားမှန်ဖို့လိုသည်။ အိမ်သာသည် တည့်မတ်တည်ငြိမ်စွာ



နေသား တကျရှိဖို့လိုအပ်သည်။ အိမ်သာသည် ရှေ့ကိုငိုက်နေလျှင်သော်လည်းကောင်း၊ ဘေးကိုယိုင်နေလျှင်သော်လည်းကောင်း၊ နောက်ကိုလန်နေလျှင်သော်လည်းကောင်း၊ လှုပ်ခါယိမ်းထိုးနေလျှင်သော်လည်းကောင်း စာဖတ်ရာတွင် အဆင်မပြေဖြစ်နိုင်သည်။ ပုံစံမမှန်သည့် အိမ်သာ၏ အနေအထားကြောင့် ထိုင်ရတာ အဆင်မပြေဖြစ်ပြီး အီးပါလို့လည်း မကောင်း၊ ဖတ်နေသည့် စာကိုလည်း ကောင်းစွာစိတ်မဝင်စားနိုင် ဖြစ်တတ်သည်။

သဖန်းကုန်းရွာက လူပျံတော်ဆေးဆရာလေး ကိုထွန်းသာသည် စာသမားဖြစ်သည်။ လူပျံတော်ဆိုတာ ရဟန်းလူထွက်ဟု ဆိုလိုခြင်းဖြစ်သည်။ ဆေးဆရာဆိုတာ ဓာတ်၊ ဗိန္ဒော၊ ပယောဂ အထူးကုတိုင်းရင်းဆေးသမားတော်ဟု ဆိုလိုခြင်းဖြစ်သည်။ ရဟန်းလူထွက်ဖြစ်လို့ ရိုးသည်။ စာဖတ်ဝါသနာပါသည်။ ဆေးကုတတ်တာကလွဲလို့ တခြားဘာမှမလုပ်တတ်သည့်အတွက် သူ့မှာအချိန်တွေပိုနေသည်။အချိန်တွေပိုနေသည့်အတွက် စာဖတ်သည်။ ဆေးကျမ်း၊ ဗေဒင်ကျမ်းများသာမက ခေတ်ပေါ်မဂ္ဂဇင်းနှင့် ဂျာနယ်တွေကိုလည်းဖတ်သည်။ လူနာမျှော်နေသည့် အချိန်မှာ စာဖတ်သည်။ အိမ်သာတက်ချိန်မှာပင် အချိန်ကို အလဟဿ မကုန်စေဘဲ စာဖတ်ရင်း အီးပါသည်။ အီးပါရင်းစာဖတ်သည့် ဆရာလေးကိုထွန်းသာဟုသုတကြွယ်ဝတာ တစ်ရွာလုံးသိနေကြသည်။

ဆရာလေး ကိုထွန်းသာနှင့် မခင်မေတို့ညားကြတော့ မခင်မေရဲ့အမေက သဘောမတူလို့ အသိအမှတ်မပြုလဲ့ ??? သည်။ နောက်တော့လည်း မိသားစုနှင့် ပတ်ဝန်းကျင်က နားချ ဖြောင်းဖျလို့ စိတ်ကိုလျှော့လိုက်ပြီး အိမ်ကိုပြန်လာတက် လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ သို့သော် သားမက် ရဟန်းလူထွက်ကို စကားမပြောနှုတ်မဆက်ဘဲ ဘာသိဘာသာနေသည်။

မခင်မေကို နားလည်သည့် မိသားစုနှင့် ပတ်ဝန်းကျင်က ဆရာလေးကိုထွန်းသာကို လက်ခံခွင့်လွှတ်ကြသည်။ မခင်မေသည် အပျိုကြီးဘဝဖြင့် နေလာရင်းက အသက်လေးဆယ်ပြည့် ခါနီးမှာ စုန်းပူးသလိုလို၊ နတ်ပူးသလိုလိုဖြစ်လာသည်။ ငိုလိုက်၊ ရယ်လိုက်ဖြစ်လာသည်။ ထမီအင်္ကျီတွေကို ဆုတ်ဖြဲသည်။ ကြမ်းကိုဖနောင့်ဖြင့်ပေါက်သည်။ ဆေးရုံဆေးခန်းတွေကိုသွားပြီး သမားတော်တွေနဲ့ကုသပါသော်လည်း ရောဂါက သက်သာပျောက်ကင်းခြင်းမရှိဖြစ်နေသည်။

လူပျိုတော်လူပျိုကြီး ဆရာကိုထွန်းသာ့က ဒီသတင်းကိုကြားတော့ ခိုင်ဖုန်းတရားရုံးက တရားသူကြီး ပေါင်ချိန် ပြုံးပုံမျိုးပြုံးလိုက်သည်။ ဒီရောဂါမျိုးက ငါလိုဆရာနဲ့ကုသမှသာ ဝေဒနာသက်သာရာရမည်ဟု ရဲရဲတင်းတင်း သတင်းလွှင့်လိုက်သည်။ ရောဂါဝေဒနာ မပျောက်လျှင် ဆေးဖိုးဝါးခ တစ်ပြားတစ်ချပ်မျှ မယူပါဟု တောင်းဆိုလိုက်သေးသည်။

ဤမျှရဲတင်းသေချာသည့် အာမခံချက်ပေးသူ ဆရာကိုထွန်းသာလက်သို့ လူနာကိုအပ်လိုက်ကြသည်။ ဆရာက သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ဖြင့် လူနာကိုလက်ခံခဲ့သည်။ စုန်းဖမ်း၊ နတ်တိုက်၊ သိုက်ဆက်ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး အထူးထူးသောအောက်လမ်းကိစ္စတွေမှာ ဆရာနှင့်လူနာမှအပ မသက်ဆိုင်သူတွေအနားကို မလာရဆိုပြီး အပျိုကြီးမခင်မေရဲ့ အိပ်ခန်းထဲမှာ တံခါးပိတ်ပြီးဆေးကုခဲ့သည်။ လူနာနှင့်ဆရာ ကံစပ်တယ်လို့ပြောရမလား၊ ဆေးလိုက်တယ်လို့ ပြောရမလားပဲ တစ်ပါတ်ဆယ်ရက်လောက်အ



ကြာမှာ မခင်မေ၏အခြေအနေသည် ပုံမှန်ပြန်ဖြစ်သွားလေသည်။ ပုံမှန်ပြန်ဖြစ်သွားပြီး မကြာမီပင် မခင်မေသည် ဆရာကိုထွန်းသာနောက်ကို ခိုးရာလိုက်ပြေးတော့သည်။

မခင်မေရဲ့အမေက ရှက်လှချည့်ရဲ့ဆိုပြီး သမီးကိုသေခန်းဖြတ်သည်။ သားမက်ကိုလည်း အသိအမှတ်မပြုဟု ကြေညာသည်။ ဒီလိုဖြစ်ရတာကလည်းသမီးအပျိုကြီးရဲ့ဘဝနှင့် ဆန္ဒကိုနားမလည်၍ဖြစ်သည်။ အသက်သုံးဆယ်ကျော်၍ လေးဆယ်နားနီးလာသောအပျိုကြီးတွေ စုန်းပူးသလိုလို နတ်ပူးသလိုလိုဖြစ်လာလျှင် လင်ပေးစားလိုက်ပါက ပုံမှန်ပြန်ဖြစ်သွားလေ့ရှိသည်ဆိုတာကို နားလည်သည့် မိသားစုနှင့် ပတ်ဝန်းကျင်က မခင်မေရဲ့အမေကို နားချဖြောင်းဖျခဲ့လို့ ဆရာလေး ကိုထွန်းသာတို့လင်မယားအိမ်ပေါ်ပြန်တက်ခွင့်ရခဲ့သည်။

ဆရာလေး ကိုထွန်းသာက ရဟန်းလူထွက်ဆေးဆရာပီပီလယ်မထွန် ကိုင်းမလုပ်ဘဲ ခေါင်းရင်းခန်းမှာ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ထိုင်ပြီး လူနာမျှော်ရင်း စာဖတ်နေတာကို မခင်မေရဲ့အမေက ကြည့်မရဖြစ်နေသည်။ ဆရာကိုထွန်းသာကလည်း စာမျိုးစုံကို အားတိုင်းယားတိုင်း ဖတ်သည်။ တစ်ပါတ်မှတစ်ခါသာရောက်သည့်သတင်းစာကစပြီး မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံကို ဖတ်သည်။ စာဖတ်နေရင်းမှ အိမ်သာတက်ချင်လာပြီဆိုလျှင် ဆေးပေါ့လိပ်တိုကို ကမန်းကတန်းမီးညှိသည်။ ဆေးလိပ်ကိုဖွာလျှင်း သတင်းစာ သို့မဟုတ် ဂျာနယ်ကိုကိုင်ပြီး အိမ်သာသို့ ခပ်သုတ်သုတ်သွားသည်။ စာဖတ်ချိန်ပုပ်သွားမှာစိုးလို့ ခပ်သုတ်သုတ်လျှောက်သွားခြင်းဖြစ်သည်။

မခင်မေတို့ ခြံဝင်းသည် သိပ်ပြီး မကျယ်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာသည် အိမ်နဲ့သိပ်ပြီးမဝေးသည့်နေရာမှာ ဆောက်ထားသည်။ ရွာလယ်လမ်းပေါ်က လှမ်းကြည့်လျှင် မြင်နေရသည်။ ခဲတစ်ပစ်အကွာအဝေးပင် မရှိဟု ထင်ရသည်။ အိမ်တစ်အိမ်၏ အိမ်သာကို လမ်းပေါ်ကကြည့်လျှင်မြင်နေရသည့် အနေအထားသည် မကောင်းဟု ပြောရမည်ဖြစ်သည်။

မခင်မေတို့အိမ်က အိမ်သာသည် နေရာအနေအထား မကောင်းသည့်အပြင် နောက်ဘက်က တိုင်နှစ်တိုင်က မြေထဲကို အနည်းငယ်ဝင်သွားသဖြင့် နောက်ကို အနည်းငယ်ယိုင်နေပါသည်။ အလွန်အကျွံယိုင်တာ မဟုတ်သည့်အတွက် မပြုပြင်ဘဲထားသည်။ ပတ္တာတပ်ထားသည့် အိမ်သာတံခါးကို အဖွင့်အပိတ်လုပ်ရတာ အဆင်ပြေသလိုတောင်ဖြစ်နေသည်။ အိမ်သာက နောက်ကိုလန်နေသည့်အတွက် တံခါးဖွင့်ထားလျှင်လည်း ပွင့်လျက်သားလန်ပြီး ကပ်နေသည်။ ပိတ်လိုက်လျှင်လည်း ဂျက် (ကလန့်)ထိုးစရာမလိုအောင် အသားကျအံကျပိတ်နေသည်။ အဖွင့်အပိတ်ကို ပေါ့ပေါ့ပါးပါး အလိုက်သင့် လုပ်လို့ရနေသဖြင့် ဟန်ကျတယ်လို့တောင် ပြောလို့ရသည်။

အိမ်သာ၏ အနေအထားကြောင့်ပင် မခင်မေတို့အိမ်သားတွေ အိမ်သာတက်လျှင် အိမ်သာတံခါးကိုအသာဆွဲ ပိတ်ရုံသာ ပိတ်လိုက်သည်။ အိမ်သာတံခါးကလည်း အသားကျ ပိတ်သွားသည်။ ဂျက် (ကလန့်)ထိုးစရာပင် မလိုဘဲ ချပ်ချပ်ယပ်ယပ် ကပ်နေသည်။ မိသားစုထဲက တစ်ယောက်ယောက် အိမ်သာတက်ဖို့လာတာကို အိမ်သာထဲက မြင်နိုင်သည့် အပေါက်တွေရှိသည်။ အိမ်သာထဲကလူက ချောင်းဟန့်သံ၊ သလိပ်ဟစ်သံပေးလိုက်ခြင်းဖြင့် အိမ်သာတက်ရန်လာသူက အလိုက်သိစွာပင် လှည့်ပြန်သွားပြီး စောင့်ရန်သာဖြစ်သည်။



တစ်နေ့မှာတော့ မခင်မေရဲ့အမေ အဖွားကြီးက အိမ်သာတံခါးကိုအသာဆွဲဖွင့်ပြီး အိမ်သာတက်မလို့လုပ်တာ လန့်တောင်သွားသည်။ (အောင်မလေး မအေပေး သေခြင်းဆိုးရဲ)လို့ စိတ်ထဲက အော်ပြီး တံခါးကိုပြန်လွှတ်လိုက်တာ တံခါးက ပြန်ပိတ်မသွားပဲ ပွင့်လန်သွားပြီး တစ်ဖက်မှာ ကပ်နေတော့သည်။

အိမ်သာထဲမှာ ထိုင်ပြီး အီးပါရင်း သတင်းစုံ ဂျာနယ်ဖြင့် မျက်နှာကို ကွယ်ထားသည့် ဆရာကိုထွန်းသာကို တွေ့လိုက်ရ၍ လန့်သွားတာဖြစ်သည်။ ဆရာကိုထွန်းသာကတော့ အဖွားကြီးလာတာကိုလည်း မသိ၊ အိမ်သာတံခါးပွင့်လန်ပြီး တစ်ဘက်မှာ ကပ်နေတာကိုလည်း မသိ၍ စာသမားပီပီ ဂျာနယ်ကိုသာ သဲကြီးမဲကြီး ဖတ်နေသည်။ ဂျာနယ်အောက်က မြင်နေရသည့် ဆရာကိုထွန်းသာ၏ ဒူးဆစ်အောက်ပိုင်းကတော့ ကြည့်မကောင်းဖြစ်နေသည်။

ကြည့်မကောင်းဘူးဆိုတာကို သိလို့ အဖွားကြီးက သေချာအောင်နောက်တစ်ကြိမ်လှည့်ကြည့်ပြီးမှ အိမ်ရှေ့ကို ခပ်သွက်သွက် လျှောက်လာခဲ့သည်။ အိမ်ထဲက တစ်စုံတစ်ယောက်ကို လှမ်းခေါ်ပြီး မခင်မေရှိသလားဟု မေးသည်။

"ဟဲ့ အငယ်မ၊ နင့်အစ်မကြီးဘယ်သွားလဲ"

မခင်မေကို အိမ်သာတံခါးသွားပိတ်လိုက်လို့ ပြောရန်မေးတာဖြစ်မည်။ မခင်မေရဲ့ဖြေသံကို မကြားရဘဲ အငယ်မ၏ဖြေသံသာထွက်ပေါ်လာသည်။

"မမကြီးမရှိဘူး အမေရေ၊ ရွာအနောက်ပိုင်းကိုသွားတယ်"

အငယ်မသည် ဆရာကိုထွန်းသာ၏ ခယ်မအပျိုဖြစ်သည်။ မခင်မေ အိမ်မှာမရှိဘူးဆိုတော့မှ အဖွားကြီးသည် ပြာပြာခတ်သွားပြီး အိမ်သာဘက်ကို လှမ်းကြည့်လိုက်ပြန်သည်။ စာသမား

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးကိုထွန်းသာကတော့ အိမ်သာတံခါးပွင့်လျက် အနေအထားဖြင့် ဂျာနယ်ကို ဖတ်လျက်ပင်ရှိနေတာကိုတွေ့လိုက်ရသည်။

"ဟဲ့ အငယ်မ၊ အိမ်သာဘက်ကို လှည့်မကြည့်နဲ့၊ ငါနင့်အစ်မကို သွားခေါ်လိုက်ဦးမယ်"

အဖွားကြီးသည် အော်ပြောခဲ့ပြီး ရွာအနောက်ပိုင်းဘက်ကို ပြေးလုနီးပါး ထွက်သွားသည်။ အငယ်မကလည်း အိမ်သာဘက်ကို မကြည့်နဲ့ဆိုတော့မှ အိမ်ပေါ်ကဆင်းလာပြီး အိမ်သာဘက်ကိုကြည့်သည်။

"ဟယ် . ."

အငယ်မကြည့်ပြီး တအံ့တသြဖြစ်နေတာကိုမြင်တော့ အိမ်နီးနားချင်းတွေကပါ ဘာဖြစ်တာလဲဆိုပြီး အငယ်မကြည့်နေသည့်ဘက်ကို ဝိုင်းကြည့်ကြပြန်သည်။


"ဟောတော့"

အိမ်နီးနားချင်းများသာမက လမ်းသွားလမ်းလာတွေကပါ ရပ်ပြီးဘာဖြစ်တာလဲ သိချင်လို့ ကြည့်ကြပြန်သည်။ တဖြည်းဖြည်းလူတွေများလာသည်။ စာသမားဆရာလေးကတော့ စာကိုသာမဲဖတ်နေသည်။ အိမ်သာထဲမှာ ဂျာနယ်ကိုကိုင်ပြီး သတိလစ်နေသလား မသိလို့ ပြောသူတွေကပြောကြသည်။ ဆရာလေးဖွာလိုက်သည့် ဆေးလိပ်က မီးခိုးတွေထွက်လာတာမြင်တော့မှ သတိလစ်နေတာမဟုတ်ဘဲ စာဖတ်နေတာလို့ သိလိုက်ကြသည်။

သောကြာ

၂၀၀၄-ဇူလိုင်လ

## ငါ့သမီး နာကျင်နေတယ်



www.burmeseclassic.com

www.burmeseclassic.com

# ငါ့သမီးနှာကစ်နေတယ်

ဒီနေ့ ရုံးဖွင့်ချိန်မှာ ကျေးရွာတရားရုံးကိုရောက်လာသည့် အမှုနှင့်ပတ်သက်ပြီး ကျေးရွာလူကြီး ဦးအောင်ပွင့်အတော် ဦးနှောက်ခြောက်နေသည်။ တရားလိုနှင့်တရားခံတို့ အပြန်အလှန် တိုင်တန်းကြသည့်အတွက် အမှုကို ဘယ်လိုဖွင့်ရမှန်းမသိဖြစ်နေ သည်။ ဦးနှောက်ခြောက်မခံနိုင်သဖြင့် နှစ်ဘက်လုံး ရဲ့တိုင်ချက် တွေကို လက်ခံပြီး ရုံးချိန်းတစ်ပါတ် (၇-ရက်) ခွာချိန်းလိုက်သည်။

အမှန်တော့ ဒီကိစ္စဟာ နှစ်ဘက်နားလည်မှုလွဲမှားရာက စခြင်းဖြစ်သည်။ မူလတရားလို ဒေါ်အေးချစ်ကလည်း ကိုယ်အင်္ဂါ ချို့တဲ့သူဖြစ်သည်။ တရားခံကလည်း ဒေါ်အေးချစ်တို့ မိသားစု အကြောင်းကို ဘာမျှမသိသည့် ဧည့်သည်ဖြစ်သည်။ တစ်ယောက် အကြောင်း တစ်ယောက်မသိကြလို့ နင်ပဲငဆပြောကြရာမှ ထိုးကြ ကြိတ်ကြ၊ ဖြစ်ကုန်ကြခြင်းဖြစ်သည်။

ဒေါ်အေးချစ်က ကိုယ်အင်္ဂါချို့တဲ့လို့ နှာခေါင်းသံဖြင့် စကားပြောနေရသော်လည်း ဒီရွာမှာတော့ လယ်ပိုင်၊ ယာပိုင်နဲ့ဆို



တော့ စီးပွားရေးအဆင်ပြေသည်။ ငွေကြေးချောင်လည်သည်။ ဒီ ရွာက တော်တော်တန်တန်လူကို လေသံမာမာဖြင့် စကားပြော နိုင်သည်။ အချိန်မတော်မှ သူ့အိမ်ရှေ့လာပြီး သံသေးသံကြောင်နဲ့ အော်ကျယ်ဟစ်ကျယ်လုပ်လို့ကတော့ ဘယ်သူ့ကို ဖြစ်ဖြစ်ထွက်ချဲ မှာသေချာသည်။

ရန်ကုန်မြို့သား မောင်ဇော်လင်းထွဋ်ကလည်း ဧည့်သည် ဖြစ်လို့ ဒေါ်အေးချစ်တို့ မိသားစုအကြောင်းကို မသိဖြစ်နေသည်။ ဒေါ်အေးချစ်တို့ အိမ်ရှေ့က ထိုင်ခုံတန်းလျားမှာ ထိုင်ပြီး ဂီတာ တီးသည်။ ဇော်ဝင်းထွဋ်သီးချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုသည်။ ဇော်ဝင်းထွဋ်အသံနဲ့တူအောင် ကြိုးစားပြီး အော်သည်။ ကိုယ့်အိမ်ရှေ့မှာလာအော်နေလို့ နားငြီးသည့် ဒေါ်အေးချစ်က ထွက်ချဲရာမှ ပြဿနာဖြစ်ကြခြင်းဖြစ်သည်။ တစ်ယောက်အ ကြောင်း တစ်ယောက်မသိလို့ ဖြစ်ကြသည့် ကိစ္စဖြစ်လို့ နှစ်ဦးနှစ် ဘက် ကျေအေးကြရန် အကြံပေးမည်ဟု ဦးအောင်ပွင့် စိတ်ကူး ထားလိုက်သည်။

ဦးအောင်ပွင့်သည် စကားမပီသူတွေ အကြောင်းစဉ်းစား ရင်း သတိရလာသည်။ ဟိုတုန်းက ရွာတစ်ရွာမှာ နှုတ်ခမ်းပဲ့နေ သည့် အဖိုးအိုတစ်ယောက်ရှိသည်။ နှုတ်ခမ်းပဲ့နေသည့် အတွက် ဘယ်မိန်းမကမှ မကြိုက်လို့ လူပျိုကြီးဘဝဖြင့် အသက်ခြောက် ဆယ်ကျော်အထိ နေခဲ့ရသည်။ နှုတ်ခမ်းပဲ့ နေသည့်အတွက် စကား မပီဖြစ်နေသည်။ စားမယ်ဆိုလျှင် (ကားမယ်) ဟူ၍လည်းကောင်း၊ သွားမယ်ဆိုလျှင် (နွားမယ်)ဟူ၍ လည်းကောင်း အိပ်မယ်ဆိုလျှင် (တိတ်မယ်)ဟူ၍လည်းကောင်း အသံထွက်ပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် လူပျိုကြီး ဖြစ်သည့်အပြင် မိဘအမွေအနှစ်တွေရထားသဖြင့် လယ်နှင့်ချောင်းနှင့် ချောင်ချောင်လည်လည် နေနိုင်စားနိုင်သည်။ မယားတစ်ယောက်ကို ဝဝလင်လင်ကျွေးမွေးနိုင်သည်။

ဒီရွာမှာပဲ မုဆိုးမသားအမိ(သမီးနှင့်အမေ)တို့ရှိသည်။ ဆင်းရဲလွန်း၍ ပင်ပန်းစွာ ရှန်းကန်လှုပ်ရှား ရှာဖွေစားသောက်နေကြရသည်။ မိခင်နာမကျန်းဖြစ်လာသောအခါ စားသောက် နေထိုင်ရေး ဒုက္ခရောက်ကြတော့သည်။ ရပ်ရွာကဝိုင်းဝန်း နာချသဖြင့် သမီးပျိုကို နှုတ်ခမ်းပဲ့နေသည့် အဘိုးအိုနဲ့ ပေးစားလိုက်ရတော့သည်။ စားဝတ်နေရေးပြေလည်သွားသည်။ အဘိုးအိုကလည်း မယားငယ်ငယ် အပျိုနုနုထွတ်ထွတ်ကလေး ရလို့ ဝမ်းသာနေသည်။

အပျိုမလေးသည် အဘိုးကြီးကို လင်လုပ်နေရလို့ စိတ်ဆင်းရဲနေသည်။ အသက်ကြီးရတဲ့အထဲမှာ နှုတ်ခမ်းကပဲ့နေပြန်တော့ ဘယ်လိုမှ ချစ်လို့မရနိုင်ဖြစ်နေသည်။ အောင့်အီးပြီး ပေါင်းသင်းနေတာ ခြောက်လလောက်ကြာသွားသည်။ ခြောက်လကျော်လာသောအခါ မအောင့်နိုင်တော့လို့ ပြန်လည်ကွာရှင်းပေးပါရန် ကျေးရွာက တရားရုံးကို လျှောက်သည်။ ရပ်ရွာက လူကြီးတွေကကာယကံရှင် နှစ်ယောက်ကိုခေါ်ပြီး ညှိသည်။ ညှိလို့မရဖြစ်နေသည်။ မိန်းကလေးက ကွာမည် ကင်းမည်ဟု ပြောသည်။ အဘိုးကြီးက ကွာမပေးနိုင်ပါဟု ပြောသည်။

ဒီအမှုကိုလည်း တစ်ရွာလုံးကစိတ်ဝင်စားနေသဖြင့် ကျေးရွာတရားရုံးမှာ လာရောက်နားထောင်သူတွေဖြင့် ပြည့်နေသည်။ နှုတ်ခမ်းပဲ့နေလို့ စကားမပီတဲ့ အဘိုးအိုပြောမည့် မပီမသ



စကားတွေကို နားထောင်ချင်လို့ လာသူတွေက များသည်။ ကလေးမက အဘိုးအိုကို မပေါင်းလိုတော့ပါဟု ပြောသည်။ ကျေးရွာလူကြီးတွေက မေးသည်။

"ဘာကြောင့် မပေါင်းချင်တာလဲ၊ ဒီဦးလေးမှာ ဘာအပြစ်ရှိလို့လဲ"

"ဘာအပြစ်မှ မရှိပါဘူး၊ ကျွန်မ မချစ်လို့ မပေါင်းတော့ဘူး"

အဘိုးအိုမှာ ဘာအပြစ်မှမရှိသော်လည်း မချစ်လို့ မပေါင်း နိုင်တော့ပါဘူးဆိုတော့ အဘိုးအိုသည် ဝမ်းနည်းသွားသည်။ ရွာသူ ရွာသားတွေရှေ့မှာ သူ့ကို မချစ်တော့ဘူးလို့ အပြောခံလိုက်ရသည့်အတွက် ရှက်သွားသည်။ ကလေးမကို အသနားခံသည့်အနေဖြင့် လေသံပျော့ဖြင့် ချော့သည်။ နှုတ်ခမ်းကကွဲနေတော့ စကားကမပီ ဖြစ်နေသည်။

"နင့်ကို ငါဘယ်လောက်ကစ်တယ်ဆိုတာ နင်ကိတယ်နော်"

နားထောင်သည့် ပရိတ်သတ်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးကုန်ကြသည်။ အမျိုးသမီးပရိတ်သတ်က ရှက်လို့ ခေါင်းငုံ့သွားကြသည်။ (ကိတယ်)နှင့် (ကစ်တယ်)ဆိုတဲ့ ဝန်းစကားက လူငယ်တွေကြားမှာ အခါအားလျော်စွာ ပြောကြလေ့ရှိသည့် အယုတ္တ အနတ္တ တိုးတိုးစကားဖြစ်နေ၍ အမျိုးသမီးတွေ ခေါင်းငုံ့ကုန်ကြခြင်းဖြစ်သည်။ အမှန်ကတော့ (နင့်ကိုငါဘယ်လောက် ချစ်တယ်ဆိုတာ နင်သိတယ်နော်)လို့ ပြောခြင်းဖြစ်သည်။ အဘိုးအိုခမျာ ကိုယ်အင်္ဂါ မစုံရှာသည့်အတွက် မပီမသ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသာဖြစ်သည်။

ရပ်ရွာလူကြီးတွေက မုဆိုးမသားအမိရဲ့ စားဝတ်နေရေးနှင့် အဘိုးအိုရဲ့ရှေ့ရေး ဆေးပေးမီးယူကိစ္စအတွက် ဆက်လက်ပေါင်းသင်းပါရန် ကလေးမကို ဝိုင်းဝန်းနားချ တောင်းပန်ကြသည်။ ကလေးမက လက်မခံခြင်းဆန်သည်။ သူတကယ်မချစ်သည့် သက်ကြီးရွယ်အိုကို ဘယ်လိုမှ ဆက်လက်မပေါင်းလိုတော့ပါဟု အပြတ်ပြောသည်။ ဆေးပေးမီးယူ အကူအညီ လိုအပ်လို့ ယူမည်ဆိုလျှင် သူမ၏မိခင်သည် အသက်ငါးဆယ်ကျော်မျှသာ ရှိသေး၍ တရားဝင်လက်ထပ်ပြီး ယူပါဟု အကြံပေးသည်။

ဒီတော့မှ ရပ်ရွာလူကြီးတွေကလည်း (ဟုတ်ပေသားပဲ)ဟု သတိရသွားကြသည်။ ကလေးမ၏အမေသည် အဘိုးအိုထက် များစွာငယ်သည်။ ဆေးဝါးကုသလိုက်လို့ ကျန်းမာလာလျှင် အဘိုးအိုကို ကောင်းစွာပြုစုနိုင်သေးသည့် အရွယ်ဖြစ်သည်။ ရပ်ရွာလူကြီးတေက (ကဲဘယ်လိုသဘောရလဲ)ဆိုသည့်အကြည့်ဖြင့် အဘိုးအိုကို ကြည့်ပြီး မေးငေါ့ပြသည်။

အဘိုးအိုသည် ခြောက်လမျှသာပေါင်းရသေးသည့် ချစ်ဇနီးလေးကို လက်လွှတ်ရတော့မည်ဆိုသည့် အတွေးဖြင့် ပူဆွေးဝမ်းနည်းနေသည်။ ရပ်ရွာလူကြီးတွေရဲ့ မေးထိုးပြီး အရိပ်ပြအေးတဲ့ မေးခွန်းကို မဖြေနိုင်ဖြစ်နေသည်။ လက်လွှတ်ဆုံးရှုံးရတော့မည့် ဇနီးလေးကို အသနားခံသည့်အကြည့်ဖြင့် ကြည့်ပြီး ပြောသည်။

"နင့်ကိုပဲ ငါကစ်ချင်တယ်၊ နင့်အမေကို ငါမကစ်နိုင်ဘူး"

"ကျွန်မကတော့ အဘကို မချစ်နိုင်ဘူး၊ ဒါနောက်ဆုံး



စကားပဲ"

ပရိတ်သတ်တွေဆက်ပြီး နားမထောင်နိုင်ကြတော့လို့ ထွက်ပြေးကုန်ကြသည်။ ညှိနှိုင်းဖြန်ဖြေပေးကြသည့် ရပ်ရွာလူကြီးတွေလည်း ညှိမရတော့လို့ လင်မယား ကွာရှင်းပြတ်စဲပေးလိုက်ကြရသည်။

ကျေးရွာလူကြီး ဦးအောင်ပွင့်သည် စကားမပီသူ တွေအကြောင်း ဆက်လက်တွေးတော နေသည်။ ကြားဖူးသည့် အကြောင်း တစ်ခုကို သတိရလာပြန်သည်။

ရွာတစ်ရွာမှာ လင်မယားနှစ်ယောက်ရှိသည်။ လင်က နှုတ်ခမ်းကွဲနေလို့ စကားမပီသည့်အပြင် ခြေလက် မသန်မစွမ်းဖြစ်နေလို့ မယားက ရွာဖွေလုပ်ကိုင်ကျွေးနေရသည်။ မသန် မစွမ်းသည့် နှုတ်ခမ်းကွဲလင်က ကလေးထိန်း အိမ်စောင့်အလုပ်ကို လုပ်ရသည်။ မိန်းမက ရွာသူဌေး မုဆိုးဖိုတစ်ယောက်ရဲ့အိမ်မှာ အိမ်ဖော်အဖြစ် လုပ်သည်။ မနက်မိုးလင်းတာနဲ့ သူဌေးအိမ်ကိုသွားပြီး ထမင်းချက်သည်။ အဝတ်လျှော်သည်၊ အိမ်သန့်ရှင်းရေးကအစ ဘာယီရ အလုပ်တွေကို လုပ်ပြီး ညနေမိုးချုပ်မှ ကိုယ့်အိမ်ကိုပြန်သည်။ မနက်စာရော ညစာကိုပါ သူဌေးအိမ်မှာစားသည်။

ဒီလိုအနေကြာလာတော့ ရွာသူဌေးနှင့် အိမ်ဖော်အမျိုးသမီး တို့ကို ရပ်ရွာက မသင်္ကာဖြစ်လာသည်။ ရွာသူဌေးကလည်း မုဆိုးဖိုအဘိုးကြီး ဖြစ်သည်။ အိမ်ဖော်အမျိုးသမီးကလည်း အရွယ်ကောင်းတုန်းဖြစ်သည်။ ရွာသူဌေးကြီးနှင့် အိမ်ဖော်အမျိုးသမီးတို့ ငြိစွန်း နေကြတာကို တိတိကျကျသိသူတွေရှိသည်။ ကိုယ်တိုင်မြင်တွေ့သူတွေရှိသည်ဟု ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်အမျိုးသမီးရဲ့ ယောက်ျားနှင့် ကလေးတို့ကတော့ ကိုယ့်ထမင်း ကိုယ်ချက်ပြီး ရှိတဲ့ဟင်းနဲ့ပဲ ဖြစ်သလိုစားနေကြသည်။ ဒါကိုမြင်တဲ့ ဖြတ်သွားဖြတ်လာ အိမ်နီးပါးချင်းက လမ်းပေါ်က အားမေးသွားသည်။

"သားအဖ နှစ်ယောက်တည်းစားနေကြတာလား၊ ကလေး အမေရော"

လမ်းပေါ်က မေးသွားသူက ဘာရည်ရွယ်ချက်မှမရှိဘဲ ပါးစပ်အားနေလို့ ဝတ်ကျေတန်းကျေ မေးသွားခြင်းဖြစ်သည်။ ဒါကို ပြန်ဖြေလိုက်သည့် ကလေးအဖေရဲ့အသံကြောင့် ကြားကြရသူတွေ ပြုံးစရာဖြစ်သွားသည်။

"သူက သူဌေးဆီမှာ နေ့တိုင်း ကားနေတယ်လေ"

သူဌေးဆီမှာ နေ့တိုင်းစားနေတယ်လို့ ပြောခြင်းဖြစ်သည်။ စားနေတယ်လို့ ပြောတာက နှုတ်ခမ်းကွဲနေလို့ မပီတော့ (ကားနေတယ်)ဖြစ်သွားသည်။ သူ့မယားနဲ့သူဌေးကို ရပ်ရွာက သွေးပုပ်လေလွင့် ပြောနေကြတဲ့အထဲမှာ သူကပါ နေ့တိုင်း သွားကားနေတယ်လို့ ပြောလိုက်လို့ ကြားလိုက်သူတွေက ပြုံးကြခြင်းဖြစ်သည်။

နောက်တစ်မျိုး ကြားဖူးတာရှိသေးသည်။ ကွမ်းယာဆိုင်ရောင်းသူအမျိုးသမီးတစ်ယောက်သည် နှုတ်ခမ်းကွဲနေသည်။ နှုတ်ခမ်းကွဲနေသည့်အတွက် သွားတွေကိုမြင်နေရသည်။ ကွမ်းယာဆိုင်ဆိုသော်လည်း တိုတိုထွာထွာ ဟိုဟာဒီဟာ စုံစီနဖာရောင်းသည့်အတွက် ဈေးဝယ်ယူသူတွေမပြတ် ရှိနေသည်။

ကလေးတစ်ယောက်သည် ဈေးဝယ်ဖို့လာပြီး ဈေးမဝယ်ပဲ အမျိုးသမီး၏ မျက်နှာကိုစိုက်ကြည့်နေသည်။ နှုတ်ခမ်းပွဲ့နေတာကိုကြည့်နေမိခြင်းဖြစ်သည်။ ဆိုင်ရှင် အမျိုးသမီးက စိတ်မရှည်တော့



ပဲ ကလေးကိုအော်မေးသည်။

"ဟဲ့ကောင်လေး ဘာဝယ်မလို့လဲ"

ကလေးသည် အမျိုးသမီး၏နှုတ်ခမ်းပွဲ့နေတာကို စိတ်ဝင်စားနေစဉ် လန့်ဖျတ်သွားလို့ ပါးစပ်က လွတ်ကနဲပြောလိုက်သည်။

"နှုတ်ခမ်းပဲ တစ်ကျပ်ဖိုးပေးပါ ဒေါ်ကြီး"

ကလေးသည် ချိုးချိုးဖွဲ့ဖွဲ့၊ စော်ကား မော်ကား၊ အားမနာ ပါးမနာ ပြောလိုခြင်းမဟုတ်၊ ရုတ်တရက် သတိလစ်ပြီး ပြောလိုက်မိခြင်းသာဖြစ်သည်။ ကလေးသည် ပြောပြီးမှ သတိရသည်နှင့် တပြိုင်နက် ဘာမှမဝယ်တော့ဘဲ ထွက်ပြေးလေတော့သည်။ ဆိုင်ရှင်အမျိုးသမီးကတော့ ပွစိထိုးပြီး ကလေးကို ဆဲဆိုနေလေသည်။

နှုတ်ခမ်းကွဲတွေနဲ့ပတ်သက်ပြီး ဓမ္မကထိက ဆရာကြီး ဦးလှသိန်းရဲ့ တရားတိတ်ခွေတစ်ခုကို နားထောင်ဖူးသည်။ ဆရာကြီးက တရားနာပရိတ်သတ်ကို ကိလေသာ တဏှာကင်းအောင် ဟောနေရသော်လည်း သူကိုယ်တိုင်က ကိလေသာတဏှာ မကင်းပုံကို ဥပမာပေးဟောရာမှာ ထည့်ပြောသောအကြောင်း ဖြစ်သည်။

ရွာတစ်ရွာမှာ နှုတ်ခမ်းကွဲနေသည့် ပဲပြုတ်သည်တစ်ယောက်ရှိသည်။ ပဲပြုတ်သည် သည် နှုတ်ခမ်းကွဲနေသည့်အတွက် ပဲပြုတ်ရောင်းရာတွင် နှာခေါင်းသံဖြင့် (ဟောနို့က ပဲမြုတ်) လို့ ဆွဲဆွဲငင်ငင် အော်ရောင်းသည်။

တစ်နေ့မှာတော့ အဲဒီရွာကို အလည်ရောက်လာသည့် ညှို့သည်အမျိုးသမီးတစ်ယောက်က သူတည်းခိုနေသည့် အိမ်ပေါ်ကနေပြီး ပဲပြုတ်သည်ကို စောင့်နေသည်။ ပဲပြုတ်သည် ကလည်း သူ့ခရီးစဉ်အတိုင်း ရောက်လာပြီးအော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောနို့ကပဲမြုတ်"

"ပဲမြုတ်နှယ် နှာပါအုံး"

ပဲပြုတ်သည်လာပါဦးလို့ ခေါ်လိုက်ခြင်းဖြစ်သည်။ ပဲပြုတ်သည်က သူ့နှုတ်ခမ်းကွဲနေတာကို သိသူတစ်ယောက်က နောက်ပြောင်တယ်ထင်ပြီး စိတ်ဆိုးသွားလေသည်။ ထမီကို ဒူးဆစ်အထိပင့်ပြီး အိမ်ထဲဝင်လိုက်သွားလေသည်။ ပဲပြုတ်ဝယ်မည့် မိန်းမကို တွေ့တာနဲ့ ရန်တွေ့မလေတော့သည်။

"ဟော့ကောင်မ ဘာဖြစ်လို့နောက်တာလဲ"

"နင့်ကိုငါဘာနောက်လို့လဲ ပဲပြုတ်ဝယ်မလို့ခေါ်တာပဲ"

ပဲပြုတ်ဝယ်မည့် အမျိုးသမီးရဲ့အသံကလည်း နှာခေါင်းသံပါနေလို့ ပဲပြုတ်သည်က ပိုပြီး စိတ်ဆိုးသွားသည်။ မကျေနပ်ဘူး သူကြီးအိမ်သွားမယ်။ လာလိုက်ခဲ့ဆိုပြီး သူကြီးအိမ်ကိုသွားကြသည်။

သူကြီးမင်းအိမ်သာတက်နေခိုက်ဖြစ်၍ ကြုံသဖြင့် သူကြီးကတော်ကထွက်တွေ့သည်။ သူကြီးကတော်က နှစ်ယောက်လုံးရဲ့ မျက်နှာတွေကိုကြည့်ပြီးပြောသည်။

"ညည်းတို့နှစ်ယောက်လုံးနှုတ်ခမ်းကွဲနေကြလို့ နှာခေါင်းသံပါနေကြတာပါအေ။ ဘာပဲဖြစ်ဖြစ် နင်တို့ဘကြီး သူကြီးမင်းနဲ့တွေ့လိုက်ကြပေါ့ကွယ်"

အိမ်ရှေ့က ဆူဆူညံညံ အသံတွေကြားလို့ အိမ်သာတက်နေသည့် သူကြီးမင်းက အိမ်ရှေ့ထွက်လာပြီး မေးသည်။

"ဟဲ့ မှာနွေဖက်နေကြတာနုန်း"

အိမ်ရှေ့ကို ထွက်လာပြီး (ဘာတွေဖြစ်နေကြတာတုန်း)



လို့ မေးသည့် သူကြီးမင်းကလည်း နှုတ်ခမ်းကွဲကြီးဖြစ်နေသည်။ ပဲပြုတ်သည်နှင့် ပဲပြုတ်ဝယ်လိုသူ အမျိုးသမီးတို့က နှုတ်ခမ်းကွဲတာဟာ သွားပေါ်ရုံလောက်သာကွဲသည်။ သူကြီးမင်းက အာခေါင်အထိကွဲနေသည် ဟုဆိုသည်။

ဓမ္မကထိကဆရာကြီး ဦးလှသိန်းက သူကိုယ်သူ နိမ့်ချပြီး ပြောပြသည့် သာဓကဖြစ်သည်။ ဆရာကြီးဦးလှသိန်းသည် စာတတ်ပေတတ် ရဟန်းလူထွက်ဖြစ်၍ သာမန်ဆရာပရိတ်သတ်ထက် ပိုပြီးလိမ္မာဖို့လိုကြောင်းကို သူကြီးမင်းနဲ့ပုံခိုင်းပြီး ဟောခဲ့ခြင်းဖြစ်သည်။

ကျေးရွာလူကြီးဦးအောင်ပွင့်သည် ဒေါ်အေးချစ်နှင့် ရန်ကုန်သားညှဲ့သည် ဂီတာသမားလေးတို့ ဖြစ်ကြသည့်အမှုကို ပြန်လည်သုံးသပ်နေသည်။

ရန်ကုန်သားညှဲ့သည် ဂီတာသမားလေး ဇော်လင်းထွန်း တည်းခိုနေသည့်အိမ်နှင့် ဒေါ်အေးချစ်၏အိမ်က မျက်နှာချင်းဆိုင်ဖြစ်နေသည်။ ဇော်လင်းထွန်းက သူတည်းခိုနေသည့် အိမ်ကကောင်လေးနှင့်အတူ ခုံတန်းလျားလေးမှာသွားထိုင်ပြီး ဂီတာတီးသည်။

ည (၉)နာရီလောက်မှာ သူများအိမ်ရှေ့သွားပြီး သံသေသံကြောင်ဖြင့် အော်သည်။ ဒန်အိုးဖုံးကို ကြက်ဆိတ်သလို ဂီတာကိုခေါက်သည်။ မြို့သားဆိုပြီး ကြွားချင်တာလည်းပါသည်။ တောသူတောင်သားတွေကို အားမနာတာလည်းပါသည်။ အသံမစဲ ဂီတာခေါက်ပွဲလုပ်သည်။

ညည့်နက်လာတော့ ဒေါ်အေးချစ်က သူအိပ်လို့မရတော့ဘူးဆိုပြီး ခြင်ထောင်ပြင်ထွက်ထိုင်သည်။ ဒေါ်အေးချစ်ရဲ့သမီး

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းကျောင်းသူကလည်း စာကျက်လို့မရဘူးဟု ဆိုသည်။ အိမ်ရှေ့အိမ်မှာတည်းနေတဲ့ ရန်ကုန်သား ကိုလူပျိုရဲ့အသံကို ဂွားထောင်နေရာမှ သူ့အမေကို သံယောင်လိုက်ပြီး စာကျက်လို့မရဘူးဟု ပြောမိခြင်းဖြစ်သည်။ ညည်းသည်မရောက်ခင်က ဘာသံမျှမကြားရသည့်နေ့တွေမှာလည်း စာကိုဟုတ္တိပတ္တိကျက်တာမဟုတ် ဒီနေ့ကျမှ (သမီးလည်းစာကျက်လို့မရဘူး)ဟု ပြောခြင်းဖြစ်သည်။ ဆယ်တန်းမှာ (၂)ခါကျရှုံးပြီး ဖြစ်လို့ ဒီနှစ်မဖြေတော့ဘူးလိုလို၊ အပြင်ကပဲဖြေမလိုလို မသေမချာဖြစ်နေသော ကျောင်းသူဖြစ်သည်။

ဒေါ်အေးချစ်က သူ့အိမ်ရှေ့က ထိုင်ခုံတန်းလျားမှာ ပိုင်စိုးပိုင်နင်းလာထိုင်ပြီး အော်ဆို၊ တီးခေါက်နေတာကို အမြင်ကပ်လို့ ထွက်အော်သည်။

"ဟေ့ ငါ့သမီး နှာကစ်နေတယ်"

ဒေါ်အေးချစ်က (ငါ့သမီးစာကျက်နေတယ်) လို့ နှုတ်ခမ်းကွဲအသံဖြင့် လှမ်းအော်လိုက်တော့ အိမ်ရှေ့က ဂီတာခေါက်သံ ခဏရပ်သွားသည်။ မကြာမီ ဂီတာခေါက်သံနှင့် သီချင်းသံ ထွက်ပေါ်လာပြန်သည်။ ဒေါ်အေးချစ် မခံမရပ်နိုင်ဖြစ်ပြီး အိမ်ပေါ်ကဆင်းအော်လိုက်သည်။

"ငါ့အိမ်ရှေ့မှာ လာမကီးနဲ့"

ဒေါ်အေးချစ်က (ငါ့အိမ်ရှေ့မှာလာမတီးနဲ့)ဆိုတော့ ရန်ကုန်သား လမ်းဘေးအဆိုတော် ဇော်လင်းထွန်းသည် ဒေါ်အေးချစ်၏ ထိုင်ခုံတန်းလျားမှ ထသွားသည်။ သူတည်းခိုနေသည့်အိမ်က ထိုင်ခုံကိုသွားယူပြီး လမ်းပေါ်မှာ ထိုင်တီး ပြန်သည်။



ဒေါ်အေးချစ်က ထွက်အော်ပြန်သည်။

"ဟေ့ ဒီမှာလာမကီးနဲ့ ဆိုတာ မကားဘူးလား"

ဒေါ်အေးချစ်က စကားမပီတော့ (မတီးနဲ့ဆိုတာ မကြားဘူးလား) လို့မေးတာဟာ (မကီးနဲ့ဆိုတာ မကားဘူးလား)လို့ အသံထွက်နေသည်။ ဇော်လင်းထွန်းနှင့် အိမ်ရှင်ကောင်လေးတို့က ခပ်တိုးတိုးရယ်လိုက်ကြသည်။ ပြီးတော့မှ ပြန်ပြောသည်။

"ဒေါ်ကြီးရဲ့အိမ်ရှေ့မှာ တီးတာမှမဟုတ်ပဲ၊ ကိုယ့်အိမ်ရှေ့မှာ ကိုယ်တီးတာ ဘာဖြစ်လဲ"

"ငါ့သမီး နှာကစ်နေတယ်"

"ဒေါ်ကြီးသမီး ဏှာကစ်နေတာမဟုတ်ဘူး၊ ဏှာတင်းနေတာဖြစ်လိမ့်မယ်၊ အကြောလျှော့ခိုင်းလိုက်"

ဒေါ်အေးချစ်က မခံမရပ်နိုင်ဖြစ်ပြီး ဇော်လင်းထွန်းကို ပါးရိုက်ဖို့ လက်ဖြင့် ရွယ်သည်။ ဇော်လင်းထွန်းက ဂီတာဖြင့်ကာလိုက်တာ၊ အမှောင်ထဲမှာဆိုတော့ ဒေါ်အေးချစ်ရဲ့ မျက်နှာကို မတော်တဆထိမိသွားသည်။ ဒါကိုမြင်လိုက်သည့် ဒေါ်အေးချစ်ရဲ့ သမီးက အိမ်ပေါ်ကဆင်းလာပြီး သူ့အမေကိုကူသည်။ နှစ်ဘက်ဆွဲလားရမ်းလားဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ဘာမျှ ကြီးကြီးကျယ်ကျယ်မဖြစ်ပဲ အပြန်အလှန်တိုင်ကြသော အမှုဖြစ်သည်။

အခင်းဖြစ်ပွားချိန်သည် အကာလ ညအခါဖြစ်လို့ ဒေါ်အေးချစ်ရဲ့ နှုတ်ခမ်းကွဲနေတာကို မောင်ဇော်လင်းထွန်းကမသိ၊ စကားမပီတာကိုလည်း မသိဖြစ်နေသည်။ အမှုဖြစ်လို့ ဈေးရွာရုံးကိုရောက်တော့မှ အကြောင်းစုံကိုသိရသည်။ ဒေါ်အေးချစ်ကို အမနာပပြောမိတဲ့အတွက် စိတ်မကောင်းဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးချစ်က သူ့ကို ဂီတာဖြင့်ရိုက်ပါသည်ဟုတိုင်ချက်ဖွင့်၍ မောင်ဇော်လင်းထွဋ်ကလည်း မိမိကို ဒေါ်အေးချစ်က ပါးရိုက်ပါသည်ဟု ပြန်တိုင်ခဲ့ရခြင်းဖြစ်သည်။

ကျေးရွာတရားရုံးရောက်ကြတော့မှ တစ်ယောက်အကြောင်း တစ်ယောက်သိကြပြီး မောင်းတင်ထားတာတွေ လျော့ရဲရဲဖြစ်သွားကြသည်။ မောင်ဇော်လင်းထွဋ်ကလည်း ဒေါ်အေးချစ်နှုတ်ခမ်းကွဲနေလို့ စကားမပီတာကို သိသွားသည်။ ဒေါ်အေးချစ်ကလည်း မောင်ဇော်လင်းထွဋ်သည် ဧည့်သည်ဖြစ်၍ သူ့အကြောင်းကို မသိလို့ဖြစ်ရတာဆိုပြီး နားလည်သွားသည်။

ဒါပေမယ့် အပြန်အလှန်တိုင်ကြသည့် ကိစ္စဖြစ်လို့ နောက်မဆုတ်နိုင်ကြပဲ ရုံးချိန်းရက်ကို စောင့်ကြမည် ဖြစ်သည်။ ရုံးချိန်းနေ့ကျမှ နှစ်ဘက်ကျေအေးကြမည်ဆိုလျှင်လည်း ဖြစ်သည်။ မကျေနပ်လို့ ရှေ့ဆက်ကြမည်ဆိုလျှင်လည်း ဖြစ်သည်ဆိုသည့် သဘောဖြစ်သည်။ ကျေးရွာလူကြီးဦးအောင်ပွင့်ကလည်း ဒီအခြေအနေကို ရိပ်မိလို့ ရုံးချိန်းပေးလိုက်တာဖြစ်မည်။

အဲဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် တစ်ခုဖြစ်လိုက်သေးသည်။ ကျေးရွာရုံးမှာ အမှုတိုင်ပြီးတော့ ဒေါ်အေးချစ်က အလျှင်အိမ်ပြန်သွားသည်။ မျက်မြင်သက်သေဆယ်တန်းကျောင်းသူက နောက်ကဖြည်းဖြည်းလျှောက်လိုက်သွားသည်။ သူ့နောက်က မောင်ဇော်လင်းထွဋ်လိုက်ပါလာတယ်ဆိုတာကို သိနေလို့ ဟန်လုပ်ပြီး တင်လေးလှုပ်လှုပ်ဖြင့် ရွာလမ်းတလျှောက် ရှိုးပေးပြီးလျှောက်နေသည်။

ရွာလယ်လမ်းတလျှောက်က တစ်နေရာအရောက်မှာ ခဲလုံးကိုနင်းမိပြီး ခြေခေါက်လဲကျသွားသည်။ မောင်ဇော်လင်းထွဋ်



မြင်သွားသည့်အတွက် ရှက်ပြီး ချက်ချင်းကုန်းထသော်လည်း ဖြုန်းကနဲ ထလို့မရဖြစ်နေသည်။ မောင်ဇော်လင်းထွဋ်က ပြေးသွားပြီး ရန်သူကို အသာဆွဲထူလိုက်သည်။ ကျောင်းသူသည် ရှက်နေသည့်ကြားက အတော်ကျေနပ်သွားပုံရသည်။

“ဘယ်နားနာသွားလဲဟင်”

“ခြေကျင်းဝတ်က နာတယ်”

“လျှောက်လို့ရမလား၊ ကိုယ်တွဲပို့ရမလား”

“[illegible]ပါနဲ့ ရပါတယ်၊ ဖြေးဖြေးလျှောက်သွားပါ့မယ်”

ကျောင်းသူသည် မောင်ဇော်လင်းထွဋ်ကိုင်ထားသည့် သူမ၏လက်ကို ဆွဲရုန်းလိုက်သည်။ ဆွဲရုန်းတာက သဘောမကျလို့ ကြမ်းကြမ်းရမ်းရမ်း ဆောင့်ရုန်းတာမျိုးမဟုတ်၊ ဘေးလူတွေမြင်သွားမှာစိုးလို့ ရှက်ရုန်းရုန်းသည့် သဘောမျှသာဖြစ်သည်။ ထော့နဲ့ ထော့နဲ့ပုံစံဖြင့် ရွာလမ်းတလျှောက်ဖြေးဖြေးလျှောက်သွားသော ကျောင်းသူကို မောင်ဇော်လင်းထွဋ်ငေးကြည့်နေသည်။ ကိုင်တွယ် ပွေ့ဖက်ရတော့ အသားအရေက အတော်နူးညံ့ချော မွတ်တာပဲ၊ အနီးကပ်ကြည့်တော့ အတော်ချောတာပဲဟု တွေးမိပြီး ရင်ခုန် သွားသည်။

အမှုဖြစ်ပြီး (၇-ရက်)တစ်ပတ်ကြာလို့ ရုံးချိန်းခေါ်သည့်နေ့မှာ တရားလိုတွေရော တရားခံပါ တစ်ယောက်မျှမလာကြလို့ စုံစမ်းကြည့်တော့ မောင်ဇော်လင်းထွဋ်က ရန်ကုန်ကိုပြန်သွားပြီဟု သိရသည်။ အမှုမှာ အဓိကမျက်မြင်သက်သေဖြစ်သည့် ကျောင်းသူက တရားခံနောက်ကို ခိုးရာလိုက်ပြေးပြီဟု သိရသည်။

ကျေးရွာတရားရုံးက လူကြီးတွေငေါင်စင်းစင်းထိုင်နေကြ

www.burmeseclassic.com

www.burmeseclassic.com




ရသည်။ တရားသူကြီးပီပီ ကြီးတဲ့အမှုကိုသေးအောင် သေးတဲ့အမှုကို ပပျောက်အောင်လုပ်နိုင်တယ်ဆိုတဲ့ အရည်အချင်းကို ဒီပွဲမှာ ပြမယ်လို့ အားခဲထားတဲ့ ဦးအောင်ပွင့် နာယကဂုဏ် မပြလိုက်ရလို့ အောင့်သက်သက်ကြီးဖြစ်နေသည်။ သက်သက်လူကြီးတွေကို ဦးနှောက်ခြောက်အောင်လုပ်တာ၊ လူတွေများ မကောင်းတာပြောပါတယ်။

သော်ကြာ

၂၀၀၄-ဩဂုတ်လ

(နှစ်-၅၀အထူးထုတ်)



ကံမကုန်
ပြန်ဆုံကြပုံက

www.burmeseclassic.com

www.burmeseclassic.com

# ကံမကုန်ပြန်ဆုံကြပုံက

ကိုတင်ရွှေရွာကိုပြန်ရောက်တယ်ဆိုရင်ပဲ ဦးမြဖေ၏နာရေးသတင်းကိုကြားရသည်။ ဦးမြဖေဆိုတာက ဟိုလွန်ခဲ့သည့် နှစ်ပေါင်းလေးဆယ်ကျော်လောက်က ကိန္နရီချောင်းရွာအပါအဝင် ရခိုင်ဒေသတောင်ခွင်တကြောမှာ မြဖေလို့ နာမည်ကြီးခဲ့သည့် ကွန်မြူနစ်ခေါင်းဆောင်ဖြစ်သည်။ အဲဒီတုန်းက မြဖေက သုံးဆယ်ကျော် မျှသာရှိဦးမည်။ ရုပ်ရည်သန့်သန့်၊ အရပ်အမောင်းကောင်းကောင်းဆိုတော့ သူ့ခါးမှာတွဲလောင်းချိတ်ထားသည့် ခြောက်လုံးပြူးသေနတ်ကြောင့် ပိုပြီးကြည့်ကောင်းနေသည်။

ဦးမြဖေ၏နာရေးသတင်းဆိုတာ သေရေးသတင်းမဟုတ်သေး၊ သေတော့မည်၊ အိပ်ရာထဲမှာလဲနေပြီဆိုသည့် သတင်းဖြစ်သည်။ အသက်အရွယ်ကလည်း (၇၀)ကျော်လာပြီဖြစ်လို့ စိတ်ဓာတ်ရုပ်ပါ ကျဆင်းလာသည့်အချိန်မှာ စီးပွားရေးကလည်း အရှိန်အဟုန်ဖြင့်ကျဆင်းလာသည်။ သြဇာအရှိန်အဝါရှိစဉ်က ရယူပိုင်ဆိုင်



ထားခဲ့သည့် လယ်ယာ၊ ဥယျာဉ်၊ ခြံမြေတွေကလည်း စားစရာမရှိတိုင်း ထုခွဲရောင်းချစားခဲ့ရလို့ ကုန်ပြီဖြစ်သည်။ အခုလို အိုမင်းမစွမ်းဖြစ်လာသည့်အခါ စားစရာမရှိတော့လို့ အဟာရချို့တဲ့ပြီး လုံးပါးပါးနေခြင်းဖြစ်သည်။

၁၉၅၀-ခုနှစ်မှ ၁၉၆၀-ခုနှစ်လောက်အထိ ကာလသည် ရခိုင်ပြည်နယ်ဒေသတစ်ချို့ကို ရောင်စုံသူပုန်တို့ ထိန်းချုပ်ထားသောကာလဖြစ်သည်။ မြန်မာပြည်လွတ်လပ်ရေးရပြီးစ အစိုးရ၏ အုပ်ချုပ်ရေးသည် သံတွဲမြို့နှင့် အနီးအနားတစ်ဝိုက်အထိသာ ရှိသည်။ ဂွမြို့နယ်တစ်နယ်လုံးသည် အလံနီ၊ ရဲဘော်ဖြူနှင့် ကွန်မြူနစ်ရောင်စုံသူပုန်တို့ လက်အောက်မှာ ကျရောက်နေသည်။ အဲဒီတုန်းက ဂွမြို့နယ်အတွင်းရှိ ကိန္နရီချောင်းရွာတစ်ဝိုက်မှာ ဗိုလ်မြဖေ၏ အရှိန်အဝါကြီးမားခဲ့သည်။ ဒေသခံပြည်သူများသည် ဗိုလ်မြဖေနာမည်ကြားရုံဖြင့် လန့်ကြသည်။

အဲဒီတုန်းက ကွန်မြူနစ်အုပ်ချုပ်ရေးမှာ ဥပဒေဆိုတာမရှိ၍ ကွန်မြူနစ်တွေ၏ ထင်ရာစိုင်းအုပ်ချုပ်မှုကို ဒေသခံပြည်သူတွေခံခဲ့ကြရသည်။ ကွန်မြူနစ်ဆိုတဲ့ လူမျိုးကလည်း သိကြတဲ့အတိုင်းပေါ့။ မထင်ရင် မထင်သလို၊ ထင်ရင် ထင်သလို၊ ခင်ရင် ခင်သလို လက်သင့်ရာ သာသာတိုးတိုးစီရင် ဆုံးဖြတ်တတ်ကြသူတွေဖြစ်သည်။ အဲဒီအထဲမှာ မြဖေလည်းပါသည်။

တစ်ခါမှာတော့ ဓားပြသုံးယောက်ကို ကွန်မြူနစ်ရဲဘော်တွေက ဖမ်းခေါ်လာပြီး ကိန္နရီချောင်းရွာလယ်လမ်းခွဆုံမှာ ထိုင်ခိုင်းထားသည်။ ရွာသူရွာသားတွေကလည်း တရားခံတွေကိုဝိုင်းအုံကြည့်နေကြသည်။ ဒီအချိန်မှာ ခရီးရှည်ထွက်လာသည့် မြဖေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ အနားကျယ်စစ်ဦးထုပ်ကို ဆောင်းထားသည်။ စစ်အင်္ကျီလက်ရှည်ကို ခေါက်ဝတ်ထားသည်။ စစ်ခါးပတ်အပြားကြီးကြီးကိုပါတ်ထားသည်။ ဒသမ ၃၈ ပြောင်းရှည်ခြောက်လုံးပြူးသေနတ်ကို ခါးပါတ်မှာ ချိတ်ထားသည်။ အကွက်ကျဲကျဲလုံချည်တိုတိုဝတ်ထားသည်။ လည်ရှည်စစ်ဖိနပ်ကို စီးထားသည်။ ပြုန်းကနဲကြည့်လိုက်လျှင် ယခုခေတ် တွတ်ပီကာတွန်းပုံနဲ့ တူနေသည်။

မြဖေကိုမြင်တော့ ကွန်မြူနစ်ရဲဘော်နှစ်ယောက်က လက်ဖက်ရည်ဆိုင်ထဲက ပြေးထွက်လာကြပြီး အလေးပြုကြိုဆိုသည်။ မြဖေက ကြိုးဖြင့်ချည်ထားသည့် လူသုံးယောက်ကို ခါးလက်ထောက်ကြည့်လိုက်သည်။ တရားခံသုံးယောက်က ဆောင့်ကြောင့်ထိုင်နေရာမှ မြဖေကို ကြောက်လွန်းလို့ လက်အုပ်ချီရှိခိုးတော့မယောင် ဖြစ်နေကြသည်။

"ဒါတွေက ဘာတွေလဲကွ"

"ဆူးပုတ်ကုန်းရွာကို ဝင်တိုက်သွားတဲ့ ဓားမြတွေပါ"

"သူတို့ကို ဘာလုပ်မလို့လဲ"

"ခရိုင်ရုံးကို ပို့မလို့ပါ"

"ဓားမြပဲ ဘာပို့စရာလိုသလဲကွ၊ ဒီမှာတင် သတ်ပစ်လိုက်ရင်ပြီးတာပဲ"

မြဖေက ပြောပြောဆိုဆိုပင် သူ့ခါးမှာချိတ်ထားသည့် ခြောက်လုံးပြူးသေနတ်ကို ဖြုတ်ယူနေသဖြင့် ဓားမြတွေက အော်ငိုပြီး တိုးလျှိုးတောင်းပန်ကြသည်။ အနီးအနားက ဝိုင်းအုံကြည့်နေသူတွေကလည်း မလုပ်ပါနဲ့လို့ ဝိုင်းဝန်းတောင်းပန်ကြလို့ ဓားမြတွေလောလောဆယ် အသက်ချမ်းသာရာရသွားကြသည်။ ကွန်မြူနစ်အုပ်ချုပ်ရေးမှာ ဥပဒေမရှိသည့်အတွက် သေနတ်ရှိသူက



လုပ်ချင်တာလုပ်လို့ရတယ်ဆိုတဲ့ သာဓကပင်ဖြစ်သည်။

ရွာသူဌေးမကြီးဒေါ်ရွှေသီနှင့် ကျောင်းဆရာကြီး ဦးစံငွေတို့ စပါးသမ္မာန်ကြီး ပိုင်ဆိုင်လိုမှုကိစ္စဖြင့် ကွန်မြူနစ်တရားရုံးမှာ အမှုဖြစ်ကြသောအခါ ဒေါ်ရွှေသီက အမှုနိုင်သွားသည်။ ဒေါ်ရွှေသီက ရွာမှာငွေကြေးချောင်လည်သူဖြစ်သည့်အပြင် မြဖေ၏ တည်းခိုအိမ်၊ စားအိမ် သောက်အိမ်ဖြစ်နေသောကြောင့်ဟု ပြောကုန်ကြသည်။

မြဖေပိုးပန်းနေသည့် အပျိုကြီးအိမ်က ကြက်ဖကြီးပျောက်သည့်ကိစ္စ လက်သည်ရှာမရသောအခါ ရွာသရဲ(အဲဒီခေတ်ကာလမ်းသရဲဆိုသော ဝေါဟာရမပေါ်သေး)အုပ်စု ဖြစ်သည့် တင်ရွှေတို့ ကာလသားအုပ်စုကို မြဖေက ဖမ်းပြီးစစ်ဆေးသည်။ ခိုးပါတယ်လို့ ဝန်မခံသည့်အတွက် အချုပ်ထဲမှာ သုံးရက် လောက်ခြင်ကိုက်ခံပြီး နေလိုက်ကြရသည်။ အပျိုကြီး မိသားစုကတော့တင်ရွှေကတို့ ကာလသားအုပ်စု ခိုးသတ်စားတာလို့ အတတ်စွပ်စွဲသည်။ သက်သေအထောက်အထားမပြနိုင်လို့ တင်ရွှေတို့ကို အချုပ်မှလွှတ်ပေးလိုက်ရသည်။ သက်သေမပြနိုင်သော်လည်း တင်ရွှေတို့ အုပ်စုရဲ့လက်ချက်ဆိုတာကို တစ်ရွာလုံးကသိနေကြသည်။

ခနီရည်ရောင်းသည့်အိမ်မှာ မြဖေလာသောက်လျှင် ချတိုက်ရန်အတွက် ခနီရည်ကို မြေအိုးသစ်တစ်လုံးဖြင့် ထည့်ပြီး သီးသန့်ထားရသည်။ ဗိုလ်မြဖေလာမသောက်မှ နောက်နေ့မှာ ရောင်းပစ်လိုက်သည့် အစဉ်အလာရှိသည်။ မြဖေလည်း ကိန္နရီချောင်းရွာမှာ ရောက်နေလျှင် နေ့စဉ်လာပြီး ပိုက်ဆံမပေးဘဲ ခနီရည်သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ရွှေနှင့်အပေါင်းအပါတစ်စုသည် ခနိုရည်လာသောက်စဉ် မြဖေအတွက် ဖယ်ထားသည့် ခနိုရည်အိုးကို အဖုံးဖွင့်ကြည့်သည်။ နမ်းကြည့်သည်။ အလွန်ကောင်းကြောင်းပြောသည်။ အဖုံးပြန်ပိတ်ပြီး သူနေရာမှာ လက်ရာမပျက်ပြန်ထားသည်။ ခနိုရည်သောက်ကြသည်။ မြဖေလာချိန်နီးပြီ ရင်ဆိုင်တွေ့ရမှာကြောက်တယ်ဆိုပြီး ပြန်သွားကြသည်။

တင်ရွှေတို့အုပ်စု ပြန်သွားပြီးမကြာမီ ခနိုရည်ရောင်းသည့်အိမ်ကို မြဖေရောက်လာပြီး ခနိုရည်သောက်သည်။ အလကားရသည့် ခနိုရည်ကို တဝကြီးသောက်ပြီး ပြန်သွားသည်။ အဲဒီနေ့ညသန်းခေါင်လောက်မှာ မြဖေကိုကွန်မြူနစ်ဆေးရုံသို့ တင်လိုက်ရသည်။ အကြိမ်နှစ်ဆယ်လောက်ဝမ်းသွားလို့ မြော့မြော့သာကျန်သည်ဟု သတင်းရသည်။ ပန်ချာပီဆရာဝန်ကြီး ဆဒ္ဒန်ဆင်မင်း (ဆဒ္ဒါးဆင်းမ်) ကုသပေးလို့ အသက်မသေဘဲ ပြန်ရှင်လာသည်။ ဆဒ္ဒန်ဆင်မင်း(ဒေသခံပြည်သူတွေက အသံထွက်မှန်အောင်မခေါ်တတ်လို့ ဖြစ်သလို ခေါ်သည့်အမည်) သည် အစိုးရဆေးရုံက အထွေထွေရောဂါကု ဆရာဝန်ကြီး ဖြစ်သည်။ ကွန်မြူနစ်တွေက ဖမ်းဆီးခေါ်ယူလာပြီး မိန်းမပေးစား ထားလို့ သူဒေသကို မပြန်နိုင်တော့ဘဲ ကွန်မြူနစ်ဆေးရုံမှာ အလုပ်လုပ်နေရသည်။ မေ့ဆေးမရှိလို့ လူနာကို တောအရက်မူးအောင်တိုက်ပြီး အောင်မြင်စွာ ခွဲစိပ်ကုသပေးခဲ့သည့် ဆရာဝန်ကြီးဖြစ်သည်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ခနိုရည်ရောင်းသူကို ဖမ်းပြီးစစ်ဆေးသည်။ ခနိုရည်ရောင်းသူသည် အလွန်ရိုးသားပြီး မြဖေကို အလွန်ကြောက်ရွံ့ရှိသေသူဖြစ်လို့ လုပ်ကြံသူ မဖြစ်နိုင်ဟုဆုံး



ဖြတ်ကြသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အဲဒီနေ့က ခနိုရည်လာသောက်ကြသည့် တင်ရွှေတို့လူစုကို မသင်္ကာဖြစ်ကြသည်။ သက်သေအထောက်အထား ဘာမျှမပြနိုင်သော်လည်း တင်ရွှေတို့လူတစ်စု သံသယအကျိုးကို ခံစားကြရသည်။ အချုပ်ထဲမှာ ငါးရက်နေလိုက် ကြရသည်။

ရွာသူဌေးသားလေးတစ်ယောက် အရက်သောက်၊ ဖဲရိုက်လုပ်နေသည့် ကိစ္စဟာ ရွာသူရဲအုပ်စုဖြစ်သည့် တင်ရွှေတို့ရဲ့ ပယောဂမကင်းဘူး၊ ဝိုင်းဝန်းဖျက်ဆီးနေလို့သူ့သားလေး ပျက်စီးနေရတာပါလို့ ရွာသူဌေးက မြဖေကို တိုင်သည်။ မြဖေကလည်းတိုင်ချက်ကိုလက်ခံပြီး အခါအခွင့်ကိုစောင့်နေသည်။ သူဌေးသားလေး၏ ရိုးမားရွှေရောင်လက်ပါတ်နာရီ ဖဲဝိုင်းမှာချထိုးလို့ ရှုံးသည့် ကိစ္စပေါ်လာသောအခါ တင်ရွှေက ဖဲလိမ်ရိုက်ပါတယ်ဆိုပြီး တင်ရွှေကို ဖမ်းမိန့်ထုတ်လိုက်တော့သည်။

မြဖေကိုယ်တိုင် ခြောက်လုံးပြူးကြီးတကိုင်ကိုင်မြင့် ရှာပါတ်ပြီး တင်ရွှေ[illegible]သည်။ တင်ရွှေဝင်ခိုပုန်းအောင်းနေသည်ဟုသတင်းရသည့် အိမ်ကို ညသန်းခေါင်လောက်မှာ မြဖေဦးဆောင်သည့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကဝင်ဖမ်းဖို့ ကြိုးစားသည်။ သတင်းပေးသူက အိမ်နောက်ကဝင်ရန် အကြံပေးသည်။ အိမ်ရှေ့ကဝင်လျှင် အိမ်နောက်ဖေးပေါက်က ဆင်းပြေးနိုင်သည်ဟုဆိုသည်။ အဲဒီအိမ်ရဲ့ နောက်ဖေးမှာလယ်ကွင်းရှိသည်။

အိမ်နောက်ဖေးလယ်ကွင်းစပ်မှ အိမ်ခြံထဲကိုဝင်သည့် ခြေကြောင်းလမ်းကလေးတစ်ခုသာရှိသည်။ ကွမ်းသီးပင်တွေကြားက အိမ်သာနားကို ဖြတ်ပြီး အိမ်ဘက်ကို ရွေ့ရှုသွားသည်။ မြဖေက

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ပြီး မြို့ထဲကို အသံတိတ်ဝင်လိုက်ကြသည်။ အိမ်သာနားအရောက်မှာ ဝုန်းဆိုသည့် အသံကြီးနှင့်အတူ မြဖေဇော် (အောင်မယ်လေးဗျ)လို့ အော်လိုက်သည့် အသံကြီးကို ကြားလိုက်ကြရသည်။ လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်လိုက်တော့ မြဖေသည် ထောင်ကိုင်းမှာမိပြီး ခြေထောက်တစ်ဖက်မှာ ကြိုးတန်းလန်း ဖြင့် စောက်ထိုးကြီးဖြစ်နေသည်။ တောကြောင် သို့မဟုတ် တောကောင်ကို ဖမ်းရန်ထောင်ထားသည့် ထောင်ချောက်မှာ မိသွားခြင်း ဖြစ်သည်။

အိမ်ရှင်ကိုနိုးပြီး မေးစစ်ရာ အိမ်ရှင်က ဘာမျှမသိပါဟု ဖြေသည်။ တင်ရွှေနှင့် သူတို့ မိသားစုဆက်စပ်မှုမရှိပါဟု ဆိုသည်။ တောကြောင်ထောင်ချောက်ကလည်း သူတို့ မိသားစုလုပ်ထားတာမဟုတ်ပါဟု ဆိုကြသည်။ သတင်းပေးသူကို လိုက်ရှာကြသည်။ သတင်းပေးသူပါပျောက်နေတာသိကြရသည်။

နောက်နေ့နံနက်မှာ ကိန္နရီချောင်းရွာက သံတွဲမြို့သို့ ထွက်ခွာမည့် မော်တော်ပေါ်က ခရီးသည်တွေကို မြဖေကိုယ်တိုင် တက်စစ်သည်။ တင်ရွှေတို့လူစုမပါဘူးဆိုတာ သေချာတော့မှ မော်တော်ကို ထွက်ခွာခွင့်ပြုလိုက်သည်။

မော်တော်ထွက်ခွာပြီး ဆယ်မိနစ်လောက်ကြာမှ ကမ်းစပ်ခြုံကြားက ဘွားကနဲပေါ်ထွက်လာသည့် လက်လှော်လှေတစ်စင်းပေါ်မှာ တင်ရွှေနှင့် အတူအလိုရှိနေသည့် တရားခံပြေးတစ်စုကို မြင်တွေ့လိုက်ရသည်။ မြဖေက လှေကိုရပ်ခိုင်းသည်။ လှေက မရပ်ဘဲ ရေလယ်ကိုရောက်အောင် ကုန်းလှော်သွားသည်။မြဖေက သေနတ်ဖြင့်ချိန်ပြီး အော်ပြောသည်။



"ဟေ့ တင်ရွှေ မင်းပြေးလို့ ငါ့လက်က လွတ်မယ်ထင်လို့လား"

"အခုလွတ်ပြီလေဗျာ၊ အပျိုကြီးအိမ်က ကြက်ဖကြီးကို ခိုးတာလည်းငါတို့ပဲ၊ ခနိုရည်အိုးထဲကို ကနစိုမှုန့်ထည့်တာလဲ ငါတို့ပဲ၊ ခင်ဗျားကို ထောင်ချောက်ကိုင်းထောင်ပြီးဖမ်းတာလည်း ငါတို့ဘဲ၊ အခုခင်ဗျားဘာတတ်နိုင်သေးလဲ၊ ဟား . . ဟား . . ဟား . . ။

"မြဖေက ခြောက်လုံးပြူးဖြင့် လှမ်းပစ်သည်။ ခြောက်ချက်ပစ်တာ နောက်ဆုံးတစ်ချက်သာ ကျည်ထွက်ပြီး ကျည်ဆံထိပ်ဖူးက ရေထဲကို ပလုံကနဲ ကျသွားသည်။

"ဟေ့ကောင် တင်ရွှေ မင်းနဲ့ငါ ကံမကုန်ရင် ပြန်ဆုံကြဦးမှာပေါ့ကွာ"

"တွေ့ချင်ပါသေးတယ်ဘိုကြီးရေ"

တင်ရွှေနှင့် တရားခံပြေးနှစ်ယောက်ကို တင်လှော်သွားသည့် လက်လှော်လှေကို လှေကတက်ငါးချောင်းဖြင့် ကုန်းရှုန်းလှော်သွားကြသည်။ မကြာမီ ခရီးသည်တင်မော်တော်ကို မီသွားပြီး မော်တော်ပေါ် တက်သွားကြတာမြင်လိုက်ကြရသည်။

တင်ရွှေတို့ သူငယ်ချင်းသုံးယောက်သည် သံတွဲမြို့ကို ရောက်သွားကြသည်။ ကွန်မြူနစ်ဗို၏ အန္တရာယ်ကလွတ်အောင် ရန်ကုန်အထိ ပြေးခဲ့ကြသည်။ ပြည်တော်သာခေတ်က (၇)တန်းအောင်ထားသူတွေဖြစ်လို့ ရန်ကုန်မှာ လွယ်လွယ်ကူကူ အလုပ်ရခဲ့ကြသည်။

ဦးမြဖေသည်လည်း တော်လှန်ရေးကောင်စီခေတ်မှာ လက်နက်ချအလင်းဝင်ခဲ့သည်။ အာဏာမပြနိုင်တော့သည့် သာမန်

www.burmeseclassic.com

www.burmeseclassic.com



ဦးမြဖေ ဘဝဖြင့် ရိုးရိုးကုတ်ကုတ် နေထိုင်နေသည်။ အသက်ကြီးမှ အိမ်ထောင်ကျသူဖြစ်လို့ သားသမီးတွေ ကစားတုန်း ဦးမြဖေက ခါးကုန်းဖြစ်ရလေတော့သည်။ ဘဝတစ်လျှောက်လုံး ဘာအလုပ်မှ ဟုတ္တိပတ္တိ မလုပ်ခဲ့သဖြင့် ရှိတာထိုင်စားရင်း အသက်ကြီးလာခဲ့သည်။ အမေတော့ နာတာရှည်ရောဂါသည် လူပမာကြီးဘဝဖြင့် အိပ်ရာထဲမှာ လဲနေတာတစ်နှစ်ကျော်ပြီဟု သိရသည်။

ရွာကထွက်တာနှစ်ပေါင်းလေးဆယ်ကျော်ကြာပြီးမှ ကိုတင်ရွှေက ရွာကိုပြန်ရောက်လာသည်။ ကိုတင်ရွှေ (ဦးတင်ရွှေ) တောင် အသက်ခြောက်ဆယ်ပြည့်ခဲ့ပြီဖြစ်သည်။ နှစ်ပေါင်းလေးဆယ်ဆိုသည့်ကာလဟာ ဘာမှ မကြာလိုက်ပါလို့တောင် ထင်မိသည်.

ဦးမြဖေသည် ကိန္နရီချောင်းရွာမှာပဲ သက်ရှိထင်ရှားနေသေးသည်ဆိုသည့် သတင်းကိုကြားတော့ ကိုတင်ရွှေပြုံးလိုက်မိသည်။ ကံမကုန်သေးလို့ပြန်ဆုံကြတာဖြစ်မည်ဟု တွေးလိုက်မိသည်။ နာတာရှည် လူပမာကြီးဘဝဖြင့် အိပ်ရာထဲမှာ လဲနေသည့် အတွက် သတင်းသွားမေးသင့်သည်ဟု သတိရလိုက်သည်။

လူမမာဦးမြဖေရှိရာ အဖိုးကြီး၏အိမ်ကိုရောက်သွားတော့ မိသားစုအားလုံးက ကိုတင်ရွှေကို တအံ့တသြကြည့်နေကြသည်။ အဖိုးကြီးက ကိုတင်ရွှေကို မမှတ်မိဖြစ်နေသည်။ လူမမာဦးမြဖေက အိမ်ရှေ့ဧည့်ခန်းဒေါင့်က ကုတင်ပေါ်မှာ ခွေခွေလေး လဲလျောင်းနေသည်။ ဦးမြဖေကလည်း ကိုတင်ရွှေကို မမှတ်မိဖြစ်နေသည်။ နှစ်ပေါင်းလေးဆယ်ကျော်ဆိုသည့်ကာလသည် အသက်အရွယ်နှင့် အရာရာတိုင်းကို ပြောင်းလဲပစ်ခဲ့ပြီဖြစ်လို့



မမှတ်မိနိုင်ဖြစ်နေကြသည်။ အသက် နှစ်ဆယ်ကျော်အရွယ်မှာ ရွာက ထွက်ပြေးခဲ့ရသော ကိုတင်ရွှေသည်ပင် ယခုအခါ အသက် ခြောက်ဆယ်အရွယ် ဦးတင်ရွှေဖြစ်နေသည်။

"မမ ကျွန်တော့်ကို မှတ်မိလား။ မောင်တင်ရွှေပါ"

အဖိုးကြီးသည် ဦးတင်ရွှေသို့မဟုတ် ကိုတင်ရွှေ သို့ကိုယ်သူ မောင်တင်ရွှေလို့ ပြောသူကိုကြည့်ပြီး မဝံ့မရဲဖြစ်သွားသည်။ ဟိုတုန်းက အရေးယူ အဖက်လုပ်ပြီး နှုတ်ဆက်စကားပြောပင် မလုပ်ချင်သည့် တင်ရွှေကို အခုတော့ တလေးတစား အလေးထားပြီး ဧည့်ခံကြိုဆိုရတော့မည်ဟု တွေးနေဟန်တူသည်။

ကိုတင်ရွှေသည် ရွာကထွက်ပြေးသွားပြီး ရေတပ်သားဖြစ်သွားခဲ့သည်။ ရေတပ်မှ အငြိမ်းစားယူပြီး နိုင်ငံခြားသင်္ဘောလိုက်သည်။ မော်လမြိုင်သူနှင့် အိမ်ထောင်ကျပြီး ချောင်ချောင်လည်လည် ဖြစ်နေ[illegible]ဆိုသည့် သတင်းကိုကြားသိထား၍ မဝံ့မရဲဖြစ်နေသည်။

"အားပေါ့ကွယ် ပြောပြတော့လည်း မှတ်မိပြီပေါ့"

ကိုတင်ရွှေသည် ဦးမြဖေ၏နားကို တိုးကပ်သွားပြီး ကုတင်မှာ အသာဝင်ထိုင်လိုက်သည်။ အားအင်ဆုတ်ယုတ်နေလို့ သွက်လက်စွာ မလှုပ်နိုင်တော့သည့် ဦးမြဖေ၏လက်ကို အသာကိုင်ပြီး ခပ်ဖွဖွလေး ဆုပ်နယ်ပေးလိုက်သည်။ ကိုတင်ရွှေ ရွာကထွက်ပြေးသည့်နေ့က ခြောက်လုံးပြူးသေနတ်နဲ့လှမ်း ပစ်တာကို အမှတ်ရမိသည်။ အဲဒီတုန်းက ခြောက်လုံးပြူးကိုင်ခဲ့သည့် လက်သည်ယခု ကိုတင်ရွှေကိုင်ထားသည့် ယာဘက်လက်ပင် ဖြစ်သည်။

"အစ်ကို ကျွန်တော်တင်ရွှေပါ။ နေကောင်းတယ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား"

ဦးမြဖေသည် ကိုတင်ရွှေကိုကြည့်နေပြီး ခေါင်းညိတ်ပြသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်တွေဝဲလာသည်။ အသေရရ၊ အရှင်ရရ ငဲ့ချင်သည့် ရန်သူကြီးက တယုတယ လက်ကိုကိုင်ပြီး နှုတ်ဆက်၍ ဝမ်းနည်းတာဖြစ်နိုင်သည်။ အတိတ်ကိုပြန်လည် အမှတ်ရတာဖြစ်နိုင်သည်။ သူရဲ့ရွှေထီးဆောင်းကာလတွေကို ပြန်လည်လွမ်းမောတာဖြစ်နိုင်သည်။ အလွန်တိုးညင်းသည့် လေသံဖြင့် စကားပြောသည်။ နားလည်အောင် မနဲနားထောင်နေရသည်။

"ငါ့ကို ခွင့်လွှတ်ပါ. . . . "

ဒီလိုပြောတာကြားရတော့ ကိုတင်ရွှေရဲ့ရင်ထဲမှာ လှိုက်ခနဲ ရှိုက်ဖိုသွားသည်။ စကားလေးငါးခွန်းပြောလိုက်ရလို့ မောသွားတဲ့ ဦးမြဖေကို သနားသွားသည်။

"ခွင့်လွှတ်ပါတယ် အစ်ကို ခွင့်လွှတ်ပါတယ် ကျွန်တော်ဘာကိုမှ အတေးအမှတ် မထားပါဘူး၊ စကားသိပ်မပြောပါနဲ့ အစ်ကို မောနေပါ့မယ်"

ဦးမြဖေသည် ကိုတင်ရွှေကို စကားတွေအများကြီး ပြောချင်နေပုံရသည်။ သူအရွယ်ကောင်းစဉ်က ရာထူးအရှိန်အဝါဖြင့် အာဏာပြ ပါဝါပြခဲ့မိတာကို တောင်းပန်ချင်ပုံရသည်။ ကိုတင်ရွှေတို့လုပ်လို့ သူခံခဲ့ရတာတွေကို ခွင့်လွှတ်ကြောင်းကိုလည်း ပြောချင်နေပုံရသည်။ စကားပြောလိုက်တိုင်း မောနေသည်။ စကားမပီတော့ပဲ လျှာလိပ်နေသည်။ ထူထူထောင်ထောင် ပြန်ဖြစ်လာဖို့ မလွယ်တော့ဘူးဆိုသည့် လက္ခဏာဖြစ်သည်။

"စိတ်ဓာတ်မကျနဲ့၊ ဆေးကောင်းဝါးကောင်းတွေပြီး အားရှိလာရင် ကျန်းမာသွားမှာပေါ့၊ ကျွန်တော်မေတ္တာပို့ပေးနေပါ့



မယ်"

ကိုတင်ရွှေပြောသမျှကို နားထောင်နေသည်။ နားလည်ကြောင်း ခေါင်းညိတ်ပြသည်။ ကိုတင်ရွှေသည် သူ့အကျႌအိတ်ထဲမှာ ပါလာသည့် ပိုက်ဆံတွေထဲက တစ်ထောင်တန်ဆယ်ရွက်ထုတ်ယူပြီး ဦးမြဖေ၏ လက်ထဲကို အလိပ်လိုက် ထည့်ပေးလိုက်သည်။ ပိုက်ဆံကို ဆုပ်ကိုင်ထားရန် ခပ်ဖွဖွညှစ်ပေးလိုက်သည်။

"အစ်ကိုစားလိုက စား၊ လှူလိုက လှူပါ၊ ကျွန်တော်ဒါနပြုပါရစေ"

ကိုတင်ရွှေသည် ကုတင်ပေါ်မှာ တင်ပလ္လင်ထိုင်နေရာမှ အသာ ထပြီး ကြမ်းခင်ပေါ်မှာ ဒူးတုပ်ထိုင်ချလိုက်သည်။ လက်ဆယ်ဖြာထိပ်မှာမိုး၍ ဦးမြဖေကို ရှိခိုးကန်တော့လိုက်ပါသည်။

"ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့တာတွေကို ခွင့်လွှတ်ပါ [redacted]ကို၊ ကျွန်တော်ရှိခိုး ကန်တော့ပါတယ်"

ဦးမြဖေ၏ မျက်ဝန်းအစုံမှ မျက်ရည်တွေဆီးကျလာလို့ သူ့ဇနီး(အပျိုကြီး)က လာသုတ်ပေးသည်။ ကိုတင်ရွှေသည် သူတို့မိသားစုအားလုံးကို နှုတ်ဆက်ပြီး သူတို့အိမ်ပေါ်က ပြန်ဆင်းလာခဲ့သည်။

ကိုတင်ရွှေတည်းခိုနေသည့်အိမ်ရောက်တော့ ကိုတင်ရွှေရဲ့အဒေါ်က ပြောသည်။

"မြဖေသေရင် အရပ်ကသင်္ဂြိုဟ်ရမယ်လို့ ထင်နေကြတာ၊ အခုတော့ ဟန်ကျတာပေါ့"

ကိုတင်ရွှေရဲ့အဒေါ်က အသုဘကူငွေမထည့်ရဘူးဆိုပြီး ဝမ်းသာသွားဟန်တူသည်။ နောက်သုံးရက်အကြာမှာ ဦးမြဖေ ကွယ်လွန်သွားပါသည်။ ကိုတင်ရွှေအသုဘလိုက်ပို့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းမြေချတော့ ကိုတင်ရွှေစဉ်းစားနေမိ သည်။ (သူ့လိုက်လို့ ငါပြေးခဲ့ရသည်။ သူပြန်တော့ ငါလိုက်ပို့ရပါလား)ဟူ၍ဖြစ်သည်။

ရယ်စရာ

၂၀၀၄၊ စက်တင်ဘာလ

# ပူစွန်ဆိတ်ကလေး ဘယ်လိုငယ်



www.burmeseclassic.com

www.burmeseclassic.com

# ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်

နွေရာသီညနေခင်းတစ်ခုမှာ ကိုအဏ္ဏဝါနှင့်အတူ လူမျိုးစုံပါဝင်သည့် သင်္ဘောသားတစ်စုသည် နိုင်ငံတစ်နိုင်ငံ၏ မြို့ကြီးတစ်မြို့မှ နာမည်ကြီးရပ်ကွက်သို့ သွားကြသည်။ အဲဒီနိုင်ငံ အဲဒီမြို့ကိုရောက်သော သင်္ဘောသားတိုင်း သွားလေ့ရှိသော အရပ်ဖြစ်သည်။ ကိုအဏ္ဏဝါ၏ မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်ကြသည့် ယမ္မုန်းနာ(ယမုံနာ) နှင့် ဆီးတား (သီတာ)ညီအမနေထိုင်ရာ ရပ်ကွက်ကြီး ဖြစ်သည်။

ရပ်ကွက်အတွင်းသို့ နိုင်ငံခြားသားတွေဝင်လာတာမြင်သည်နှင့် တပြိုင်နက် အရွယ်အစားအမျိုးမျိုးသော ပြည့်တန်ဆာခေါင်းတွေအဆွယ်တွေ လမ်းပေါ် ပြေးထွက်လာကြပြီး သူ့ထက်ငါဦးအောင် ကြိုဆိုကြသည်။ တစ်ချို့က အတင်းအဓမ္မဆွဲခေါ်ကြသည်။ ဧည့်သည်တွေကို အတင်းအဓမ္မဆွဲခေါ် ရကောင်းလားဆိုပြီး သတို့အချင်းချင်း ရန်ဖြစ်ကြသည်။ ဆွဲဆောင်မှုရှိ၍ သန့်ရှင်းသပ်ယပ်သော အိမ်ကို ဧည့်သည်က သူ့ဟာသူ ရွေးလိမ့်မည်။ ဒီလိုလက်ဆွဲခေါ်ပြီး အိမ်ထဲဆွဲသွင်းတာ မတရားဘူး။ စီးပွားပြိုင်ဘက်အ



ချင်းချင်းအပေါ်မှာ ကျောတာ၊ ဗိုလ်ကျတာဟုဆိုသည်။ ကိုအဏ္ဏဝါတို့အုပ်စုကတော့ အားလုံးကို ပြုံးရွှင်ယဉ်ကျေးစွာ လက်ကာပြပြီး ဆက်လျှောက်ကြသည်။

ယမုံနာတို့အိမ်မရောက်မီ လမ်းကျဉ်းလေးတစ်ခု၏ထိပ်တွင် သစ်သစ်လွင်လွင် ဝတ်စားပြင်ဆင်ပြီး ရပ်နေသော ဆယ့်သုံးနှစ်အရွယ်ကလေးမငယ် တစ်ယောက်က ကိုအဏ္ဏဝါတို့လူစုကို ပြုံးရွှင်ဖော်ရွေစွာ ကြိုဆိုနှုတ်ဆက်သည်။ အင်္ဂလိပ်စကားကို အလုပ်ဖြစ်အောင်ပြောနိုင်တာတွေ့ရသည်။ ကိုအဏ္ဏဝါ၏ အရင်းနှီးဆုံးလုပ်ဖော်ကိုင်ဖက် အင်ဒိုနီးရှားအမျိုးသား ဆလမ်းအာမက်က (မင်းကိုယ်တိုင်လား)ဟု မေးရာ ကလေးမလေးက ခေါင်းညိတ်ပြသည်။ မထင်၍ [illegible]င်မေးလိုက်ခြင်းဖြစ်သည်။ အသက်ကလေးကငယ်သည်။အသားလေးက ဖြူသည်။ ရုပ်ကလေးက ချစ်စရာလေးချောသည်၊ အာမက်စိတ်ဝင်စားသွားတော့သည်။

"မင်းအသက်ငယ်ငယ်လေးရှိသေးတာ ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာလဲ"

"ပုစွန်ဆိတ်ကလေး ငယ်ပေမဲ့ ပင်လယ်ကူးနိုင်ပါတယ်"

အသက်ငယ်ပေမဲ့ . . . ဟုအစချီပြီး ပြောသောကလေးမလေး၏ စကားသည် အင်္ဂလိပ်လိုရော မြန်မာလိုပါရေးပြရန်မသင့်သော စကားဖြစ်သည်။ (ကြားချင်ပါက စာရေးသူကိုလာတွေ့ပြီး မေးကြပါကုန် ● ဤကားစကားချပ်) ကလေးမလေး၏စကားကိုကြားတော့ အာမက်၏မျက်နှာမှာ ရမ္မက်ခိုးတွေငွေ့ပြီးအဆီပြန်လာတာတွေ့ရသည်။ လိမ္မပါးနပ်၍ အတွေ့အကြုံရှိဟန်တူသည့် ကလေးမလေးက အာမက်၏လက်ကိုဆွဲခေါ်တော့သည်။

www.burmeseclassic.com



"သူငယ်ချင်း ငါလိုက်သွားကြည့်လိုက်မယ်"

အာမက်က သူလိုက်သွားတော့မည့် အကြောင်းကို ကိုအဏ္ဏဝါကို ပြောပြီး ကလေးမလေး၏ ပခုံးကိုဖက်လိုက်သည်။ ကိုအဏ္ဏဝါအတော်အံ့ဩသွားသည်။ သမီးငယ်အရွယ်လေးမို့ နောက်ပြောင်ကျီစယ်နေတာဟု ထင်ခဲ့မိသည်။ အခုတော့ တကယ် လိုက်သွားတော့မည်ဆိုပြီး လမ်းကျဉ်းထဲသို့ နှစ်ယောက်သား လျှောက်ဝင်သွားကြတော့သည်။

"လူသတ်မှုဖြစ်နေပါဦးမယ်ကိုယ့်လူရာ"

"မစိုးရိမ်ပါနဲ့ သူငယ်ချင်း"

ကိုအဏ္ဏဝါက သတိပေးတာကို လှည့်ကြည့်ပြုံးပြပြီး မစိုးရိမ်ပါနဲ့ဟုပြောသွားသည်။

ကိုအဏ္ဏဝါနှင့်အတူ ဆက်လျှောက်လာသူတွေကလည်း မိမိတို့ အကြိုက်တွေ့ရာ ဟိုအိမ်မှာ တစ်ယောက်ကျန်၊ ဒီအိမ်ကို တစ်ယောက်ဝင်ဖြင့် နောက်ဆုံးမှာ ကိုအဏ္ဏဝါ တစ်ယောက်တည်းသာ ယမုံနာတို့နေထိုင်ရာ တိုက်ခန်းကလေးသို့ ရောက်လာခဲ့သည်။ ယမုံနာနှင့်သီတာတို့၏ ဆယ်ပေပါတ်လည်မျှသာကျယ်သော တိုက်ခန်းလေးထဲမှာ ကိုအဏ္ဏဝါထက်ပိုပြီး ဝိရိယကောင်း၍ စောစော ရောက်နေသည့် ဧည့်သည်နှစ်ယောက် ဘီယာသောက်နေတာတွေ့ရသည်။ ဒီနေ့ညအတွက် ဂရိလူမျိုးတစ်ယောက်နှင့် ယူဂိုဆလပ် တစ်ယောက်ကို လက်ခံထားပြီး ဖြစ်၍ နက်ဖြန်မှ စောစောလာခဲ့ပါဟု ယမုံနာနှင့် သီတာတို့က ကိုအဏ္ဏဝါကို တောင်းပန်သည်။

ယမုံနာဧည့်ခံတည်ခင်းသည့် ဘီယာတစ်ပုလင်းကို မကုန်အောင်အချိန်ဆွဲသောက်ရင်း ယမုံနာ၏အလှကို အရသာခံကြည့်



နေမိသည်။ ညီအစ်မနှစ်ယောက်လုံး အသက်အရွယ် နှစ်ဆယ်ကျော်သုံးဆယ်ဝန်းကျင်မျှသာရှိကြသေး၍ လှအားကောင်းကြတုန်းပင်ရှိကြသေးသည်။ ဖြူဝင်းဖြောင့်စင်း၊ တောင့်တင်းလှပ၊ ရုပ်ချောကြသော်လည်း ပညာမတတ်၊ စားဝတ်နေရေးကြပ်တည်း၍ ပြည့်တန်ဆာအလုပ် လုပ်စားနေကြရသောညီအစ်မနှစ်ယောက်ကို ကြည့်ပြီး တစ်စုံတစ်ခုကို သတိရ၍ ကိုအဏ္ဏဝါသက်ပြင်းချလိုက်မိသည်။

ကိုအဏ္ဏဝါလိုပင် ယမုံနာတို့ ညီအစ်မနဲ့ ပတ်သက်ခဲ့ဖူးသူတို့ရင်ဖွင့်ရေးဖွဲ့ထားခဲ့ကြသည့် ဝေဒနာစာတန်းတွေ၊ ခံစားမှု သက်တတွေက မွဲခြောက်ခြောက် ဧည့်ခန်းအုတ်နံရံလေးဘက် လေးတန်မှာ ပြည့်နေသည်။ ခဲတံ၊ ဘောပင်၊ မြေဖြူ၊ မီးသွေးခဲ၊ နှုတ်ခမ်းနီဆိုးဆေးတောင့် စသည့် ရရာပစ္စည်းနဲ့ရေးထားခဲ့ကြ၍ ဆေးရောင်စုံပုံလေးတွေ စာတန်းလေးတွေ ဖြစ်နေသည်။ နှစ်ခြမ်းကွဲနေသည့် အသည်းပုံ၊ အစိပ်စိပ်အမွှာမွှာဖြစ်ပြီး ပြန်ဆက်လို့မရအောင်ကွဲနေသည့် အသည်းပုံ၊ အလယ်တည့်တည့်ကို မြားတစ်စင်းထုတ်ချင်းခတ်စူးဝင်ဖေါက်ထွက်နေသည့် အသည်းပုံတွေကလည်း အတော်များသည်။ [redacted]စာကြောင်းတွေမှာ ကာရန်ပါတာတွေ့ရသည်။ (TRUE LOVE FOR LOVE, BUT BLUE LOVE FOR FUCK) တဲ့ နိုင်ငံတကာဘာသာ အက္ခရာမျိုးစုံဖြင့် ရေးဖွဲ့ထားခဲ့ကြသော စာတွေကြားမှာ ရှားရှားပါးပါး မြန်မာစာတစ်ကြောင်းကို တွေ့လိုက်ရသည်။ (မလွဲသာလို့ ခွဲခွာသွားရပေမဲ့ ကိုယ့်ရဲ့အသည်းကို မင်းဆီမှာပဲထားခဲ့တယ်)တဲ့ ဧည့်ခန်းနံရံ၏ ထင်သာမြင်သာသည့်နေရာမဟုတ်သော ချောင်ကျကျအနိမ့်ပိုင်း တစ်နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



နေရာရထားသဖြင့် မြန်မာစာကြောင်းလေးက နိုင်ငံတကာအလယ်မှာ မျက်နှာငယ်သလိုဖြစ်နေသည်။ ၁၉၈၂-ခုနှစ်ကစပြီး ရောက်ခဲ့ဖူးသော ကိုအဏ္ဏဝါသာ စိတ်ကူးရလို့ ရေးခဲ့မည်ဆိုလျှင် ညွှန်းနံရံ၏ အပေါ်က နှဖူးစီးအလယ်တည့်တည့်မှာ ထည်ထည်ဝါဝါနေရာရနိုင်ပါသည်။ အခုတော့ စာလုံးရေဆယ်လုံးခန့်မျှပင် ရင်ဖွင့်စရာနေရာရဖို့ မလွယ်တော့တာ တွေ့ရသည်။

ဒီနေ့ညအဖို့ ယမုံနာတို့ညီအစ်မကို ရဘို့ မျှော်လင့်ချက်မရှိတော့၍ ကိုအဏ္ဏဝါသဘော်သို့ ပြန်လာခဲ့သည်။ သဘော်ကို ပြန်ရောက်သောအခါ ဆလမ်းအာမက်က သဘော်ကို အလျှင်ရောက်နှင့်နေတာတွေ့လိုက်ရသည်။ အငယ်လေးနဲ့အဆင်ပြေသွားပြီးကာမှ ညအိပ်မနေပဲ ဘာကြောင့်သဘော်ကို ပြန်ရောက်နေတာလဲဟုမေးကြည့်ရာ အာမက်က သူ့အဖြစ်ကိုပြောပြသည်။

ကလေးမလေးက လက်ဆွဲခေါ်သွား၍ လမ်းကြားလေးထဲကအိမ်တစ်အိမ်ကိုရောက်သွားခဲ့သည်။ ကလေးမလေး၏ မိခင်နှင့် အစ်ကိုဆိုသူတို့က ဝမ်းသာအားရ ကြိုဆိုကြသည်။ ကလေးမလေးနှင့် တစ်ညပျော်ပါးရန်အတွက် သူတို့နိုင်ငံပိုက်ဆံ သုံးရာ (အမေရိကန်ဒေါ်လာ -၁၀ ခန့်)ပေးပြီး ကလေးမလေးနှင့်အတူ အိပ်ခန်းထဲဝင်ကြသည်။ အဝတ်အစားတွေချွတ်ပြီးချိန်တွင် အိမ်ရှေ့မှ ဆူဆူညံညံအသံတွေကြားလိုက်ရသည်။ ဆူညံအော်ဟစ်ပြောဆိုသံများသည် မကြာမီ အိမ်ပေါ်သို့ရောက်လာပြီး ပိတ်ထားသည့် အိပ်ခန်းတံခါးကို အပြင်မှထုရိုက်ဆောင့်ကန်ပြီး ဖွင့်ခိုင်းတော့သည်။ ထိတ်လန့်တကြားဖြစ်သွား၍ အိပ်ခန်းတံခါးဖွင့်ပေးလိုက်ရာ ယူနီဖေါင်းအပြည့်အစုံဝတ်ထားသော ရဲအရာရှိတစ်ယောက် ရပ်နေတာကို



တွေ့လိုက်ရပါတော့သည်။ ကလေးမလေး၏ အစ်ကိုဆိုသူကိုလည်း လက်ထိပ်ခတ်ထားတာ တွေ့လိုက်ရပါတော့သည်။ ကလေးမလေး၏ အမေဆိုသူက ရှိုက်ကြီး တငင်ငိုပြီး ရဲအရာရှိကို ရှိခိုးတောင်းပန်နေသည်။ ရဲအရာရှိက အာမက်ကိုကြည့်ပြီး ဟောက်မေးမေးသည်။

"ခင်ဗျားဘယ်ကလဲ အသက်မပြည့်သေးတဲ့ ပြည့်တန်ဆာနဲ့ ပျော်ပါးတဲ့အတွက် ခင်ဗျားကိုဖမ်းဆီးထောင်ချရလိမ့်မယ်"

အကြီအကျယ် ကြောက်သွားသည်။ အလုပ်ကြမ်းဖြင့် ထောင်ဒါဏ်သုံးနှစ်ခန့် ကျသွားနိုင်သောကြောင့်ဖြစ်သည်။ ဘောင်းဘီပြန်ဝတ်ပြီး ရဲအရာရှိကိုရှိခိုးမတတ်တောင်းပန်ရတော့သည်။ အမှုမလုပ်ရန် ညှိကြရာ ရဲအရာရှိက အမေရိကန်ဒေါ်လာ - ၅၀၀ တောင်းသည်။ မိမိမှာလစာနည်းသူဖြစ်ကြောင်း အင်္ကျီအိပ်ထဲမှာ ဒေါ်လာ (၁၀၀)သာပါကြောင်း အနူးအညွတ်တောင်းပန်ရာ နောက်ဆုံးမှာ တစ်ရာဖြင့်ပင် ဈေးတည့်သွားသည်။ တော်ပါသေးရဲ့ ဘုရားမ တာပဲဟုတွေးမိပြီး သဘော်သို့ ပြန်ပြေးလာခဲ့သည်ဟု ဆိုပါသည်။

အာမက်၏အဖြစ်ကို ကြားတော့ ဟောင်ကောင်တာရုတ်ကလေး တတိယအင်ဂျင်နီယာ မစ္စတာဝီလျံတန်က ပြုံးပြီးနားထောင်နေသည်။ အတော်လေးကြာတော့မှ အာမက်ကိုမေးခွန်းတစ်ချို့မေးသည်။

"ကောင်မလေးရဲ့အစ်ကိုက ဆံပင်ကောက်ကောက် မျက်ပေါက်ကျဉ်းကျဉ်း"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမေက ဖြူဖြူ ဝဝ ပုပု"

"ဟုတ်ပ့ါ"

"ရုံအရာရှိက ဗလကောင်းကောင်း နှုတ်ခမ်းမွေးနဲ့"

"သိပ်ဟုတ်တာပေ့ါဗျာ"

ဝိလျံက ဒုတိယအဘကိမ်ပြုံးရုံသာမက အသံထွက်အောင် ရယ်လိုက်ပြီး တစ်စုံတစ်ခုကို ပြောရကောင်းမလား၊ မပြောပဲ ထားရကောင်းမလား စဉ်းစားနေသေးသည်။ ပြီးတော့မှ မထူးပါဘူးဆိုသည့်အမူအရာဖြင့် ပြောတော့သည်။

"အဲဒါ ရဲအတုဗျ၊ ကောင်မလေးရဲ့ပထွေး ပြည့်တန်ဆာခေါင်းတဲ့၊ ကျွန်တော်လည်း မနေ့ကခံခဲ့ရပြီးပြီ ဒေါ်လာနှစ်ရာပေးခဲ့ရတယ်၊ ခင်ဗျားက တစ်ရာပဲပေးခဲ့ရတယ်ဆိုတော့ တော်တာပေ့ါ"

အာမက်သည် အလွှာဟုအော်ပြီး နဖူးကို ဗျမ်းကနဲမြည်အောင် ရိုက်လိုက်ပါတော့သည်။

ရယ်စရာ

၂၀၀၄၊ ဩဂုတ်လ

www.burmeseclassic.com